www.burmeseclassic.com



www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၏**
**ပဓာနကျသော တာဝန်ဖြစ်သည်။**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ ပြည်သာယာ။**

www.burmeseclassic.com

အင်းလျား စာပေ

www.burmeseclassic.com

[ တစ်အုပ် - ၈၀၀ ကျပ် ]

www.burmeseclassic.com

# မိုးမိုး (အင်းလျား)

# မသုမမွှစာရီ

အင်းလျား စာပေ
အမှတ် ၁၇၃၊ ၃၃ လမ်း
ရန်ကုန်မြို့။
[ဖုန်း-၂၀၅၁၆၆]

www.burmeseclassic.com

# မသုဓမ္မစာရီ

ပထမအကြိမ် ပုံနှိပ်ခြင်း
၁၉၈၂၊ ဖေဖော်ဝါရီ
ဒုတိယအကြိမ် ပုံနှိပ်ခြင်း
၁၉၉၉ ၊ ဒီဇင်ဘာ
၁၀၀၀ အုပ်

မျက်နှာဖုံးပန်းချီ တင်မောင်ဦး(မန္တလေး)၏ 'People Under The Fire'အမည်ရှိ
၃၁" × ၂၄" **ဆီဆေးကား**၊ ဒီဇိုင်း **ဖေညွန့်ဝေ**၊ စာအုပ်ချုပ် ကိုမြင့်၊
စာအုပ်စာတမ်း စာနယ်ဇင်း ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၄၇၄/၉၉ (၅)
စာအုပ်စာတမ်း မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၆၈၂/၉၉ (၁၀)

ဦးသန်းဆွေ (၀၁၄၇၃)၊ စစ်သည်တော်စာပေ၊ အမှတ် ၁၀၃၁၊ ဥယျာဉ်လမ်း၊
၁၉ ရပ်ကွက်၊ ဒဂုံတောင်ပိုင်း၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဦးမြသိန်း (၀၁၄၂၇)၊ သိန်းမြင့်ဝင်းအော့ဖ်ဆက်၊ အမှတ် ၉၆၊ ၁၁ လမ်း၊
ရန်ကုန်မြို့တွင် မျက်နှာဖုံး ပုံနှိပ်သည်။
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊
ရန်ကုန်မြို့တွင် အတွင်းစာသားများ ပုံနှိပ်သည်။

www.burmeseclassic.com

# ၁

မသုဓမ္မစာရီ

အမေ စာရေးလိုက်သည်။

ပို့သသော မေတ္တာကြောင့် အမေလည်း ကျန်းကျန်းမာမာ ရှိသည်။ ယခင်တစ်ခေါက် မအေးကြွယ်တို့ ရန်ကုန်သွားမည်ဆို၍ ငါးခြောက် တစ်ပိဿာ ပေးလိုက်သည်။ ကျောင်းတိုက်ကို မလာ တတ်၍ မြောက်ဥက္ကလာ မချစ်တို့ အိမ်မှာ ပေးထားသည်ဆို၏။ ဆွမ်းဆန်ခံရင်း လမ်းသင့်လျှင် သွားယူလိုက်ပါ။ ဆရာကြီးဘုရား လက်ဝယ်သို့ ကန်တော့လိုက်စေချင်သည်။

အကြီး မရွှေမှုံ တစ်ယောက်လည်း ပြီးခဲ့တဲ့ လပြည့်က ဆုံးသွားရှာပြီ။ အကြောင်းသင့်၍ ရေးလိုက်ခြင်းဖြစ်သည်။ စိတ် မကောင်း မဖြစ်စေချင်ပါ။ ဘယ်အရာမဆို တရားနှင့် ဖြေပါ။ အမေလည်း တရားနှင့် ဖြေနေရတာပဲ။

BURMESE CLASSIC .com

မသုမ္မစာရီ တရားရိပ်မှာ ပျော်အောင်နေပါ။ လောကခံအကြောင်းကိုလည်း သိသင့်သ၍ သိပြီးပြီပဲ။ သည်တစ်ခါ ရာသက်ပန် ပျော်ပိုက်နိုင်ပါစေလို့ အမေ ဆုတောင်းပါတယ်။ အမေ့အတွက် မပူနှင့်။ ကိုယ့်ကျန်းမာရေးကိုသာ ဂရုစိုက်ပြီး တရားခမ္မ လေ့ကျက်ပါလေ။

ဆရာကြီးဘုရား တို့ကိုလည်း မေတ္တာပို့သကြောင်း ပြောကြားလိုက်ပါ။

**အမေ**

**မငွေမှုံ**

www.burmeseclassic.com

## ၂

လရောင်အောက်မှာ ကြာပွင့် ကြာစွယ်တို့ဖြင့် လှလှပပ သာသာယာယာ ဖြစ်နေသော ရေကန်ကို လှမ်းမြင်ရသည်။ ထိုမှလွန်သော် အေးချမ်း ဆိတ်ငြိမ်သည့် ဘုန်းတော်ကြီးကျောင်း။ ညဉ့်ဦးယံမို့ ပတ်ဝန်းကျင်သည် တိတ်ဆိတ်စပြုပြီ။

အဖိတ်နေ့မို့ ဆွမ်းဆန်ခံ ထွက်ခဲ့ကြသော သီလရှင်များအားလုံး ခြေကုန်လက်ပန်းကျစွာ အိပ်ရာထက်မှာ လဲလျောင်းနေကြပြီ။ မနေ့က တောဖိတ်။ သည်နေ့ မြို့ဖိတ်။ နှစ်ရက် ဆက်တိုက်ထွက်ခဲ့ရသည်မို့ သည်နေ့တော့ ဘုရားဝတ်တက်ဖို့ပင် မတက်နိုင်ကြတော့။ အဖိတ်နေ့တိုင်းမှာ ညနေ ခြောက်နာရီ ဘုရားဝတ်တက်သံသည် တိတ်ဆိတ်နေတတ်မြဲပင်။ ဒေါ်ကြီးဘုရားကတော့ ခုတင်ထက်မှာ ပုတီးစိပ်နေသည်။ စာကြိုးစားသည့် မရူပကတော့ သူနေရာမှာ သံသေတ္တာငယ်ကို မှီကာ စာကြည့်နေ၏။ ခါတိုင်းညလိုတော့ အသံစာစာနှင့် မအော်နိုင်တော့ပေ။

'မသုမမ္မစာရီ'

BURMESE CLASSIC .com

နားပါး၍ အရိပ်အကဲကို လျင်စွာသိတတ်သော ဒေါ်ကြီးဘုရားက အသံပြုသည်။ ချက်ချင်းပင် ပြတင်းဝမှ ခွာလိုက်ရ၏။ သည်လို လေသာပြတင်းဝမှာ ကြာမြင့်စွာ ရပ်နေခြင်းကို မည်သည့်ဆရာကြီးကမျှ ခွင့်မပြုပေ။ ကျပ်တည်းစွာ တားမြစ်သည်။

'ဘုရား'

ပြန်၍ အသံပြုလိုက်ရ၏။ စိတ်လက် မကြည်လင်ခြင်းသည် အငွေ့မျှပင် ပါသွားသည်ဖြစ်စေ ဒေါ်ကြီးဘုရားကတော့ သိသည်ပင်။

'ဘာတွေများ တွေးတောနေတုံး'

အေးဆေး၍ အဖျားသပ်က အနည်းငယ်မြင့်မြဲဖြစ်သော လေသံဖြင့် ဒေါ်ကြီးဘုရားက မေးပြန်သည်။ မိမိစိတ်တွင်းကို ထိုးနှိုက်ကြည့်လိုက်သလို ရင်ထဲမှာ အနေခက်သွားသည်။ ဒေါ်ကြီးဘုရား၏ ခုတင်ခြေရင်းကို လျှောက်လာကာ ထိုင်ချလိုက်၏။ အလိုလို လက်အုပ်ချီမိပြီး ဖြစ်သွားသည်။

'ကြီးရွှေမှုံတစ်ယောက် ဆုံးသွားပြီတဲ့ ဘုရား'

စာအားလုံးကို ဆရာကြီးဘုရားတို့မှတစ်ဆင့် လက်ခံယူရကြမြဲမို့ အရိပ်အမြွက်မျှတော့ သိပြီးဖြစ်လိမ့်မည်။ ဒေါ်ကြီးဘုရားက အေးဆေးစွာ နားထောင်နေ၏။

'ရွှေမှုံက ငွေမှုံ့အထက်လား'

ဒေါ်ကြီးဘုရားက မြစ်ဝကျွန်းပေါ် ဇာတိမို့ အမေတို့ အကြီးတို့ကို သိသည်။ သုဓမ္မစာရီ၏ ဘဝ တစ်စိတ်တစ်ဒေသကိုလည်း ကောင်းစွာ သိသည်။ သည်နေရာမှာ လာရောက်ခိုလှုံခွင့်ရသည်ကပင် ဒေါ်ကြီးဘုရားတို့ ကျေးဇူးမကင်းပေ။

'တင်ပါ့ဘုရား၊အမေ့အထက် ဘကြီးအောင်သူထက် အကြီး၊ အဲ အကြီးဆုံးပေါ့ဘုရား၊ တပည့်တော် ဒီကျောင်းကို ပထမဆုံး အခေါက်

BURMESE CLASSIC .com

လာတုန်းက ပါလာသေးတယ်လေဘုရာ့၊ အမေ့ထက် အရပ် မြင့်တယ်၊ အသားလဲ ဖြူတယ်၊ ရောဂါလဲ ကြီးကြီးကျယ်ကျယ် မရှိလှဘူး'

ငယ်မူငယ်သွေးဖြင့် ကောင်းစွာ မရင့်ကျက်သေးသော သုဓမ္မစာရီ ၏ အကျင့်အတိုင်း လောကကို အပြစ်တင်သံဖြင့် ပြောမိသေးသည်။ ဒေါ်ကြီးဘုရားကတော့ လဲလျောင်းရင်းကပင် မသိမသာ ပြုံး၏။ သုဓမ္မစာရီ ၏ မတည်ငြိမ်သော မနောတွေကို အမြဲ စစ်ကြောမိသည်။

'ရွှေမှုံ အသက် ဘယ်လောက်ရှိပြီလဲ'

ဒေါ်ကြီးဘုရားက အသံအေးအေးဖြင့် မေးသည်။

'အမေတောင်ခြောက်ဆယ်ပြည့်လုနီးနေပြီဆိုတော့ ခြောက်ဆယ့်ငါး လောက် ရှိလိမ့်မယ်ထင်တယ်'

ဒေါ်ကြီးဘုရား၏ အမေးကိုဖြေရင်းကပင် သုဓမ္မစာရီ ရင်ထဲမှာ အမှန်တရားကို မြင်စပြုသည်။

'အေးလေ နေမယ်ဆိုရင်တော့ နေနိုင်သေးသပေါ့၊ ဒါပေသည့် သင်္ခါရကိုး'

'မှန်ပါ့ဘုရား'

'ငွေမှုံကော နေထိုင်ကောင်းသတဲ့လား'

'မှန်ပါ၊ ကောင်းပါတယ်ဘုရား၊ ဒါပေမယ့် အမေက သိပ်ခံနိုင်ရည် ရှိတာ၊ တော်ရုံနေမကောင်းလဲ လယ်ထဲအဆင်းမပျက်ဘူးဘုရား၊ အငယ် ကောင် စိန်သောင်းကို မွေးတုန်းက တစ်ရက်ပဲနားတယ် ဘုရား၊ နွားနှင်း တွေလိမ်းပြီး လယ်ထဲဆင်းတာပဲ၊ တပည့်တော်တော့ အမေ့ဇွဲကို အံ့တယ်၊ တပည့်တော်တော့ ဒီလောက်လဲမလုပ်နိုင်ဘူး၊ စိတ်ဆင်းရဲလဲ မခံနိုင်ဘူး ဘုရာ့'

ဒေါ်ကြီးဘုရားက မသိမသာ ပြုံးပြန်သည်။

မသုဓမ္မစာရီ အဆင်းရဲမခံနိုင်တာ ဒေါ်ကြီးဘုရား အစင်းသိပင်။ ယခုလည်း တမ်းတတပြောနေပုံကို သူကိုယ်တိုင် သတိမထားမိသော်လည်း ဒေါ်ကြီးဘုရားက သတိထားမိသည်။ မသုဓမ္မစာရီ ရောဂါဟောင်းက ပြန်လည်နိုးကြားစပြုနေပြီ။

လောကီသားတိုင်း ဘဝကို ခင်တွယ်မြဲဖြစ်သည်ကို မြစ်တား၍ မရစကောင်းပေ။ လောကုတ္တရာတရားကို အားထုတ်နေသော သူတော်စင်တွေပင် ခန္ဓာကိုယ်ရပ်တည်နိုင်ရေးအတွက် အာဟာရကို မှီဝဲရသည်။

'မသုဓမ္မစာရီ'

'ဘုရား'

'ဘယ်သူမဆိုစိတ်ဆင်းရဲ ကိုယ်ဆင်းရဲတာ ဘယ်ခံချင်ပါ့မလဲကွယ်၊ ဒါပေသည့် လောကီဘုံမှာ ကျင်လည်သမျှတော့ ဆင်းရဲဒုက္ခနဲ့ မကင်းနိုင်ကြဘူးပေါ့၊ ဒုက္ခကလွတ်အောင်ဆိုရင် နိဗ္ဗာန်ရောက်ကြောင်း တရားပဲရှိတယ်'

'မှန်ပါ့ဘုရား'

မသုဓမ္မစာရီ အသံသည်လည်း အနည်းငယ်ပျော့ပျောင်းသွားသည်။ သို့သော် ရွာကိုလွမ်းသည့်စိတ်၊ အမေ့ကိုလွမ်းသည့်စိတ်က သူ့ရင်ထဲမှာ ဘောင်ဘင်ခတ်ဆဲ။ ထိုစိတ်နှင့်အတူဒေါမနဿတရားကလည်း ရင်ထဲမှာ ရောယှက်လာသည်။

'ကဲ ကဲ မသုဓမ္မစာရီ စာကျက်နိုင်တဲ့အင်အား မရှိတော့ရင်လဲ အိပ်ချည်တော့၊ ဒီနှစ်တော့ အောင်အောင်ဖြေနော်'

'တင်ပါ့ဘုရား'

မသုဓမ္မစာရီက ဒေါ်ကြီးဘုရားကို ဦးသုံးကြိမ်ချသည်။

'အေး အေး၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား'

www.burmeseclassic.com

# ၃

ဒေါသအခိုးအငွေ့တွေဖြင့် သိန်းမြ ရင်မှာ တဆတ်ဆတ်တုန်နေသည်။ ဦးလေးကိုကြည့်သည့် အကြည့်တွေမှာလည်း ဒေါသအခိုးအငွေ့တွေဖြင့် လျှံတက်နေသည်။ နှုတ်ခမ်းကိုလည်း တင်းတင်းကိုက်ထားလိုက်သေးသည်။ အသားကဖြူတော့ သူ့နှုတ်ခမ်းသားတွေ နီရဲသည်ထက် နီရဲလာသည်။ ပါးပေါ်က အကြောစိမ်းစိမ်းတွေလည်း ထောင်ထ၍ နေသည်။

'ဦးလေး အဲသည်လို မတရားမပြောနဲ့၊ ကျုပ် ညကပြန်ရောက်တာ အမေလဲ သိတယ်၊ ဟိုဘက်က အရီးမြတို့လဲ သိတယ်၊ ကျုပ် အမေကို နိုင်စားလို့ရတိုင်း ကျုပ်ကို နိုင်စားလို့ မရဘူးမှတ်ပါ'

'ကြည့်စမ်း ငွေမှုံ၊ နင့်သမီးက သိပ်လူပါးဝနေပါလား၊ ငါက တစ်ခွန်းပြောရုံရှိသေးတယ် သူက ကက်ကက်လန်ဖြစ်နေတာ ဘယ်သူ့ အားကိုးရှိလို့လဲ မပြောတတ်ဘူး'

'တော်ကြီးကျုပ်ကို ဒီလိုမပြောနဲ့၊ တော်တို့သာ ဟင်း မပြောလိုက်ချင်ဘူး'

အမေ့မျက်နှာသည် ပို၍တော့မည့်မိုးလို ညိုမည်းသွားလေသည်။ မာနဖြင့် အရောင်တောက်မြဲဖြစ်သော မျက်လုံးများသည်လည်း ဖျော့တော့သွားသည်။ သမီးဖြစ်သူကို တောင်းပန်သည့် မျက်လုံးများနှင့် ကြည့်သည်။

'သိန်းမြ၊ညည်းစကားပြောတာ မာကျောလှချည်လားအေ၊ ကိုယ့်ဦးလေးကို ဒီလိုပဲ မချေမငံ ပြောရသလား'

ချော့မော့ရာလည်း မကျ၊ ကြိမ်းမောင်းသံလည်း မရောက်သော လေယူလေသိမ်းဖြင့် လှမ်းပြောလိုက်သော်လည်း သိန်းမြ ရင်မှာ မပြေငြိမ်းနိုင်။

'ကျုပ်ကို နေရာတကာ အပြစ်ရှာနေတာတော့ မခံနိုင်ဘူး'

အမေ့ကို ကြောက်သော်လည်း ရင်ထဲက မကျေနပ်စိတ်ကိုတော့ ဖိနှိမ်၍ မရသေးပေ။ ဦးလေးကိုလည်း အလိုလိုနေရင်း သေစေချင်စိတ်တွေ တဖွားဖွား ပေါ်လာသည်။ ဒင်းကြောင့်။ ဒင်းကြောင့် ငါ့မှာ လူပြောသူပြော ခံရတာ။ မိညိုတို့ကတောင် မထိတထိ ပြောတာကြည့်ပါလား။ ညည်းဦးလေးက ဦးလေးအရင်းမှ ဟုတ်ကဲ့လားတဲ့။ ညည်းအမေက ဘာကြောင့်များ ဒီလူနဲ့ မခွဲနိုင်တာလဲတဲ့။ သမီးလေးတစ်ယောက်နဲ့ ကိုယ့်ဘာသာ ရှာစားနိုင်လျက်နဲ့ ဘာဖြစ်လို့ ဒီလူကို အိမ်ပေါ် ခေါ်တင်ထားတာလဲတဲ့။

'သူ့ကျေးဇူးတွေရှိလို့ ဖြစ်မှာပေါ့' ဟု ပြန်ပြောတော့ 'မသိရင်ခက်မယ်၊ ညည်းဦးလေး ဒုက္ခတကြီးကို မခွဲနိုင်လို့ ဖြစ်မှာပါအေ'တဲ့။ ကဲ ဘယ်လောက်ရှက်စရာကောင်းသလဲ။

'ငွေမှုံ နင့်သမီးကို ဝေးဝေးခေါ်သွားစမ်း၊ ငါ လုပ်မိလိမ့်မယ်'

ဦးလေးကလည်း သိန်းမြကို မျက်လုံးစိမ်းစိမ်းများဖြင့် ကြည့်ကာ အော်သည်။ သိန်းမြကလည်း အံကြိတ်ထားသည်ကို ဖြေချခြင်း မပြုနိုင်သေးပေ။ အမေက သိန်းမြ လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်သည်။

'လာစမ်းသိန်းမြ၊ ညည်း တောရမ်းမယ်ဘွဲ့တွေ လျှောက်ပြောမနေနဲ့၊ ငါပြောတာ နားထောင်'

BURMESE CLASSIC .com

အမေက လက်မောင်းကို ထပ်ဖိကာ ဆွဲခေါ်သွားသည်။ အမေ့နောက်သို့ လိုက်သွားသော်လည်း သိန်းမြခြေထောက်များက နောက်မှာ ခပ်လေးလေး ကျန်ရစ်သည်။ ဦးလေး၏ တက်ခေါက်သံ ပြင်းပြင်းကို ကြားရပြန်တော့ ရင်ထဲမှာ ထောင်းကနဲ မခံချင်စိတ်တွေ ပေါ်လာပြန်သည်။ လက်မောင်းပေါ်မှ အမေ့လက်ကို ပုတ်ချလိုက်မိသည်။ အမေကလည်း သိမ်းဆည်းထားသော သူ့ဒေါသကို ထုတ်ပြချင်လာသည်။

အခန်းထဲရောက်တော့ သိန်းမြကို အိပ်ရာပေါ်သို့ လှဲပစ်လိုက်ကာ အသံတုန်တုန်ဖြင့် အမေ အော်လေသည်။

'သိန်းမြ၊ ညည်း ငါ့ကို သိပ်ဒုက္ခပေးတယ်၊ ငါဟာ ညည်းအတွက် အသက်ရှင်နေရတယ်ဆိုတာ ညည်းသိရဲ့လားဟင်'

သိန်းမြသည် အိပ်ရာထက်မှာ မှောက်လျှားထိုးကား အားပါးတရ ငိုပစ်လိုက်လေသည်။

'ဟုတ်ပါတယ် ဟုတ်ပါတယ်၊ အမြဲတမ်း ကျုပ်အတွက် ကျုပ်အတွက်နဲ့ ကျုပ်ကို အကြောင်းပြပြီး ဟင့် ဟင့်'

'သိန်းမြ'

အမေ့အသံသည် ရင်ကိုဖွင့်၍ ဟစ်လိုက်ဘိသကဲ့သို့ ရှိသဖြင့် သိန်းမြ ရှိုက်သံပင် လန့်ဖျပ်ပြီး တန့်သွားသည်။

'ညည်း တစ်နေ့ကျတော့မှ လောကအကြောင်း သိမယ်'

\+ \+ \+

ငွေမှုံရယ် နင့်မလဲ ဒီသမီးတစ်ယောက်အတွက် သောကများလှတယ်၊ ဆိုစမ်း၊ ခု ဘာဖြစ်လာပြန်ပြီလဲ'

ကြီးရွှေမှုံသည် ကွမ်းအစ်ကိုဆွဲကာ အပေါ်အစ်ကို လှစ်ရင်း မေးလေသည်။ ပထမ တစ်ယာက ပါးစပ်ထဲမှာ မကုန်သေးသဖြင့် ထွေးခံကို ဆွဲကာ ပျစ်ခနဲ တစ်ချက် ထွေးလိုက်သေးသည်။ ပြီးမှ ကွမ်းရွက်တစ်ရွက်

BURMESE CLASSIC .com

ယူကာ အရိုးကို လက်သည်းဖြင့် ဆိတ်သည်။ မငွေမှုံသည် သူ့အစ်မကို ငေးကြည့်နေမိလေသည်။ သူ့အစ်မကတော့ သူ့လို မဟုတ်။ သောကလည်း အေးသည်။ အေးအောင်လည်း နေတတ်သည်။ သူ့ဘဝမှာ ကွမ်းနှင့် ထုံး၊ ကွမ်းသီးရှိလျှင် ပြည့်စုံနေဘိသကဲ့သို့ပင်။

'သိန်းမြ သိပ်မိုက်ရိုင်းတယ် အစ်မရယ်၊ သူ့ဦးလေးကို နင်ပဲငဆ ပြန်ပြန်ပြောနေတယ်၊ ဟိုက သူ့ကို စေတနာနဲ့ ပြောဆို ဆုံးမတာကိုလဲ တစ်စက်ကလေးမှ မခံဘူး'

'အဲဒါကတော့ ညည်းငယ်ငယ်က အတိုင်းပဲ့အေ'

မငွေမှုံ မျက်လွှာချသွားသည်။ သူ့ဘဝမှာ ဘာကိုပဲဖြစ်စေ နောက်ကြောင်းပြန်ဖော်သည်နှင့် အမည်းစက်ကြီးက ထင်းခနဲပေါ်လာသည်။ သူ့သမီး သိန်းမြသည် ထိုအမည်းစက်ကြီးကို မကြာခဏ အရောင်တင်ပေးနေလေသည်။

'ငါကမလိမ္မာလို့ ဖြစ်ရပေတဲ့ သူ့လို ဆင်ကန်းတောတိုး မပြောတတ်ပါဘူး အစ်မရဲ့၊ သူကတော့ သူထင်တာကို အမှန်ချည်း အောက်မေ့နေတာ'

မရွှေမှုံက ကွမ်းရွက်ထဲမှာ ကွမ်းသီးစိတ်နှင့် ထုံးတို့ကို ထုပ်ပြီး ပါးစပ်ထဲပစ်သွင်းလိုက်သည်။

'ဟင်း ဒါတော့ ဇကလေးကလဲရှိသကိုးအေ့၊ ညည်းလဲ ဒီအတိုင်း မဟုတ်လား'

မငွေမှုံက သက်ပြင်းကို ချသည်။

'ခက်တယ်အစ်မ၊ ခု ဘယ်လိုလုပ်မလဲ၊ ခု သူက ကိုသောင်းဖေကို အပြစ်ချည်း မြင်နေတာ၊ ဟိုကလဲ စေတနာထားတဲ့ လူဆိုတော့ မခံချင်ဘူးပေါ့'

'ညည်းသမီး ငါ့ဆီ ပို့ထားပါလားအေ'

BURMESE CLASSIC .com

'အမယ်လေး၊ အဲဒီလိုတော့လဲ နေမှာမဟုတ်ဘူး၊ ပြီးတော့ ဒီလို ပြောမိတာနဲ့ ကျွန်မနဲ့ ကိုသောင်းဖေကို ပေးစားမှာ မုချ၊ ခုတောင် အလျှဉ်းသင့်တိုင်း ဒါချည်း ပြော ပြောနေတာ'

မရွှေမှုံသည် ထွေးခံကိုဆွဲ၍ တံတွေး ထွေးပြန်သည်။ ပြီးတော့ ညီမဖြစ်သူကို ကရုဏာသက်စွာ ကြည့်သည်။

'ခက်တယ် ငွေမှုံ၊ ညည်းကိစ္စ ငါလဲ မပြောတတ်တော့ဘူး၊ သောင်းဖေကလဲဒုက္ခိတဆိုတော့ သူက မရိုသေဘူးထင်ပါရဲ့၊ ပတ်ဝန်းကျင်က ဘေးတီးတာလဲရှိမယ်၊ ပြီးတော့ ညည်းတို့ကလဲ ပြောစရာတော့ ရှိနေသ မှုတ်လား'

မငွေမှုံ မျက်နှာ နီရဲသွားသည်။

'ကျုပ်တို့က ဟော့ဟော့ရမ်းရမ်းနေတာ မဟုတ်ပါဘူးတော်၊ မောင်နှမလို ဆက်ဆံတာပါ၊ သူ့ကျေးဇူး ကျုပ်မှာ အများကြီးရယ်၊ အစ်မတို့ မသိတာတွေတောင် ရှိသေးတယ်၊ ခု သူကောင်းကောင်းမရှာနိုင်မှ ကျုပ်က ပစ်ထားလို့ တော်ပါ့မလား'

'အေးလေ၊ ဒါကတော့ ညည်းအနေကိုး၊ ပတ်ဝန်းကျင်ကမြင်တာ တော့ တစ်မျိုးပေါ့'

မငွေမှုံ အံကိုကြိတ်ထားသည်။ ပတ်ဝန်းကျင်အကြောင်းတော့ မတွေးချင်တော့၊ သူ့ဘဝမှာ သူ့ပတ်ဝန်းကျင်ကြောင့် ဇွတ်နှစ်လိုက်ရတာ တွေလည်း များပြီ။ ပတ်ဝန်းကျင်ကြောင့် ပိုပြီး အကျဉ်းအကျပ်ရောက်ခဲ့ရ သည်ချည်းပင်။

မရွှေမှုံကလည်း သူ့ညီမ၏ စိတ်နေစိတ်ထားကို အစင်းသိပင်။ သည်ညီမတစ်ယောက်ကို ချစ်လည်း ချစ်သည်။ သနားလည်း သနားသည်။ သို့သော် သည်ညီမက ဒုက္ခကြီးလှသည်။ လောကဓံတရားက သူ့တစ် ယောက်တည်းကိုမှ ကွက်ပြီး နှိပ်စက်နေသလား ထင်ရသည်။

'ညည်းသမီး ခု အသက် ဘယ်နှစ်နှစ်ရှိပြီလဲ'

BURMESE CLASSIC .com

'လာမယ့် တန်ဆောင်မုန်းဆို ဆယ့်နှစ်နှစ်ပဲ'

'ငယ်တော့ မငယ်တော့ဘူးနော်၊ ဒီအရွယ်ဟာ သူများသွေးထိုးပေးလို့ ကောင်းတဲ့အရွယ်ပဲ၊ ဒါထက် အပျိုကော ဖြစ်ပလား'

'မဖြစ်သေးဘူး'

မငွေမှုံမျက်နှာ မှိုင်ငေးနေသည်။ သည်သမီးအတွက် သူ့ရင်မှာ နေဆယ်စင်းမက ပူပြင်းရသည်ကို သူအသိဆုံးပင်။ သမီးလေးတစ်ယောက် တည်းမို့ အရာရာကို တွက်ဆကာ လှုပ်ရှားနေရသည်။ တိမ်းလွယ် ညွတ်လွယ်အရွယ်မှာ ဒုက္ခရောက်သွားမှာ၊ တိမ်းစောင်းသွားမှာ စိုးလှသည်။ သည်အဖြစ်တွေကို သိန်းမြ မသိ။ သူ သိသည်က အပေါ်ယံကလေးတင်။

'သူ လေးတန်းတော့ အောင်ပြီးပြီနော်'

'ဘယ်အောင်လို့လဲ၊ မူလတန်းကျောင်းမှာ အောင်အောင်နေလိုက်ပါ သမီးရယ် ဆိုတာ စိတ်မပါဘူးလေ၊ သူ့ဦးလေးလုပ်စာနဲ့ ကျောင်းမနေချင်ဘူးတဲ့၊ သူများတွေက လှောင်သတဲ့၊ ဘဘုန်းကျောင်းမှာ နေပါဆိုတော့လဲ ဘုန်းကြီးကျောင်းမို့ ရှက်သတဲ့လေ၊ ကျုပ်တို့တုန်းက ဘဘုန်းဆီကပဲ ဆယ်စောင်တွဲ ကုန်ခဲ့တယ် မဟုတ်လား၊ မြန်မာစာတော့ ကောင်းကောင်း ကျွမ်းသပေါ့တော်'

မငွေမှုံက တက်ကြွစွာ ပြောနေ၏။ ငယ်စဉ်က ယောကျ်ားလေး တွေနှင့် တန်းတူ တက်ကြွစွာ လှုပ်ရှားသွားလာနေခဲ့တတ်သော ငွေမှုံ၏ အသွင်ကို မရွှေမှုံ မြင်ယောင်လာသည်။ သူတို့ မောင်နှမတစ်တွေထဲတွင် ငွေမှုံသည် ထူးထူးခြားခြား ကျားကျားလျားလျား အားကိုးရသူဖြစ်၏။ အစ်မ ရွှေမှုံထက်သော် လည်းကောင်း၊ အစ်ကို အောင်သူထက်သော် လည်းကောင်း အရာရာထက်မြက်သူမို့ အမေကလည်း အားကိုးသည်။ အဖေကလည်း ချစ်သည်။ တစ်ခါတစ်ရံတော့လည်း ပြောရဆိုရခက်ပြီး သူထင်ရာလုပ်တတ်သဖြင့် သားသမီးအားလုံးထဲတွင် ငွေမှုံသည် အရိုက်ခံရဆုံးလည်း ဖြစ်နေလေသည်။

 www.burmeseclassic.com 

မောင်နှမသုံးယောက် အရွယ်မရောက်ခင်မှာ အဖေနှင့်အမေ ဆုံးပါးသွားခြင်းသည် သူတို့အားလုံးကို တွယ်ရာမဲ့ဖြစ်စေခဲ့သည်။ သည်တုန်းက ငွေမှုံသည် ယခု သိန်းမြလိုအရွယ် ကြွပ်ဆတ်ဆတ် မာကျောကျောနှင့် ပြောရခက်၊ ဆိုရခက် ဖြစ်ခဲ့၏။ စစ်ဘေးစစ်ဒဏ်ကြောင့် လူကြီးတွေကလည်း ကစဉ့်ကလျားဖြစ်နေစဉ် ကလေးသုံးယောက် ပြဿနာသည် ဆွေမျိုးများကြားတွင် အတော်လေး ကသိကအောင့် ဖြစ်စေခဲ့သည်။

'ရွှေမှုံက ကြီးဒေါ်နဲ့ ရွာမှာနေ၊ အောင်သူက ဘထွေးလေးနဲ့ လိုက်သွား၊ ငွေမှုံက ငါနဲ့လိုက်ခဲ့'

ဆွေမျိုးများထဲတွင် သွက်လက်ချက်ချာ၍ အရာရာလည်းပါတတ်၊ စီမံခန့်ခွဲတတ်သော အမေ့ညီမ ဒေါ်လေးခက ခွဲတမ်းချသည်။ သည်ကတည်းက ငွေမှုံတစ်ယောက် ပြဿနာတက်တော့မည်ကို လူမှန်းသိတတ်စ မရွှေမှုံက သိသည်။

'အမယ်တော်၊ ဒေါ်လေးနဲ့တော့ လိုက်မနေချင်ပါဘူး၊ ကျုပ်အစ်မ ရွှေမှုံနဲ့ မခွဲနိုင်ဘူး'

မရွှေမှုံကတော့ သူတို့ဘဝမှာ သောင်ပြင်လွတ်သည့် ခွေးတွေလို ဖြစ်ပြီဆိုတာ နားလည်ပြီးသားမို့ လူကြီးတွေကို တစ်ခွန်းမျှ ပြန်ပြောဖို့ မကြိုးစားတော့ပေ။ ပြောရန်လည်း အင်အားမရှိပေ။ သည်အချိန်မှာ နေစရာလေး တစ်နေရာရဖို့နှင့် စားစရာလေးနပ်မှန်ဖို့၊ တစ်နည်းအားဖြင့် အသက်ရှင်နေနိုင်ရေးသာ အရေးကြီးသည်ကို သဘောပေါက်ပြီးသားပင်။

'အမယ် သိပ်ချေးများမနေနဲ့ အမိ၊ ဒီလောက် ဗရုတ်ဗရက် ဖြစ်နေတဲ့ကာလမှာ ညည်းတို့ကို သနားလို့ခေါ်ကြရတာ၊ ဘယ်သူမှလဲ တစ်ယောက်က နှစ်ယောက် တာဝန်မယူနိုင်ဘူး၊ လူတွေကို နေ့သေမလား ညသေမလား ထိတ်နေရတဲ့အထဲ အမေနဲ့ မခွဲနိုင်ဘူး၊ အစ်ကိုနဲ့မခွဲနိုင်ဘူး လုပ်မနေနဲ့'

BURMESE CLASSIC .com

သည်လိုဖြင့် ငွေမှုံသည် ဒေါ်လေးခနောက် မျက်ရည်စစ၊ နှုတ်ခမ်းစူစူဖြင့် ပါသွားလေသည်။ အမျိုးတွေကတော့ ငွေမှုံကို ဒေါ်လေးခ တစ်ယောက်သာ ထိန်းသိမ်းပဲ့ပြင်နိုင်မည်ဟု ယုံကြည်ကြသည်။

သည်ကတည်းက မောင်နှမတစ်တွေ ကိုယ့်ဘဝ ကိုယ်ရှန်းခဲ့ကြရတော့သည်ပဲ။ လောက၏ အထုအထောင်း အရိုက်အပုတ်ကြားမှာ မြုပ်တစ်ခါ ပေါ်တစ်လှည့်မို့ တစ်ခါတစ်ရံ အခွင့်ကြုံမှ ပြန်တွေ့ရတတ်ကြသည်။ မရွှေမှုံက ရိုးစင်းပြီး ဘဝကို ကျရာမှာပျော်တတ်သူမို့ သူ့အတွက် ကြီးကြီးကျယ်ကျယ် ဘဝပြဿနာလည်း မကြုံလိုက်ရ။ ရှန်းကန်တတ်သော ငွေမှုံကျကာမှ လောကကလည်း အငြိုးကြီးသည်။ ငွေမှုံ့ ဘဝသည် တစ်ခါပြန်တွေ့လျှင် တစ်မျိုးဖြစ်နေတတ်လေသည်။

ယခုတစ်ခါ ရွာမှာ ပြန်ဆုံကြပြန်တော့ ငွေမှုံမှာ သမီးတစ်ယောက်နှင့် အတွေ့အကြုံလည်း စုံခဲ့ပြီ။ ရိုင်းရိုင်းပြောရလျှင် သုံးကျောင်းပြောင်းသောရှင်၊ သုံးလင်ပြောင်းသော မိန်းမဆိုသလို သူတကာပြောစရာလည်း ဖြစ်နေခဲ့ပြီ။ သည့်အပြင် မသိမမြင်နိုင်တာတွေ ဘာတွေဖြစ်ခဲ့သေးသလဲလည်း မသိ။ သိလည်း မသိချင်၊ မေးလည်း မမေးချင်တော့။

ယခုတစ်ဖန် ငွေမှုံသည် ပြဿနာကို ဆောင်ယူခဲ့ပြန်သည်။ သူနှင့်တူ၍ သူလိုပင် ဘဝကို ရေဆန်လှော်ချင်သော သမီးတစ်ယောက်အတွက် သူ့မှာ သောကပွားနေရလေပြီ။

'နင့်သမီးက ဘုန်းကြီးကျောင်းမှာ နေရတာ ရှက်တယ်ဆိုရင် သီလရှင်ကျောင်း ပို့ပါလားဟဲ့'

မရွှေမှုံက သံယောင်လိုက်၍ ပြောလိုက်ခြင်းကို ငွေမှုံက အတည်မှတ်ယူသည်။

'ဟုတ်ပါ့တော်၊ ကျုပ်သာဆို သီလရှင်ဝတ်ပစ်တယ်၊ လူ့ဘဝဒုက္ခတွေ ငြီးငွေ့လှပြီ'

BURMESE CLASSIC .com

မရွှေမှုံက အကြောင်းသိပ်ပီပီ ပြုံးသည်။ ငွေမှုံသည် ဘဝကို လွယ်လွယ်နှင့် အရှုံးပေးတတ်သည့်လူစား မဟုတ်ဆိုတာ မရွှေမှုံ အသိဆုံး။ ငယ်ငယ်ကတည်းက ကြမ်းကြမ်းတမ်းတမ်းအလုပ်ကိုမှ ရွေးလုပ်တတ်သော ငွေမှုံသည် ယခု အသက်လေးဆယ်အရွယ်မှာလည်း ယောကျ်ားများနှင့်တန်းတူ စပါး တစ်အိတ်လောက်ကိုတော့ စွေ့ခနဲထမ်းနိုင်ဆဲ။ မခံချင်စိတ်နှင့် မာနရောင် တဖိတ်ဖိတ်လက်သော မျက်လုံးများသည် သူတကာကိုလည်း နည်းနည်းလေးမျှ အတင်စီး မခံတတ်ပေ။ သည်ခန္ဓာကိုယ် သည်စိတ်နှင့် မိန်းမ တစ်ယောက်က နူးညံ့ညင်သာ၍ တရားဓမ္မမှာ မွေ့လျော်တတ်သော သီလရှင်အဝတ်နှင့် မည်သို့လျှင် အပ်စပ်နိုင်ပါမည်နည်း။

'အပြောမကြီးစမ်းပါနဲ့ ငွေမှုံရယ်၊ နင်လား နေနိုင်မှာ'

မရွှေမှုံက ကွမ်းတံတွေးကို ပျစ်ခနဲနေအောင် ထွေးရင်း ပြောလိုက်သော်လည်း တကယ်ပင်တည်ငြိမ်နေသော မငွေမှုံ မျက်နှာကိုကြည့်ပြီး နည်းနည်းတော့ အံ့သြသွားသည်။

'တလောက မဧသေတစ်ယောက် ရွာကိုပြန်လာတာ တွေ့လိုက်ရသေးတယ်၊ သူ ဆယ့်ကိုးနှစ်သမီးကတည်းက သီလရှင်ဝတ်သွားတာနော်၊ သူ့ကြည့်ရတာ အေးချမ်းလိုက်တာ၊ အားကျမိတယ် တကယ်'

မငွေမှုံက တမ်းတမ်းတတ ပြောနေပြန်သည်။ ငွေမှုံတစ်ယောက် ဘဝရဲ့ အထုအထောင်းတွေ ခံရဖန်များလို့ တကယ်ပင် လွတ်မြောက်ရာကို ရှာချင်ပြီလားဟု တွေးကာ မရွှေမှုံက ညီမဖြစ်သူကို ကရုဏာသက်မိလေသည်။

'အေးဟဲ့၊ သူတို့ကျောင်းတိုက်ကြီးလဲ တစ်ခါရောက်ဖူးပါတယ်၊ သီလရှင်လေးတွေမှ ငယ်ငယ်လေးတွေ၊ စာအံနေလိုက်ကြတာ အားကျစရာ ဟယ်၊ သိန်းမြလဲ ကလေကလွင့်ဖြစ်နေမယ့်အတူတူ အဲဒီလိုနေရာမျိုး ရောက်သွားရင် ကျမ်းတတ် ပေတတ်နဲ့ တစ်နည်းအားဖြင့်တော့ သူ့ဘဝ အတွက် စိတ်အေးရမှာပဲ'

မရွှေမှုံစိတ်ထဲမှာ လက်ခနဲ အလင်းရောင်တစ်ခုကို မြင်လိုက်ရသလို အားတက်သရော ဖြစ်သွားသည်။ သို့သော် မငွေမှုံကတော့ သူ့သမီး အကြောင်း သူသာသိသည်မို့ ခေါင်းကို တွင်တွင်ခါယမ်းသည်။

'မရပါဘူး အစ်မရယ်၊ ဒီကောင်မလေးခေါင်းထဲမှာ ကျုပ်ကို အကောင်း တစ်ကွက်မြင်တာ မဟုတ်ဘူး၊ အဲဒီကတည်းကိုက သူ့မှာ ကံကြီးထိုက်နေပြီ သိလား'

'ကလေးကို ဒီလိုမပြောပါနဲ့အေ၊ ငါ့ဆီ တစ်ခေါက်လောက် လွှတ်လိုက်စမ်းပါဦး၊ ငါပြောရင် သူနည်းနည်းတော့ နားထောင်ပါတယ်'

မရွှေမှုံကလည်း အာမခံ မရဲတရဲနှင့် ပြောသည်။

'ကျုပ်တော့ စိတ်ညစ်တာပဲသိတယ်တော်၊ ကိုသောင်းဖေကိုလဲ အားနာလှပြီ'

'အင်း၊ နင့်မလဲ ဘယ်တော့မဆို ဘေးကျပ် နံကျပ်ချည်းပဲကို'

မငွေမှုံသည် အနားတွင်ချထားသော မျက်နှာသုတ်တဘက်ကို ခေါင်းပေါ်ပစ်တင်လိုက်ကာ နေရာမှထသည်။

'ဟဲ့ သွားတော့မလို့လား'

မပြောမဆိုနှင့်ပင် မငွေမှုံက အိမ်တံစက်မြိတ်အောက် ရောက်နေ လေပြီ။

'သွားမှ သွားမှ၊ တော်ကြာ အဲဒီကောင်မ စပါးသယ်ရာက ပြန်လာရင် အိမ်မှာ ရန်လုပ်နေဦးမယ်'

မရွှေမှုံသည် စိတ်မြန်ကိုယ်မြန် ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်သွားသော ညီမဖြစ်သူကို ငေးမောကြည့်နေရင်း လက်က ကွမ်းအစ် ဆီသို့ လှမ်းလိုက်မိလေသည်။

www.burmeseclassic.com

# ၄

ဒေါ်လေးခနှင့်အတူ ဇလွန်မှာလိုက်နေရသည့် ကာလပတ်လုံး ငွေမှုံသည် သူမသိနားမလည်သေးသော လောကကြီးကိုပင် စတင် အရွဲ့တိုက်ခဲ့သည်ဟု ဆိုရမည်။ ငွေမှုံကို တစ်ရွာလုံး မသိသူမရှိ။ တစ်နေကုန်မြစ်ရေထဲမှာ ဆော့နေလားနေရဲ့၊ ယောကျ်ားလေးတွေနဲ့တန်းတူ သစ်ပင်တက်ရာ ငါးဖမ်းရာမှာလည်း ငွေမှုံပါသည်။ လုံးလားထွေးလားနှင့် ရန်ဖြစ်သံကြား၍ သွားကြည့်လျှင်လည်း ငွေမှုံက အသံစာစာနှင့် ရှေ့ဆုံးက။ ရွာကလူတွေ ရွံ့ကြောက်ရသော ဒေါ်လေးခသည်ပင် ငွေမှုံကို အရှုံးပေးရသည်။

'မိငွေမှုံရယ်၊ မိန်းကလေး ပီပီသသလေးများ တစ်ခါတစ်ရံ နေပါဦးတော့လား၊ နင်ရောက်လာမှ ဟိုလူက လာတိုင် ဒီလူက လာတိုင်နဲ့၊ ငါ့မှာ တောင်းပန်ဖြေရှင်းနေရတယ်ဟဲ့'

'အိုတော်၊ ကျူပ်ဟာကျူပ်နေတာ သူတို့က လာ လာ စတာကိုး၊ သူများစတာတော့ ခေါင်းငုံ့မခံနိုင်ပေါင်၊ ဒေါ်လေးခ ကျူပ်ကြောင့် စိတ်ညစ်ရင် အစ်မ ရွှေမှုံဆီ သွားနေမယ် တော်'

တကယ်တော့ ဒေါ်လေးခက စီးပွားရေးသမားတစ်ယောက်မို့ ငွေမှုံကို ဗိုင်းကောင်းကျောက်ဖိ ဆိုဆုံးမနိုင်သည် မဟုတ်ပေ။ ဒေါ်လေးခ ကိုယ်တိုင်က မုဆိုးမ။ သားသမီးမရှိ။ တစ်ယောက်တည်းကုန်ရောင်းကုန်ဝယ် လုပ်ကိုင်စားသောက်နေသူဖြစ်သည်။ ငွေမှုံသာ လိမ္မာမည်ဆိုလျှင်တော့ သူ့ဖို့ချည်းပင်။ သို့သော် ငွေမှုံက မာနလည်းကြီးသည်။ ဒေါ်လေးခထံတွင် မလွှဲမကင်းသာ၍ ထမင်းတစ်လုပ်စားနေရသော်လည်း ကျန်တာကို ရကောင်းစေဟူ၍ အလိုက်တသိ ပြောဆိုနေထိုင်ခြင်းမရှိ။ နောက်ဆုံး ဒေါ်လေးခက ကျောင်းထားပေးတော့လည်း မနေ။ 'ကျုပ် မြန်မာစာ ကောင်းကောင်း တတ်နေပြီ' ဟု ပြောကာ ခပ်တင်းတင်းနေသည်။

ဒေါ်လေးခ ငါးပိငါးခြောက် လုပ်ငန်းလေးနှင့် စီးပွားဖြစ်ထွန်း လာတော့ သူ့အလုပ်ကို ချဲ့ထွင်ဖို့ ပြင်ဆင်လေသည်။ ထိုအခါ ငွေမှုံက အားတက်သရော ထောက်ခံသည်။

'ဟုတ်တယ်ဒေါ်လေးရယ်၊ ကျုပ်လဲ တောကြိုအုံကြားမှာ မနေချင် ဘူး၊ အနည်းဆုံး ဟင်္သာတမြို့ပေါ်လောက်ဆို ဒေါ်လေးကို ကျုပ်လဲဈေးကူ ရောင်းမယ်'

စိုစိုပြည်ပြည် တောင့်တောင့်တင်းတင်းနှင့် ဖျတ်လတ်သွက်လက် သော တူမတစ်ယောက်က သူ့ကို ဝင်ကူမည်ဆိုတာ့ ဒေါ်လေးခ လက်ခမောင်းခတ်တော့သည်။ ဟင်္သာတကို ပြောင်းပြီး အခြေစိုက်ဖို့ဆိုသည် ကလည်း ခက်လှသည်တော့ မဟုတ်။ ဒေါ်လေးခမှာ ငွေလည်း အတန် အသင့်စုဆောင်း ပြီးနေပြီ။ ဟင်္သာတမှာ ပွဲရုံတစ်ရုံတည်နိုင်ဖို့ ချက်ချင်း ပြင်ဆင်လေသည်။

သူတို့ တူဝရီး၏ ရည်ရွယ်ချက်မှာ အောင်မြင်သည်ဟု ဆိုရမည်။

မိန်းမသားနှစ်ယောက်၏ ဦးဆောင်မှုအောက်မှ လုပ်ငန်းသည် တွင်တွင်ကျယ်ကျယ်ပင် ရှိခဲ့၏။ ဒေါ်လေးခ၏ အစီအမံကောင်းမှုနှင့်

BURMESE CLASSIC .com

ငွေမှုံ၏ အလှနှင့် ချက်ချာမှုတို့ ပေါင်းစပ်ကာ လူတကာထက် ရောင်းပန်းဝယ်ပန်း ကောင်းခဲ့ကြလေသည်။

သည်အချိန်မှာ အစ်မရွှေမှုံတစ်ယောက်က ဆကာကြီးမှာပင် ကြီးဒေါ်ဒေါ်ဒေါ်သဆီမှာ ချို့ချို့တဲ့တဲ့နေခဲ့ရရှာသည်။ ဒေါ်ဒေါ်သကား သားသမီးငါးယောက်နှင့် ချောင်လည်လှသည် မဟုတ်ပေ။ မရွှေမှုံသည် လူကြီးများအရိပ်အခြည်ကြည့်ကာ အလိုက်တသိ လုပ်ကိုင်ပေးတတ်သူဆိုတော့ ပို၍ပင်ပင်ပန်းလေသည်။ အနစ်နာခံတတ်သူပီပီ အစားအသောက် အနေအထိုင်လည်း ဆင်းရဲရှာသည်။ ထိုအချိန်က ညီမငွေမှုံတစ်ယောက်က ဝတ်ကာစားကာဖြင့် ကောင်းစား၍နေလေပြီ။

ဒေါ်လေးခ၏ ပွဲရုံသည် မျှော်မှန်းသည်ထက် ပို၍ တွင်ကျယ်ခဲ့သည်။ ထို့ကြောင့် ငွေမှုံကိုလည်း ပို၍ အရေးပေးခဲ့၏။ ဝတ်ကောင်းစားလှနှင့် အစစအရာရာ ပြောင်းလဲခဲ့သော ငွေမှုံသည် ရုပ်ရည်အားဖြင့်လည်း ပို၍ တင့်တယ်ခဲ့သည်။ မငွေမှုံ၏ သတင်းသည်လည်း ဟင်္သာတမြို့၏ ကုန်သည်ပွဲစားလောကတွင် ပျံ့နှံ့ခဲ့လေသည်။

'ကောင်မလေးက ရုပ်ကလေးလဲချော၊ အရောင်းအဝယ်လဲတော်တယ်၊ သူနဲ့များဆိုရင်တော့ ကြီးပွားမှာ သေချာတယ်နော့်'

ထိုအချိန်မှာ ငွေမှုံ့အသက်က ဆယ့်ရှစ်နှစ်သာ ရှိသေးသည်။ လောကအကြောင်းကို လေးလေးနက်နက် မတွေးတတ်သေးဘဲ ဘာမဆိုမိမိက ဖြစ်စေချင်လျှင် ဖြစ်နိုင်သည်သာဟု ဘဝကို အသာစီးမှ မြင်တတ်နေဆဲဖြစ်သည်။ ထို့ကြောင့်လည်း တော်ရုံ ယောကျ်ားဆိုလျှင် ငွေမှုံက အိပ်မက်ထဲပင် ထည့်မက်ဖို့ စိတ်မကူးပေ။

ဒေါ်လေးခကတော့ တူမချောကို ပိုင်ဆိုင်ထားရပြီမို့ အရာရာကို တွက်ကိန်းချ၍ နေလေသည်။

BURMESE CLASSIC .com

'မောင်အောင်မင်းတစ်ယောက်ကတော့ဖြင့် မဆိုးဘူးကွယ့်၊ အပေါင်းအသင်းလဲ ဝင်ဆံ့တယ်၊ ငွေကြေးလဲတောင့်တင်းပုံရတယ်၊ သူနဲ့ပေါင်းပြီး ရန်ကုန်ထိသာ တက်ရရင်တော့ ဘာပြောကောင်းမလဲ'

ဒေါ်လေးခ၏စကားရိပ်ထဲမှာ သူဖြစ်စေချင်သည့်ဆန္ဒတွေ ပါဝင်၍ နေလေသည်။ ကိုအောင်မင်းဆိုသည်မှာ ဒေါ်လေးခ၏ ဖောက်သည်တစ်ဦး ပင် ဖြစ်၏။ ရန်ကုန်တွင် ပွဲရုံဖွင့်ထားပြီး ဟသ်ာတသို့ဆင်းကာ ငါးပိငါးခြောက်များကို ကိုယ်တိုင်ဝယ်သည်။ ငွေစရှင်း၍ နူတ်သွက်သူဖြစ်သဖြင့် ဒေါ်လေးခကလည်း သဘောကျနေသည်။ ပြီးတော့ ကိုအောင်မင်း၏ အပြောအဆို အယုအယများကလည်း ငွေမှုံ့ရင်ကို လှုပ်ရှားစေခဲ့သည်။

'မငွေမှုံမှာလိုက်တဲ့ ပိုက်ဆံအိတ်လေး ပါလာတယ်၊ ကြိုက်ရဲ့လား၊ ကြည့်ပါဦး'

ရန်ကုန်မှ တစ်ခေါက်ဆင်းလာတိုင်း ငွေမှုံ့အတွက် အမှတ်တရ ပစ္စည်းတစ်ခုခုတော့ ပါမြဲပင်။ ငွေမှုံကလည်း ကိုအောင်မင်းရောက်လာမည့် ရက်များမှာ မသိမသာ စောင့်မျှော်ရင်း သူနှစ်သက်တတ်သော အစားအစာလေးများကို အသင့် ပြင်ထားတတ်သည်။

မငွေမှုံ၏ ဘဝလမ်းသည် ပျော်ရွှင်ကြည်နူးစရာ ရည်မှန်းချက်တွေဖြင့် ရွှန်းလက်၍နေလေသည်။

'ကိုအောင်မင်း ဒီနေ့တော့ အိမ်မှာ ထမင်းစားနော်၊ ငါးသလောက် ပေါင်းထားတယ်'

'စားရမှာပေါ့ မငွေမှုံရယ်၊ မငွေမှုံတစ်ယောက်လုံးက ကျွေးလို့မှ မစားရင် ကျွန်တော် မိုက်မဲရာ ကျမှာပေါ့'

ထိုသို့သော အနှောင့်အသွားမလွတ်သည့် စကားလေးတွေဖြင့် တစ်ယောက်ကို တစ်ယောက် မသိမသာ အကဲခတ်ခဲ့ကြရသည်။ ကိုအောင်မင်း ကလည်း အရောင်းအဝယ်ကိစ္စမှာသာ လည်ဝယ်သော်လည်း မိန်းမနှင့်

ပတ်သက်လျှင် ရိုးသားသူတစ်ယောက် ဖြစ်၏။ မငွေမှုံအပေါ်တွင်လည်း တကယ်ပင် ရိုးရိုးသားသား လေးစား ချစ်ခင်နေမိလေသည်။ မငွေမှုံက တော့ ကိုအောင်မင်းထက် ပို၍ စိတ်လှုပ်ရှားနေခဲ့မိ၏။ တစ်နေ့နေ့တွင် သူ့ကို ချစ်ရေးဆိုကာ လက်ထပ်ခွင့် တောင်းလိမ့်မည်ဟု မျှော်လင့်လေသည်။ ပြီးတော့ ဒေါ်လေးခ ပြောသလိုပင် သူ့ဘဝရှေ့ရေးအတွက်လည်း တွေး ကာ စိတ်ကူးထဲမှာ အကောင်အထည် ဖော်နေမိသည်။ ကိုအောင်မင်းလို လူတစ်ယောက်နှင့် ပေါင်းဖက်ပြီး ရန်ကုန်မြို့ပေါ်မှာသာ အခြေချနိုင်ပြီ ဆိုလျှင် သူ့ဘဝအတွက် ဘာမျှ ပူစရာမလိုတော့ပြီ။

သို့သော် ကိုအောင်မင်းထံမှ ခင်မင်နှစ်လိုဖွယ်ရာ စကားလေးများမှ တစ်ပါး တကယ်တမ်း ပွင့်လင်းသော တောင်းဆိုမှုများကို မကြားရ။ ထိုအခါ အရိပ်အခြည်ကို စောင့်ကြည့်နေသော ဒေါ်လေးခက တစ်နည်း တစ်ဖုံ စိစဉ်ရပြန်သည်။

'ဘယ်လိုလဲငွေမှုံ၊ ညည်းနဲ့ မောင်အောင်မင်းတို့က ဘယ်အခြေ ဆိုက်နေပြီလဲ'

အားမလို အားမရ ဖြစ်နေသော ဒေါ်လေးခက ဖြောင်ဖွင့်မေးရ၏။

'ဘယ်အခြေမှ မဆိုက်ဘူး ဒေါ်လေးခရေ၊ ဒီအတိုင်းပဲ'

ငွေမှုံကလည်း ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

'သူက ညည်းကို စိတ်ဝင်စားနေတာ မဟုတ်လား'

'သိဘူးလေ၊ ကြိုက်နေတယ်တော့ ထင်တာပဲ'

ကိုအောင်မင်းတစ်ယောက်လည်း ငွေမှုံတို့ တူဝရီးနှစ်ယောက်၏ သိမ်းသွင်းမှုကို ကြာရှည်ခံနိုင်ရည်မရှိ။ များမကြာမီ ငွေမှုံတို့ ရပ်ရွာလူကြီး စုံရာရှေ့တွင် တောင်းရမ်း လက်ထပ်ရသည့် အခြေသို့ ဆိုက်လာလေသည်။

မည်သူတွေက မည်သို့ပင် ပြောပေစေ၊ ငွေမှုံကတော့ ကိုအောင်မင်း ကို နှစ်နှစ်ကာကာ ချစ်သည်သာ။ ကိုအောင်မင်းကလည်း ငယ်ရွယ်ပျိုမြစ်

BURMESE CLASSIC .com

သော ငွေမှုံကို အသည်းခိုက်အောင် ချစ်သည်သာ။ ဤသည်ကို ငွေမှုံ အသိဆုံး။

သို့သော် ကိုအောင်မင်းတစ်ယောက် မိန်းမတစ်ယောက်အပေါ် ချစ်ရေးကြိုက်ရေးမှာ ဘာ့ကြောင့် တွေဝေ နှောင့်နှေးရလွန်းသည်ကို မကြာမီပင် ငွေမှုံ သိရတော့၏။

လူ့ဘဝ၏ ထင်တိုင်းမပေါက်သည့်ဘဝကို ငွေမှုံ စတင်ရိပ်စားမိ ရလေ၏။

\+ \+ \+

'လိုက်သာသွား ငွေမှုံ၊ ဒေါ်လေးကို နောက်ဆံမတင်းနဲ့ ၊ သျှောင်နောက်ဆံထုံးပါ ဆိုစကားရှိတယ်မဟုတ်လား၊ ဘာမဆို ရဲရဲသာ ရင်ဆိုင်စမ်းပါအေ၊ ဟိုမယ် ညည်း နည်းနည်း အခြေကျရင် ငါ လိုက်လာခဲ့မယ်၊ ကိုယ့်မလဲ အခြေမဲ့ အနေမဲ့မှ မဟုတ်တာ၊ ဘယ်သူ့ ဂရုစိုက်ရမလဲအေ'

ဒေါ်လေးခပေးသော သတ္တိတွေနှင့် ငွေမှုံတစ်ယောက် ယောကျ်ားနောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့ရလေတော့သည်။ စိတ်ထဲကတော့ မကောင်းလှ။ ငယ်စဉ်ကတည်းက ကျွေးမွေးလာခဲ့သော ဒေါ်လေးခကို တကယ်တမ်းမှာ မခွဲနိုင်တာလည်း ပါသည်။ တူဝရီး နှစ်ယောက် ထူထောင်ခဲ့သော အလုပ်ကိုလည်း သံယောဇဉ်က မပြတ်။ ပြီးတော့ ရွာမှာကျန်ခဲ့သော အစ်မရွှေမှုံတို့၊ အစ်ကိုအောင်သူတို့ကိုသော်မှ ပြန်တွေ့ဖို့ မလွယ်တော့သည်ကို စိတ်မကောင်းဖြစ်မိပြန်သည်။ သူတို့ မောင်နှမတစ်တွေမှာ ငယ်စဉ်က ခိုကိုးရာမဲ့၍ တစ်ယောက်တစ်ကွဲစီဖြစ်ခဲ့ကြရသည်ကို ငွေမှုံ တွေးမိတိုင်း စိတ်ထဲက မကောင်းပေ။ ယခုတော့ သူက အလျင်ဦးဆုံး အိမ်ထောင်ကျခဲ့ရပြန်ပြီမို့ ပို၍ပင်ဝေးကွာသွားရသလို ခံစားရလေသည်။

BURMESE CLASSIC .com

ရွာက ထွက်လာပြီးနောက် လက်ထပ်ပြီးစမှာ ဆွေမျိုးများကို ကန်တော့ရင်း ရွာကို ပြန်ရောက်သည်။ တစ်သွေးတမွေးနှင့် လှချင်တိုင်း လှနေသော ငွေမှုံကို အားလုံးကပင် အံ့သြဝမ်းသာစွာ ငေးကြည့်ကြလေသည်။ ပြည့်စုံသော ကုန်သည်ပွဲစားတစ်ယောက်နှင့် ပေါင်းဖက်ရသည့်အတွက်လည်း ငွေမှုံ့ကို အားကျကြသည်။ ငွေမှုံကတော့ ဘဝ၏ အစမှာ ထင်သလောက် ချောမွေ့ခြင်း မရှိသည်ကို သိရကာစမို့ ဟန်ဆောင်ပြုံးနေရသော်လည်း စိတ်ထဲက မရွှင်ပျပေ။

အစ်မရွှေမှုံက သူကိုယ်တိုင် ဒေါ်ဒေါ်သတို့အိမ်မှာ ချို့တဲ့စွာ မှီခိုနေရဆဲဖြစ်သော်လည်း ညီမလေး ကောင်းစားတာမြင်ရတော့ ဝမ်းသာအယ်လဲ ဖြစ်နေရှာသည်။

'ငွေမှုံရယ်၊ ညည်းဘဝကတော့ အားကျစရာပါအေ၊ ကိုယ့်လင်ကိုယ့်သားလဲရှိရှိသေသေ ဆက်ဆံနော်၊ ငယ်ငယ်ကလို မဆိုးနဲ့၊ ကိုယ်ကုသိုလ်လေးရှိလို့ လင်ကောင်းသားကောင်းရတာ'

မရွှေမှုံက အရာရာကို လောကဓံတရားနှင့် နှိုင်းဆကာ ကြည့်တတ်သည်မို့ ညီမဖြစ်သူကို လေအေးကလေးဖြင့် ဆုံးမရှာသည်။

ကိုယ့်ဝမ်းနာ ကိုယ်သာသိသော မငွေမှုံက အစ်မဖြစ်သူကိုကြည့်ပြီး မျက်ရည်တွေ လည်စပြုသည်။ ရွာမှ ထွက်သွားကတည်းက တစ်ခေါက်တလေမှ ပြန်လာဖော်မရသော ညီမ၏ ဝမ်းနည်းမှုကိုကြည့်ကာ မရွှေမှုံက အံ့သြနေသည်။

'ဘာလဲအေ၊ညည်းကလင်ယူပြီး ခုမှ ဝမ်းနည်းနေလား၊ ယူတုန်းက ကျတော့လဲ ညည်းတို့တူဝရီး ကြိတ်ပြီး စီစဉ်လိုက်ကြတာ၊ ဒေါ်ဒေါ်သကတောင် သူတို့ကို ဆင်းရဲလို့ အသိအမှတ် မပြုရကောင်းလားဆိုပြီး စိတ်ခုနေလေရဲ့'

မငွေမှုံက ရိုးသား၍ဖြူစင်သော အစ်မဖြစ်သူကို ငေး၍ကြည့်သည်။

'ညည်းတို့က အပေါ်ယံလေးတင် သိတာကိုးအေရဲ့၊ ကျုပ် ရင်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ညည်းမသိပါဘူး အစ်မ ရွှေမှုံရယ်'

ငွေမှုံ ပါးပြင်ပေါ်သို့ မျက်ရည်တစ်ပေါက် ပေါက်ခနဲကျလာလေတော့ မရွှေမှုံ ထိတ်ထိတ်ပျာပျာ ဖြစ်ရလေပြီ။

'အနို့၊ ဘယ်လိုဖြစ်ရတာလဲအေ၊ ညည်းတို့ချင်းလဲကြိုက်လို့မို့ ဒေါ်လေးခက စီစဉ်ပေးရတာဆို'

ငွေမှုံက ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ ကျုပ်တို့ချင်းကတော့ ကြိုက်ကြတာ မှန်တယ်၊ ဒါပေမယ့် သူ့မိဘတွေက သဘောမတူဘူးတဲ့'

မရွှေမှုံ ငိုင်သွားသည်။ ကိုယ့်ညီမမို့ အထင်ကြီးသည် မဟုတ်။ သည်လို ရုပ်ရည်သနားကမားနှင့် သွက်လက်ချက်ချာသော မိန်းကလေးတစ်ယောက်ကို သူတို့ဆီမှာ လိုချင်သူတွေ ပေါပါဘိ။ ချွေးမတော်ချင်သူတွေကလည်း တစ်ပုံတစ်ပင်။ ကိုအောင်မင်း၏ မိဘများက ဘာ့ကြောင့် သဘောမတူရပါသလဲ။

'သူတို့က ဘာဖြစ်လို့ သဘောမတူတာတဲ့လဲ'

'သူ့အစ်မကြီးက သဘောမတူတာတဲ့၊ ကျုပ်ကို ပညာမတတ်လို့တဲ့တော်၊ တောသူမို့ဆိုတာလဲပါရဲ့၊ ရန်ကုန်မှာ သူတို့သဘောတူ ပေးစားမလို့ လုပ်နေတဲ့ ပွဲစားကြီးသမီးဆိုတာ ပညာလဲတတ်၊ ရုပ်လဲချောတယ်တဲ့၊ အဲဒါ ကိုအောင်မင်းက ကျုပ်ကို ဇွတ်ယူတာပဲ၊ ဒေါ်လေးခက အတင်းစီစဉ်တာလဲပါတယ်၊ ကျုပ်ကို ကောင်းစားစေချင်လို့ပေါ့တော်၊ ဒါပေသည့်ခုတော့ ကျုပ် စိတ်ညစ်တယ် အစ်မ၊ သူ့နောက် လိုက်သွားရမှာ ကျုပ် မပျော်ဘူး၊ ရန်ကုန်ဆိုတာ ကိုယ်ရောက်ဖူးတဲ့အရပ်လဲ မဟုတ်ဘူး'

မရွှေမှုံ သက်ပြင်းချရပြီ။

'ခုမှတော့ ဘယ်တတ်နိုင်မလဲအေ၊ ယောကျ်ားလေးဘက်က သဘောမတူမှန်းသိလျက်နဲ့ ဒေါ်လေးခကလဲ ဘာကြောင့် အတင်းစီစဉ်ရပါလိမ့်နော်၊ ကိုယ့်လိုချင်သူတွေလဲ ပေါသားနဲ့'

ညီမဖြစ်သူအတွက် မရွှေမှုံ မချင့်မရဲဖြစ်ရသည်။

'ကျုပ်ကလဲ သူ့ကိုမှ ကြိုက်နေတာကိုတော့'

ပွင့်လင်းသော ငွေမှုံကို မရွှေမှုံ အံ့သြရပြန်သည်။ သည်လိုစိတ်ကလေးသည် သူတို့အတွက် နှစ်လိုဖွယ်ရာ ဖြစ်နေသော်လည်း သဘောမကျသူများအတွက် သူတို့စိတ်ကို ဆွပေးသလိုဖြစ်နေရော့မည်။ ပြီးတော့ ဘာပဲဖြစ်ဖြစ် မှန်ရာကို ပြောတတ်ဆိုတတ်သော ငွေမှုံတစ်ယောက် သူစိမ်းတို့အလယ်မှာ အဆင်ပြေနိုင်ပါ့မလား။ လောကကြီးက ပရိယာယ်များလှသည်။

'ကဲဖြစ်ပြီးမှတော့ ရဲရဲသာရင်ဆိုင်တော့ပေါ့ ငွေမှုံရယ်၊ ဟိုကျတော့လဲ လိမ်လိမ်မာမာ အလိုက်အထိုက်နေ၊ ကြာတော့လဲအဆင်ပြေချင်ပြေသွားမှာပေါ့အေ၊ ဒါထက် ညည်းလိုက်မသွားဘဲ ဒီမှာပဲ အတူနေကြရင်ကော မဖြစ်ဘူးလား'

'အမလေး မဖြစ်ဘူး အစ်မ၊ ခုတောင် သူတို့ဘက်က အသိအမှတ်မပြုသလို လုပ်နေတာ၊ မင်္ဂလာဆောင်ကိုလဲ လာတာမဟုတ်ဘူးလေ၊ တော်ကြာ လိုက်မသွားရင် ဟိုက ဖမ်းပြီး မိန်းမပေးစားလိုက်လို့ ခက်နေမယ်၊ လိုက်သာသွားလို့ ဒေါ်လေးခက ပြောတယ်'

'အင်း ညည်း လင်ယူရတာကလဲ ယောကျ်ားတစ်ယောက်ကို ပုဆိုးစ အတင်းဆွဲထားရတဲ့ ဘဝပါလား ငွေမှုံရယ်'

မရွှေမှုံက စိတ်လေးစွာ ပြောသည်။

'ဒါပေသည့် သူကတော့ ကျုပ်ကို ချစ်ပါတယ်'

'အင်း တော်သေးတာပေါ့ ငွေမှုံရယ်'

\+ \+ \+

BURMESE CLASSIC .com

ဘာပဲဖြစ်ဖြစ် ငွေမှုံ၏ ဘဝတစ်ဆစ်ချိုးပြောင်းလဲခဲ့သည်ကတော့ အမှန်ပင်။ တစ်ခါတစ်ခေါက်မှ မရောက်ဘူးသော ရန်ကုန်မြို့ကြီးသို့လည်း လင့်တစ်မျက်နှာ တစ်ရွာထင်ကာ လိုက်ခဲ့ရလေသည်။ ကိုအောင်မင်းတို့ မိဘများမှာ ကုန်သည်ပွဲစားကြီးများဖြစ်၍ ထင်ထားသည်ထက်ပင်ပို၍ စီးပွားရေးတောင့်တင်းသည်ကို တွေ့ရ၏။

သူစိမ်းတို့အလယ်သို့ မျက်နှာငယ်ငယ်ဖြင့် စတင်ရောက်ခဲ့ရသည့်နေ့ကိုတော့ တစ်သက်မမေ့နိုင်တော့။ စိတ်အားလည်း ငယ်လိုက် သည်မှာ ဆိုစရာမရှိ။ ရင်တွေလည်းခုန်၊ ခြေဖျားလက်ဖျားတွေလည်း အေးစက်၍ နေခဲ့သည်။ ချစ်သူ သို့မဟုတ် အသစ်စက်စက် ခင်ပွန်းလင် ကိုအောင်မင်း၏ လက်ကို တင်းတင်း ဆုပ်ကိုင်ထားခဲ့ရသည်။

ကိုအောင်မင်းတို့အိမ်က ကမာရွတ်မှာရှိသည်။ တိုက်ခံအိမ် ရိုးရိုးလေး ဖြစ်၏။ အလုပ်လုပ်သည့် ပွဲရုံက လမ်းမတော်တွင်ရှိကြောင်း နောက်မှ သိရလေသည်။ အဆောင်အယောင်အားဖြင့် ခမ်းနားလှသည်ဟု မဆိုသာသော အိမ်အတွင်းသို့ ဝင်ရသည်ကိုပင် ငွေမှုံ ထိတ်လန့်နေမိလေသည်။

'အစ်ကို ကျွန်မကို ပစ်မထားပါနဲ့နော်'

စေ့ထားသော သံတံခါးချပ်ကိုကြည့်ပြီး ငွေမှုံက တိုးတိုးလေး ပြောမိပြန်သည်။

'မကြောက်စမ်းပါနဲ့ ငွေမှုံရယ်၊ အမေက သဘောကောင်းပါတယ်'

ကိုအောင်မင်းက အားပေးသည်။ သို့သော် သူ့မျက်လုံးများမှာလည်း စိုးရွံ့မှုကို အထင်းသား မြင်နေရသည်သာ။

ပထမဆုံး သူတို့ကို လာရောက်တွေ့ဆုံသည်က အမေ ဖြစ်၏။ ငွေမှုံ တစ်သက်တာတွင်တော့ အမေ့ကို မမေ့နိုင်တော့ပေ။ အမေသည် ကိုအောင်မင်းပြောသလိုပင် သဘောသကာရကောင်းပုံက အထင်းသား ပေါ်လွင်နေလေသည်။

www.burmeseclassic.com


'ဟဲ့ သား'

အမေသည် အံ့သြခြင်းလည်းမမည်၊ အပြစ်တင်ခြင်းလည်း မဟုတ်၊ သို့သော် အလိုမကျခြင်း တစ်ဝက်စွက်နေသော လေသံဖြင့် နှုတ်ဆက်လိုက်ပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။ သည်အချိန်အထိ ငွေမှုံ့ မျက်နှာကိုလည်း မကြည့်ပေ။ ငွေမှုံ ပါလာတာကိုတော့ မမြင်ဘဲ မနေနိုင်ရာ။ ကိုအောင်မင်း သည် ငွေမှုံ့လက်ကို တင်းတင်းဆွဲကာ အိမ်ထဲသို့ လှမ်းဝင်လိုက်လေသည်။

အိမ်ထဲကို ခြေတစ်လှမ်းချမိစဉ်မှာပင် ဟသ်ာတမြို့အသိုင်းအဝိုင်းမှ နဂိုကပင် မနှာလို မရှုစိမ့်သူအချို့၏ ပြောသံဆိုသံများကို ငွေမှုံ ကြားယောင် နေမိပြန်သည်။

'ကိုအောင်မင်းကို မရ ရအောင် တူဝရီးနှစ်ယောက် ပေါင်းပြီး အမိဖမ်းတာလို့ သူ့မိဘတွေက ပြောနေပြီ၊ ဒီမင်္ဂလာပွဲကို လာလဲမလာနိုင်ဘူး၊ အသိအမှတ်လဲမပြုနိုင်ဘူးတဲ့'

ထိုစကားတွေကိုကြားယောင်ပြီး ငွေမှုံ့ရင်မှာ တဆတ်ဆတ်ခုန်လာ သည်။ ယခုလည်း ငွေမှုံ့ကို နွေးထွေးစွာ ဆီးကြိုခြင်းမရှိသည်မှာ ထင်ရှားနေပြီ မဟုတ်ပါလား'

အမေသည်သံတံခါးကို ပြန်ပိတ်ကာ သူတို့နောက်မှ တိတ်ဆိတ်စွာ လိုက်လာလေသည်။

ကိုအောင်မင်းက ငွေမှုံ့လက်ကိုဆွဲကာ ဧည့်ခန်းထဲမှာ ရဲရဲထိုင်လိုက် ၏။ ငွေမှုံမှာတော့ ဖင်တကြွကြွ။ အမေက သူတို့ရှေ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။ ငွေမှုံ ခေါင်းကို ငုံ့ထားမိသည်။

'မင့်နှယ်ကွယ်၊ မစိန်သုံးတစ်ယောက်ကဖြင့် မိုးမီးလောင်နေလေရဲ့'

အမေက ကိုအောင်မင်းကိုကြည့်ကာ ပြောလိုက်သည်။ သူ့လေသံ တွင် အပြစ်တင်သံထက် စိတ်ရှုပ်ဟန်၊ တစ်စုံတစ်ယောက်နှင့် ပြဿနာ ရင်မဆိုင်လိုဟန်က ပိုကဲနေလေသည်။

www.burmeseclassic.com


'မတတ်နိုင်ဘူး အမေ၊ တစ်ခါတလေလဲ ကျွန်တော့်အလိုကျ ကျွန်တော် လုပ်ချင်တာ လုပ်ရမှာပဲ'

ကိုအောင်မင်းက ပြတ်သားဟန်ကိုပြ၍ ငွေမှုံ ရင်နည်းနည်းအေး သွားသည်။ သို့သော် မစိန်သုံ့ဟူသည့် မိန်းမကြီးကို ရင်ဆိုင်ရမှာ ယခု ကတည်းကပင် ရွံ့နေမိလေပြီ။ ချက်ချင်းပင် သူ့စိတ်ကို ပြန်အားတင်း လိုက်ရ၏။ အို ငွေမှုံပဲ။ ဘယ်တုန်းကများ သူတစ်ပါးအနိုင်ကျင့်တာ ခံဖူးလို့လဲ၊ ဇလွန်မြစ်ကမ်းနံဘေးမှာ ငွေမှုံကို ယှဉ်ဝံ့သူ မရှိခဲ့။

'အမလေးနော်၊ အဲဒီလိုတော့ သူ့ရှေ့ သွားမပြောလိုက်ပါနဲ့၊ စိန်သုံ့အကြောင်းလဲ မင်းသိသား၊ ခုလဲ မင်း ဒီလောက် မြန်မြန်ရောက်လာ လိမ့်မယ် မထင်လို့၊ ဒီလိုမှန်းသိ မင်းတို့နေဖို့ ငါ တစ်နေရာ စီစဉ်ထားပါရဲ့'

မင်းတို့ဟု ဆိုလိုက်သဖြင့်သာ ငွေမှုံပါလာတာ သိပါသေးလားဟု ထင်ရတော့သည်။ သူတို့ပြောနေပုံက မငွေမှုံ တစ်ယောက်လုံး ဘေးမှာ ရှိနေသည်ကို လုံးဝ ထည့်မတွက်တော့သလိုပင်။

'ဘာဆိုင်လဲ အမေရာ၊ ဒါ ကျွန်တော့်အိမ်ပဲ၊ ကျွန်တော့်မိန်းမ ကျွန်တော် ခေါ်လာမှာပေါ့'

ကိုအောင်မင်း ပြောသမျှကတော့ အားတက်စရာချည်းပင်။

'ဟဲ့ မောင်အောင်မင်း၊ အဲသလိုမပြောနဲ့၊ မင်းကို ဒီအခြေအနေ ရောက်အောင် သူပဲလုပ်ပေးခဲ့ရတာ မဟုတ်လား၊ ခုလဲ မင်းအတွက် သူ စီမံကိန်းချထားတာတွေအားလုံး တလွဲတချော်ဖြစ်ကုန်လို့ သိပ်စိတ်ဆိုး နေတာ'

'ကဲပါ အမေရာ၊ ဒီမှာ အမေ့ချွေးမ ပါလာတာကိုလဲကြည့်စမ်းပါဦး'

ကိုအောင်မင်းကသူ့အမေကို ခပ်ချွဲချွဲလေးပြောလိုက်တော့ အမေက မိခင်တို့၏ ထုံးစံအတိုင်း မျက်နှာထားပျော့ပျောင်းသွားကာ ငွေမှုံဘက်သို့ လှည့်ကြည့်လေသည်။ ငွေမှုံကတော့ မျက်လွှာချလျက်။

BURMESE CLASSIC .com

'အေးလေ အမေကတော့ ဘာမှ ဆိုစရာမရှိပါဘူး၊ သူ့ရှေ့တော့ အလိုက်အထိုက် ကြည့်နေပေတော့ သမီးရယ်'

သမီး ဟူသောအသံ ကြားလိုက်ရသဖြင့် ငွေမှုံ့ရင်မှာ ဖြစ်ပေါ်နေသော သောက ဒေါသဟူသမျှ ကင်းစင်သွားလေသည်။ ရင်ထဲမှာ ချမ်းမြေ့ရပါဘိ။ ငွေမှုံတို့ ဘဝမှာ မိခင်မေတ္တာနှင့် ကင်းလွတ်သည့်အချိန်မှစကာ ကစဉ့်ကလျားဖြစ်ခဲ့ရသည်ကို ဘယ်မေ့နိုင်ပါ့မလဲ။ စိတ်လှုပ်ရှားမှုနှင့်အတူ ကျဆင်းလာသော မျက်ရည်စများကို ငွေမှုံ မသိမ်းဆည်းနိုင်ခဲ့။ ဒေါသကို ဒေါသနှင့် တုံ့ပြန်ရန် ငွေမှုံ မာန်တင်းခဲ့သော်လည်း ယခု ရေကြည်ချမ်းမြ တစ်ပေါက်ကျရုံနှင့် ငွေမှုံ အရည်ပျော်ကျရလေပြီ။

'အမေ၊ ကျွန်မ ကိုအောင်မင်းကို တကယ်နှစ်သက်လို့ ယူမိတာပါ အမေရယ်၊ ကျွန်မ ဒီလိုပြဿနာတွေ ရင်ဆိုင်ရမယ်မှန်းသိ လိုက်တောင် မလာပါဘူးတော်'

ယဉ်ကျေးသော အသုံးအနှုန်းများကိုပင် သတိမေ့လျော့ကာ စိတ်ထဲမှာ အားရသည့်အတိုင်း ပြောချလိုက်မိလေသည်။ အမေကလည်း သူ့ကို ချက်ချင်း ကရုဏာသက်သော မျက်လုံးများနှင့်ပြောင်းကြည့်သည်။ အို၊ သားသမီးချင်းစာနာရမှာပဲ၊ သမီးမပြိုးတစ်ယောက် လင့်နောက်လိုက်သွားတာ ဒီအရွယ်ပေါ့၊ အင်း၊ ဘဝ ဘဝ ဘယ်တော့မှလဲမအေးချမ်းပါလားနော်၊ မပြိုးတစ်ယောက်ဘယ်လိုများနေပါလိမ့်ဟု တွေးကာ ချက်ချင်း မျက်ရည်တွေ ဝေ့လာသည်။

'ကဲ ကဲ ခရီးရောက်မဆိုက် နားနားနေနေ နေကြဦး၊ စိန်သုံးတစ်ယောက်တော့ တော်ကြာ ပြန်လာတော့မှာ၊ မင်းဟာမင်းပဲ ရင်ဆိုင်ပေတော့ သားရေ၊ ငါတော့ လွတ်ရာ ကျွတ်ရာ သွားနေတော့မယ်'

သည်တုန်းက အမေ တစ်ယောက်လုံးကတောင် ဘာကြောင့် ဒီလောက်ကြောက်နေရပါလိမ့်လို့ နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါတယ် ဒေါ်စိန်သုံးရယ်။

ဒေါ်စိန်သုံးဆိုသည့် မိန်းမတစ်ယောက်ကို သည်လောကမှာ ဘာကြောင့်များ မွေးဖွားခဲ့ရပါလိမ့်။ ဟိုတုန်းကတော့ ငယ်ငယ်ရွယ်ရွယ်နှင့် သေချင်းဆိုးမကြီးဟုပင် စိတ်ထဲက ကြိတ်ကြိတ်ဆဲနေခဲ့မိသည်။ ရုပ်ရှင်တွေထဲမှာ တွေ့ရသော ဒေါ်ဂျမ်းစိန် သရုပ်ဆောင်သည့် မိန်းမဆိုးကြီးတွေကို မြင်ယောင်မိသည်။ တစ်စက်ကလေးမှ ကျက်သရေမရှိ။

ကြည့်ပါဦး။တွေ့တွေ့ချင်း လူကိုဆက်ဆံသည်က နှစ်ပြားလောက်မှ တန်ဖိုးမရှိသည့် ကျွန်သဘောက်သဖွယ်။

ဒေါ်စိန်သုံးသည် အမေထင်သလို သူ့မောင်နှင့် ခွန်းကြီး ခွန်းငယ် ဆိုမနေတော့ပေ။ သူ့မောင်ကလည်း သူပြောသလိုပင် သူ့အိမ် သူ့ယာကို သူ့မိန်းမကို တင်းတင်းခေါ်လာခဲ့ပြီဆိုတာ သူ ရိပ်မိပုံရသည်။

ငွေထုပ်ပိုက်ပြီး ပွဲရုံမှပြန်လာသော ဒေါ်စိန်သုံးသည် ချက်ဆိုနားခွက်က မီးတောက်ပြီးသား။

'သြ၊ ငါ့မောင်တောင် ပြန်ရောက်နေပကိုး၊ ကဲကဲ လာစမ်းပါဦး၊ မင်းမလဲ အလုပ်ကိစ္စတွေကို ပစ်သွားလိုက်တာ တကတည်း၊ ဒီမှာ လူကို သွက်သွက်လည်နေတာပဲ၊ ကုန်တွေက မရ၊ ဖောက်သည်တွေက နားပူနဲ့'

တစ်နည်းအားဖြင့် စိတ်သက်သာရာရသွားသော်လည်း မိငွေမှုံ ဆိုသည့် ကောင်မကို အရေးမလုပ်သည့် သဘောပင်။ ငွေမှုံက အခန်းထဲမှ ရင်တထိတ်ထိတ်နှင့် နားစွင့်နေမိသည်။ ကိုအောင်မင်းကလည်း အလုပ်အကြောင်း ပြောလိုက်သည်နှင့် သူတို့ကိစ္စကို မေ့သွားပုံရသည်။ သူ့အစ်မနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ ငွေစာရင်းရှင်းတမ်းတွေ လုပ်နေကြသည်မှာ သည်နေ့မှ လင်နောက်ကို ကောက်ကောက်ပါအောင် လိုက်လာသော မိန်းမတစ်ယောက်ကို သတိမရတော့သလိုပင်။ နောက်တော့လည်း ဒေါ်လေးခ၏ မဖြစ်စလောက်လုပ်ငန်းလေးမှာ တွင်ကျယ်ခဲ့သော မိငွေမှုံသည် ဒေါ်စိန်သုံးတို့ ဦးအောင်မင်းတို့ထံမှာ ဘာမျှမဟုတ်သည့် ပမွှားလေးသာ

ဖြစ်ခဲ့ရတော့သည်။ ဒေါ်လေးခ မျှော်မှန်းသလို လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်ဖို့ဆိုသည်မှာ ဝေးစွ။ ပွဲရုံကို ထမင်းပို့သည်ပင် တစ်နာရီပြည့်အောင် ထိုင်ခွင့်မရှိခဲ့။

'အေးလေ၊ မင်းမလဲသားနဲ့ မယားနဲ့ဖြစ်လာတော့ စီးပွားပိုရှာရမှာ၊ ပေါ့မသွားနဲ့'

ထိုသို့သောစကားဖြင့် အပိတ်ပြောကာ ငွေမှုံဆိုသည့် ကောင်မကို အသာလေး ခါချနိုင်ခဲ့သည်မှာ ဒေါ်စိန်သုံ၏ အစွမ်းပင်။ မငွေမှုံချစ်သော ကိုအောင်မင်းကို မခွဲမခွာ ပေါင်းရသည့်အတွက်သာ သူ့ကို ကျေးဇူးတင်စရာ ရှိသည်။ ကျန်သည့်အချိန်မှာ အလိမ္မာနည်းဖြင့် နှိပ်စက်ခဲ့သည်ကို မေ့နိုင်စရာ မရှိ။

ရောက်စနေ့မှာပင်ကိုအောင်မင်းသည် ပွဲရုံကို ချက်ချင်း ပြန်လိုက်သွားကာ ညဥ့်နက်မှ အိမ်ပြန်ရောက်သည်။ ဒေါ်စိန်သုံက ငွေမှုံ့ကို မျက်နှာချင်းလည်း မဆိုင်။ စကားလည်း လာမပြော။ အိမ်မှာထားသော အဖော်မိန်းကလေးများကိုသာ အငြိုးနှင့် မာန်မဲနေသည်။

'ဟဲ့ ကောင်မတွေ၊ လင်ယူဖို့သာ စိတ်ကူးတတ်တယ်၊ အလုပ်ကျတော့ အပိုးကျိုးအောင် မလုပ်ချင်ဘူး၊ ငါ့အိမ်မှာနေရင် ဘော်ကြော့နေမယ်တော့ မကြံကြနဲ့နော်၊ ငါ့ပါးစပ်ကို သိတယ်မဟုတ်လား'

ဒေါ်စိန်သုံ မည်သူ့ကို ရည်ရွယ် စောင်းမြောင်းနေမှန်းအားလုံးကပင် သိကြသည်။ အခန်းထဲမှာ တိတ်ဆိတ်စွာထိုင်ရင်း ကိုအောင်မင်း ပြန်အလာကိုသာ စောင့်နေရလေသည်။ မကြာမီ တံခါးကို ခပ်ဖွဖွခေါက်သံကြားရ၍ ငွေမှုံ အပြေးအလွှားထသွားမိသည်။ အခန်းတံခါးဖွင့်လိုက်တော့အမေ့ကို မြင်ရသည်။

'ဟဲ့ လာလာ၊ ထမင်းစားချေ'

BURMESE CLASSIC .com

အမေ့အသံကလည်း တိုးတိတ်လှသည်။ သည်အိမ်ကြီးမှာ အုပ်စိုးနေသော ဘုရင်မကြီး၏ အာဏာစက်ကို လူတိုင်း ကြောက်နေရပါလား။

'မစားတော့ပါဘူးအမေ၊ သဘော်ပေါ်မှာလဲ စားလာခဲ့တယ်'

'ဘယ်ဟုတ်မလဲ၊ နည်းနည်းဖြစ်ဖြစ်စား၊ မောင်အောင်က ပွဲရုံကိုသွားရင် တော်တော်နဲ့ ပြန်ရောက်တတ်တာ မဟုတ်ဘူး'

'ဟင်း'

မငွေမှုံသည် သက်ပြင်းကို တိတ်တခိုးချမိ၏။ ယောကျ်ားနောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့သည့်ညမှာပင် တစ်ယောက်တည်းစောင့်စားနေရသည့်အဖြစ်ကို ရင်ဆိုင်ရလေသည်။ မငွေမှုံ အံကို တင်းတင်းကြိတ်ထားမိသည်။

'နေပါစေ အမေ၊ ကျွန်မ အခန်းထဲကပဲစောင့်နေတော့မယ်'

'ညည်းတော့ ဒါ အစပဲရှိသေးတယ် မငွေမှုံရေ'

အမေက တိတ်ဆိတ်စွာပင် ပြန်လည် ထွက်ခွာသွားတော့၏။

သူစိမ်းတို့အလယ်မှာ ငွေမှုံတစ်ယောက်တည်း ကျန်ရစ်သည်။

\+ \+ \+

'ကျွန်မ အလုပ်လုပ်တတ်ပါတယ် အစ်ကို၊ သိတတ်ကတည်းက အလုပ်လုပ်လာတာပါ၊ ထမင်းဟင်းတော့ မချက်တတ်တာ အမှန်ပဲ၊ ဒေါ်လေးခကလဲ ဈေးရောင်းတတ်အောင်ပဲသင်ပေးတယ်၊ ထမင်း မချက်ခိုင်းဘူး'

မငွေမှုံက သူ့ကို မီးဖိုချောင်ထဲ အတင်းထိုးထည့်ထားသည့်အဖြစ်ကို ကြာရှည် သည်းမခံနိုင်တော့။ ရန်ကုန်ကို လိုက်လာကတည်းကိုက ကိုအောင်မင်းနှင့် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်ဖို့ပင်ဖြစ်သည်။ ယခုတော့ ကြမ်းတိုက် အဝတ်လျှော် အလုပ်ကိုသာ ခါးချည့်အောင်လုပ်နေရသည်။ ဒေါ်စိန်သုံ စောင်းမြောင်းဆဲဆိုသမျှလည်း ခံနေရလေသည်။

BURMESE CLASSIC .com

'မငွေမှုံကလဲကွယ်၊ ဒီမှာက ဟသ်ာတမှာလို မဟုတ်ဘူး၊ ပွဲရုံအလုပ်က သိပ်ပင်ပန်းတာ၊ ပြီးတော့ ယောကျ်ားတွေပဲဦးဆောင်ကြတာများတာပဲ'

မငွေမှုံ၏ အတွင်းစိတ်ကို ကိုအောင်မင်းကလည်း သိသည်ပင်။ မငွေမှုံကလည်း သူနေရသော အခန်းကဏ္ဍကို ကောင်းစွာ နားလည်စပြုလာသည်။ ထို့ကြောင့်လည်း ပို၍ မခံရပ်နိုင်ဖြစ်ရ၏။

'ယောကျ်ားတွေပဲ ဦးဆောင်တယ်ဆို ဒေါ်စိန်သုံကတော့ကော'

ယခုအချိန်ထိလည်း ကိုအောင်မင်း၏ အစ်မကို အစ်မဟုခေါ်ချင်စိတ် မရှိသေး။ အစ်မဟုလည်း သဘောထား၍ မရသေး။

'မင်းကလဲကွာ၊ သူက မိန်းမကြီးဖြစ်နေပြီပဲ၊ ပွဲရုံမှာလုပ်နေတဲ့ မိန်းမကြီးတွေမှန်သမျှကလဲ အဲဒီလို ခပ်လည်လည်၊ ခပ်စွာစွာ မိန်းမကြီးတွေပဲ သိလား၊ ရန်ကုန်မြို့အကြောင်း မင်း မသိသေးပါဘူး မငွေမှုံရယ်၊ အိမ်မှာ အေးအေးနေစမ်းပါ'

'အိမ်က အိမ်နဲ့ မတူပါဘူးတော်၊ ကျုပ်ဖြင့် ငရဲခံနေရသလိုပဲ၊ ဟသ်ာတကိုသာ ပြန်ပြီး ဒေါ်လေးခနဲ့ လုပ်စားချင်တော့တယ်'

သည်လိုတော့လည်း ကိုအောင်မင်းသည် မငွေမှုံကို ယုယစွာ ထွေးပွေ့ပြီး တောင်းပန်ဖို့ ကြိုးစားလေသည်။

'အစ်ကို့ကို ခွဲသွားနိုင်လို့လား မငွေမှုံရယ်၊ မင်းကို အစ်ကို ချစ်ပါတယ်၊ ယုံပါ၊ ခဏလေး သည်းခံပြီး စောင့်နေစမ်းပါနော်၊ အစ်မကြီးနဲ့ အတူမနေချင်ရင် အစ်ကို အိမ်တစ်လုံး သပ်သပ်ရှာပေးပါ့မယ် နော် နော်'

မငွေမှုံ၏ တင်းထားသော မာနများလည်း အရည်ပျော်ကျရလေတော့သည်။ တကယ်တော့ ကိုအောင်မင်းကို ရအောင်ယူခဲ့ခြင်းမှာ ဒေါ်လေးခနှင့်အတူ အစစအရာရာ တွက်ကိန်းချခဲ့သည်မှန်သော်လည်း

BURMESE CLASSIC .com

မငွေမှုံ ကိုယ်တိုင်က ကိုအောင်မင်းကို ချစ်တာလည်း ပါပါသည်။ ကိုအောင်မင်းကို သူ မခွဲနိုင်ပါ။

ကိုအောင်မင်း၏ ရင်ခွင်မှာ ခေါင်းကို တိုးဝှေ့ကာ ဖက်ထားလိုက်မိသည်။

'အစ်ကို့ကို ကျွန်မ မခွဲနိုင်ဘူး၊ ဒါပေမယ့် အစ်ကို့အစ်မကြီးနဲ့တော့ အတူမနေပါရစေနဲ့ အစ်ကိုရယ်၊ ကျွန်မကို သနားပါနော်'

ထိုအချိန်မှစကာ အနှောင်အဖွဲ့အတွင်းမှာ ရုန်းမလွတ်သာအောင် ကျဆင်းတတ်မြဲဖြစ်သော မိန်းမသားတို့၏ဘဝကို ငွေမှုံ စတင် နားလည်ရတော့သည်။

\+ \+ \+

'ဟင်း၊ လင်ကို ကပ်ကပ်ပြီးချွဲနေတာ ငါ မသိဘူးများမှတ်နေလား၊ ဟိုအကောင်ကလဲ ဒါတွေမက်ပြီး တောကြိုအုံကြားက မိန်းမတစ်ယောက်ကို အကောင်းမှတ်ပြီး ယူလာသေးတယ်၊ ရန်ကုန်မြို့ပေါ်မှာများ မိန်းမတွေမှ မှိုလိုပေါက်လို့၊ ဒါတောင် သူက ထားရာမှာမနေချင်ဘူး၊ လုပ်ငန်းကြီးတစ်ခုလုံး မောင်ပိုင်စီးလိုက်ချင်သေးတယ်၊ တော်တော်အကြံပိုင်တဲ့ မိန်းမ စိန်သုံကို ဒီလိုလုပ်လို့ ဘယ်ရမလဲ'

အချိန်ကြာလာတော့ ဒေါ်စိန်သုံကလည်း သွယ်ဝိုက် ဟန်ဆောင် မနေတော့ပေ။ အတိအလင်းပင် စစ်ကြေညာလေပြီ။ မငွေမှုံ၏ မာနများကလည်း ငုပ်လျှိုးနေရာမှ ဟုန်းခနဲ ထတောက်ချင်လာသည်။ တစ်နေ့မှာတော့ သူသေကိုယ်သေ အနိုင်ကြံပစ်လိုက်မည်ဟု အံကို ခဲထားလိုက်သည်။

သူ့ဘက်မှာ အမေရှိနေ၍ တော်ပါသေး၏။

BURMESE CLASSIC .com

'သည်းခံသမီး၊ ဒီသမီးတစ်ယောက်ကိုတော့ အမေလဲမနိုင်တော့ဘူး၊ ငယ်ငယ်ကတည်းက အားလုံးအပေါ်မှာ ဗိုလ်ကျလာတာ၊ အမေကလဲ ယောကျ်ားဆုံးပြီးကတည်းက မလုပ်တတ် မကိုင်တတ်နဲ့ ဒုက္ခရောက်လိုက်တာကွယ်၊ စိန်သုံက အသက်နှစ်ဆယ်လောက်ရှိပြီ၊ အမေတို့က အညာမှာနေတာ၊ တစ်ခါတည်း ရန်ကုန်ဆင်းပြီး အရောင်းအဝယ်လုပ်တော့တာပဲ၊ တော်တော်ထက်တဲ့ကောင်မ၊ သူ့လက်သူ့ခြေနဲ့ ကြီးပွားလာလိုက်တာ၊ မောင်အောင့်ကိုလဲ သူပဲ ပြုစုပျိုးထောင်ပေးခဲ့တာ၊ ဒါကြောင့် သူ့ကို မလှန်ရဲကြတာပေါ့၊ စိတ်ရင်းကတော့ ကောင်းရှာပါတယ်ကွယ်၊ အပြောဆိုးလို့သာပါ'

ငွေမှုံကတော့ သည်မိန်းမကြီး စိတ်ထားကောင်းသည်ဟု တစ်စက်ကလေးမှ မထင်ပေ။ သူ့အမေမို့လို့သာ သမီးဘက်က ဖေးမသည်ဟု ယူဆသည်။

'ဒါနဲ့အမေ့သမီး အငယ်တစ်ယောက်ရှိတယ်ဆို၊ ဝင်တာ ထွက်တာလဲ မမြင်ပါလား'

ထိုအခါတွင်တော့ အမေ့မျက်နှာ ညှိုးသွားသည်။

'သမီးလေးက သူ့လိုမဟုတ်ဘူး၊ သိပ်သိမ်မွေ့တယ်၊ မောင်အောင့်လိုပဲ၊ စိန်သုံ့ဒဏ်မခံနိုင်လို့ပဲထင်ပါရဲ့ကွယ်၊ ငယ်ငယ်လေးနဲ့ လင်နောက်လိုက်ပြေးသွားတာ၊ စိန်သုံကလဲ သေခန်းပြတ်ပဲ၊ မပြုံးခမျာ ဆင်းရဲရှာပါတယ်၊ ဒါပေမယ့်လေ ဝတ်လို့ လျှာမှာမြက်ပေါက်ပါစေ အမေ့သမီးကြီး ရှာဖွေတဲ့ ပိုက်ဆံ ကျွန်မ မစားဘူးဆိုပြီး သူ့ဟာသူပဲရုန်းကန်နေတယ်'

မငွေမှုံက မပြုံးဆိုသည့် ကောင်မလေးကို အားကျမိ၏။ မိမိမှာလည်း ထိုမာနမျိုးရှိပါရဲ့၊ သို့သော် အစ်ကို ကိုအောင်မင်းနှင့် ပတ်သက်လေတော့ သည်အိမ်မှ ရုတ်တရက်ခွာလို့ မဖြစ်သေး။ ပြီးတော့ အမေ့ကိုလည်း သံယောဇဉ် တွယ်မိသည်။ သူ့သမီးကြီး မည်မျှပင် ဆိုးသည်ပြောပြော

BURMESE CLASSIC .com

အမေသည် အရိပ်တကြည့်ကြည့် အလိုက်တသိလုပ်ပေးရှာသည်။ သားနှင့်ချွေးမကိုလည်း မျက်နှာမငယ်ရအောင် တိတ်တိတ်တစ်မျိုး ဖြောင်တစ်မျိုး ပြုစုရှာသည်။ အမေ့ စိတ်ထားမျိုးများ တစ်ဝက်လောက် ရှိစေချင်ပါရဲ့ ဒေါ်စိန်သုံးရယ်။

'ဟင်း၊ ယောကျ်ားကိုကပ်ပြီး ကုန်းချောလို့ အားမရသေးဘူး၊ အဘွားကြီးကို ဘာတွေကပ်ပြီး အလွှမ်းသယ်နေတာလဲ၊ အမေတို့ကလဲ ကိုယ့်နေရာနဲ့ကိုယ် မနေတတ်ဘူး၊ ဒီလို ကိုယ့်သားကို မက်လုံးပြပြီး အရချိုင်တဲ့ ကောင်မကိုများ အရောဝင်နေလိုက်တာ'

မစိန်သုံးနှင့် ထိပ်တိုက်တွေ့သည့်နေ့ကို ရောက်ခဲ့ရပြီ။

သူ့စကားတွေကလည်း ရင့်သီးလှသည်။ ပြီးတော့ မကြားတကြား မဟုတ်တော့။ သူ့မျက်စိရှေ့မှာ လက်ညှိုးငေါက်ငေါက် မထိုးရုံတမည် ပြောခြင်းဖြစ်၏။

'ဟဲ့ ဘယ်လိုပြောလိုက်တာလဲ စိန်သုံးရယ်'

အမေက တားပါသေးသည်။ သူက မလျှော့။ မီးထွက်သော မျက်လုံးတွေနှင့် ငွေမှုံကို စူးစူးရဲရဲ ကြည့်နေလိုက်သေးသည်။

သူ့အကြည့်မှာလည်း အဓိပ္ပာယ်အပြည့်ပါသည်။ ငါ ပြုစုပျိုးထောင်ထားပြီး ငါ့သြဇာနာခံတဲ့ မောင်တစ်ယောက်ကို အတင်းရအောင်ယူတဲ့ ကောင်မ။ ငါ စီမံထားသမျှ ပျက်စီးအောင်လုပ်တဲ့ကောင်မ၊ ကိုအောင်မင်းနှင့်ပေးစားရန် ရည်ရွယ်ထားသည့် မိန်းကလေး၏ မိဘများမှာ ဒေါ်စိန်သုံးက ငွေလိုလျှင် ချေးငှားနေရသူများ ဖြစ်သည်။ ကုန်သည်လောကမှာ ငွေပင်ငွေရင်းနှင့် လုပ်စားနေသူများ ဖြစ်သည်။ သူ့စီမံကိန်းသာ အကောင်အထည်ပေါ်လျှင် စိန်သုံးတို့ ရန်ကုန်အနောက်ပိုင်းနှင့် လမ်းမတော်တစ်ဝိုက်ကို ခါးစောင်းတင်နိုင်လေပြီ။ ယခုတော့ ငွေမှုံကြောင့် အားလုံး ပျက်ပြယ်ခဲ့ရ၏။ ငွေမှုံကို နည်းနည်းလေးမှ ကြည့်မရ။

BURMESE CLASSIC .com

ငွေမှုံကလည်း သည်တစ်ခါတော့ မျက်နှာချင်းဆိုင် အစော်ကား ခံရပြီမို့ သည်းခံနိုင်ရန် မစွမ်းတော့ပေ။ စိတ်ကို အစွမ်းကုန် ဖြေလွှတ်လိုက်သည်။

'ဒီမှာ ဒေါ်စိန်သုံ၊ ကျုပ်တို့က ယောကျ်ားတစ်ယောက်ကို အရချိုင်ရအောင် အခြေမဲ့အနေမဲ့ ကလေကချေ မဟုတ်ပါဘူးတော့၊ ရှင့်မောင်လို လူတစ်ယောက်ကို အချိန်မရွေး ခေါင်းခေါက်ယူလို့ရတယ် သိလား၊ ရှင်လို မိန်းမသာ ယောကျ်ားတကာကို မက်လုံးပြပြီးစားနေတာ'

ဒေါ်စိန်သုံ့ မျက်လုံးမှာ မီးဝင်းဝင်းတောက်သွားသည်။

'ဟင် ညည်းက ဘာကောင်မမို့ ငါ့ကို ဒီလိုပြောရသလဲ၊ ညည်း တစ်နေ့ ငါ့အကြောင်းသိမယ်၊ ကဲဟယ်၊ အဲဒါ လက်ငင်းသိရမယ့် ငါ့ အကြောင်း'

အမေ တားသည့်ကြားမှပင် ဒေါ်စိန်သုံ့ လက်ဝါးတစ်ဘက်က ငွေမှုံ့ ပါးပြင်ပေါ်သို့ ကျလာသည်။ ငွေမှုံ မျက်လုံးထဲမှာ လက်ခနဲဖြစ်သွားပြီး သွေးများက ခေါင်းထဲမှာ ဆူဝေလျှံတက်လာသည်။

'တော်ကြီးက ကျုပ်အသားကို ထိတယ်ဟုတ်လား၊ ကျုပ် မခံဘူး တော့ ကဲ ကဲ'

ငွေမှုံပဲ၊ ဘယ်တုန်းကမှ သူတစ်ပါး၏ ကိုယ်ထိလက်ရောက်စော်ကား သည်ကို ခံခဲ့ဖူးလို့လဲ။ မငွေမှုံကလည်း လက်မြန်သည်။ ဒေါ်စိန်သုံကို အမိအရ လက်ဝါးစောင်းဖြင့်ပြန်ချသည်။

'အမလေး တော်ကြပါတော့ စိန်သုံရဲ့၊ ဟဲ့ တော်ပါ ငွေမှုံရဲ့၊ အမလေး လုပ်ကြပါဦး'

အမေ့အော်သံကြောင့် ကျန်အလုပ်သမားများက လာရောက်ဖျန်ဖြေ ကြလေသည်။ ဒေါ်စိန်သုံ့ရာဇဝင်မှာ သည်တစ်ခါပဲ လက်တုံ့ပြန်သူနှင့်

ကြုံရဖူး၍ မခံရပ်နိုင်အောင် ရှုံးရှုံးရှဲ့ရှဲ့ဖြစ်နေလေသည်။ ငွေမှုံကလည်း ကျားသစ်မလေးလို အံတခဲခဲဖြစ်နေသည်။

'ဟင်၊ တောသူမ အစုတ်ပလုတ်၊ ညည်းကောင်းကောင်းမှတ်ထား၊ ဒုက္ခလှလှကြီး တွေ့စေရမဟဲ့'

'တော်လိုယုတ်မာတဲ့ စိတ်ထားနဲ့ ကျိန်ဆဲမနေနဲ့၊ ကျုပ် ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ ရှင်လဲ စိန်သုံ၊ ကျုပ်လဲ ငွေမှုံပဲ သိရဲ့လား'

'ကဲ တော်ကြပါတော့ တော်ကြပါတော့ကွယ်၊ လူကြားလို့လဲ မကောင်းပါဘူး'

အိမ်ရှိ ကျန်အလုပ်သမားများကတော့ ငွေမှုံ၏ တုံ့ပြန်မှုကို စိတ် ထဲက ကြိတ်ပြီး အားရဝမ်းသာ ဖြစ်နေကြသည်။

\+ \+ \+

'ငွေမှုံရယ် ဘယ့်နှယ်ဖြစ်နေရတာလဲ၊ ငါ့ဆီ စာရေးဖော်မရ၊ လူလာဖော် မရနဲ့၊ ညည်းကောင်းစားတော့ ငါ့ကို မေ့နေပြီပေါ့လေ'

ဒေါ်လေးခ၏ စကားနာထိုးမှုကို ငွေမှုံ ရုတ်တရက်ဖြေရှင်းရန် အင်အားမရှိ။ 'ထင်သာထင် မဝင်ဘူး ကျောင်းအစ်မရေ'ဟုသာ ဟစ်လိုက် ချင်တော့သည်။

'မလာနိုင်တာလဲ မပြောနဲ့ ဒေါ်လေးရယ်၊ ကိုအောင်မင်းကလဲ သူ့ပွဲရုံကိစ္စတွေနဲ့ အားရတယ်ကို မရှိဘူး'

ဒေါ်လေးခက ငွေမှုံကို မျက်စချီ၍ ကြည့်သည်။ သူ အသေအချာ တွက်ကိန်းချ၍ပေးလိုက်သော စီမံကိန်းသည် မည်သည့်နေရာတွင် လွဲချော် နေလေပြီနည်း။

BURMESE CLASSIC .com

'ညည်းကော ပွဲရုံမှာ မထိုင်ရဘူးလား၊ မောင်အောင်မင်းက ငါ့ဆီက ကုန်မမှာတာတောင်ကြာပြီ၊ လူလဲမလာတော့ဘူး၊ ဘာတွေဖြစ်နေသလဲ၊ ငါ့ကို ရှင်းရှင်းပြောစမ်းပါအေ'

ငွေမှုံကဒေါ်လေးခကို မျက်ရည်ဝဲသော မျက်လုံးများနှင့် ကြည့်၏။ သူ့မှာ ပွဲရုံထိုင်နိုင်ဖို့ဝေးစွ၊ အရိပ်အောက်မှာတောင် ကြာကြာမနေရ၊ ဒေါ်စိန်သုံနှင့် ဒေါ်လေးခ မည်သူက ပိုထက်မြက်သည်ကို နှိုင်းယှဉ်ကြည့်မိသည်။ ဒေါ်လေးခလည်း စီးပွားရေးနှင့်ပတ်သက်လျှင် စွမ်းစွမ်းတမံ လုပ်တတ်သည်သာ။ သို့သော် ဒေါ်စိန်သုံလောက်တော့ ယုတ်မာခြင်းမရှိဟု ကိုယ့်အမျိုးဘက်က အသာစီးတွေးမိသည်။

'ကျုပ်ကို ကိုအောင်မင်းက ပွဲရုံကိုလဲ မလာခိုင်းဘူး၊ သူတို့ဘာတွေ ရောင်းဝယ်နေကြမှန်းလဲ ကျုပ်မသိပါဘူး၊ ပိုက်ဆံတောင်မကိုင်ရတာ ကြာပါပြီတော်'

'ဟင်၊ ဒါဖြင့် ညည်းဘာလုပ်နေသလဲ၊ ညည်းရောင်းတတ်ဝယ် တတ်တာ မောင်အောင်မင်း အသိပဲ မဟုတ်လား'

'ကျုပ်ကိုအိမ်မှာပဲထားတာတော့၊ သူ့အစ်မကြီးကလဲတစ်အိမ်လုံးကို နိုင်စားနေတာ၊ အားလုံးက ဖိမ့်ဖိမ့်တုန်နေတာပဲ၊ ကျုပ်နဲ့လဲတစ်စက်ကလေးမှ မတည့်ပါဘူးတော်'

သည်တော့မှမငွေမှုံ မသာမယာဖြစ်လာသည်ကို ရိပ်စားမိလာသည်။

'သူတို့က ဒီလောက်တောင်ပဲလား၊ ခုဆို ငါ့မှာ တူမတစ်ယောက် ရန်ကုန်မှာရှိလို့ အားမကိုးရတဲ့အပြင် အရင်ကထက်စာရင် ဖောက်သည် တစ်ယောက်တောင် လျော့သွားပြီပေါ့'

ဒေါ်လေးခကလည်း ဒေါ်လေးခ။ အရာရာကို တွက်ကိန်းချ၍ လုပ်တတ်သော မိန်းမတစ်ယောက်။ ယခုတော့ ဖွတ်မရ ဓားမဆုံး ဖြစ်နေရလေပြီ။

BURMESE CLASSIC .com

'အဲဒါကြောင့် ကျုပ်က သူ့ကိုထားခဲ့ပြီး ဟသ်ာတကို ပြန်လာမယ်လို့တောင် စိတ်ကူးတာ'

မငွေမှုံက ရန်ကုန်နှင့်တကွ အိမ်ထောင်သည်ဘဝကိုပါ တကယ်ပင် စိတ်ကုန်နေလေပြီ။

'ဟဲ့ အဲဒီလို လုပ်လိုက်ရင် သူတို့ အကြိုက်တွေ့သွားမှာပေါ့၊ ညည်းကို တမင်ပြန်ပြေးအောင် လုပ်နေသလားမှ မသိတာ၊ ပြန်မလာနဲ့ ခပ်တင်းတင်းသာနေ၊ တစ်နေ့ကျ ကိုယ့်ယောကျ်ား ကိုယ်ပိုင်အောင် စည်းရုံးပေါ့အေ၊ ဒီလောက်တော့ ညည်းတတ်ရမှာပေါ့'

ဒေါ်လေးခကတော့ လက်မလျှော့သေးပေ။

'ကိုအောင်မင်းကလဲ သူ့အစ်မ ဩဇာခံပါပဲ ဒေါ်လေးရယ်'

'ဟဲ့ တဖြည်းဖြည်းတော့ ကိုယ့်ဘက်ပါလာရမှာပေါ့၊ သူက အစ်မ၊ ကိုယ်က မိန်းမပဲဟာ၊ ကိုယ့်ဟာကိုယ် တစ်အိုးတစ်အိမ် ထူထောင်ပြီး စီးပွားခွဲဖို့ နားချပေါ့အေ'

ထိုအခါက် စိတ်ညစ်ညစ်နှင့် ရွာကိုပါ ပြန်ခဲ့သေးသည်။

ရွာမှာ အစ်မရွှေမှုံတစ်ယောက်လည်း အိမ်ထောင်ကျနေလေပြီ။ ဒေါ်ဒေါ်သတို့က သင့်တော်ရာပေးစားသော လူတစ်ယောက်နှင့် ယူလိုက်ကြသည်။ ထိုလူကလည်း သာမန် လယ်သမား၊ ချောင်းသမားတစ်ယောက်ပင်။ သို့သော် အစ်မရွှေမှုံကို ကြည့်ရသည်မှာ စိတ်အေးချမ်းလေသည်။ အစ်မရွှေမှုံကတော့ တစ်သွေးတစ်မွေးလှပြီး အဖိုးတန် အဝတ်အစားများနှင့် တင့်တယ်နေသော ညီမဖြစ်သူကို ဝမ်းမြောက်စွာကြည့်နေသည်။

ရွာက သူငယ်ချင်းတွေကလည်း ငွေမှုံကို အားကျကြသည်။ မငွေမှုံကတော့ သူ ငယ်စဉ်က လွတ်လပ်စွာပြေးလွှားဆော့ကစားခဲ့သော မြစ်ရေ နောက်ကျိကျိကိုကြည့်ကာ လွမ်းမောနေသည်။ သူငယ်ချင်းတွေ၏ ဘဝမှာ ယခင်ကလိုပင် ချောင်းထဲ မြောင်းထဲမှာ ကိုယ့်ဝမ်းစာကို ကိုယ်

ပင်ပန်းဆင်းရဲစွာ ရှာဖွေရဆဲ။ သူကတော့ အိပ်မက်ပင် မမက်ဖူးသော ရန်ကုန်မြို့ကြီးမှာ နေရပြီး အရိပ်အာဝါသအောက်မှာ သက်သောင့်သက်သာ နေရ၏။ သို့သော် သူသည် ငြိမ်းချမ်းမှုကို မရရှိ။ သူ့ရင်ထဲမှာ ဒေါသ လောဘတွေဖြင့် အစဉ်ပူလောင်နေရသည်။ သူ့အပေါ် အနိုင်ကျင့်သော ဒေါ်စိန်သုံအပေါ် အမြဲလို အကုသိုလ် ပွားများနေရသည်။

'အစ်မရယ်၊ကျုပ်လေ ရွာမှာပဲပြန်ပြီး အေးအေးဆေးဆေး နေချင်တော့တယ်တော်၊ အဖေတို့ အမေတို့ မရှိတော့လို့ ကျုပ်တို့ မောင်နှမတစ်တွေ တစ်ကွဲတပြားဖြစ်ခဲ့ရတာ တွေးမိတိုင်း စိတ်မကောင်းဘူး'

ငွေမှုံက မျက်ရည်ဝဲ့ဝဲ့နှင့်ပြောတော့ မရွှေမှုံ အံ့သြနေသည်။ သူ့ညီမသည် ဘာမဆို သူ့ထက် ပွင့်လင်းရဲရင့်သူဖြစ်၏။ သူ့ ရင်ထဲမှာ ဘာတွေဖြစ်နေသနည်း။

'ငွေမှုံ၊ ညည်းယောက်ျာမတွေနဲ့ အဆင်ပြေရဲ့လား'

ငွေမှုံက ခေါင်းကို ခါယမ်းသည်။ သို့သော် ချက်ချင်း အံကို ပြန်ကြိတ်လိုက်သည်။

'ဒါပေမယ့် ကျုပ် အရှုံးမပေးနိုင်ဘူး အစ်မ၊ ကျုပ်လေ ရွာကို ဒီပုံ အတိုင်းတော့ ပြန်မလာဘူး၊ ကျုပ်ချမ်းချမ်းသာသာရှိမှ ပြန်လာမယ် သိလား၊ ကိုအောင်သူကိုလဲ ကျုပ် လယ်တွေဝယ်ပေးချင်တယ်၊ အစ်မကိုလဲ ကောင်းကောင်းမွန်မွန်ဖြစ်အောင် လုပ်ပေးချင်တယ်၊ ကျုပ် ရည်မှန်းချက် အောင်မှပဲ ပြန်လာတော့မယ်တော်'

မရွှေမှုံက ချက်ချင်း မျက်နှာကိုတင်း၊ ခေါင်းကိုမော့ကာ ပြောလိုက် သော ငွေမှုံကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေလေသည်။

www.burmeseclassic.com

# ၇

လောကဓံ၏ အလှည့်အပြောင်းများက မြန်ဆန်လွန်းလှသည်။ ဘဝ၏ နိဂုံးဟူသည်ကလည်း အချိန်အတိအကျ သတ်မှတ်ထားခြင်းမရှိ။ သူ ရောက်ချင်သည့်အချိန်တွင် ရောက်လာတတ်တော့သည်သာ။

ပထမဆုံး ဒေါ်လေးခထံမှ စိတ်မကောင်းစရာသတင်းကို ကြားရ သည်။ ဒေါ်လေးခ၏ ကုန်ပစ္စည်းများတင်ပေးလိုက်သော ကိုယ်ပိုင်မော်တော် တစ်စင်း နစ်မြုပ်သွားသည်ဆိုသည့် အကြောင်းပင်။

ငွေမှုံက ဒေါ်လေးခကို နှစ်သိမ့်အားပေးရန် သွားရောက်မည်ဟု ကြံဆဲမှာပင် ငွေမှုံ့ဘဝ ကံဆိုးမိုးမှောင်ကျလေတော့သည်။ ဘဝတစ်သက်တာ တွင် ထိုနေ့ကိုလည်း မမေ့နိုင်စရာ အကြောင်းမရှိ။

အိမ်အပြန်နောက်ကျတတ်သော ကိုအောင်မင်းကို စိတ်စောစွာ စောင့်နေခဲ့သည့် အဖြစ်ကိုလည်း သတိရ၏။ စောင့်နေရသည်မှာလည်း အကြောင်းရှိသည်။ ပထမတစ်ကြောင်းက ဒေါ်လေးခဆီ ခေတ္တသွားရောက် အားပေးလိုသည့်အကြောင်း၊ နောက်တစ်ကြောင်းက သူတို့နှစ်ယောက်

BURMESE CLASSIC .com

အတွက် ဝမ်းသာစရာ သတင်းကောင်း။ သားဦးကို ပဋိသန္ဓေတည်စပြုပြီ ဆိုတာ အသိပေးဖို့ပင်။ ထိုနေ့အဖို့ စိတ်ထဲမှာ ထူးထူးခြားခြား တုန်လှုပ် နေမိတာကိုလည်း အမှတ်ရနေ၏။ ကိုအောင်မင်းကိုယ်တိုင်က ကတိပေး ထားတာ ရှိနေလို့ပဲလားတော့ မသိ။

သားနှင့် သမီးနှင့်ဆိုလျှင် ကိုယ့်ဘာသာ အိမ်ခွဲနေကြမည်တဲ့။ ထိုအတွက် ငွေမှုံက ရင်သွေးကို စိတ်စောစွာ မျှော်နေမိခဲ့တာလည်း ပါသည်။ ယခုတော့ သေချာပါပြီ။ သေချာသည့်အကြောင်း အစ်ကို့ကို ပြောပြချင်သည်။ ညစဉ် ညဥ့်နက်မှ ပြန်ရောက်မြဲဖြစ်သော ခင်ပွန်းအတွက် သည်ကနေ့မှ မှောင်ခဲလုချည့်ဟု အောက်မေ့ကာ အမှောင်ကို စိတ်စောစွာ စောင့်စားနေမိသည်။ ထိုအမှောင်သည် သူ့ဘဝတစ်ခုလုံးအတွက် အမှောင် ဖြစ်တော့မည်ကို သူမသိ။

အိမ်ရှေ့တံခါးဖွင့်သံကြား၍ ပြေးထွက်မည်ဟုကြံဆဲ အမေ့ အသံက တစ်အိမ်လုံး ဆူညံသွားသည်။

'ဟဲ့ လာကြပါဦး၊ မောင်အောင်တစ်ယောက် ကားမှောက်လို့တဲ့၊ ဟဲ့ ငွေမှုံ၊ စိန်သုံ၊ လာကြပါဟဲ့'

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားလေသည်။

တစ်အိမ်လုံး ဆူဆူညံညံဖြင့် ဆေးရုံကို လိုက်သွားကြရသည်။ ဆေးရုံရောက်တော့ ကိုအောင်မင်း ရုပ်သွင်သည် မြင်ရက်စရာ မရှိ။

ငွေမှုံ့ဘဝမှာ အားလုံး ပြိုကျပျက်စီးသွားပြီဆိုတာ သိလိုက်ရသည်။

\+ \+ \+

သားကလေးတစ်ယောက်နှင့် ငွေမှုံ ရွာကိုလည်း မပြန်ဖြစ်ခဲ့။

ဟသ်ာတကိုလည်း မပြန်လိုတော့။ စီးပွားရေးပျက်ကာ လူရော စိတ်ပါ ကျဆင်းနေသော ဒေါ်လေးခကိုလည်း တစ်ပူကနှစ်ပူ မဆင့်ချင်

BURMESE CLASSIC .com

တော့ပေ။ ရန်ကုန်မှာ တတ်စွမ်းသမျှ လုပ်ကိုင်ပြီး အခြေအနေကောင်းမှ ဒေါ်လေးခကို ခေါ်ယူမည်ဟု စိတ်ကူးလေသည်။

ကိုအောင်မင်း မရှိသည်နှင့် ငွေမှုံ အိမ်ပေါ်မှ ဆင်းခဲ့သည်။ အမေရယ်၊ ငွေမှုံရယ်၊ အမေ့သမီး မပြုံးရယ် အတူတူနေကြသည်။ အမေက မြေးကို ထိန်းသည်။ ငွေမှုံနှင့် မပြုံးက ဈေးထွက်ရောင်းသည်။ မပြုံးယောကျ်ားက သစ်စက်မှ အလုပ်သမားတစ်ယောက်သာဖြစ်၏။ သူတို့ ဘဝကို အတူတကွ ရုန်းကန်ကြသည်။ လူဆင်းရဲသော်လည်း စိတ်ကတော့ ချမ်းသာသည်သာ။

ဒေါ်စိန်သုံမှာလည်း ညာလက်ရုံးတစ်ဖက် ပြုတ်ခဲ့ရပြီမို့ ယခင်လို ထင်တိုင်းမပေါက်တော့ပေ။ မာန်မာနတွေလည်း ကျဆင်းစပြုလာသည်။ သူ့ကို တစ်ပြိုင်နက်တည်းမှာ အားလုံးက ခွဲခွာလာကြတော့ သူကြာကြာ ခံနိုင်ရည်မရှိ။

'အမေတို့က ကျွန်မ စီးပွားပျက်လို့ ကျောခိုင်းကြသပေါ့လေ'

အမေ့ထံ လာရောက်ပြီး စကားနာထိုးလေသည်။ တကယ်တော့ ဘာကြောင့် သူ့ထံပါးက ခွဲခွာလာကြသည်ကို သူ အသိဆုံး။

ကိုအောင်မင်းဆုံးပြီး မကြာမီမှာပင် ငွေမှုံတွင် ကလေးရှိနေပြီ ဖြစ်ကြောင်း အားလုံးကို အသိပေးလိုက်သည်။ ပြီးတော့ အမေက ငွေမှုံ သူ့လမ်းသူသွားနိုင်ရန် ကိုအောင်မင်း ရှာဖွေပေးခဲ့သော ပစ္စည်းများကို ခွဲဝေပေးသင့်ကြောင်း တရားမျှတစွာ ပြောပြခဲ့သည်။ သည်မှာတင် ဒေါ်စိန်သုံ တစ်စခန်းထခဲ့လေသည်။

'ဩ၊ ဒီကောင်မက အမွေလိုချင်လို့ ဒီမှာ ကပ်နေတာကိုး၊ ခုမှ ပေါ်လာတဲ့ဗိုက်ကို အကြောင်းပြပြီး ငါ့ကို ငွေတောင်းဦးမယ်ပေါ့၊ ဟော့ ငါသနားလို့ နှင်မချဘဲတင်ကျွေးထားတာ၊ မနေနိုင်သွားကြ၊ တစ်ပြားမှတော့ ရမယ်မမှတ်နဲ့၊ မကျေနပ်ရင် ကြိုက်ရာတရားရုံးက ရင်ဆိုင်'

သည်တစ်ခါ ငွေမှုံကလည်း တော်တော်နာကျည်းသည်။

‘ရှင့်ဆီက တစ်ပြားမှလဲ မမျှော်ကိုးဘူး၊ ကျုပ်ယောကျ်ား ရှာဖွေထားတဲ့ပိုက်ဆံ ရှင်တစ်ယောက်တည်း မျိုဆို့နေရစ်၊ တစ်နေ့ကျ ရှင်အံဖတ်ဆို့မှာပဲ၊ ကျုပ်ဗိုက်ထဲက ရှင်တို့သွေးကို ရှင်တို့ မမွေးချင်လဲနေ၊ ကျုပ်ကို မတရားမပြောနဲ့၊ ကျုပ် မနေဘူး’

သည်လိုနှင့်ပဲ အမေက သည်တစ်ခါတော့ သားမရှိတဲ့အတူတူ ထမင်းတစ်လုတ် တုတ်တစ်ပျက် မစားလိုတော့ဟုဆိုကာ ငွေမှုံ့ကိုပါ ခေါ်၍ ဆင်းခဲ့ကြခြင်း ဖြစ်လေသည်။

‘ဟဲ့ စိန်သုံ၊ နင့်ဟာနင် စီးပွားပဲပျက်ပျက်၊ သိန်းချီပြီးတော့ပဲချမ်းသာချမ်းသာ၊ လူဆိုတာ စိတ်ချမ်းသာဖို့ အရေးကြီးတယ်ဟဲ့’

အမေက ထိုသို့ပြောတော့ ဒေါ်စိန်သုံ တွေဝေသွားသည်။

‘ကျုပ်က အမေတို့ကို ဘာများ စိတ်ဆင်းရဲအောင်လုပ်နေလို့လဲ’

‘ဒီထက်များလုပ်ရရင် ခက်မယ် စိန်သုံရယ်’

‘ဒါတော့ ပြောစရာရှိတာ ပြောရတာပေါ့၊ အမေနဲ့ ငွေမှုံ ကျုပ်ဆီလာနေကြပါ၊ ငွေမှုံက အရောင်းအဝယ်လဲ ဝါသနာပါဆိုသမှုတ်လား၊ ကျုပ်လဲ အသက်ကြီးတော့ အရင်လို မရှာနိုင်တော့ဘူး’

ဈေးရောင်းရမည်ဆိုတော့ ငွေမှုံ့မျက်နှာ ဝင်းလက်သွားသည်။ ချက်ချင်း ဣန္ဒြေမဆောင်နိုင်အောင် ဖြစ်သွားလေသည်။

‘ဟုတ်သားပဲ အမေရယ်၊ ကျွန်မတော့ နောက်မွေးလာမယ့်ကလေးအတွက် ရှာထားဖွေထားချင်တယ်၊ ပွဲရုံကိုသာပြန်လုပ်ရရင် အမေ့သမီးမပြုံးလဲ ဒီထက်ပိုပြီး ဆိုင်ကလေး စိုစိုပြည်ပြည် ဖြစ်မယ်၊ လိုတဲ့ကုန်ယူရောင်းပေါ့’

ဒေါ်စိန်သုံ့ကို ရွံ့သည်မှန်သော်လည်း မပြုံးကလည်း သဘောကျသလိုလို။

BURMESE CLASSIC .com

'ငါ့ရှာသမျှ တစ်နေ့ကျ ညည်းတို့ဖို့ချည်းပါပဲအေ၊ ငါ့ စားမယ့်လူ ရှိတာမှ မဟုတ်တာ'

ဒေါ်စိန်သုံသည် ပထမအိမ်ထောင် ပျက်ပြီးကတည်းက နောက်ထပ် အိမ်ထောင်မပြုဘဲ ကုန်သည်ပွဲစားလောကတွင် ယောကျ်ားတွေနှင့် ရင်ပေါင် တန်းကာ လုပ်ကိုင်ခဲ့သူဖြစ်သည်။

'ဒီလိုဆိုလဲ ညည်းတို့သဘောပဲ၊ နောက်မှသာ စိတ်ဆင်းရဲစရာတွေ ငါ မကြားပါရစေနဲ့၊ ငါ အသက်လဲကြီးပြီ'

'စိတ်ချပါ အမေရယ်'

ဒေါ်စိန်သုံက ကတိပေးသည်။

သည်လိုနှင့်ပဲသူတို့အားလုံးသည် ဒေါ်စိန်သုံ၏ အာဏာစက်ကွင်း အောက်သို့ ပြန်လည် ရောက်ရှိသွားကြလေတော့သည်။

www.burmeseclassic.com

# ၆

ငွေမှုံ့ဘဝသည် ပြန်လည်၍ လန်းဆန်းလာလေသည်။

ဒေါ်စိန်သုံကလည်း ငွေမှုံ၏ အစွမ်းအစကို ယုံကြည်စပြုလာသည်။ အနောက်ပိုင်းတစ်ဝိုက်မှာ ငွေမှုံ ငွေမှုံနှင့် မုဆိုးမ ငယ်ငယ်ချောချောလေး ငွေမှုံ၏ သတင်းသည် သင်းပျံ့စပြုလာလေသည်။

မိန်းမတစ်ယောက် ကုန်သည်ပွဲစားလောကမှာ ကျင်လည်ပြီဆိုတော့ သိက္ခာ၊ ဣန္ဒြေဟူသည်မှာလည်း ကိုယ်ကဆည်တိုင်း မတည်မြဲတော့ပေ။ တစ်ခါတစ်ရံတော့လည်း တမင်ကလာ့ကို ရောရောနှောနှော ပြောရဆိုရ၊ ဖင်ပုတ် ခေါင်းပုတ် နေထိုင်ရသည့်အကွက်ကလေးတွေက ရှိနေပြန်သည်။ သည်အချက်တွေကို ဒေါ်စိန်သုံကလည်း နည်းလမ်းညွှန်ပြခဲ့ပြန်သည်။ ငွေမှုံကလည်း ဒေါ်လေးခနှင့် ဒေါ်စိန်သုံတို့လို တကယ့် ထိတ်ထိတ်ကြဲ မိန်းမတွေနှင့်မှ ယဉ်ပါးခဲ့ရလေတော့ သူ့စိတ်ကလည်းရိုင်းနေပြီ။ ငွေရမည် ဆိုလျှင် ရင်ထဲက အော်ဂလီဆန်နေသူကိုသော်မှ ပြုံးရယ်ကာ စကားပြော တတ်နေပြီ။ သည်တော့လည်း တစ်ခုလပ် ဒေါ်စိန်သုံနှင့် မုဆိုးမလေး

BURMESE CLASSIC .com

ငွေမှုံတို့၏ သတင်းသည် ဟုတ်တာရော၊ မဟုတ်တာရော ကျော်ကြားခဲ့လေသည်။

'တူဝရီးနှစ်ယောက်စလုံး လိုချင်သလား၊ တူမတစ်ယောက်တည်း လိုချင်သလား၊ အဒေါ်ကတော့ ဒီအလုပ်လုပ်စားတာ ကြာပါပြီကွာ၊ ဟောင်းနေပါပြီ'

ပါးစပ်သရမ်းသော ကုန်သည်ပွဲစား လူပွေ လူရှုပ်တို့အလယ်တွင် ငွေမှုံတို့ သတင်းသည် အဖတ်ဆည်မရခဲ့။ ငွေမှုံကလည်း ဘာကိုမျှ ဂရုမစိုက်။ ငယ်ငယ်ကတည်းက ငွေရှိလျှင် ကောင်းကောင်း ဝတ်နိုင် စားနိုင်သည်ကို သဘောပေါက်ပြီးသားမို့ ငွေရဖို့သာ အရေးကြီးနေသည်။ ဒေါ်စိန်သုံကလည်း ငွေမှုံကို အနုနည်းနှင့် ကောင်းကောင်းအသုံးချနိုင်ခဲ့ပြီ။

သည်တစ်ခါ ငွေမှုံ ရွာကိုပြန်သွားတော့လည်း ငွေမှုံ့ အခြေအနေသည် များစွာ ပြောင်းလဲခဲ့ပေပြီ။

ဒေါ်လေးခတစ်ယောက် စိတ်ဓာတ်ကျဆင်းကာ ဗုန်းဗုန်းလဲခဲ့ရသည့်အတွက် ငွေမှုံက ဖေးမကူညီရန်သွားရောက်ခဲ့၏။ သို့သော် ဒေါ်လေးခ အခြေအနေသည် ထင်တာထက် ပို၍ဆိုးနေလေပြီ။ ယခင်က ပေပေတေတေ ကြမ်းကြမ်းတမ်းတမ်း အလုပ်လုပ်ခဲ့သည့်ဒဏ်ကြောင့် ရောဂါကလည်း စုံနေပြီ။

'မိငွေမှုံ၊ ညည်း အခု ဟန်ကျနေတယ်ကြားလို့ ငါ ဝမ်းသာတယ်အေ၊ ငါတော့ ဘာမှ မလုပ်နိုင်တော့ဘူး၊ ရှိတာလေးပဲ ထိုင်စားနေရတယ်'

လူ့ဘဝ၏ အနိမ့်အမြင့် အတက်အကျကို ငွေမှုံ အံ့သြစွာ မျက်မြင် ကြုံရတော့သည်။ ယခင်က ဒေါင်ဒေါင်မြည်ခဲ့သော ဒေါ်လေးခ၊ ယခု အရာရာမှာ ကျဆင်းနေပြီ။

'စိတ်အားမငယ်ပါနဲ့ ဒေါ်လေးရယ်၊ ကျွန်မကူညီပါ့မယ်၊ အရင်လို ဒေါ်လေးလိုတဲ့ကုန်တွေ ယူရောင်းပါ၊ ကျွန်မ ပို့ပေးမယ်'

BURMESE CLASSIC .com

ဒေါ်လေးခ ခေါင်းခါသည်။

'မပို့နဲ့တော့ ငွေမှုံ၊ ငါ ဒီတောင်က ကျော်နိုင်တော့မယ် မထင်ဘူး၊ ငါ့အခြေအနေ ငါသိတယ်၊ ငါ့ဗိုက်ထဲမှာ ဘာတစ်ခုမှ အကောင်း မရှိတော့ဘူးလို့ ငါထင်တယ်'

ဒေါ်လေးခမှာ စိတ်ကသာဆောင်နိုင်တော့သည်။ လူက ယဲ့ယဲ့သာ ရှိတော့သည်။ သည်လို မြင်ရပြန်တော့လည်း ငွေမှုံသည် သခေါ်ရတရားကို အောက်မေ့မိပြန်သည်။ သို့သော် တစ်ဒင်္ဂသာဖြစ်၏။ ငွေမှုံသည် ငွေကို မြင်ရသောအခါ အရာအားလုံးကို မေ့သွားလေသည်။

ရွာကိုရောက်တော့လည်း မရွှေမှုံက မငွေမှုံကိုကြည့်ကာ အံ့သြနေ သည်။

ချမ်းချမ်းသာသာဖြစ်မှ ရွာကိုပြန်လာမည်ဟုပြောသွားသော ငွေမှုံ သူ့မျက်နှာမှာ ကျေနပ်မှု အရောင်တွေ တလက်လက်တောက်ပနေသည်ကို မြင်ရလေသည်။ ယောက်ျားသေပြီးမှ ပြန်လာသော ကလေးအမေ ငွေမှုံသည် ယခင်ကထက်ပင် အလှအပတွေ ခြယ်မှုန်းကာ မျက်နှာထားကလည်း တင်းနေသည်။ အို တစ်မျိုးပါပဲ။ ငွေမှုံ့ အသွင်အပြင်ကို ကြည့်ပြီး မရွှေမှုံ စိတ်ထဲမှာ နှစ်သက်ခြင်းမဖြစ်မိတာတော့ အမှန်ပင်။

'ငွေမှုံ နင့်ကလေးကော'

မရွှေမှုံက စိတ်မသက်မသာနှင့် မေးသည်။

'အမေ့ဆီမှာလေ'

'ဘယ်က အမေလဲ'

'အို အစ်မရွှေမှုံကလဲ ကိုအောင်မင်းရဲ့ အမေပေါ့၊ သူတို့က ကလေးကိုသိပ်ချစ်တာ၊ မျက်စိအောက်က အပျောက်မခံဘူး'

'ရွာက အမျိုးတွေဆီလာတာ မြင်ဖူးအောင် ခေါ်လာရောပေါ့ ငွေမှုံရယ်'

BURMESE CLASSIC .com

ပြောမည့်သာ ပြောရသည်။ မရွှေမှုံ၏ ကလေးတွေကိုပင် ငွေမှုံက စိတ်ဝင်တစား မေးမြန်းကြည့်ရှုဖော်မရတော့ ငွေမှုံ တစ်ခုခုတော့ မှားနေပြီဟု မရွှေမှုံ စိတ်ထဲ ထင့်မိတာ အမှန်ပင်။

'ညည်းယောက္ခမကြီးနဲ့ကော ပြေလည်သွားပြီလား'

မရွှေမှုံက စူးစမ်းသည်။ ငွေမှုံက ခေါင်းကိုမော့ကာ ပြောသည်။

'ခုတော့ ကျုပ်က ငွေရှာပေးနိုင်ပြီလေ အစ်မရဲ့၊ ဒါကြောင့် ခုတော့ ငွေမှုံ ငွေမှုံနဲ့ တစ်မှုံတည်း မှုံနေကြပြီ ဟင်း ဟင်း'

ငွေမှုံကိုကြည့်ပြီး မရွှေမှုံ ကြောက်လာသည်။ ယခင်ကတော့ လူမချမ်းသာချင် နေပါစေ၊ စိတ်ချမ်းချမ်းသာသာ နေချင်သည်ဆိုသော ငွေမှုံ။ ငွေမှုံ၏ စိတ်များ အစိုးမရဘဲ ခက်ထန်လာသယောင်ရှိသည်ကို ကြည့်ပြီး ကြာလေ ကြာလေ ဒေါ်လေးခနဲ့ တူလာလေပဲဟု မရွှေမှုံစိတ်ထဲက မှတ်ချက်ချမိသည်။

'နင် ဒေါ်လေးခကို ပစ်မထားနဲ့ ငွေမှုံ၊ သူ့ကျန်းမာရေးက သိပ်ဆိုးနေတယ်'

'ကျုပ် သိပါတယ်တော်၊ ကျုပ် ကျေးဇူးမကန်းပါဘူး၊ ကျုပ် ပိုက်ဆံ ရှာတာလေ ကျုပ်အမျိုးတွေကို ကြည့်ရှု မစဖို့ပဲ၊ အစ်မရွှေမှုံလဲ လိုတာသုံး၊ အစ်ကိုအောင်သူ့လဲ ပေး၊ ဒေါ်လေးခကိုလဲ ကျုပ် ပေးခဲ့ပါသေးတယ်'

ငွေမှုံကငွေစက္ကူအချို့ကို ထုတ်ကာ ပေးသည်။ မရွှေမှုံ ကြည့်ပင် မကြည့်မိ။

'မယူပါရစေနဲ့ ငွေမှုံရယ်၊ ငါတို့ဘဝနဲ့ ငါတို့ နေလို့ ဖြစ်နေပါပြီ၊ ညည်း ကောင်းစားတယ်ဆိုရင် ငါတို့ ဝမ်းသာတာပဲ၊ ဒါပေမယ့် ငွေမှုံ ကိုယ်က မဆိုးမ၊ ငွေရအောင် ရှာတာလဲရှာ အရွယ်ရှိသေးတော့ တော်ရုံပဲ လုပ်ပါအေ'

BURMESE CLASSIC .com

မရွှေမုံ သည့်ထက်ပိုပြီး မပြောတတ်။ ရင်ထဲမှာရှိသည့် စကားတွေကို အရင်းအတိုင်းပြောရလျှင် ကြမ်းတမ်းနေမည်လားဟု စိုးရိမ်မိသည်။

'မစိုးရိမ်စမ်းပါနဲ့ အစ်မရယ်၊ ကျုပ်ကိုယ် ကျုပ် ထိန်းနိုင်ပါတယ်'

မရွှေမုံကတော့ ငွေမုံ အတင်းပေးထားခဲ့သော ငွေတွေကို ကြည့်ပြီး ရင်လေးနေမိလေသည်။

\+ \+ \+

'ညည်းသိတဲ့အတိုင်းပဲ ငွေမုံ၊ ငွေကို ငွေနဲ့ရင်းမှ ရတယ်၊ အရင်းအနှီးများများရဖို့လိုတယ်၊ မိန်းမသားတွေချည်းဆိုတော့လဲ ကြာရှည်ကြာများ လုပ်ကိုင်စားလို့ ရမယ် မဟုတ်ဘူး၊ ကိုယ်လဲ အရွယ်ရှိတုန်း စဉ်းစားဖို့ကောင်းတယ်'

ယခင်တစ်ခါကဒေါ်လေးခက အိမ်ထောင်ပြုဖို့ နားချခဲ့သည်။ ယခု ဒေါ်စိန်သုံးက နားချနေပြန်ပြီ။

ကိုအောင်မင်းနှင့် လက်ထပ်စဉ်ကတော့ ငွေမုံ့ဘဝသည် နုနယ်ငယ်ရွယ်သေးသည်။ ပြီးတော့ လန်းဆန်းသော ချစ်ခြင်းမေတ္တာတရားကလည်း ရှိသည်။ ယခု ငွေမုံသည် ယခင် ငွေမုံ မဟုတ်တော့။ ကုန်သည်ပွဲစားလောကမှာ ကျင်လည်နေသည်မို့ ယောကျ်ားတို့နှင့်လည်း ထွေးရောယှက်တင် နေတတ်ခဲ့ပြီ။ ယောကျ်ားတွေအကြောင်းလည်း ပိုသိခဲ့ပြီ။ သို့သော် ငွေမုံ့မှာ ယခင်လို ချစ်ခြင်းမေတ္တာ မရှိတော့။ ငွေမုံသည် ငွေအတွက်သာ ယောကျ်ားတွေကို ပေါင်းတတ်တော့သည်။

သို့သော် တကယ်တမ်း အိမ်ထောင်ပြုဖို့ကျတော့ ငွေမုံ စဉ်းစားရသည်။ ဒေါ်စိန်သုံး ရည်ရွယ်သည်က သူတို့ကုန်သည်လောကမှာ ထိပ်တန်းက ကျင်လည်နေသူတစ်ယောက် ဖြစ်၏။ စီးပွားရေးအားဖြင့် အားကျစရာ

BURMESE CLASSIC .com

ဖြစ်သော်လည်း လူကိုတော့ ငွေမှုံ မချစ်။ အသက်က ငွေမှုံထက် နှစ်ဆ လောက်ကြီးသည်။

'ဒီလူကြီးတော့ ကျုပ် မကြိုက်ဘူးတော်၊ ရုပ်ကလဲဆိုး၊ အသက်ကလဲ ကြီး'

ဒေါ်စိန်သုံးက ပြုံးသည်။ သည်အပြုံးတွေနောက်မှာ ကောက်ကျစ်စဉ်းလဲမှုတွေ ရှိနေတာ ငွေမှုံ မသိသေး။ ဒေါ်စိန်သုံးက သူ့ကို အလိမ္မာနှင့် ပေါင်းနေတာကို ငွေမှုံ ကောင်းစွာ မရိပ်မိသေး။

'ငွေမှုံရယ်၊ ညည်းလဲအပျိုလေးမှ မဟုတ်တော့တာ၊ ရုပ်ချောတာတွေ၊ အသက်ငယ်တာတွေ ကြည့်မနေပါနဲ့အေ၊ ကိုယ့်ဘဝ ကောင်းစားဖို့သာ အဓိက မဟုတ်လား၊ လောကမှာ ကောင်းကောင်းနေ ကောင်းကောင်း စားရဖို့သာ အရေးကြီးတာအေ့၊ ဒီလူကြီးနဲ့သာဆို ညည်းတစ်သက် ဘာပူစရာ လိုတော့လဲအေ'

ငွေမှုံကလည်း ဒေါ်လေးခလို အသက်ကြီးမှ ဆင်းရဲပင်ပန်းမှာကို တွေးပြီး ကြောက်နေသည်။ ဒေါ်စိန်သုံး၏ စကားကို နားယောင်သလိုလို ဖြစ်၍ လာလေသည်။

'ဒါပေသည့် ဒီလူကြီးက လူပျိုမဟုတ်ဘူးဆိုတော့'

'ဟဲ့ လူပျိုမဟုတ် ဘာအရေးလဲ၊ သူ့မိန်းမနဲ့ ကွာထားတာလဲ ကြာလှပေါ့၊ သားသမီးတွေကလဲ သူ့ဟာနဲ့သူ၊ ရန်ကုန်မှာ သူတစ်ယောက်တည်းနေတာ ကြည့်ပါလား၊ ပြည်လမ်းမှာ တိုက်ကြီးမှ ဟီးလို့'

သူသည်လည်း ဒေါ်လေးခတို့ ဒေါ်စိန်သုံးတို့လို ငွေကို သည်းခြေကြိုက်နေပြီဆိုတာ ငွေမှုံ သူ့ကိုယ်သူ သတိမထားမိသေး။

'ကျုပ် စဉ်းစားဦးမယ်တော်'

လောကကို အနိုင်ယူချင်သည့်စိတ်သည် ငွေမှုံ့ရင်မှာ ကိန်းအောင်းနေဆဲပင်။

www.burmeseclassic.com

# ၇

ဘဝရဲ့ အလှည့်အပြောင်း အကွေ့ဟူသည်မှာ တစ်ခါတစ်ရံ ကြမ်းတမ်းလွန်းလှပါသည်။ မထင်မှတ်ဘဲ ဘွားခနဲပေါ်လာတတ်သည်မှာ ကြောက်စရာအကောင်းဆုံး။ ငွေမှုံ့ဘဝတွင် တဖြည်းဖြည်း ပြောင်းလဲရခြင်းနှင့် မထင်မှတ်ဘဲ ပြောင်းလဲရခြင်းတို့ ရောယှက် ပေါင်းစပ်နေသည်။ မထင်မှတ်ဘဲ ပြောင်းလဲရသမျှတို့သည် ခါးသီးစရာချည်း ဖြစ်နေတတ်လေသည်။

ထိုနေ့က သား နေမကောင်းဘူးဟု ကြား၍ အိမ်ကို စောစီးစွာ ပြန်လာခဲ့ရသည်။ ရင်ထဲမှာ လေးမိပြီဆိုလျှင်တော့ တစ်ခုခု ဖြစ်တတ်စမြဲပင်။ သားကို အမေတစ်လှည့်၊ မိပြုံးက တစ်လှည့် ထိန်းပေးသည်။ ငွေမှုံ့သည် ပွဲရုံနှင့် ဆိပ်ကမ်း တစ်ဝိုက်မှာသာ ကျင်လည်နေတတ်လေသည်။

အိမ်က သူ့ကို အမှောင်နှင့် ဆီးကြိုနေသည်။ ငွေမှုံ့ ဘဝတွင် အမှောင်သည် မည်သည့်အခါမျှ အကျိုးမပေးပေ။

ဧည့်ခန်းတွင် မီးရောင်ပျပျသာ ထွန်းထားသည်။ ငွေမှုံ၏ အိမ်ပြန်ချိန်သည် သည်သို့ပင် တစ်ခါတစ်ရံ မှောင်ရိပ်ပျိုးနေတတ်သည်။ သဆော်ဆိပ်

မှာကုန်တင်လာသည့် မော်တော်များဆိုက်ချိန်အထိ စောင့်နေရတတ်သည်။ တစ်ခါတစ်ရံ ဒေါ်စိန်သုံးပါသည်။ တစ်ခါတစ်ရံ တစ်ယောက်တည်း။

ယနေ့ ဒေါ်စိန်သုံး အစောကြီးကတည်းက ပျောက်နေသည်။ နေ့လယ်ကမှ ကလေးနေမကောင်းဘူးဟု အိမ်ကို ထမင်းပြန်ယူသော အလုပ်သမားတစ်ယောက်က ပြောသွားလေသည်။

'မအေးတို့၊ မောင်ကျော်တို့ ဘယ်ရောက်နေကြလဲ၊ အိမ်ရှေ့မှာ တစ်ယောက်မှလဲမရှိပါလား'

အသံစာစာနှင့် အော်လိုက်မှ အိမ်ဖော်မလေး ပြေးထွက်လာလေသည်။

'အမေတို့ရော ဘယ်သွားနေလဲ၊ ကလေးနေမကောင်းဘူးဆို'

'မမပြုံးတို့အိမ်သွားတယ် အစ်မ၊ ကလေးကမနေလို့ အမေက ခေါ်သွားတာ'

မအေးကတံခါးဖွင့်ပေးရင်း တိုးတိုး ပြောသည်။ သူ့အသံကလည်း ခါတိုင်းထက် တိုးတိတ်နေသလိုပင်။

'ဒေါ်စိန်သုံးကော ပြန်မလာသေးဘူးလား'

'လာတယ်မမ၊ စောစောကပဲတွေ့သေးတယ်၊ ညှော်သည်လဲရောက်နေတယ်'

'ဘယ်က ညှော်သည်လဲ'

'ဦးတိုးအောင်'

'အို၊ ဒီလူကြီးက ခုထိ မပြန်သေးဘူးလား'

ငွေမှုံက အိမ်ထဲသို့ တိုးဝင်ရင်း ပြောလိုက်သည်။ ဦးတိုးအောင်ဆိုသူကတော့ ဒေါ်စိန်သုံးက သူ့ကိုယူဖို့ မကြာခဏ နားချနေသည့် လူကြီးပင်။ ယခုတလော ဒေါ်စိန်သုံးနှင့် တိုးတိုးကြိတ်ကြိတ် ဖြစ်နေသည်ကို မြင်ရဖန်များ၍ ရှောင်နေမိသည်။

BURMESE CLASSIC .com

'ငါ ထမင်းစားမယ် မအေး၊ ပြီးရင် မပြုံးတို့အိမ် လိုက်သွားရမယ်၊ မောင်ကျော်ကို ကားအသင့် ပြင်ခိုင်းထားလိုက်နော်'

ဒေါ်စိန်သုံက ကားတစ်စင်း ဝယ်ထားသော်လည်း တစ်ခါတစ်ရံမှသာ ထုတ်စီးသည်။ အထူးသဖြင့် ကိုအောင်မင်းတစ်ယောက် ကားမှောက်ပြီးသည့်နောက်ပိုင်း ကားကို စိတ်နာကာ သိပ်မစီးကြတော့ပေ။

ယနေ့ ငွေမှုံ စိတ်တွေလေးလံနေသည်ကတော့ အမှန်ပင်။

ထမင်းစားခန်းထဲရောက်တော့ ဦးတိုးအောင်တစ်ယောက်တည်း ယမကာနှင့် အကျအနထိုင်နေသည်ကို တွေ့ရသည်။ ငွေမှုံကို မအေးက ထမင်းခူးပေးပြီး ချက်ချင်းပျောက်သွားသည်။

'ဩ့သည်ကို ထမင်းစားမခေါ်တော့ဘူးလား မငွေမှုံ'

ရီဝေသည့်မျက်လုံးများ၊ လေးတွဲ့သောအသံနှင့် ပြောလိုက်သည့် ဦးတိုးအောင်၏ အမူအရာကို မနှစ်သက်မိတာ အမှန်ပင်။ ငါ့နယ်နော် ဒီလူကြီးကိုများ ဘာကြောင့်ယူဖို့ စိတ်ကူးမိပါလိမ့်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်မိလေသည်။

'စားနိုင်ပါတယ်ဦးတိုးအောင်၊ ဒေါ်စိန်သုံတစ်ယောက် ဘယ်ရောက်နေပါလိမ့်'

မငွေမှုံ စားပွဲမှာ မထိုင်နိုင်မီ ဦးတိုးအောင် အနားရောက်လာလေသည်။

'ဒေါ်စိန်သုံ မရှိပါဘူး၊ မငွေမှုံရယ်၊ ဒီက စကားပြောချင်လို့ တမင် စောင့်နေတာ'

'အို ဦးတိုးအောင် ဖယ်ပါ၊ ပြောစရာရှိ နောက်မှပြော'

ငွေမှုံ၏ စကားသံများသည် တိုးတိတ်လှသည်။ သူတစ်ပါးတွေ ကြားမှာစိုးလှသည်။ ရှက်လည်း ရှက်မိသည်။ သို့သော် မည်သူမျှ မကြား

BURMESE CLASSIC .com

နိုင်သည့် အဖြစ်ကို ငွေမှုံ မသိပေ။ ငွေမှုံသိသည့်အချိန်မှာ အရာရာသည် နောက်ကျခဲ့ပြီ။

ထိုညက သားနောက်ကိုလည်း ငွေမှုံ မလိုက်နိုင်ခဲ့။ ငွေမှုံ့အပါးမှာလည်း ဘယ်သူမျှမရှိ။ တစ်အိမ်လုံးမှာ ငွေမှုံနှင့် ဦးတိုးအောင် နှစ်ယောက်တည်းသာ ရှိသည်။

\+ \+ \+

'ရှင် သိပ်အကြံပက်စက်တယ် ဒေါ်စိန်သုံ၊ ဒီလူကြီးမှာ သားကြီး မယားကြီး ရှိမှန်းသိလျက်နဲ့ ရှင် တမင်လွှတ်ပေးခဲ့တာ မဟုတ်လား၊ ခုတော့ ကျုပ်ဘဝ လူတကာတံတွေးခွက်မှာ ပက်လက်မျောရပြီ သိရဲ့လား၊ ရှင့်မှာ စာနာစိတ်ကလေးမှ ရှိသေးရဲ့လား၊ အင်းလေ၊ ရှင်လို ယောကျာ်းတကာကို မက်လုံးပြပြီး ငွေရအောင်ရှာစားနေတဲ့ မိန်းမတစ်ယောက်မှာ စာနာစိတ်ဆိုတာ ဘယ်ရှိပါ့မလဲ'

ယခုတော့ မငွေမှုံဘဝသည် ရှေ့မတိုးသာ၊ နောက်မဆုတ်သာ။

ဦးတိုးအောင်နှင့် ရုံးမှာလက်မှတ်ထိုးပြီး မကြာခင်မှာပင် မန္တလေးမှ ဦးတိုးအောင်၏ မယားကြီး လိုက်လာကာ လက်ညှိုးငေါက်ငေါက်ထိုး၍ ရန်တွေ့သွားလေသည်။ တိုက်ကြီးတာကြီးနှင့် အခန့်သား နေရမည်ဟု ထင်မှတ်ခဲ့သော ငွေမှုံ။ ယခုတော့ သူတကာအပြောခံရတာသာ အဖတ်တင်ပြီး ကျန်ရစ်သည်။

'ညည်းကောင်းစားစေချင်လို့ငါက စီမံပေးတာ သိပ်ပြီး စကားကြီးစကားကျယ်တွေ မပြောနဲ့ ကောင်မ'

'ဩ၊ ကောင်းစားစေချင်လို့ ဟုတ်စ၊ ဒါလားကောင်းစားတာ၊ သူတစ်ပါး အငယ်အနှောင်းဖြစ်ရတာ ကောင်းစားတာလား၊ ရှင်သာ

www.burmeseclassic.com


အဲဒီလိုကောင်းစားအောင် ဒီလူကြီးကို ယူလိုက်ပါလား၊ ခုတော့ ရှင်ကျုပ်ကို အလျင်က မနိုင်ခဲ့တဲ့ အငြိုးနဲ့ ကလဲ့စားချေတာ ကျုပ်ခုမှ သိတယ်'

ငွေမှုံ အသားများ တဆတ်ဆတ်တုန်အောင် ရန်တွေ့နေရသော်လည်း အချည်းနှီးပင်။ မည်မျှပင်အနိုင်ရအောင်ပြောပြော ငွေမှုံ့ဘဝကတော့ အရှုံးကြားမှာ နစ်ခဲ့ရပြီ။

'တော်ပြီ၊ ကျုပ် ဒီဘဝမှာတော့ မနေချင်ဘူး၊ သေချင်သေသွားပစေ၊ သူများ လက်ညှိုးထိုး မခံဘူး၊ ကျုပ်သွားမယ်'

ဦးတိုးအောင်၏ ငွေကြေးထောက်ပံ့မှုဖြင့် တစ်အိမ်လုံး ပြောင်လက်လာတာတော့ အမှန်ပင်။ ပြီးတော့ ဒေါ်စိန်သုံ ယူထားသမျှ ငွေတွေလည်း ပေးဆပ်စရာမလိုတော့။ ဒေါ်စိန်သုံက ငွေမှုံ၏ ဘဝတစ်ခုလုံးကို ထိုးဆပ်ခဲ့ပြီ မဟုတ်လား။

'ညည်း ထင်ရာမလုပ်နဲ့ ငွေမှုံ၊ ခုလဲ ညည်း အခြေမပျက်နေရတယ် မဟုတ်လား၊ ဟိုက ညည်းကို ထင်ထင်ရှားရှားပေါင်းနေတာ၊ အငယ်အနှောင်းလို့ ဘယ်သူက ပြောမလဲ၊ မယားပြိုင်အေ့ မယားပြိုင်'

'အို တော်၊ မကြားချင်ဘူး၊ မကြားချင်ဘူး'

ဒေါ်စိန်သုံက ငွေမှုံကို တားထားလိုသေးသည်။ သူ့အနေဖြင့် ငွေမှုံရှိနေသမျှ တစ်နေ့ကို ရွှေဥတစ်လုံးအုသော ငန်းလို အဖိုးတန်နေသေးသည် မဟုတ်လား။

သည်လိုဘဝမျိုးနှင့် ငွေမှုံ ရွာကိုမပြန်ချင်တာလည်း အမှန်ပင်။ သို့သော် သည်မှာလည်း ဓွတ်မိုတ်ပြီး မနေချင်။

သည်တော့ ငွေမှုံ သွားစရာတစ်လမ်းပဲရှိသည်။

မပြုံးတို့အိမ်ကို ငွေမှုံ ပြန်ရောက်သွားသည်။ အမေကလည်း သူ့ သမီး စိန်သုံ၏ လုပ်ရပ်တွေကို စိတ်ဆင်းရဲကာ အိပ်ရာပေါ် လဲလေသည်။

'အစ်မ ဘာမှ အားမငယ်ပါနဲ့တော်၊ အစ်မ ကျုပ်တို့ကို ကူညီထောက်ပံ့ခဲ့တဲ့ ကျေးဇူးရှိပါတယ်၊ ကျုပ်တို့နဲ့ပဲနေပါ'

မပြုံးက အားပေးသည်။

ငွေမှုံကတော့ မျှော်မှန်းသလို မဖြစ်ခဲ့ရသော သူ့ဘဝကို စိတ်နာလှသည်။

မပြုံးတို့နှင့်နေသော်လည်း ဦးတိုးအောင်က မကြာ မကြာ ရောက်လာ စမြဲ။ သူ့ဘဝမှာ ဆုပ်လည်းစူး၊ စားလည်းရူးနှင့် ပတ်ဝန်းကျင်၏ ပုတ်ခတ်စော်ကားမှုများကြားမှာလည်း လက်ပစ်ကူးခဲ့ရလေသည်။

\+ \+ \+

မမျှော်လင့်ဘဲ သားကို ဆုံးရှုံးလိုက်ရပြန်၏။

ဘဝ၏တည်ငြိမ်မှုနှင့် လောကဓံ၏ အလှည့်အပြောင်းကို ခံရဖန်များလာ၍ ငွေမှုံ့ရင်ထဲမှာ ယခင်ကလောက် တုန်လှုပ်ခြင်းလည်း မဖြစ်မိတော့။ ငွေမှုံ့ဘဝသည် ပြန်လည်လန်းဆန်းရန် ခဲယဉ်းခဲ့ပြီ။

ယခင်ကလို ကိသာဂေါတမီလို မြင်မြင်ကရာအား သားသေကို အသက်သွင်းပေးပါရန် တောင်းပန်မိမည်လား မသိ။ ယခုတော့ သားသေကို ကြည့်သော ငွေမှုံ၏ မျက်လုံးများသည်ပင် အသက်ကင်းမဲ့နေသလို ဖြစ်နေသည်။

'ညည်းဒုက္ခတွေများလှတယ် ငွေမှုံ၊ စိတ်ထောင်းလို့ ကိုယ်ကြေဆိုသလို လူရုပ်တောင်မပေါ်တော့ဘူး၊ စိတ်သက်သာရာ သက်သာကြောင်းလေးများ နေစမ်းပါတော့အေ'

ငွေမှုံ့အပေါ် သံယောဇဉ်ကြီးမိပြီဖြစ်သော အမေက ပြောလေသည်။

 www.burmeseclassic.com 

'ဟုတ်တယ်အမေ၊ သားလဲမရှိတော့ ကျွန်မ ရွာပြန်ချင်တယ်၊ ဒီမှာနေသမျှ ဟိုလူကြီးလက်ကလဲ လွတ်မှာမဟုတ်ဘူး'

'ငါ့သမီး စိတ်ဆင်းရဲမှာစိုးလို့ အမေ မပြောတာ၊ ပြန်ချင်လဲပြန်၊ အမေတို့တော့ စိန်သုံးရဲ့ စက်ကွင်းမှာ ဝဋ်ရှိသမျှခံဦးမယ်၊ ဒီမှာ ပတ်ဝန်းကျင်က မေးငေါ့လှတယ်၊ လူဆိုတာ တစ်ခါမှားတာပြင်ရင် ရပါတယ်အေ'

သည်တော့လည်း ငွေမှုံသည် ဘာမျှမပြောဘဲ ရွာကိုပြန်ဖို့ အထုပ်အပိုး ပြင်တော့သည်။ ရန်ကုန်မှာလည်း မနေချင်တော့။ ရွှေတွေ ငွေတွေကိုလည်း အာသာငန်းငန်းမရှာချင်တော့။ ချမ်းသာခြင်းနှင့် အေးချမ်းခြင်းကို ငွေမှုံ ခွဲခြားနားလည်ခဲ့ပြီ။ ယုတ်စွအဆုံး ဒေါ်လေးခရိုရာ ဟသ်ာတကိုပင် မပြန်ချင်တော့။

ငွေမှုံ တစ်ယောက်တည်း တိတ်ဆိတ်စွာပင် ရွာကိုပြန်ခဲ့သည်။

သို့သော် သူ့နောက်ပါးမှ အတိတ်တစ္ဆေသည် အရိပ်လို ထက်ကြပ်မကွာ လိုက်ပါခဲ့ပြီဆိုတာ ငွေမှုံ မသိလေတကား။

www.burmeseclassic.com



ဖြစ်ရလေ ငွေမှုံရယ်၊ ငါ့ကို အစကတည်းက ပွင့်ပွင့်လင်းလင်း ပြောပါ တော့လား’

အစ်မရွှေမှုံက ယူကြုံးမရစွာ ပြောသည်။

သည်တစ်ခါ ငွေမှုံ ရွာကိုပြန်ရောက်လာခြင်းသည် ယခင်လို ကြွားကြွားဝံ့ဝံ့ မဟုတ်တော့။ လောကဓံ၏ အလှည့်အပြောင်းကြားမှာ မလူးသာ မလွန့်သာ ကျရောက်နေရသော ဒုက္ခသည်မလေး ငွေမှုံ။

ငွေမှုံမှာ ငွေကြေးအားဖြင့် သင့်တင့်အောင်ပါလာလေတော့ ရွာက လူတွေက လင်သေ သားသေ မုဆိုးမလေးတစ်ယောက်အဖြစ်သာ သနား စရာ မြင်ကြသည်။ အဖြစ်အားလုံးကို သေသေချာချာ မသိ။

ငွေမှုံ့မှာတော့ ဖျက်မရသည့်အမှားတစ်ခုက တွယ်ငြိ၍လာခဲ့လေပြီ။ သည်အမှားက ပျောက်ပြယ်၍ မသွားသည့်အပြင် အကောင်အထည်ပါ ပေါ်ချေတော့မည်။

ငွေမှုံ့မှာ နောက်ထပ် ရင်သွေးတစ်ယောက်ကို လွယ်ထားရပြန်ချေပြီ တကား။ လောကထဲကို မလိုလားဘဲနှင့် ရောက်လာဦးမည့် လူသား တစ်ယောက်အတွက် ငွေမှုံသည် အစ်မရွှေမှုံကိုသာ ဖွင့်ဟ တိုင်ပင်ရတော့၏။

BURMESE CLASSIC .com

'ဒီလိုဖြစ်မယ်မှန်းမှ မသိတာ အစ်မရွှေမှုံရယ်၊ ကျုပ်က ဒီလူကြီး လက်က လွတ်ရင် ပြီးရောဆိုပြီး ထွက်လာခဲ့တာ'

'ကိုင်း၊ ခုတော့ ဘယ့်နှယ်လုပ်ကြမလဲ ငွေမှုံ၊ နင့်ကို သူ ကောင်း ကောင်းမွန်မွန် လက်ထပ်ထားတာဆိုရင် ရန်ကုန်ကိုသာ ပြန်လိုက်သွား၊ ရွာမှာတော့ လင်ကောင်မပေါ်ဘဲမွေးလို့ ဘယ်ဖြစ်ပါ့မလဲအေ'

မရွှေမှုံ အကောင်းဆုံးဖြစ်မည်ထင်ရသော နည်းလမ်းကိုသာ ပြောရ တော့သည်။

'ခက်တယ်၊ ကျုပ် သူနဲ့လဲ ပြန်မပေါင်းချင်ဘူး၊ သေသာသေလိုက် ချင်တော့တယ်'

'အမယ်လေး၊ ဘာမှတော့ မလုပ်လိုက်ပါနဲ့ ငွေမှုံရယ်၊ အဖန်ငါးရာ ငါးကမ္ဘာတဲ့၊ နင် အရင်ဘဝက ဝဋ်ကြွေးရှိလို့ ခံရတာဟဲ့၊ ခုမှတော့ ဖြစ်သမျှကို ရဲရဲသာ ရင်ဆိုင်ပေတော့'

မငွေမှုံကလည်း ဘဝကို လွယ်လွယ်နှင့် အရှုံးပေးတတ်သူတော့ မဟုတ်ပါ။ နောက်ဆုံးတော့ အစ်မရွှေမှုံ ပြောသည့် နည်းလမ်းကိုသာ ရွေးရတော့သည်။ ရန်ကုန်ကို ခေတ္တပြန်သွားမည်။ အမေတို့အိမ်မှာ နေမည်။ သူ၏ ရင်သွေးအတွက် အဖေကို လူသိရှင်ကြား ဖြစ်စေရမည်။ ပြီးလျှင် ရွာကို ပြန်လာရုံသာ။

မငွေမှုံ မနေချင်တော့သော ရန်ကုန်မြေကို ပြန်လာခဲ့ရပြန်လေသည်။

ဦးတိုးအောင်ကတော့ ငွေမှုံ ပြန်လာခြင်းကို ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။ ငွေမှုံ့ဘဝမှာတော့ မည်သည့် ခံစားချက်မျှ မရှိတော့။ သူ၏ အချစ်သည်လည်း ကိုအောင်မင်းထံတွင်သာ ရှိခဲ့သည်။ သည်ဘဝတွင် အချစ်ထက် ဘဝရပ်တည်ရေးနှင့် နောင်လာမည့် ရင်သွေးအတွက်သာ ရှိတော့သည်။ သားဦးကို မိမိ၏ ပေါ့လျော့ ပစ်ပယ်ထားမှုကြောင့် ဆုံးရှုံး ရပြီးသည့်နောက်၊ နောက်ထပ် ရင်သွေးတစ်ယောက်ကို အဆုံးရှုံးမခံနိုင်

BURMESE CLASSIC .com

တော့ပေ။ မိမိရင်မှဖြစ်သော သွေးကိုတော့ ငွေမှုံ လိုချင်သည်။ ငွေမှုံ့ဘဝတွင် ထိုအရာသည်သာ တွယ်တာစရာ ဖြစ်ရပေလိမ့်မည်။

အမေ့အိမ်မှာပင် မျက်နှာမြင်ရ၏။

'သားလေးလား ဟင်၊ သားလေးလား၊ မြန်မြန် ပြောစမ်းပါ'

ဝေဒနာခံစားမှု၏ အထွတ်အထိပ်မှာပင် ငွေမှုံက စိတ်စောစွာ မေးလိုက်မိသည်။ သားလေးကိုသာ မျှော်လင့်စောင့်စားနေမိသည်မှာလည်း အမှန်ပင်။

'ဟဲ့၊ သားလေး မဟုတ်ဘူး၊ သမီးလေးဟဲ့ သမီးလေး'

'ဟင်'

ငွေမှုံသည် တုန်လှုပ်စွာ ရေရွတ်လိုက်မိ၏။

သမီး တဲ့၊ သမီး တဲ့။

သမီးလေး ဆိုပါလား။ ဘုရား၊ ဘုရား။

\+ \+ \+

'ကျုပ် သမီးကို ကျုပ် လုံးဝဥဿုံ တာဝန်ယူနိုင်တယ်၊ ကျုပ်သမီးကို ဘယ်သူ့အထောက်အပံ့နဲ့မှ မကြီးပြင်းစေရဘူးဆိုတာ ယုံပါ၊ ကျုပ် ဘာမှ မလိုချင်ဘူး၊ မလိုချင်ဘူး၊ သွားကြ၊ ကျုပ်ကို ဘာမှ လာမပြောကြနဲ့'

ငွေမှုံ တစ်လောကလုံးကြားအောင် အော်ပစ်လိုက်သည်။ သူ့မျက်စိရှေ့မှ လူကိုလည်း လွင့်ထွက်သွားအောင် အော်ပစ်ချင်သည်။

'မဟုတ်ပါဘူး မငွေမှုံရယ်၊ မငွေမှုံ့ကလေးကို မငွေမှုံ မွေးနိုင်တယ် ဆိုတာ သိပါတယ်၊ ခုဟာက ခုရှုပ်မှ နောင်ရှင်း ဆိုသလို'

'ခုလဲ မရှုပ်ဘူး၊ ဘယ်တော့မှလဲ မရှုပ်ဘူး၊ ကျုပ်ဘဝနဲ့ ကျုပ် ရှင်းအောင်နေလာခဲ့တာ ကြာပြီ၊ ဒီကလေးကိုသာ မမွေးဘူးဆိုရင် ဒီထက်

BURMESE CLASSIC .com

တောင် ရှင်းသေးတယ်၊ ရှင်တို့ဆီက ဘာကိုမှ မျှော်ကိုးတာ မဟုတ်ဘူး သိရဲ့လား၊ ခုဟာက ကျုပ် ကုသိုလ်ဆိုးလို့ မထင်တာတွေ ဖြစ်ခဲ့ရတာ၊ ကျုပ် သိလျက်နဲ့ ဖြစ်ခဲ့ရတာ မဟုတ်ဘူး'

'ဟုတ်ပါတယ် မငွေမှုံ၊ ခုလဲ ကျွန်တော်တို့က ကလေးအတွက်ပဲ ပြောနေတာပါ၊ အစ်ကိုကြီးကလဲ မရှိတော့ဘူးဆိုတော့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ ယူဆပြီး'

'ကဲ၊ တော်ပါတော့၊ ရှင် ဒီအိမ်ပေါ်က ဆင်းသွားရင် ကောင်းမယ်'

မငွေမှုံ၏ အသံများသည်လည်း တဆတ်ဆတ် တုန်ခဲ့ပြီ။

မငွေမှုံထံ လာရောက်ခဲ့သူသည် အခြေအနေကိုကြည့်ကာ နောက်ကြောင်း ပြန်လှည့်ဖို့ ပြင်ရလေသည်။

ထိုလူထွက်သွားတော့မှ မငွေမှုံသည် သမီးကို ရင်ခွင်မှာအပ်ကာ မျက်နှာကို ဖုံးကာ အားပါးတရ ငိုကြွေးလိုက်မိလေ၏။

'သူက ဘယ်သူလဲ ငွေမှုံ'

အားအင်ချည့်နဲ့နေပြီဖြစ်သော အမေက လှမ်းမေးသည်။

အမေ့မှာလည်း သမီးနှင့် မြေးမအတွက် ဆက်လက် အသက်ရှင်နေရဆဲ ဖြစ်လေသည်။

'ဦးတိုးအောင်ရဲ့ ညီတဲ့'

ဦးတိုးအောင် မန္တလေးသို့ ပြန်သွားသည်မှာ ခြောက်လခန့် ရှိပြီ။ နောက်တော့ နေမကောင်း၍ ဆေးရုံတက်နေကြောင်း သိရသည်။ နောက် ဦးတိုးအောင် ဆုံးသွားပြီဆိုတာ သိလိုက်ရ၏။

ငွေမှုံကတော့ ခံစားမှုကင်းမဲ့၍ နေပြီ။

သေခြင်းတရားသည်လည်းကောင်း၊ လောကဓံတရားသည် လည်းကောင်း ငွေမှုံ၏စိတ်ကို လှုပ်ရှားစေရန် မစွမ်းတော့။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းကို ခံစားတတ်သေးသော်လည်း လှိုက်လှိုက်လှဲလှဲ သိပ်မရှိတော့။

BURMESE CLASSIC .com

တည်ငြိမ်နေသော သူ၏ရင်ကို လှုပ်ခတ်အောင် လာလုပ်သူက ယနေ့ ရောက်လာသူဖြစ်သည်။ သူက ဦးတိုးအောင်၏ ညီတဲ့။

'ဘာတွေပြောလို့ ညည်းက ဒီလောက်တောင် ဒေါသဖြစ်နေရတာလဲ ငွေမှုံရယ်'

အမေက မေးသည်။

'သူတို့က ကျွန်မမှာ ကလေးတစ်ယောက်နဲ့ဆိုတော့ ငွေရေးကြေးရေး တောင်းဆိုလာမှာကို စိုးတယ်နဲ့ တူပါတယ်၊ အခု တစ်ခါတည်း ခွဲဝေ ပေးထားချင်တယ်တဲ့၊ နောင် မရှုပ်အောင်ပေါ့ အမေရယ်၊ ဒါပေမယ့် ကျွန်မဟာ ဒီကလေးကို ကိုယ့်သွေးသားအနေနဲ့ မွေးခဲ့တာ ဘာအတွက်မှ ခုတုံးမလုပ်နိုင်ပါဘူး၊ ဒါကိုပြောတာ အမေ၊ သူတို့က ကျွန်မကို သာမန် မိန်းမလို့ ထင်နေကြတယ်'

အမေက ခေါင်းတဆတ်ဆတ်ညိတ်သည်။

'အင်း ဒုက္ခ ဒုက္ခ၊ မိစိန်သုံ လုပ်ခဲ့တဲ့ စနက်မီးတွေက မငြိမ်း သေးပါလားနော်'

ဒေါ်စိန်သုံတစ်ယောက်ကတော့ သူ့ဘဝမှာ တစ်ယောက်တည်း ထင်ရာစိုင်း၍နေပြီ။ သူ့ကို အားလုံးက ဝိုင်းပယ်ထားလည်း သူက ပန်းပန်မပျက်။ လောကတွင် လူအမျိုးမျိုး ရှိသည့်အနက် ဒေါ်စိန်သုံလို လူမျိုးကတော့ လောကကြီးတစ်ခုလုံး ဘာဖြစ်နေနေ သူ့လောဘ ဒေါသတွေ အောက်မှာ တစ်ယောက်တည်း နေတတ်သူသာ ဖြစ်လေသည်။

ငွေမှုံတစ်ယောက်မှာသာ ဘဝ၏ ဆုံးရှုံးမှုတွေကြားမှာ ရုန်းကန် နေရဆဲဖြစ်သည်။ ယခင်က စုဆောင်းထားသမျှလေးတွေမှာလည်း တစ်စ တစ်စ လျော့ပါးခဲ့ပြီ။ ယခုအချိန်မှာ ငွေမှုံသည် ရွာကိုပြန်ဖို့သာ စိတ်စောနေ၏။ သမီးလေး အခါလည်ပြည့်လျှင် ငွေလေးနည်းနည်းပါးပါး ရအောင် ပြန်ရှာကာ ရွာကို ပြန်ပြီး ဇာတ်မြှုပ်နေတော့မည်ဟု စိတ်ကူးလေသည်။

BURMESE CLASSIC .com

ယနေ့ သူ ခံစားချက်မရှိတော့သော အတိတ်ကို ထပ်မံ တူးဆွမည့် လူတစ်ယောက် ရောက်လာသည့်အတွက် ငွေမှုံ့ရင်မှာ ဒေါသလှိုင်းဂယက်တွေ ရိုက်ခတ်ရပြန်လေ၏။

\+ \+ \+

'ကျွန်မ ပြောပြီးပြီပဲ ကိုသောင်းဖေ၊ ကျွန်မအတွက်ကော သမီးအတွက်ပါ ဘာမှ မလိုဘူး၊ ခုလဲ မလိုဘူး၊ နောင်လဲ မလိုဘူး၊ စိတ်ချ'

လက်တစ်ဖက်က ချိန်ခွင်ကို မရင်း တစ်ဖက်က အလေးကို ချိန်ခွင်ခွက်ထဲ ပစ်ထည့်ကာ ပြောလိုက်သည်။ ဈေးဝယ်သူက အာလူးများကို ရွေးရာမှ မော့်ကြည့်သည်။ နေမြင့်၍ ဈေးကွဲလုပြီ။

'ဟုတ်ပါတယ်၊ ကျွန်တော် သဘောပေါက်ပြီးသားပါ မငွေမှုံ၊ မငွေမှုံရဲ့ မာနကို ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာလဲ လုပ်စရာ အကြွေးတစ်ခုက ကျန်သလို ဖြစ်နေတယ်၊ ဒါမလုပ်ရမချင်း ကျွန်တော် ကျေနပ်မှာ မဟုတ်ဘူး၊ အစ်ကိုကြီး မသေခင်က အတန်တန် မှာသွားတာ၊ မငွေမှုံကိုရော သမီးကိုရော သူနည်းနည်းလေးမှ စိတ်မချဘူး၊ မငွေမှုံကသာ သူ့ကို တစ်ဖက်သတ် အထင်မှားနေတာပါ၊ သူ မငွေမှုံကို တကယ် သံယောဇဉ်ရှိရှာပါတယ် မငွေမှုံရယ်၊ မငွေမှုံထင်သလို မငွေမှုံကို မတရား ကျော့ရုံကြံတာ မဟုတ်ပါဘူး'

ဦးတိုးအောင်၏ ညီဝမ်းကွဲ ကိုသောင်းဖေ တစ်ယောက် မငွေမှုံ နောက်ကို တကောက်ကောက် လိုက်နေခဲ့သည်။ သူက ရာဇဝင်ကြွေးကို ပေးဆပ်ချင်နေသည်။ မငွေမှုံ အတန်တန် ငြင်းသော်လည်း မငွေမှုံ၏ ဆိုင်ပေါ်ကို လိုသမျှကုန်တွေ လာလာပို့ပေးနေသည်။ ယခုမှ ငွေမှုံသည်လည်း ဘဝကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရ၏။ ငွေရင်းမရှိဘဲ အရောင်းအဝယ်

BURMESE CLASSIC .com

လုပ်စားရသည့် ဘဝကို ကိုယ်တွေ့ကြုံရမှ စာနာမိသည်။ ကုန်သည်ကြီးတို့၏ လက်ဝေခံမျှသာတကား။

ငွေမှုံကတော့ ခွဲမလျှော့ပါ။ သူတကာ အထက်ကလည်း နေခဲ့ဖူးပြီပဲ။ ယခုလို ကိုယ့်အားကိုယ်ကိုးရတော့လည်း မည်သူ့ကိုမျှ မမှု။ သို့သော် ကိုသောင်းဖေက ကလေးကို အကြောင်းပြုပြီး အတင်းဝင်ထွက်နေသည့် အတွက် စိတ်ညစ်သည်။ အစ်ကိုပြီးတော့ ညီ ဟူသည့် အဖြစ်မျိုးကိုလည်း အရောက်မခံနိုင်ပေ။ သို့သော် ကိုသောင်းဖေ စိတ်က သူ့အစ်ကိုထက် ဖြူစင်သည်ကိုတော့ သတိထားမိသည်။ အထူးသဖြင့် သမီးအပေါ် အလို လိုက်မှုက ကြီးမားလှသည်။

'ဘာပဲဖြစ်ဖြစ် ကျွန်မ ဘဝကတော့ ပျက်စီးခဲ့ပြီပဲ'

တာမွေဈေးတစ်ဝိုက်မှာ လူတွေ ကျဲပါးစပြုသည်။ ငွေမှုံသည် တောင်းတွေ ဇလားတွေထဲမှာ ပွရောင်းနေသော ကုန်စည်များကို နေသား တကျဖြစ်အောင် ပြုပြင်နေသည်။ ကိုသောင်းဖေသည် ဆိုင်ရှေ့မှာ တင်ပါးလွှဲ ထိုင်လျက်။ ဆိုင်နီးနားချင်းတွေကတော့ သူတို့နှစ်ယောက်ကို အမြင်ရိုးလှ နေပြီ။

'တကယ်တော့အစ်ကိုကြီးကလဲ အိမ်ထောင်ရေး အဆင်မပြေခိုက်မို့ ကြုံရတာပါ မငွေမှုံ'

'ဒါမျိုးက ပြောနေကျ စကားတွေပါတော်၊ ကိုယ့်ဟာ ကိုယ် နောက်မိန်းမ ယူချင်တိုင်း ဒီလိုချည်း ပြောနေကျပဲ'

ငွေမှုံကချက်ကျကျ ပြန်ပြောလိုက်သည်။ တကယ်တော့ အစ်ကို ကြီး၏ တာဝန်ပေးချက်အရ မငွေမှုံကို တွေ့အောင် ရှာခဲ့ရသော်လည်း ကိုသောင်းဖေ စိတ်ထဲမှာ သည်လိုမိန်းမတစ်ယောက်ကို အထင်ကြီးခြင်း မဖြစ်မိတာ အမှန်ပင်။ သို့သော် ငွေမှုံဆိုသည့် မိန်းမငယ်ကို တွေ့လိုက် ရတော့ ရှိသင့် ရှိအပ်သော မာနနှင့် သိက္ခတရားကိုပါ မြင်ရသည့်အတွက်

BURMESE CLASSIC .com

သူ့ရင်ထဲမှာ လေးစားသွားမိ၏။ သူပေးသော အကူအညီများကို ခါးခါးသီးသီး ငြင်းပယ်နေသည့်အတွက်မူ စိတ်ပျက်မိလေသည်။ သူက အစ်ကိုကြီးလို ကုန်သည်ပွဲစားတစ်ယောက်လည်း မဟုတ်။ အစ်ကိုကြီး၏ အလုပ်လေးများကို လက်စသိမ်းပေးရန် လာရောက်ခဲ့ရသော်လည်း သူ့အလုပ်က သာမန် ဆန်စက်မန်နေဂျာလေးတစ်ယောက် ဖြစ်၏။

အစ်ကိုကြီး၏ရင်သွေးလေးကို မြင်ရပြန်တော့ သူ့ရင်မှာ လှုပ်ရှားရပြန်သည်။ အစ်ကိုကြီး၏ မိန်းမမှာ သူတို့ဆွေမျိုးထဲကပင်ဖြစ်ပြီး ငွေကြေးအားဖြင့်လည်း တောင့်တင်းသူများ ဖြစ်သည်။ အစ်ကိုကြီးတို့ အိမ်ထောင်ရေးမှာ စီးပွားရေးအရ ပေါင်းစပ်ခဲ့သူများပီပီ တစ်ယောက်နှင့် တစ်ယောက် လိုက်လျောမှုထက် မာနဖုံးသော အမြင်များက အမြဲရှိနေခဲ့သည်။ ဤအကြောင်းများကို သိခဲ့ရသော်လည်း သူက မိဘများ မရှိကတည်းက အဝေးရောက်နေသူမို့ စိတ်ဝင်စားခြင်းလည်း သိပ်မရှိခဲ့။ ယခု အစ်ကိုကြီး ဆုံးပါးသွားလေတော့ အစ်ကိုကြီးမိန်းမက သူ့ကို တာဝန်တစ်ခုပေးပြန်သည်။ အကြောင်းက မငွေမှုံနှင့် ကလေးတစ်ယောက်ကိစ္စကို ပြီးပြတ်အောင် ရှင်းလင်းခိုင်းခြင်းပင် ဖြစ်သည်။

သူကတော့ အစ်ကိုကြီး မသေမီက ပြောဖူးသော စကားများကို အမှတ်ရကာ မငွေမှုံကို တွေ့အောင်ရှာခဲ့ရသည်။

'ငါတော့ ကိစ္စတစ်ခုကို လွယ်လွယ်ဆုံးဖြတ်ပြီး လုပ်မိပြီ သောင်းဖေ၊ နောက်မှ ငါ မှားမှန်းသိတယ်၊ ခုတော့ ကောင်မလေးမှာ ကလေးတစ်ယောက်လဲရနေပြီ၊ သူတို့ သားအမိကို ငါ သနားတယ်၊ ငါသာ တစ်ခုခုဖြစ်သွားရင် ဒုက္ခပဲ'

'ဒီတော့လဲ ကျွန်တော်ဆက်ပြီး တာဝန်ယူလိုက်မှာပေါ့ အစ်ကိုကြီးရာ'

သည်တုန်းက အစ်ကိုကြီးကို ဆေးရုံပေါ်မှာ နောက်သလို ပြောင်သလိုနှင့် ပြောမိခြင်းသာ ဖြစ်သည်။

မငွေမှုံကို တွေ့ရတော့ သူ ပိုအံ့သြမိ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝကို ဆုံးရှုံးရသူမို့လား မသိ။ မငွေမှုံမျက်နှာသည် ဆွေးရိပ်ထင်သော်လည်း တင်းမာနေသည်။ သူ့သမီးလေးကိုလည်း သူတော်တော်ချစ်ပုံရသည်။ မိခင်တစ်ယောက်၏ ကြွံကြွံခံ ရပ်တည်လိုသည့် အသွင်ကိုမြင်ရတော့ သူ လေးစားမိပြန်သည်။

သူ မငွေမှုံကို စတွေ့တွေ့ချင်း မငွေမှုံ၏ အထင်အမြင်လွဲမှားစရာကို စတင်ပြောဆိုမိသည့်အတွက် သူနောင်တရ၍ မဆုံးပေ။ အစ်ကိုကြီးမိန်းမ စေခိုင်းချက်ကို စတင်ဆောင်ရွက်လိုက်မိသည်က သူ့အမှားပင် ဖြစ်လေသည်။

ယခုထက်တိုင် မငွေမှုံက သူ့ အကူအညီကိုသော်လည်းကောင်း၊ သူ့ စေတနာကိုသော်လည်းကောင်း၊ ခါးသီးစွာ ငြင်းဆန်ဆဲဖြစ်သည်။ သို့သော် မငွေမှုံ ရုန်းကန်နေရသည့် ဘဝကို သူများစွာ ကရုဏာသက်မိလေသည်။ ထို့ကြောင့်လည်း တတ်အားသမျှ တစ်ဖက်တစ်လမ်းက ကူညီရသည်။ လိုအပ်သော ကုန်များကို လူကြားဖြင့် ပို့ပို့ပေးရသည်။ သည်အထိတော့ သူ အောင်မြင်သည်။

'ကဲပါ မငွေမှုံရယ်၊ ငွေကြေးကို လက်မခံချင်လဲနေပါ၊ ကလေးအတွက် ပေးတာတွေကိုတော့ လက်ခံဖို့ကောင်းတယ်၊ တကယ်တော့ သူလေးဟာ ကျွန်တော့် သွေးသားပါပဲ'

ကိုသောင်းဖေ ပြောသည်ကတော့ မှန်သည်။ ကလေးကတော့ သူတို့သွေးသားပါပဲ။ ကိုသောင်းဖေက ကလေးအတွက်လိုအပ်သည်များကို ဝယ်ခြမ်းပြီး လာဖန်များတော့ မငွေမှုံ စိတ်နည်းနည်းပျော့ပျောင်းသွားသည်။

BURMESE CLASSIC .com

ပြီးတော့ ကိုသောင်းဖေက လူငယ်လူရွယ်ဖြစ်၏။ ဦးတိုးအောင်ထက် ဖြောင့်မတ်ပုံလည်း ရသည်။

'ကလေးအတွက်မို့ ကျွန်မ ဒီတစ်ခါယူထားလိုက်မယ်၊ ဒါပေမယ့် နောက်တော့ ခဏ ခဏ မလာပါနဲ့တော့ ကိုသောင်းဖေ၊ ကျွန်မလဲ ပတ်ဝန်းကျင်က တစ်ခါထက် နှစ်ခါ သူများအပြောအဆို မခံနိုင်တော့ဘူး'

'စိတ်ချပါ၊ ကျွန်တော်လဲ အစ်ကိုကြီးရဲ့အလုပ်တွေ လက်စသိမ်းပြီးရင် ဟသ်ာတကို ပြန်တော့မှာ'

'ရှင်၊ ဘယ်ကို'

'ဟသ်ာတကိုလေ၊ ဟသ်ာတက ဦးလေးရဲ့ ဆန်စက်မှာ ကျွန်တော် လုပ်နေတာ၊ ဒါထက် မငွေမှုံကရော ဟသ်ာတ ဇာတိဆို'

'ဟင့်အင်း မဟုတ်ပါဘူး'

ကိုသောင်းဖေက သည်တစ်ခါ သူ၏ရည်ရွယ်ချက်အောင်မြင်သွားသဖြင့် ကျေနပ်နေသည်။ ကလေးအတွက် လိုအပ်မည်ထင်သမျှ ပစ္စည်းလေးတွေကို သူ စုဆောင်းပေးခဲ့ပြီ။ ကလေး၏ ရှေ့ရေးကိုလည်း တာဝန်ယူဖို့ သူ စိတ်ကူးပြီးသား။ သို့သော် ယခုတော့ သည်မျှနှင့်ပဲတော်ဦးမှ ဖြစ်မည်။

'ကျွန်တော်သွားမယ် မငွေမှုံ၊ နောက်လဲ ကျွန်တော့်ကို အကူအညီလိုရင် မှာပါဗျာ၊ ကျွန်တော် သဘောရိုးနဲ့ ပြောတာပါ၊ ကျွန်တော့်ကို သွေးရင်းသားရင်းလိုပဲ အောက်မေ့ပါ'

'ဟုတ်ကဲ့'

ကိုသောင်းဖေသည် သူ့ဆိုင်လေးထဲမှ ပေါ့ပါးစွာ ထွက်ခွာသွားလေသည်။ မငွေမှုံက အမှတ်မထင် ထိုသူ့ကျောပြင်ကို ငေးမောကြည့်ရှုနေမိ၏။ ပြီးတော့ သက်ပြင်းကိုလည်း မသိမသာချမိလေသည်။

www.burmeseclassic.com

# ၉

ငါ စာရေးလိုက်တယ် ငွေမှုံ၊ ညည်းအကြောင်းတွေ ငါ ကြားရတာလဲ စိတ်မကောင်းဘူး။ ညည်း အခု ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေတယ်ဆို။ ရန်ကုန်မြို့ဆိုတာ ငွေနဲ့ကြေးနဲ့ နေနိုင်လုပ်နိုင်မှ တန်ကာကျတဲ့ အရပ်ပါအေ။ ဒုက္ခ ရောက်တာချင်းအတူတူတော့ သူတစ်ပါး ရပ်ရွာမှာမနေပါနဲ့။ ကိုယ့်အရပ် ကိုယ့်ဒေသမှာ လုပ်ကိုင်စားနိုင်သားပဲ။ ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါနဲ့။ ကိုယ့်ဘဝရပ်တည်ဖို့က အရေးကြီးတယ်။ ကလေးကိုပါခေါ်ပြီး ညည်းဆက်ဆက်ပြန်လာခဲ့။ ငါလဲ နာတာရှည်ရောဂါသည်ကြီးဖြစ်နေလို့ ပါးစပ်နဲ့ပဲ အလုပ်လုပ်နိုင်တော့တယ်။ ညည်းပြန်လာရင် ငါ့မှာ တအားပဲ။ ဆက်ဆက်ပြန်လာပါ။

**ဒေါ်လေးခ**

ဒေါ်လေးခ၏ မညီမညာရေးလိုက်သော စာလေးက ငွေမှုံ၏ စိတ်ကို တဖွဖွ ဆွဲဆောင်လျက်ရှိသည်။ သည်တစ်သက်မှာ သည်လို

BURMESE CLASSIC .com

အခြေအနေနှင့် ရွာကို မပြန်ဟု ဆုံးဖြတ်ခဲ့သော ငွေမှုံ။ တကယ်တော့လည်း ဒေါ်လေးခပြောသလိုပင် ရန်ကုန်မြို့ပေါ်မှာ ငွေအရင်းအနှီးမရှိဘဲ ရောင်းဝယ်စားသောက်ရတာ မျက်နှာငယ်လှသည်။

ငွေမှုံ ဘဝကိုတော့ အရှုံးမပေးချင်သေးပါ။ တတ်စွမ်းသမျှ ရုန်းကန်ကြည့်ချင်သေးသည်။ သမီး၏ ဘဝကို ဆက်ပေးရမည်။ သမီး၏ ဘဝကို သာသာယာယာဖြစ်စေရန် သူ့မှာ ခွန်အားရှိဖို့လိုသည်။

ဟင်္သာတမှာဆိုလျှင်တော့လည်း သူ လုပ်တတ် ကိုင်တတ်သည်သာ။ သူက ပတ်ဝန်းကျင်ကို ရင်ဆိုင်ရန် ကြောက်နေခဲ့ခြင်းသာဖြစ်၏။ ဒေါ်လေးခ ပြောသည့်အတိုင်းဆိုတော့လည်း မှန်နေပြန်သည်။ ကိုယ့်ဘဝ အခြေချနိုင်ဖို့က အရေးကြီးသည်ပဲ။

ယခု ငွေမှုံ ဈေးထွက်ရောင်းတော့ ကလေးကိုလည်း အမေနှင့် ထားပစ်ခဲ့ရသည်။ ဟင်္သာတမှာဆိုလျှင်တော့ ရင်အုပ်မကွာထားနိုင်မည်သာ။ သည်တော့ ငွေမှုံ သူ့နေရာဟောင်းသို့ ပြန်ရန် ဆုံးဖြတ်ရပြန်သည်။

အမေလည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ခွင့်ပြုသည်။

'အေးလေ ညည်းလဲ ပင်ပင်ပန်းပန်း ရှာဖွေရတာချင်းအတူတူ ဟိုမှာဆို ပိုအဆင်ပြေနိုင်တာပေါ့၊ အမေတို့ဆီတော့ လာချင်ရင် အချိန်မရွေးလာခဲ့၊ အမေလဲနေရလှ ဒီတစ်နှစ်ပါပဲအေ'

ငွေမှုံသည် သူ့ဘဝမှာ မမျှော်လင့်ဘဲ ပြန်လည်အသက်ရှင်ခဲ့သည့် မိခင်တစ်ဦးအတွက် ရင်မှာ လှုပ်ရှားခြင်းပြင်းစွာဖြင့် ငိုကြွေးကာ နှုတ်ဆက်ကန်တော့လိုက်သည်။ အမေနှင့် မိပြုံးသည် ငွေမှုံနှင့် ကလေးကို မခွဲချင်ဘဲခွဲ၍ လွှတ်လိုက်ရ၏။ သွားခါနီးမှာ အမေက စကားတစ်ခွန်း ဆိုသည်။

'မောင်အောင့်ကို ညည်း တကယ် နှစ်သက်လို့ယူတယ်ဆိုတာ ငါ ယုံတယ် ငွေမှုံ၊ ဦးတိုးအောင်ကိုတော့ ညည်း ယူသာ ယူရတယ် မေတ္တာ

BURMESE CLASSIC .com

မရှိဘူးဆိုတာလဲ ငါသိတယ်၊ ညည်းငယ်ငယ်လေး ရှိသေးတယ်၊ ကိုယ့်ဘဝမှာ တကယ်အားကိုးအားထားရမယ့်သူ၊ မေတ္တာလဲရှိတဲ့သူဆိုရင်တော့ ယူပေါ့ အေ’

‘ကျွန်မ ဘာမှ စိတ်မကူးတော့ဘူး အမေ၊ သမီးအတွက် ကျွန်မ ဘာသာ ရုန်းကန်ရမယ်’

‘အေးလေ၊ နေနိုင်ရင်တော့လဲကောင်းတာပေါ့၊ ဒါထက် ငါ့သမီး စိတ်ဆိုးမှာစိုးလို့ ငါမပြောတာ၊ ကလေးအတွက် မောင်သောင်းဖေက ပေးထားတဲ့ ငွေတစ်ထောင်ရှိတယ်၊ ငါလဲ တစ်နေ့ ကလေးပညာရေးမှာ သုံးရအောင်ဆိုပြီး သိမ်းထားလိုက်တယ်၊ ခုတော့ ညည်းယူသွား ငွေမှုံ၊ အရင်းအနှီးလုပ်ပေါ့’

မငွေမှုံ အံ့ဩသော်လည်း လက်မခံချင်သည့်ငွေကိုပင် လက်ခံယူလိုက်ရသည်။

‘ခက်တယ် အမေ၊ အဲဒီလူကလဲ ဟသ်ာတမှာ အလုပ်လုပ်တယ်တဲ့’

အမေ ပြုံးသည်။ ရှားရှားပါးပါး အပြုံးပင် ဖြစ်၏။

‘ငါ သိပြီးပါပြီ၊ ဦးတိုးအောင်ကလဲ ခုနဖြူသားကိုးအေ့၊ နောက်မှသာ မန္တလေးမှာ အခြေစိုက်ကြတာ’

ငွေမှုံ သက်ပြင်းချမိသည်။ လောကကြီးက ကျဉ်းမြောင်းလှပါ ကလား။

‘ကျွန်မက အတိတ်ကို လုံးလုံးမေ့ပစ်ချင်တယ်၊ ဒီလူနဲ့တွေ့ရဦးမယ်’

‘ဟဲ့ ငွေမှုံ လူဆိုတာ မခေါ်ချင်လို့သာနေလို့ရ၊ မတော်ချင်လို့ မရဘူးတဲ့၊ သူလဲ သူ့တူမလေးကို ချစ်လွန်းလို့လာလာနေရှာတာ၊ အိမ်မှာ ညည်းမရှိရင် ကလေးကိုလာလာကြည့်နေတာအေ့၊ သူလဲ မိန်းမတော့ ရဖူးပါတယ်၊ ကလေးမရှိဘူးတဲ့၊ မိန်းမလဲ ဆုံးသွားတယ်တဲ့’

ငွေမှုံ ငိုင်နေမိသည်။ သူ့ဘဝတွင် ကုန်သည်လောကမှ ယောကျ်ား များစွာနှင့် ဆက်ဆံဖူးသော်လည်း စီးပွားရေးအရသာ အပြုံးမပျက် ပေါင်းသင်းခဲ့သည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ စိတ်ဝင်စားခြင်းမရှိခဲ့။ ဦးတိုးအောင်နှင့် နားယောင်၍ မလွဲမရှောင်သာ လက်ထပ်ခဲ့ရသော်လည်း နှစ်လိုခြင်း မရှိလှ။ ယခု ဦးတိုးအောင်၏ ညီနှင့် လာပတ်သက်နေရပြန်သည်။ သူ့ကို မာနနှင့် ခပ်တင်းတင် ဆက်ဆံမိသော်လည်း သူ့အကြောင်းကို သတိရနေမိသည်။

သို့သော် ချက်ချင်းပင် မေ့ပစ်လိုက်၏။ သူ့ဘဝမှာ သမီးသာ အရေးကြီးသည်။ သမီးအတွက် သူတစ်ယောက်တည်းသာ တာဝန်ယူသင့် သည်။ သမီးသည် သမီးမိန်းကလေးလည်း ဖြစ်သည် မဟုတ်လား။

လောလောဆယ်တော့ သမီးအတွက်ပေးခဲ့သည့် ငွေတစ်ထောင်နှင့် ပင် ဟသ်ာတကို ပြန်ခဲ့ရလေတော့သည်။

\+ \+ \+

ဒေါ်လေးခကတော့ လူရောစိတ်ပါ ကျဆင်းလျက်ရှိသည်မို့ မာန်မာနတရား လည်း နည်းပါး၍နေပြီ။

'လူ့ဘဝဆိုတာ ဒီလိုပဲ ငွေမှုံ၊ ကိုယ်ဖြစ်ချင်တာလဲ မဖြစ်ရ၊ မဖြစ်ချင်တာလဲ ဖြစ်ရတာပဲ၊ ကိုယ်အစွမ်းရှိသမျှလေးနဲ့သာ လုပ်ကိုင် စားသောက်ပေတော့၊ ငါလဲညည်းပြန်ရောက်လာတာ အားရှိလှတယ်'

ဒေါ်လေးခ၏ ခန္ဓာကိုယ်သည်လည်းကောင်း၊ ဒေါ်လေးခ၏ ဈေးဆိုင်သည်လည်းကောင်း ဟန်မျှသာရှိတော့သည်။ သည်တော့လည်း ငွေမှုံ့စိတ်ထဲမှာ ဒေါ်လေးခ၏ တာဝန်ကိုပါ ထမ်းဆောင်ရမှာပါကလားဟု နားလည်ရတော့သည်။ ဒေါ်လေးခ၏ ကျေးဇူးတွေကလည်း သူ့အပေါ် တင်ရှိခဲ့သည် မဟုတ်ပါလား။

BURMESE CLASSIC .com

အစက ပြန်စရသည်ဆိုခြင်းမှာ တကယ်ပင်ဖြစ်တော့၏။ ယခင် ဒေါ်လေးခနှင့်အတူ ရောင်းဝယ်စားသောက်ခဲ့ရသော ဘဝသည် အိပ်မက် မျှသာ ဖြစ်တော့သည်။ ယခု အရာရာကို ပြန်လည်စတင်ရလေသည်။ သို့သော် ယခင်အခြေအနေကို ပြန်ရောက်ဖို့ကား မလွယ်တော့။ သို့သော် ငွေမှုံ လွယ်လွယ်နှင့်တော့အရှုံးမပေးပါ။ ရောဂါသည် ဒေါ်လေးခနှင့် လင်နှစ်ယောက်ရပြီးသော ငွေမှုံတို့၏ ဆိုင်သည်လည်း ယခင်က မြို့ပေါ်မှာ လျှမ်းလျှမ်းတောက်ခဲ့သော အရွယ်ကောင်း ဒေါ်လေးခနှင့် လှပတင့်တယ် သော မိန်းမချောလေး ငွေမှုံတို့၏ ဆိုင်လောက် မျက်နှာပန်းမလှတော့ပေ။

ငွေမှုံ့ကို ကူညီမစမည့်သူကတော့ တစ်ထောင့်တစ်နေရာမှ ပေါ်လာ ရစမြဲ။

ယခုလည်း ငွေမှုံ့ မသိစိတ်က မျှော်လင့်ခဲ့သည့်အတိုင်း ငွေမှုံ ပြန်ရောက်သည်ကို သိသည်နှင့် ကိုသောင်းဖေတစ်ယောက် ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာခဲ့သည်။

'မငွေမှုံဟာ အစ်ကိုကြီးရဲ့ မိန်းမဆိုပေမယ့် ကျွန်တော့်ထက် ငယ်ပါတယ်၊ ကျွန်တော့် ညီမတစ်ယောက်လိုပဲကျွန်တော် ကူညီပါရစေ'

လောကအတွေ့အကြုံ ရင့်ကျက်သော်လည်း အသက်အရွယ်အားဖြင့် ငယ်သေးသော ငွေမှုံက သာယာပျော့ပျောင်းသော ကိုသောင်းဖေ၏ စကားများမှာ ကြည်နူးခြင်းဖြစ်တတ်လာတာကိုတော့ ကိုယ့်စိတ်ကိုကိုယ် ဝန်ခံမိရသည်။

သည်တော့လည်း မလွှဲမရှောင်သာသည့် အကြောင်းများကို အရင်းခံ ပြီး သူ့ဆီမှ အကူအညီများကိုလည်း ယူရပြန်လေ၏။ သြော်၊ ငွေမှုံ့ဘဝမှာ ယောကျ်ားသားတွေနှင့်လည်း မကင်းပဲ မကင်းနိုင်ပါတကား။

BURMESE CLASSIC .com

သို့သော် သမီးကတော့ ယခုမှ လောကကို မပီကလာ စူးစမ်းဆဲ။

သမီး၏ မျက်နှာက ငယ်ငယ်ရွယ်ရွယ် ပီဘိကလေးငယ်ဘဝမှာပင် တင်းမာနေတတ်တာ သတိထားမိသည်။ သန္ဓေပါစိတ်ကြောင့်ပေပဲလား မသိ။ သမီးက လူတိုင်းကို လွယ်လွယ်နှင့်မယုံကြည်တတ်တာကို စတင် သိလာရသည်။

'ဟေး သမီး၊ ဟောဒီမှာဟေ့၊ ဦးဦး ရန်ကုန်ရောက်လို့ သမီး အတွက် မုန့်တွေဝယ်လာခဲ့တယ်၊ ရော့ လာယူစမ်းပါဦး'

ငယ်ငယ်က ကိုသောင်းဖေလာလျှင် သမီးက ပြေးယူဆီးကြိုမြဲဖြစ် သော်လည်း စကားကောင်းကောင်းပြောတတ်သည့် အချိန်ကစပြီး သမီး မျက်လုံးများက စိမ်းကားစ ပြုလာသည်။

'အဲဒီမုန့်တွေ သမီးမကြိုက်ဘူး ဦးဦး'

ကိုသောင်းဖေ မျက်နှာပျက်သွားသည်ကို ဈေးရောင်းနေသော ငွေမှုံက မြင်ဖြစ်အောင် မြင်လိုက်သည်။ သမီး၏ လေသံက မာနေသည် ကိုလည်း သတိထားလိုက်မိသည်။

'သမီးက ခါတိုင်းတော့ ပဲမုန့်ကြိုက်တယ်ဆို'

ငွေမှုံက လေပြည်လေးဖြင့် ဝင်ပြောလိုက်၏။

'အခု မကြိုက်တော့ဘူး အမေ'

ငွေမှုံက ဈေးရောင်းရာက ထလာသည်။ သမီး၏ ဂါဝန်ဖားဖား ကို တို့ခတ် ကစားလိုက်သည်။ သည်နှစ် သမီး သုံးနှစ်ပြည့်တော့မည်။

'သမီးက အခုဘာကြောင့် မကြိုက်တော့တာလဲ၊ ပြောပါဦးကွယ်'

ငွေမှုံ၏ စကားပြေထိုးမှုကို သမီးက ဂရုမစိုက်ပေ။

'ဘာမှမဖြစ်ဘူး၊ သမီး မကြိုက်တော့လို့'

ကိုသောင်းဖေက တဟဲဟဲရယ်ကာ သမီးကို တစ်ချက်နမ်းဖို့ ကြိုးစားသည်။ သမီးက မရုန်းသော်လည်း မျက်နှာကို ခပ်ဖယ်ဖယ် လုပ်နေသည်။

'မငွေမှုံ သမီးက မာနခဲဗျ၊ မငွေမှုံနဲ့ သိပ်တူတယ်'

ဩော် သည်တုန်းကတည်းက သမီးဟာ သူငယ်ငယ်ကလိုပဲ လောကကို ခပ်ရွဲ့ရွဲ့လေး အေးစောင်းတိုက်တော့မည်ရယ်လို့ သူ စိတ်ထင့် မိသား။

www.burmeseclassic.com

# ၁၀

လောကဓံ၏ မည်သို့သော အလှည့်အပြောင်းကိုမျှ ငွေမှုံ မတုန်လှုပ်တော့ဟု ထင်ခဲ့မိသည်။ သို့သော် တကယ်တမ်းကျတော့လည်း ငွေမှုံ သောကမီးကို ငြိမ်းအောင် မတတ်နိုင်သေး။ အမေသေတော့ သူ့ဘဝမှာ တွယ်တာခဲ့ရသော ယောက်ျာမဆိုသော်လည်း မိခင်လို အားကိုးခဲ့ရသော လူသားတစ်ယောက်အတွက် မျက်ရည်ကျမိသည်။

နောက်များမကြာမီ ဒေါ်လေးခ ဆုံးတော့သည်။

ငွေမှုံယူကျုံးမရခဲ့။ သေခြင်းတရားသည် ကြီးသူကိုရော၊ ငယ်သူကိုပါ ဦးတည့်ရာ ခေါ်ဆောင်နေပါကလား။ သူ့ဘဝမှာ သေခြင်းတရားနှင့် ကြုံရဆုံရပေါင်းများပြီ။ ခံနိုင်ရည်ရှိအောင် ကြိုးစားသည့်ကြားကပင် သောကကို မပယ်ဖျက်နိုင်ခဲ့။ ဒေါ်လေးခ၏ ကျေးဇူးတရားကိုပင် သူ ကုန်စင်အောင် မဆပ်သေး။ ယခု သေမင်းက ခေါ်ဆောင်သွားပြန်သည်။

လူ့ဘဝကြီးကား ဘာတစ်ခုမျှ မရေရာပါတကား။ တည်မြဲခြင်း ဆိုသည်မှာလည်း အလျှင်းမရှိ။ မည်သည့်အရာကိုမျှလည်း မြဲမြဲအောင်

BURMESE CLASSIC .com

ဆုပ်ကိုင်ထား၍ မရ။ သင်္ခါရတရားသည်လည်း တစ်ခါမက ကျရောက်နေသည်သာတည်း။

မုဆိုးမနှစ်ခါဖြစ်ခဲ့ရသော ငွေမှုံသည် ယခုလည်း တွယ်ရာမဲ့ရပြန်သည်။ သို့သော် အသက်အရွယ်အရ ကြီးရင့်ခဲ့ပြီဖြစ်သော ငွေမှုံသည် ယခင်ကလောက်တော့ ပဋာစာရီလူး မဖြစ်တော့ပေ။ ကိုအောင်မင်းနှင့်သူ၏ ပထမဆုံးရင်သွေးကို စွန့်လွှတ်ခဲ့ရစဉ်ကလောက် ပြင်းထန်ခြင်းမရှိတော့ပေ။

ဒေါ်လေးခ ဆုံးသည်ဆိုမှ ရွာကဆွေမျိုးလည်း စုံစုံလင်လင်ရောက်လာကြသည်။ ငွေမှုံ ရွာကိုမပြန်ခဲ့သည်မှာ ကြာခဲ့ပြီ။ သမီးကိုရင်မှာလွယ်ရကာစကပင် ရွာကို ခွာခဲ့သည်ပဲ။

သည်တစ်ခါ အစ်မ မရွှေမှုံက ငွေမှုံကိုဖက်ကာ ငိုးစွာငိုသည်။

'နေနိုင်ပါဘိ ငွေမှုံရယ်၊ ဘာကြောင့် ရွာကို ပြန်မလာသလဲ၊ ငါ့မှာ ညည်းအကြောင်းကို အမြဲစုံစမ်းနေရတယ်၊ ခု ဒေါ်လေးခ ဆုံးတယ်အကြောင်းကြားမှ ညည်း မသေသေးဘူးဆိုတာ သိရတော့တာပဲ'

မရွှေမှုံက နှာကျည်းစွာပြောသည်။ ငွေမှုံကတော့ အစစအရာရာပြောင်းလဲနေခဲ့သော သူ့ဘဝအကြောင်းတွေကို ပြောမပြချင်တော့။

'ဒါ နင့်သမီးလား ငွေမှုံ'

မရွှေမှုံက သမီးကိုကြည့်ပြီး ပြောသည်။ သမီးက သူတစ်ခါမျှမမြင်ဘူးသော အမျိုးတွေကို လိုက်ကြည့်နေသည်။ သည်တုန်းက သမီးအသက် ငါးနှစ်။

'ဟုတ်တယ်၊ သမီးလေ၊ သူ့နာမည်က သိန်းမြတဲ့'

မရွှေမှုံက သမီးကို တယုတယခေါ်ယူသည်။ သမီး၏ တင်းမာနေတတ်သော မျက်နှာသည်လည်း နည်းနည်းပျော့ပျောင်းသွားသည်။

'အမယ်လေး ကြီးလှပါပေါ့၊ ငါဖြင့် သားသမီးတစ်ယောက်မှ မရလို့ လိုချင်နေတာအေ၊ ဒီသမီးကိုပဲချစ်ရတော့မှာပ'

အစ်မ ရွှေမှုံသည် သေသူ ဒေါ်လေးခကိုပင် မေ့နေလေသည်။

'အမေက ကြီးကြီးတို့ရှိတယ်ဆိုတာ တစ်ခါမှ မပြောဘူး၊ ဦးလေး အကြောင်းပဲ ပြောတယ်၊ ဦးလေးကိုပဲချစ်ရမယ်တဲ့'

မငွေမှုံ မျက်နှာပျက်သွားသည်။

'ဟင်း၊ စကားတတ်လိုက်တာ၊ ရုပ်ကော အသံကော ညည်း ငယ်ငယ်ကအတိုင်းပါပဲလား အေ၊ ဒါထက် ဦးလေးဆိုတာ ဘယ်က ဦးလေးလဲ ငွေမှုံ'

ငွေမှုံ ဖြေရခက်နေသည်။ သူဖုံးကွယ်ထားလိုသော အတိတ်၏ အခန်းဆက်များကို ဖွင့်လှစ်ရပေဦးမည်။

'သူ့အဖေရဲ့ ညီပါတော်၊ ဒီမြို့က ဆန်စက်မှာ လုပ်နေလို့'

မရွှေမှုံမျက်နှာ နည်းနည်း ငိုင်သွားသည်။

'အေးလေ၊ဘာပဲဖြစ်ဖြစ် ကလေးကို ရွာနဲ့ အဆက်ဖြတ်မထားပါနဲ့ ငွေမှုံ၊ ရွာကလဲညည်းအကြောင်းကို မေ့နေကြပါပြီ၊ ခု ဒေါ်လေးခလဲမရှိတော့ ညည်းပြန်လာရင် ကောင်းမယ်၊ ငါတို့လဲလယ်လုပ်နေကြတာ အခြေအနေ ကောင်းပါတယ်၊ ကိုအောင်သူလဲ သားနဲ့ မယားနဲ့ လယ်နဲ့ယာနဲ့ ဖြစ်နေ ပါပြီ၊ ဒီလိုပဲဘဝကို ရုန်းကန်ရတာပေါ့အေ'

ငွေမှုံ ငေးနေသည်။

'ကျုပ် ခုနေတော့ ရွာကို ပြန်မလာချင်သေးဘူး အစ်မ'

မရွှေမှုံက ငွေမှုံ့ကို စိတ်စောစွာကြည့်သည်။

'ညည်းလဲ အမျိုးမျိုး ကြုံဖူးပြီပဲအေ၊ ဘာကိုများ မျှော်မှန်းနေသေး သလဲ၊ နောက်ဆုံးတော့ လူဆိုတာ မသေခင်အေးအေးချမ်းချမ်း နေရဖို့သာ အရေးကြီးတာပါ၊ ညည်းပဲမောင်နှမတစ်တွေ စုစုစည်းစည်း နေချင်တယ်ဆို'

BURMESE CLASSIC .com

ငွေမှုံ အဖြေမပေးနိုင်သေး။

ငွေမှုန့်ရင်ထဲမှာ ဖြစ်ပေါ်လှုပ်ရှားနေသော လှိုင်းဂယက်များကို ထုတ်ဖော်ရန် ခက်လှသည်တကား။

\+ \+ \+

'ခုလောက်ဆိုရင် ကျွန်တော့်အကြောင်းလဲ သိလောက်ပါပြီ မငွေမှုံရယ်၊ ကျွန်တော် မငွေမှုံနဲ့ သမီးအပေါ်မှာ သံယောဇဉ်ရှိလွန်းလို့ လာလာနေရတာ၊ ခုလို မငွေမှုံ ဒုက္ခရောက်တော့ ကျွန်တော် ပိုပြီး စိတ်မကောင်းဖြစ်ရတယ်'

'ကျွန်မအကြောင်းနဲ့ ကျွန်မသာ ရှိပါစေတော့ ကိုသောင်းဖေရယ်၊ ခုလဲ ကျွန်မအစ်မက ရွာကို ပြန်ခေါ်နေတယ်၊ ဒီမှာ တစ်ယောက်တည်း နေရမယ့်အတူတူ ပြန်သွားရ ကောင်းမလားလို့'

ကိုသောင်းဖေကတော့ မငွေမှုံကိုသာ အငေးသား ကြည့်နေမိသည်။ ရန်ကုန်တွင်နေစဉ်ကတော့ မငွေမှုံ၏ အသားများသည် ဖြူဝင်းနေသည်။ ယခု နေလောင်ထားသော မငွေမှုံ၏ အသားများသည် ညိုမောင်းနေသည်။ သို့သော် သေးသွယ်သော ခန္ဓာကိုယ်နှင့် သွက်သွက်လက်လက် လှုပ်ရှားတတ်သော မငွေမှုံသည် သူ့မျက်စိထဲတွင်တော့ ကြည့်ကောင်းသည်သာ။

'မငွေမှုံ ပြန်သွားရင် သမီးရဲ့ ပညာရေးက ဘယ်လိုလုပ်မလဲ မငွေမှုံ'

ကိုသောင်းဖေက တကယ်ပင် စိုးရိမ်ပူပန်ဟန်ဖြင့် မေးသည်။

'ဟိုမှာ ကျောင်းရှိပါတယ်၊ သမီးကိုတော့ ပညာတတ်အောင် သင်မှာပါ စိတ်ချပါ'

'မငွေမှုံကိုတော့ စိတ်ချပါတယ်၊ ဒါပေမယ့် ဒီမှာဆို ပိုမကောင်းဘူးလား၊ ကျွန်တော်လဲ ကူညီနိုင်မယ်လေ'

BURMESE CLASSIC .com

'သူ့တစ်ယောက်ကတော့ ကျွန်မ လယ်လုပ်ရင်း ကျောင်းထားနိုင်ပါတယ် ကိုသောင်းဖေရယ်'

ကိုသောင်းဖေက သူပြောလိုသော စကားတွေကို မျိုသိပ်ထားမြဲအတိုင်း မျိုသိပ်ထားလိုက်ရပြန်သည်။

သူတို့နှစ်ယောက် အတန်ကြာ ငြိမ်သက်နေကြ၏။ သို့သော် ငြိမ်သက်ခြင်းကို လှုပ်ရှားအောင်ပြုမည့်သူက ရောက်လာခဲ့သည်။

သိန်းမြသည် မျက်နှာထားတင်းတင်း နှုတ်ခမ်းစူစူနှင့် ဝင်လာခဲ့လေသည်။

ကိုသောင်းဖေကို မြင်တိုင်း သိန်းမြ နှုတ်ခမ်းစူခဲ့သည်မှာ ကြာခဲ့ပြီ။

'ဟော သမီး'

ကိုသောင်းဖေက ခေါ်မြဲအတိုင်း ခေါ်လိုက်သည်။

သိန်းမြက လှည့်မကြည့်။ သိန်းမြသည် ရုပ်ထဲရွာထဲတွင်လည်း ဒေါင်းတောက်အောင် ဆော့သည့်ကလေး။ လူတကာနှင့် ရန်ဖြစ်လားဖြစ်ရဲ့။ ပြီးတော့ လက်ကလည်း မြန်လိုက်သေးသည်။ မကြာခဏအတိုင်အတော ခံနေရသည်။ ပြောလျှင်တော့ ငွေမှုံ ငယ်ငယ်ကအတိုင်းပင်။

'ကျွန်မက ဦးဦးသမီးမှ မဟုတ်ဘဲနဲ့၊ ဘာဖြစ်လို့ သမီးခေါ်တာလဲ'

သိန်းမြနှုတ်မှ ရုတ်တရက် ထွက်လာသော စကားကြောင့် ငွေမှုံရော ကိုသောင်းဖေပါ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ သိန်းမြကတော့ ခပ်တည်တည်။

'ဘယ်လိုပြောလိုက်တာလဲ သမီး၊ ဒါ သမီး ဦးလေးပဲဟာ'

သိန်းမြက ငွေမှုံကိုလည်း မကြည့်။

'ဦးလေး ဦးလေးနဲ့ အိမ်ကို ခဏ ခဏလာနေတာ အမေ့ကို လိုချင်လို့လို့ ဈေးသည်မိန်းမကြီးတွေက ပြောနေကြတယ်'

BURMESE CLASSIC .com

သိန်းမြအသံက မာကျောလျက်ရှိသည်။ ကိုသောင်းဖေ အလွန်အမင်း မျက်နှာပျက်နေသည်။

'သိန်းမြ'

ငွေမှုံက နာမည်ကို မခေါ်စဖူး ခေါ်လိုက်သည်။

'ညည်း သူများတွေပြောတာကို ဘာမှ ပြန်ပြောစရာ မလိုဘူး၊ ဂရုလဲစိုက်စရာမလိုဘူး၊ ညည်း ကိုယ့်ဦးလေးကို ရိုရိုသေသေ ဆက်ဆံ၊ ငါ ဒါပဲပြောမယ်'

ငွေမှုံ့စကား၏ အဓိပ္ပာယ်အကျယ်အဝန်းကို သိန်းမြ သေသေချာချာ သိချင်မှ သိပေမည်။ သို့သော် ငွေမှုံ ဒေါသနှင့် ပြန်အော်သည်ကိုတော့ သိန်းမြက မကျေမနပ် ဖြစ်သွားသည်။ သည်ကတည်းက သားအမိ နှစ်ယောက်၏ ပဋိပက္ခက စတင်ခဲ့သည်ဟု ဆိုရမည်။

သိန်းမြသည် ခြေကိုဆောင့်၍ သူတို့အပါးမှ ထွက်သွားလေသည်။ ငွေမှုံ့ မျက်နှာမှာ ဒေါသ အခိုးအငွေ့တွေ မပျယ်သေး။ ကိုသောင်းဖေနှင့် မျက်နှာချင်းဆိုင်မိတော့ ငွေမှုံ့ မျက်နှာသည် ရဲခနဲဖြစ်သွားလေသည်။

'ကလေးကို ဆူမနေပါနဲ့ မငွေမှုံရယ်၊ ပတ်ဝန်းကျင်ဆိုတာကတော့ လိုရင်တစ်မျိုး မလိုရင်တစ်မျိုး ပြောတတ်ကြတာပဲ'

ငွေမှုံ နှုတ်ခမ်းနှစ်ခုကို တင်းတင်းစေ့ထားသည်။

'တကယ်တော့ ကျွန်မ အပြစ်ပဲ၊ ကျွန်မကလဲ သူများပြောစရာ ဖြစ်အောင် နေမိတယ်'

ငွေမှုံ မည်မျှပင်ငြင်းဆန်သည်ဖြစ်စေ ကိုသောင်းဖေ၏ အကူအညီ အထောက်အပံ့များကိုတော့ တစ်နည်းမဟုတ် တစ်နည်း ရယူခဲ့သည်သာ ဖြစ်သည်။

BURMESE CLASSIC .com

'ဒီလိုမဟုတ်ပါဘူး မငွေမှုံရယ်၊ မငွေမှုံမှာလဲ အရင်းနှီးဆုံး ဆွေမျိုးရယ်ဆိုလို့ ကျွန်တော်ပဲရှိတာ ကျွန်တော့်ကိုမှ အားမကိုးရင် ဘယ်သူ့ကို အားကိုးမလဲ'

'ကျွန်မတော့ ရွာကိုပြန်မှ ဖြစ်တော့မယ်'

\+ \+ \+

နောက်ပိုင်းက အကြောင်းတွေကိုတော့ ငွေမှုံ သိပ်မတွေးချင်တော့။

သမီးတစ်ယောက်အတွက် နေစရာမရှိဖြစ်ကာ ရွာကို ပြန်လာခဲ့ရသည်။ ကိုသောင်းဖေကိုလည်း သံယောဇဉ် အမျှင်မတန်းဖြစ်အောင် ကိုယ့်ဘာသာ နေခဲ့သည်။ ဒေါ်လေးခ၏ အိမ်နှင့် ပစ္စည်းအချို့ကိုရောင်းချရသည့်ငွေဖြင့် လယ်လေး ပြန်ဝယ်လေသည်။

သို့သော် သူ့ဘဝသည် ဘယ်တော့မှ ထင်သလို မဖြစ်ခဲ့။

သူ ဟသ်ာတကို တစ်ခေါက်ပြန်လာခဲ့ရ၏။ ကိုသောင်းဖေ တစ် ယောက် စက်ထဲတွင် ထိခိုက်ဒဏ်ရာရကာ ဆေးရုံတင်ရသည်ဆိုသည့် အကြောင်းကို ကြားရသောကြောင့် ဖြစ်လေသည်။ ကိုသောင်းဖေ ခြေထောက် အရိုးကျိုးသွား၍ အရိုးကိုဖြတ်ပြီး ပြန်ဆက်ရသည်။ ခြေထောက်တစ်ဖက် နိမ့်သွားကာ ဒုက္ခိတကြီးသဖွယ် ဖြစ်သွားလေသည်။

ငွေမှုံ၏ ရင်ထဲက မပြတ်သားသော တွယ်တာမှုကို ဖုံးကွယ်၍ မရတော့။

'သည်ပုံအတိုင်းဖြင့် ကျွန်မ ပစ်မထားခဲ့ချင်ပါဘူးရှင်၊ ရွာကိုသာ လိုက်ခဲ့ပါ၊ ကိုသောင်းဖေ ကျေးဇူးတွေ ကျွန်မတို့ သားအမိအပေါ်မှာ အများကြီးရှိပါတယ်'

ကိုသောင်းဖေက မငြင်းမဆန် လိုက်ပါလာခဲ့ခြင်းသည် ဘာကြောင့်လဲ၊ ယောကျာ်းတစ်ယောက်ဖြစ်လျက် လွယ်လွယ်နှင့် သူတစ်ပါးအရိပ်မှာ

ခိုလှုံရုံသက်သက်သာဟု မထင်ရက်တော့။ ငွေမှုံတို့ သားအမိအပေါ် ထားရှိသည့် မေတ္တာတရားကို ငွေမှုံ သိသည်။

သို့သော် သမီး သိန်းမြကတော့ မသိ။ သည်ကနေ့အထိလည်း သူ့ဦးလေး၏ စေတနာကို အသိအမှတ်မပြု။ သူ့ဦးလေးထံမှာ ပါလာသော ငွေကြေးဖြင့် ကျောင်းထားပေးသည်ကိုလည်း လက်မခံ။ နောက်ဆုံးတော့ ဦးလေးတော်သည်ဆိုသည့်အချက်ကိုပင် သိန်းမြ မယုံကြည်တော့ပေ။

ရွာက လူတွေကတော့ ကိုသောင်းဖေသည် တကယ်ပဲ သိန်းမြ၏ ဦးလေးတော် မတော် မည်သူမျှ မသိကြပေ။ သည်တော့လည်း သိန်းမြ၏ သံသယက ပို၍ပင် ကြီးထွားနေသည်။

ထိုသံသယကြားတွင် သူတို့သုံးယောက်သည် စုစည်း၍မရအောင် ဖြစ်နေကြလေသည်။

www.burmeseclassic.com

# အပိုင်း ၂

www.burmeseclassic.com

www.burmeseclassic.com

# ၁

ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံကို ဦးစွာကြားရသည်။

တိတ်ဆိတ်သော နံနက်ခင်းမှာ တောက်တောက် တောက်တောက် ဟူ၍ တဖြည်းဖြည်း ဆွဲငင်တိုးတိတ်သွားသော အသံလေးသည် နားထောင်၍ သာယာနာပျော်ဖွယ် ရှိလှပေသည်။ ကုလားတက်ခေါက်သံ၏ အဆုံးဝယ် ဘုန်းကြီးကျောင်းမှာ မှီခိုစားသောက်ကြကုန်သော ခွေးတစ်စု၏ တစ်ပြိုင်နက်တည်း ဆွဲဆွဲငင်ငင် အူလိုက်သံသည် နံနက်အရုဏ်ကို ပို၍ နှိုးဆော်လိုက်သလို ရှိတော့သည်။ အစားအစာအတွက် တမ်းတအော်မြည်လိုက်သော သတ္တဝါများ၏ အသံပေတကား။

မသုဓမ္မစာရီ အိပ်ရာမှ လူးလဲထလိုက်ရသည်။

ကျောင်းတိုက်တစ်ခုလုံးလည်း လှုပ်လှုပ်ရွရွနှင့် နိုးကြားလာကြပေပြီ။ မသုဓမ္မစာရီသည် ခြင်ထောင်ကြိုးများကို ဖြုတ်ကာ အိပ်ရာကို သပ်သပ်ရပ်ရပ် ပြုပြင်လိုက်၏။ နောက်ဆုံးအခေါက်က အမေဝယ်ပေးလိုက်သော မုဒုံစောင်လေးကို သပ်ရပ်စွာခေါက်ရင်း အမေတစ်ယောက် ရွာမှာ

BURMESE CLASSIC .com

အဆင်ပြေရဲ့လား၊ မောင်လေးစိန်သောင်း တစ်ယောက်ကော ကျောင်းမှ မှန်မှန်တက်ရဲ့လားဟု ပူပန်လိုက်မိလေသည်။ သူ့အတွေးထဲမှာ ချန်လှပ်ခဲ့သူ တစ်ယောက်တော့ ရှိသည်။ သူက ဦးလေးကိုသောင်းဖေ။ သတိမရတော့ မဟုတ်၊ အမေ့အကြောင်းတွေးလိုက်တိုင်း သူက ကပ်ပါလာတတ်မြဲပင်။

ဂိုက်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲချလိုက်သည်။ ပြီးတော့ မျက်နှာသုတ်တဘက်နှင့် သွားပွတ်တံ၊ သွားတိုက်ဆေး စသည်တို့ကို ယူ၏။ ခြေသံကို ခပ်ဖွဖွနင်းကာ အပြင်သို့ထွက်ခဲ့သည်။ အခန်းအပြင် ဘက်တွင် တန်းစီအိပ်ကြသော သီလရှင်လေးများအားလုံးနီးပါးလောက် အောက်သို့ဆင်းသွားကြပြီ ဖြစ်၏။ ဘုရားဝတ်တက်အမီ လျင်မြန်စွာ လှုပ်ရှားနေကြလေသည်။

ကိုယ်လက် သန့်စင်ပြီးသည့်နောက် စိတ်ထဲမှာလည်း လန်းဆန်း သွားသည်။ သို့သော် အမေ့ဆီက စာကိုဖတ်ပြီး စိတ်နှလုံးနောက်ကျူရသည့် အရှိန်က မပြေသေး။ ညကလည်း ထိုအကြောင်းတွေတွေးပြီး အိပ်ရေး ပျက်ခဲ့ရသည်။ တလူးလူး တလိမ့်လိမ့်နေလျှင် ဒေါ်ကြီးဘုရား ရိပ်မိမည်စိုး၍ အိပ်ရာထဲမှာ အသာလေးငြိမ်ပြီး နေရသည်။ စိတ်တွေကတော့ ပျံ့လွင့်ခဲ့ သည်သာ။

အလင်းရောင်သည် ကောင်းစွာ ဖြန့်ကျက်ခြင်း မပြုနိုင်သေး။ ဘုရားဆောင်မှ ဝတ်တက်သံ ပျံ့လွင့်၍လာသည်။

'မသုဓမ္မစာရီ'

အခန်းပြင်ဘက်မှ ပြန်ဝင်လာသော ဒေါ်ကြီးဘုရား၏အသံကို ကြားလိုက်ရသည်။ ဒေါ်ကြီးဘုရား မည်သည့်အချိန်ကအခန်းထဲမှ ထွက်သွား သည်ကို မသိလိုက်။ ဒေါ်ကြီးဘုရားသည် အမြဲတမ်း ရွှင်လန်းတက်ကြွစွာ လှုပ်ရှားတတ်သည်။

'ဘုရား'

ခေါင်းအုံးပေါ် အသာလေးပြန်လှဲမည်ပြုသော မသုခမ္မစာရီ ခေါင်းကို ချက်ချင်းပြန်ထောင်ပြီး လျင်မြန်စွာ ထူးလိုက်ရသည်။

'ဘုရားဝတ်မတက်ဘူးလား'

အသံ ခပ်အေးအေးဖြင့် မေးလိုက်သော်လည်း ကြောက်ရွံ့ရိုသေရမြဲ အရှိန်ရှိသည်မို့ ဖြေရှင်းဖို့ ချက်ချင်း ကြိုးစားနေရလေသည်။

'တင်ပါ၊ တပည့်တော် ခေါင်းထဲမှာ နည်းနည်းမူးနေလို့ပါ ဘုရား'

မုသားလည်းမမည်၊ အမှန်တရားဟုလည်း မဆိုသာသော စကားဖြင့် တုံ့ပြန်လိုက်သော်လည်း ဒေါ်ကြီးဘုရားကတော့ သိပြီးသား ဖြစ်နေမည်သာ။

'အေး အေး၊ နေမကောင်းရင်တော့လဲရှိပစေ၊ ဒါပေမယ့် တတ်နိုင် သမျှတော့ ဝတ်မပျက်စေနဲ့ သိလား'

'မှန်ပါ့ဘုရား'

ဒေါ်ကြီးဘုရားက ကိုယ်ပေါ်တွင် ကိုယ်ရုံကို သေသေသပ်သပ် ဖြစ်အောင် ရုံလိုက်သည်။ နံနက်လင်းသည်နှင့် ကျောင်းတိုက်မှ နာယက ဆရာကြီးများသည် ကိုယ်ရုံကို ကိုယ်ပေါ်မှ မခွာတော့။ သူတို့ ခန္ဓာကိုယ်မှာ အစဉ် သပ်ရပ်သန့်ရှင်းသော ကိုယ်ရုံဖြင့် တင့်တယ်နေတတ်သည်။ မသုခမ္မစာရီတို့ သီလရှင်ငယ်အများစုကတော့ ကျောင်းပေါ်ရောက်သည်နှင့် ကိုယ်ရုံကို ခွာချပြီး ဂိုက်ဖြင့်သာ နေတော့သည်။ မသုခမ္မစာရီ သီလရှင် ဝတ်စက ကိုယ်ရုံကြီး တကားကားဖြင့် နေရထိုင်ရသည်မှာ စိတ်အိုက်လှ၍ မျက်နှာကြီးက ရှုံ့မဲ့နေခဲ့မိသည်။ အလှူအတန်းရှိ၍ ကိုယ်ပေါ်မှာ ခေါင်းတင်ပတ်ကိုပါ ပတ်ရသည့်အခါ သာ၍အနေခက်တော့၏။ သည်တုန်း ကတည်းက ဒေါ်ကြီးဘုရားက မသုခမ္မစာရီကို ဘာကိုမျှ အပင်ပန်းမခံနိုင် သည်ကို ရိပ်မိခဲ့သည်။

BURMESE CLASSIC .com

'စာမေးပွဲကလည်း နီး၊ မဟာဒါန အလှူကြီးကလဲနီး ဆိုတော့ ခုကတည်းက စာကို ဖိကျက်ထားဖို့လိုတယ် မသုဓမ္မစာရီ'

'တင်ပ့ါဘုရား'

'ခေါင်းမူးရင် ဟောဒီမယ် လျက်ဆားလေးနည်းနည်းသောက်ချ လိုက်စမ်း၊ လေလဲကြေ ခံတွင်းလဲရှင်းသွားရင် ပေ့ါပါးသွားလိမ့်မယ်'

မသုဓမ္မစာရီ နှာခေါင်းရှုံ့လိုက်မိ၏။ ဒေါ်ကြီးဘုရားကတော့ ဘာပဲ ဖြစ်ဖြစ် သူ့လက်သုံးတော် လျက်ဆားကိုသာ ကျွေးတော့သည်။ ၉၆ ပါး ရောဂါ ပျောက်သည့်နှယ်ပင်။

'ဟဲ့ သောက်လိုက်နော်၊ ဒီကနေ့ အနောက်ကျောင်းက ဆရာတော် ကြီးများကို ဆွမ်းစားပင့်ထားတာ အချိန်ကျလုပြီ၊ သွားလိုက်ဦးမယ်၊ မသုဓမ္မစာရီကော ဒီနေ့ ဘာအလှည့်ကျသလဲ'

'တင်ပါ၊ ရေလှည့်ပါ ဘုရား'

'ဒီလိုဆို မီးဖိုထဲ ရေလောက်ရဲ့လား သွားကြည့်ချေဦးလေ'

'တင်ပါ၊ ညကတည်းက အပြည့်အစုံ ခပ်ပေးထားပြီးပြီ ဘုရား'

'ကိုင်း ဒီလိုဆိုလဲ အေးအေးဆေးဆေး စာကျက်နေရစ်ပေတော့၊ လျက်ဆားလဲ သောက်ဖြစ်အောင် သောက်လိုက်ဦးနော်'

'တင်ပ့ါဘုရား'

ဒေါ်ကြီးဘုရား အခန်းထဲမှ ထွက်သွားတော့မှ ရင်ထဲပေ့ါသွား သည်။ ဒေါ်ကြီးဘုရားရှေ့မှာ သူ အမြဲအနေကြံ့မိ၏။ သူ့ ရင်ထဲမှာ ရှင်းလင်း ကင်းလွတ်ခြင်းမရှိသည်ကပင် အပြစ်တစ်ခုလို ဖြစ်နေရသည်။ သည်အပြစ်ကို ပပျောက်အောင်လည်း သူ မစွမ်းနိုင်သေး။

ဒေါ်ကြီးဘုရားကို ကတိပေးထားသည့်အတိုင်း လျက်ဆားအနည်း ငယ်ကို စတိ ယူသောက်လိုက်သည်။ ရေချိုင့်ထဲမှ ရေကို သောက်ပြီး သည့်နောက် လက်က သင်္ဂြိုဟ်စာအုပ်ကြားတွင် ညှပ်ထားသော စာရွက်ဆီ

BURMESE CLASSIC .com

အလိုလို ရောက်သွားသည်။ ညက စာကို ထပ်ကာ ထပ်ကာ ဖတ်နေလျှင် ဒေါ်ကြီးဘုရား ဆိုမည်စိုး၍ အောင့်အည်းနေခဲ့ရ၏။ ယခု စာကို အသာ ဖြန့်၍ ဖတ်မိပြန်သည်။

'ဘယ်အရာမဆို တရားနှင့်ဖြေပါ၊ အမေလည်း တရားနှင့် ဖြေနေရတာပဲ'

အမေ ရေးလိုက်သော စာပိုဒ်သည် သူ့ရင်ကို လှုပ်ရှားစေ၏။ တရားနှင့် ဖြေပါတဲ့။ တရားနှင့် ဖြေပါတဲ့။ သေခြင်းတရားကိုလား။ ကွဲကွာခြင်းတရားကိုလား။ ဘယ်အရာမဆိုလို့ ဆိုထားလေတော့လည်း အားလုံးပေါ့။ အားလုံးကို ဖြေရမတဲ့လား။

စာရွက်ကို အသာ ပြန်ခေါက်၍ ထားလိုက်ရသည်။

ကြီးရွှေမှုံကို မျက်စိထဲက မြင်ယောင်နေသည်။ ကြီးရွှေမှုံသည် အေးဆေးတည်ငြိမ်သော မိန်းမကြီးတစ်ယောက် ဖြစ်၏။ မည်သည့်အရာကို မဆို အေးအေးဆေးဆေး ဖြေရှင်းတတ်သည်။ အမေကမှ စိတ်ကြီးသူပီပီ ဒေါသထွက် လွယ်သေးသည်။ ကြီးရွှေမှုံကတော့ ဘာမဆို ကောင်းရာကောင်း ကြောင်းဘက်က လှည့်တွေးတတ်သည်။ သြော် သေခြင်းတရားသည် စိတ်ထားဖြူစင်သူကိုသော်မှ မညှာလေတကား။

စိတ်ကိုဖြတ်ကာစာအုပ်ထဲမှာအာရုံစိုက်မိသည်။ သို့သော် တည်ငြိမ်မှု မရှိ။ ထိုစဉ် ဆွမ်းစားဆောင်ဆီမှ သံချောင်းခေါက်သံကို ကြားလိုက်ရသဖြင့် အလိုလိုမှ စိတ်မဝင်စားနိုင်သော စာအုပ်ကို ဖျပ်ခနဲ ပိတ်လိုက်သည်။

ဂိုက်ကို သပ်သပ်ရပ်ရပ် ပြုပြင်ပြီး ဆွမ်းစားဆောင်သို့ ဆင်းခဲ့သည်။ သီလရှင်များအားလုံး ဆွမ်းစားဆောင်သို့ တဖွဲဖွဲ ရောက်လာကြ၏။ ကိုယ့်ပန်းကန် ကိုယ်ယူပြီး ထမင်းထည့်ကြသည်။ စားပွဲဝိုင်းအသီးသီးမှာ ဝင်ထိုင်လိုက်ကြသည်။ အရုဏ်ဆွမ်းအတွက် အာဟာရများကတော့ ထုံးစံအတိုင်း ငါးပိရည်နှင့် တို့စရာပင်။

BURMESE CLASSIC .com

မသုခမ္မစာရီစိတ်ထဲမှာ တစ်ခါက အခြားကျောင်းမှ သီလရှင်တစ်ပါး ပြောဖူးသည်ကို သတိရလိုက်သည်။

'အစ်မတို့ ကျောင်းက သူဌေးကျောင်းပဲ၊ ငါးပိရည်လဲပျစ်ပျစ် စားရတယ်၊ တို့စရာလဲ ဝဝ တို့ရတယ်'

တချို့သော သီလရှင်များမှာ ငါးပိရည်ကို အရိုးစင်းစင်းပေါ်အောင် ရေအထပ်ထပ်နှော၍ ကျိုရတတ်ပြီး တို့စရာလည်း ကန်စွန်းရွက်ပြုတ် တစ်ညှနှံ့မျှသာ ဝေစုရကြရှာ၏။ မသုခမ္မစာရီတို့ကျောင်းတိုက်ကြီးမှာ ဆရာကြီးဘုရား၏ စေတနာဖြင့် အတန်အသင့် ပျစ်သော ငါးပိရည်၊ တို့စရာ ကောင်းကောင်းကို စားနိုင်ကြသည်။ ဤမျှကိုပင် သူဌေးကျောင်းဟု သမုတ်ခံရသည်။

မသုခမ္မစာရီ ရောက်စကတော့ ကြွက်ချေးနှောသော ဆွမ်းဆန် ကြမ်းကြမ်း ဝါဝါကြီးတွေကို ဂလောက်ဂလောက် မြည်အောင် ဝါးရတိုင်း မျက်ရည်မကျမိအောင် မနည်း သတိထားခဲ့ရသည်။ ရွာမှာ သားငါး ဟင်းကောင်း မစားနိုင်သော်လည်း ဆန်ကောင်းကောင်းလေးတော့ စားရ သည်သာ။ ငါးပိကောင်းကောင်းလေးတော့ တို့ရသည်သာ။ သည်မှာတော့ နေ့လယ် ဆွမ်းကျကာမှ ချဉ်ရည်ဟင်းလေးကို အကောင်းဆုံးထားကာ စားရသည်။

အတွေးတွေ များပြားနေ၍ အရုဏ်ဆွမ်းကိုသော်မှ ဟုတ္တိ ပတ္တိ မစားနိုင်။ ကိုယ့်ပန်းကန် ကိုယ်သိမ်းပြီး ရေတစ်ခွက်ကို အဝ သောက်ချကာ ကျောင်းပေါ် ပြန်တက်ခဲ့၏။ အရုဏ်ဆွမ်းစားပြီးသည်နှင့် သီလရှင်များ အားလုံး အသံစာစာနှင့် စာအံကြတော့သည်။ မသုခမ္မစာရီ စာအုပ်ကို ရှေ့မှာ ချထားသော်လည်း စာကို စိတ်မဝင်စားနိုင်။ ဒေါ်ကြီးဘုရား၏ ခြေသံရှပ်ရှပ်ကို ကြားရကာမှ ရောက်ရာနေရာမှ ခပ်မြန်မြန် အော်လိုက် ရသည်။

'မသုဓမ္မစာရီ'

ဒေါ်ကြီးဘုရားသည် မသုဓမ္မစာရီကို အလွန် ဂရုစိုက်သည်။ သူ့ကို ပို၍ ဂရုစိုက်ရခြင်းမှာ ရုပ်ဆွေရုပ်မျိုးမို့ မျက်နှာလိုက်ခြင်းတော့ မဟုတ်။ မသုဓမ္မစာရီ၏ စိတ်မချနိုင်လောက်သော နောက်ကြောင်းများကြောင့် ဖြစ်သည်။

'ဘုရား'

လျင်မြန်စွာ ထူးလိုက်မိခြင်းကပင် သူ စာထဲမှာ စိတ်ပါဝင်စားခြင်း မရှိလှကြောင်းကို သိသာစေသည်။

'ခေါင်းမူးတာ ပျောက်သွားပလား'

'ပျောက်သွားပါပြီ ဘုရား'

'အေး အေး၊ နေမကောင်းရင်လဲ ညနေကျတော့ ဆေးတိုက်ကို သွားပြချည်'

'တင်ပါ့ဘုရား၊ ဒေါ်ကြီးဘုရား၊ တပည့်တော် နေ့လယ်ကျရင် မြောက်ဥက္ကလာ ခဏသွားချင်တယ် ဘုရား'

တစ်ခါတည်း ပြောလက်စနှင့် အရဲစွန့်၍ ပြောလိုက်ရခြင်းဖြစ်၏။

ဒေါ်ကြီးဘုရားက ချက်ချင်း ခွင့်မပြု၊ စဉ်းစားနေသေးသည်။

'ဘာလုပ်ဖို့လဲ မသုဓမ္မစာရီ'

'တင်ပါ၊ အမေ့စာထဲမှာ မချစ်တို့အိမ်မှာ ငါးခြောက်တစ်ပိသာ ပေးထားတာ သွားယူလိုက်ပါဆိုလို့ ဘုရား'

'သြော်အေးအေး၊ ဆွမ်းဆန်ခံတဲ့နေ့မှ ဝင်ယူရင်ကော မဖြစ်ဘူးလား ကွယ့်'

မသုဓမ္မစာရီက ဆင်ခြေပေးဖို့ အဆင်သင့် ဖြစ်နေသည်။

'အဲဒီနေ့ကျတော့ ဆွမ်းဆန်ခံရတာ ဖင့်နေမယ်ဘုရာ့၊ သူတို့က က ရပ်ကွက်မှာ၊ ပြီးတော့ ကြီးရွှေမှုံ ဆုံးကြောင်းပြောဖို့လဲရှိသေးတယ်ဘုရာ့'

BURMESE CLASSIC .com

သွားခွင့်မပြုပြန်လျှင်လည်း မသုဓမ္မစာရီ တစ်နေ့လုံး နှလုံးမသာ ရှိနေတော့မည်ကို ဒေါ်ကြီးဘုရားက သိသည်။

'သွားချင်လဲသွား၊ မြန်မြန်သွား မြန်မြန်ပြန်နော်၊ တစ်ပါးတည်း မသွားနဲ့၊ မမာလာကို အဖော်ခေါ်သွား'

'တင်ပါ့ဘုရား'

စိတ်ထဲက မမာလာကို ခေါ်မသွားချင်လှသော်လည်း တင်ပါ့ဘုရား ဟုသာ ပြောလိုက်ရသည်။ မမာလာကတော့ ဒေါ်ကြီးဘုရားတို့၏ ယုံကြည် စိတ်ချရသော ဆရာလေးတစ်ပါး ဖြစ်၏။ တည်တည်ကြည်ကြည်နှင့် ရင့်ကျက်သော စိတ်ထားရှိသည်။ အလတ်တန်း စာမေးပွဲကို ဖြေဆို အောင်မြင်ပြီးသူဖြစ်ပြီး စာလည်း ကြိုးစားသည်။ ကျောင်းကိစ္စအဝဝတွင် ဆရာကြီးဘုရားတို့၏ မျက်နှာလွှဲခြင်းကို ခံရသူဖြစ်၏။

သူ့နောက်ကို မမာလာ ထည့်လိုက်မည်ဆိုတော့ စိတ်မချသည့် သဘောတွေ များစွာပါသည်မို့ စိတ်ထဲကတော့ သိပ်မကောင်းချင်။ သို့ သော်လည်း ကျောင်းတိုက်ကြီး၏ စည်းကမ်းအရ သီလရှင်တစ်ပါးတည်း ပြင်ပသို့ သွားလာခွင့်မရှိသဖြင့် တစ်ပါးပါးကိုတော့ အဖော် ခေါ်သွားရ မည်သာ။ မသုဓမ္မစာရီကတော့ မခေမာဝတီကို ခေါ်သွားချင်သည်။ မခေမာဝတီနှင့် သူက ဘယ်နေရာမဆို သွားအတူ လာအတူ ဖြစ်သည်။ မခေမာဝတီကို သူ ခင်သည်။

သို့သော်လည်း သည်နေ့အဖို့ သူ အပြင်ထွက်ရဖို့သာ အရေးကြီး သည်။ ကြီးရွှေမှ ဆုံးရသည့်အကြောင်းနှင့် အမေ့အကြောင်း၊ ရွာအကြောင်း ကို သူပြောချင်သည်။ ကျောင်းမှာပြောလို့ကတော့ မည်သူကမျှ ခွင့်ပြုမည် မဟုတ်။

ပြင်ပကို သွားမည်ဆိုတော့ သန့်ရှင်းသပ်ရပ်မှုရှိအောင် အင်္ကျီနှင့် ခါးဝတ်ကို လဲလိုက်သည်။ ဂိုက်အသစ်ကိုလည်း လဲကာ ကိုယ်ရုံကို

BURMESE CLASSIC .com

အချိုးကျအောင် ပတ်သည်။ အကျအန မီးပူတိုက်၍ လေးခေါက်ညီအောင် ခေါက်ထားသော ခေါင်းတင်ပတ်ကို လက်ကန်တော့ထိုးကာ ပခုံးမှာ သိုင်းပတ်သည်။ ထီးကို ယူပြန်တော့ ကြီးရွှေမှုံကို သတိရပြန်၏။

သူ ပြင်ဆင်ပြီးအခိုက်မှာပင် မမာလာ ရောက်လာလေသည်။ မမာလာက အောက်ထပ်မှာ နေ၏။ ဒေါ်ကြီးဘုရားကတော့ မမာလာကို ခေါ်ပြီး သေသေချာချာ အပ်ထည့်လိုက်ပြီကို ရိပ်မိရလေသည်။

'အစ်မ စာကျက်ပျက်မှာစိုးလို့ တပည့်တော်က မခေမာဝတီကို ခေါ်သွားမလားလို့ဘုရား'

မမာလာကတော့ သိမ်မွေ့စွာပင် ပြုံးသည်။ ရှုံသားကိုယ်ရုံကို ချပ်ချပ်ရပ်ရပ်ဖြစ်အောင် ရုံထားသော မမာလာသည် ရုပ်ရည်အားဖြင့်လည်း တင့်တယ်၏။ မျက်ခုံးနှစ်ခုမှာ နက်မှောင်ပြီး ရင့်ကျက်ကာ ပညာဉာဏ် ကြီးမားသည့်ပုံ ပေါ်လွင်သည်။ အငယ်တန်း ဖြေစဉ်ကတည်းက ဆုတွေ ရခဲ့သည်မှာ မမာလာ၏ ဝီရိယကြောင့်သာမက ဉာဏ်ပညာကြောင့်လည်း ဖြစ်သည်။

'စာကတော့ နေ့စဉ် ကျက်နေတာ ရနေပါပြီ ညီမတော်ရယ်၊ အစ်မလဲ အပြင်မထွက်တာကြာလို့ မြောက်ဥက္ကလာမှာ ငါးခြောက်တွေလဲ ကူသယ်ရအောင် လိုက်သွားချည်လို့ ဆရာကြီးဘုရားက ခွင့်ပြုလိုက်တယ်'

မမာလာက အကင်းပါးစွာ ပြောသည်။ တိုက်အုပ်ဆရာကြီးဘုရား ၏ အမိန့်အရဆိုတာ သိလိုက်ရတော့ မသုခမ္မစာရီ ငြင်းပယ်၍ မရနိုင်တော့။

ဒေါ်ကြီးဘုရားကတော့ မသုခမ္မစာရီ၏ စိတ်တွင်းမှာ ဖြစ်ပေါ်နေသော အကြောင်းတွေကို ဆရာကြီးဘုရားကို လျှောက်ထားပြီး ဖြစ်ပေရော့မည်။ ဆရာကြီးဘုရားကိုတော့ မသုခမ္မစာရီသာမက အားလုံးက ကြောက်ရသည်ပင်။ မကြောက်၍လည်း မဖြစ်။ သီလရှင်ပေါင်း တစ်ရာကျော်ကို

ထိန်းသိမ်းထားရသော ကျောင်းတိုက်ကြီးကို အုပ်ချုပ်ရသည်မှာ လွယ်လှသည် မဟုတ်ချေ။

'ဒါဆိုလဲသွားကြရအောင်ဘုရား၊ ဆွမ်းစားအမီ ပြန်လာကြရမှာ'

ဒေါ်ကြီးဘုရား အခန်းတွင်းကို ပြန်ဝင်လာခိုက်နှင့်ကြုံ၍ ဦးသုံးကြိမ်ချလိုက်၏။

'အေး အေး ကျန်းမာပါစေ၊ ချမ်းသာပါစေ သွားလေရာ ခလုတ်မထိ ဆူးမငြိဘဲ လိုရာခရီးသို့ ချောမောစွာရောက်ပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား'

\+ \+ \+

မမာလာ ဘေးမှာ ပါလာသည်ကို သုခမ္မစာရီ မေ့သွားသည်။

'တရားနဲ့ဖြေပါ ဆိုပေမယ့် ဘယ်ဖြေနိုင်ပါ့မလဲ ဒကာမကြီးရဲ့၊ အမေကတော့ ဘာမဆို ပေါ့ပေါ့ပဲတွေးတယ်၊ ဒီလိုတွေးပြီး နေခဲ့လို့ သူ့ဘဝရော ကျုပ်ဘဝရော အဖတ်ဆည်မရအောင် ဖြစ်ခဲ့ရတယ် မဟုတ်လား၊ ကျောင်းမှာသာနေရ ဆရာလေးစိတ်ထဲမှာ နည်းနည်းမှ မအေးဘူး ဒကာမကြီး၊ ရွာကို ပြန်ချင်လိုက်တာ အရမ်းပဲ၊ စာမေးပွဲပြီးဖို့က တစ်လလောက် လိုသေးတာ'

မသုခမ္မစာရီမျက်လုံးအိမ်မှာ စိုစွတ်နေသည်ကိုမြင်ရတော့ မမာလာ ကရုဏာသက်မိ၏။ အေးလေ၊ သောတာပန်ပုဂ္ဂိုလ်တွေမှ မဟုတ်သေးဘဲ။ သမုဒယဆိုတာ ရှိသေးတာပေါ့။ အတိတ်ရဲ့ ဘဝအကြောင်း ဆိုတာလဲ အင်မတန် ရင့်ကျက်တဲ့သူတွေမှ မေ့နိုင်တာကလား။ မိမိသော်မှ အတိတ်ကို မေ့အောင်နေတတ်လာသည်မှာ ဘာကြာသေးလို့လဲ။

'ဆရာလေးကလဲလေ၊ သေတဲ့သူက သေပြီးမှ ဘာတတ်နိုင်တာမှတ်လို့၊ ရွာကို မပြန်ချင်စမ်းပါနဲ့ ဆရာလေးရယ်၊ မငွေမှုံလဲ အစစအရာရာ

BURMESE CLASSIC .com

စိစဉ်တတ်ပါတယ်၊ ဆရာလေးတို့ ကျောင်းပိတ်ရင် သူ ရန်ကုန်လာဦးမှာ၊ ဆရာလေး ပြန်သွားဖို့ မလိုပါဘူး’

ဒေါ်ချစ်ကလည်း မသုဓမ္မစာရီ၏ စိတ်ကို အစင်းသိမို့ ခပ်မာမာလေး ပြောရသည်။

မမာလာကတော့ ပြုံးပြီး ကြည့်နေလိုက်သည်။

‘အမယ်လေး၊ အမေလား၊ လာချင်မှ လာနိုင်မှာပါတော်၊ သူ့မှာ ကလေးတစ်ဖက် လယ်တစ်ဖက်နဲ့ ဦးလေးကိုလဲလုပ်ကျွေးနေရသေးတာ ဟင်း’

မသုဓမ္မစာရီ အသံက ငိုသံတစ်ဝက်၊ ဒေါသသံတစ်ဝက် ပါနေသည်။

‘ကိုသောင်းဖေကသူ့ဝမ်းစာ သူရှာစားနိုင်ပါသေးတယ် ဆရာလေးရဲ့၊ သူ့မယ် ငွေပင်ငွေရင်း ရှိတာပဲ၊ ကိုယ်တိုင်လုပ်မှ မဟုတ်ပါဘူး၊ ဟောဒီ ငါးခြောက်တွေတောင် သူကိုယ်တိုင် ဝယ်ပေးလိုက်တာတဲ့၊ မအေးကြွယ်က ပြောတယ်’

ဒေါ်ချစ်က ပြေရာ ပြေကြောင်း ဝင်ပြောရသည်။

‘သူကတော့ ဝယ်ပေးမှာပေါ့တော်၊ ကျုပ်မရှိလေ သူတို့အဖို့ ကောင်းလေပဲဟာကို’

‘မသုဓမ္မစာရီကလဲကွယ်၊ကိုယ့် ကျေးဇူးရှင်များကို ဒီလို မပြောနဲ့လေ’

သုဓမ္မစာရီ၏ စကားတွေ ကြမ်းတမ်းစပြုလာသည်မို့ မမာလာက ဝင်ဟန့်လိုက်ရပါသည်။ ရှစ်ပါးသီလကို စောင့်ထိန်းနေရသည့် သာသနာ့ဝန်ထမ်းတစ်ဦးက သာမန် လောကီသားတစ်ယောက်လို မောက်မာ ကြမ်းတမ်းသောစကားကို ဆိုရန် သင့်တော်ပါမည်လား။ ပြီးတော့ အခြားလူများကိုလည်း မျက်နှာပူမိသည်။ ဒါတွေကြောင့်ပင် ဒေါ်ကြီးဘုရား

BURMESE CLASSIC .com

တို့က သူ့ကို စိတ်မချခြင်း ဖြစ်၏။ မမာလာက စိတ်ရှည်ရှည်နှင့် ဖျောင်းဖျတတ်သူမို့ တမင်တကာ ထည့်လိုက်ခြင်းပင် ဖြစ်သည်။

'ဆရာလေးရေ၊ သူ့အကြောင်းတော့ သိပြီးသားပါ၊ သူ့အမေကလဲ မပျော်ဘဲ အရင်တစ်ခါလို ပြန်ထွက်လာမှာ သိပ်စိုးနေတယ်၊ သူပြောသလို တော့ မဟုတ်ပါဘူး၊ ဟိုက တကယ် အေးအေးချမ်းချမ်း နေစေချင်လို့ပါ၊ ခု ကြည့်လေ၊ ဒီလိုနေရတာ ဘယ်လောက် အေးချမ်းသလဲ၊ တပည့်တော် တို့တောင် သားသမီးတွေရှိနေလို့၊ နော့မို့ဆိုရင် သီလရှင်ပဲဝတ်နေလိုက် ချင်တယ်'

'အမယ်လေး၊ ဝတ်ကြည့်စမ်းပါ ဒကာမကြီးရယ်၊ ဘယ်နှစ်ရက် နေနိုင်မလဲလို့'

မသုမ္မစာရီက ထပ်ကွန့်လိုက်တော့ မမာလာ မနေသာတော့။ ဒေါ်ချစ်က တဟဲဟဲ ရယ်နေသော်လည်း မမာလာ မျက်နှာပူလာသည်။ မဖြစ်ချေတော့။

'ကဲကဲ မသုမ္မစာရီ၊ ကိစ္စဝိစ္စပြီးရင် ပြန်ကြစို့၊ တော်ကြာ အနေ ကြာရင် ဆရာကြီးဘုရားတို့ စိတ်ပူနေမယ်၊ မသုမ္မစာရီလဲ ဇာတိတွေက ပေါ်ကုန်တော့မယ်'

ဒေါ်ချစ်က တပြုံးပြုံးဖြင့် ခွင့်လွှတ်ရာသည်။

'ကိုင်း၊ ပြန်ပေဦးတော့ ဆရာလေးတို့၊ တပည့်တော်လဲ ဆရာလေး တို့ကို ကန်တော့လိုက်ပါရစေဦး'

ဒေါ်ချစ်က တစ်ပါးကို ဝတ္ထုငွေ ငါးကျပ်စီ ထုတ်ကာ ကန်တော့ သည်။

မသုမ္မစာရီက ဆိတ်ဆိတ်သာ နေ၏။ မမာလာကတော့ အလှူရှင် ကို ဆုပေးရသည်။

www.burmeseclassic.com

BURMESE CLASSIC .com

'စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်ကိုယ် ဖြစ်ပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ၊ ကဲ ကဲ သွားကြပေဦးတော့၊ ဩော် ဆရာလေး မသုခမ္မစာရီကကော ဆုလေးဘာလေး မပေးတော့ဘူးလား'

ဒေါ်ချစ်က ခပ်ပြုံးပြုံးဖြင့် စ လိုက်သေးသည်။ မသုခမ္မစာရီကတော့ ရင့်ကျက်ခြင်းမရှိ။ ကလေးငယ်တစ်ယောက်လိုပင်။

'သူပေးတဲ့အတိုင်းပဲ အောက်မေ့လိုက်ပေတော့'

'သာဓု သာဓု ဆရာလေးရယ်၊ ကောင်းပါလေရဲ့'

\+ \+ \+

'စကား စကား ပြောပါများ စကားထဲက ဓာတ်ပြတဲ့ မသုခမ္မစာရီ၊ ရန့်ရင်းကြမ်းတမ်းတဲ့ စကားကိုလဲမပြောဆိုအပ်ဘူး၊ အထူးသဖြင့် အနန္တဂိုဏ်းဝင် ကိုယ့်ကျေးဇူးရှင် မိဘများကိုလဲ မစော်ကားအပ်ဘူး၊ သူတစ်ပါး လှူဒါန်းတဲ့ ပစ္စည်းလေးပါးကို ခံယူစားသောက်နေသူများအဖို့ သာမန်လူတွေထက် ပိုပြီး ကိုယ်ကျင့်တရားနဲ့ ပြည့်စုံရတယ်၊ ဒီလိုမှ မပြည့်စုံရင် လူသာမန်ထက် ပိုပြီး အပြစ် ကြီးလေးတယ် မသုခမ္မစာရီရဲ့'

'တင်ပါ့ဘုရား'

မမာလာကတော့ ဒေါ်ကြီးဘုရားကို အကြောင်းစုံ လျှောက်လိုက်ပြီထင်သည်။ ဒေါ်ကြီးဘုရား၏ ဆုံးမစကားများက မည်သည်ကို ရည်ရွယ်မှန်း သိသာလှသည်။

'မသုခမ္မစာရီ ဆိုတာ ကောင်းသော တရားကို ကျင့်ကြံအားထုတ်သူလို့ အဓိပ္ပာယ်ရတယ် မဟုတ်လား မသုခမ္မစာရီရဲ့'

ဒေါ်ကြီးဘုရားကတော့ သာသာနှင့်နာနာ ဆိုပြန်လေပြီ။

'မှန်ပါ့ဘုရား'

BURMESE CLASSIC .com

'သည်တော့ကိုယ်ပရိယတ္တိသာသနာအတွက်ကြိုးစားဆောင်ရွက်နေဆဲ မှာ ရည်မှန်းချက်လဲ အောင်အောင်ကြိုးစား၊ အားလပ်တဲ့အချိန်မှာ ရတနာ သုံးပါး ကိုင်းရှိုင်းပြီး ဝိပဿနာတရားကိုလဲရှုမှတ်ရမယ် မသုဓမ္မစာရီ'

'တင်ပါ့ဘုရား'

ပြောမည့်သာပြောရသည်။ မသုဓမ္မစာရီသည် တရားမှတ်ဖို့ နေနေ သာသာ ပုတီးပင် မှန်မှန်စိပ်သူမဟုတ်။ စာကိုသာ ဒေါ်ကြီးဘုရားတို့ကို ကြောက်ရသဖြင့် ဖိကျက်နေသော်လည်း သူ့စိတ်က တယ်ပြီး ဝင်စားသည် မရှိ။ အချို့သော ဆရာလေးများ နွေရာသီကျောင်းပိတ်ရက်တွင် မိမိရပ်ရွာ မပြန်ဘဲ မဟာစည်သာသနာ့ရိပ်သာမှ တရားစခန်းဝင်ကြသည်။ မသုဓမ္မ စာရီကတော့ကျောင်းမပိတ်မီကပင်ဖင်တကြွကြွ။သည်နှစ်လည်းရွာမပြန် ရမှာကို သူ စိုးနေသည်။ မနှစ်ကကလည်း ဆရာကြီးဘုရားက ရွာပြန်ခွင့်မပြုခဲ့။ သာသနာ့ဝန်ထမ်းနှင့် မသင့်လျော်သော စကားအပြုအမူ တွေကို လက်လွတ်စပယ် ပြောလွယ် ဆိုလွယ်သော မသုဓမ္မစာရီကို ဆရာကြီးများက မည်သည့်နေရာတွင်မှ စိတ်မချ။ အထူးသဖြင့် မသုဓမ္မ စာရီ၏ မတည်ငြိမ် သော ခြေလှမ်းတွေကို အမြဲကြပ်မနေရသည်။

'ကဲ မသုဓမ္မစာရီ နောက်ရက်များမှာ မဟာဒါန အလှူတော်ကြီး အတွက် ပြင်ရ ဆင်ရတော့မယ်၊ ခုကတည်းက စာကို ဖိကျက်ထားဦး'

'တင်ပါ့ဘုရား'

ဒေါ်ကြီးဘုရားသည် အခန်းပြင်သို့ထွက်သွားပြီး စာကျက်ရင်း အိပ်ပျော်နေကြသော သီလရှင်လေးများကို ကြိမ်လုံးသေးသေးလေးဖြင့် ခပ်သာသာ ရိုက်နှိုးနေသည်။

ဒေါ်ကြီးဘုရား၏ စိတ်စေတနာကတော့ သန့်စင်ပါသည်။ သီလရှင် အားလုံး၏ အမှုကိစ္စမှန်သမျှကိုလည်း စီစဉ် ဆောင်ရွက်ပေးသည်။ ဆရာကြီးဘုရား၏ အမိန့် ဩဇာကို နာခံကာ ကျောင်းတိုက်ကြီး၏ အရေး

ကိစ္စ မှန်သမျှကိုလည်း စီမံဆောင်ရွက်ရသည်။ သုံးထပ်တိုက်ကျောင်းကို တစ်နေကုန် ဆင်းချည် တက်ချည်နှင့် ပေါ့ပါးစွာ လှုပ်ရှားနေတတ်သည်။ ဒေါ်ကြီးဘုရား မရှိဘူး အထင်နှင့် ပေါ့လျော့နေ၍ မရ၊ ခဏချင်းမှာ ပြန်ရောက်လာတတ်သည်။

သီလရှင်များအားလုံး တစာစာနှင့် စာကျက်ကြပြန်သည်။

ထိုအချိန်မှာ မခေမာဝတီ အခန်းထဲသို့ ရောက်လာသည်။

'မသုခမ္မစာရီ၊ မနက်က ထမင်းစားဆင်းတာ မတွေ့လို့ လာကြည့်တာလေ'

တကယ်တော့လည်းဒေါ်ကြီးဘုရားအလစ်မှာ ဝင်ခဲ့ရခြင်း ဖြစ်၏။

'မြောက်ဥက္ကလာကို သွားနေလို့ ဆွမ်းစားနောက်ကျသွားတာပါ အစ်မရယ်'

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ခင်တွယ်သူများဖြစ်သည်။ သို့သော် တပူးတွဲတွဲ ဝိုင်းဖွဲ့ နေထိုင်ခြင်းကိုလည်း ပညတ်ထားသဖြင့် ကိုယ့်နေရာနှင့်ကိုယ် ဣန္ဒြေရရလေး နေကြရသည်။ သူတို့နှစ်ယောက် ခင်မင်သည်ကိုတော့ အားလုံးက သိသည်သာ။ အချို့က ညီအစ်မဟု ထင်ကြသည်။ မသုခမ္မစာရီကတော့ မခေမာဝတီ၏ ဘဝကို သိထား၍ ပိုသနားသည်။

'မမာလာနဲ့ထွက်သွားတာ တွေ့လိုက်တယ်၊ ဒေါ်ချစ်တို့ အိမ်ကိုလား'

'ဟုတ်တယ်အစ်မ၊ အမေ့ဆီက စာလာလို့လေ၊ ကြီးရွှေမှုံဆုံးသွားပြီတဲ့'

မခေမာဝတီကလည်း သုခမ္မစာရီ၏ ဘဝတစ်စိတ်တစ်ဒေသကို သိသည်။

'မသုခမ္မစာရီကို ကျောင်းလာပို့တဲ့ ဒကာမကြီးလား'

'ဟုတ်တယ် ဘုရား'

မခေမာဝတီက အစဖော်ပေးလိုက်တော့ မသုဓမ္မစာရီ ပို၍ကြေကွဲသွားသည်။ ကြီးရွှေမှုံ ပြောသည့် စကားတွေကိုလည်း ကြားယောင်မိ၏။

'သာသနာ့ရိပ်မှာ ပျော်အောင်နေပါ သမီးရယ်၊ ညည်းအမေဘဝ တစ်လျှောက်လုံး ဒုက္ခတွေ ဘယ်လိုကြုံရတယ်ဆိုတာလဲ ညည်းအသိပဲ၊ လူ့လောကဆိုတာ ဒုက္ခများလှပါတယ်'

ယခုတော့ သူ့ကို တရားချခဲ့သော ကြီးရွှေမှုံတစ်ယောက်လည်း လူ့လောကမှာ မရှိချေတော့ပြီ။

'တရားနဲ့ဖြေပေါ့ မသုဓမ္မစာရီ၊ အစ်မဖြင့် အမေသေတုန်းကများ သီလရှင်ဝတ်ကြီးနဲ့ပဲ ငိုမိသေးတယ်၊ ပြီးတော့မှ ရှက်လိုက်တာလေ၊ လူတွေက ကိုယ့်ကိုပြန်ပြီး တရားချရတယ်၊ သူများဆွေမျိုးတွေသေတုန်းက တရားချပြီး ကိုယ့်တူမသေတော့မှ ဒါက ငါ့တူမကိုးဟဲ့လို့ ပြောတဲ့ ဘုန်းကြီးလို ဖြစ်နေတော့တယ်'

မခေမာဝတီက သူ့ပခုံးကိုကိုင်ကာ နှစ်သိမ့်သည်။

'ဟုတ်တော့ ဟုတ်ပါတယ် အစ်မရယ်၊ ဒါပေမယ့် အကြီးက အစစအရာရာ အမေ့ကို ကူညီပံ့ပိုးနေတာ၊ အကြီးမရှိတော့ အမေလဲ ပိုပင်ပန်းမှာ၊ အမေပါ သေသွားမှာ စိုးမိတယ်၊ တပည့်တော်လူဖြစ်ကတည်းက အမေ့ကိုလဲတစ်ခါမှ ကျေးဇူး မဆပ်ရသေးဘူး၊ စိတ်ထင်တိုင်း ပြောခဲ့ဆိုခဲ့တာတွေပဲရှိတယ်၊ ဒါတွေကလဲ အမေ့ကို ချစ်လို့ပါ၊ တပည့်တော်တော့ အမေ့ကို ဘာမှ လုပ်မပေးနိုင်ဘဲ အမေသေသွားမှာကို စိုးမိတယ်'

'မသုရယ်၊ သာသနာ့အကျိုးကို ဆောင်ရွက်နေကတည်းကိုက မိဘက စိတ်ချမ်းသာပြီးသားမို့ ကျေးဇူးဆပ်ရာ ရောက်ပါတယ်'

မသုဓမ္မစာရီက သက်ပြင်းကို ညင်သာစွာချသည်။ တကယ်တော့ အမေသည် သူသီလရှင်ဝတ်နေသည့်အတွက် စိတ်အားဖြင့်တော့ အဘက်

ဘက်က ချမ်းသာပေမည်။ သို့သော် သူ့အတွက် အစစအရာရာ ပေးပို့ထောက်ပံ့နေရသည်မို့ လူကတော့ နားရမည် မဟုတ်ချေ။ သီလရှင်ပေါင်းတစ်ရာကျော်ရှိသော စာသင်တိုက်ကြီးဝယ် စားမှုနေမှုအတွက် ဆရာကြီးဘုရားတို့က စီမံဆောင်ရွက်ပေးနေသော်လည်း တစ်ဦးချင်းအတွက် လိုအပ်သည် မှန်သမျှကိုတော့ ဖြည့်စွမ်းပေးနိုင်သည်တော့ မဟုတ်ပေ။ လှူဒါန်းသည့်တကာပေါ်မှသာ သင့်ရာသင့်ရာ ဝေမျှပေးရတော့သည်။

သည်တော့လည်း မသုဓမ္မစာရီ တရားရိပ်မှာ မကြောင့်မကြနေနိုင်ရေးအတွက် အမေ့ခေါင်းထဲမှာထည့်ကာ ရှာရဖွေရပေမည်။ မသုဓမ္မစာရီနှင့် အမေသည် အတူတူနေရလျှင် အဆင်မပြေလှ။ ဝေးဝေးနေရတော့မှ အမေ့ကိုချစ်သည့် သနားသည့်စိတ်ဖြင့် ပူပန်ရသည်။ အမေကတော့ မသုဓမ္မစာရီ ရင်ထဲမှ တကယ့်စေတနာကို လက်ခံနိုင်မည် မဟုတ်ပေ။

'အစ်မ မသိဘူးနော်၊အမေဟာ အားလုံးအတွက်လည်စင်းခံနေတာ၊ တစ်နေ့ သူဒုက္ခရောက်မယ်၊ ခု ကြီးရွေမှုလဲမရှိတော့ဘူးဆိုတော့ သူ့မှာ အရေးရယ် အကြောင်းရယ်ဆိုလို့ တိုင်ပင်စရာတောင် ရှိမှာ မဟုတ်တော့ဘူး၊ တပည့်တော်လေ ရွာကို သိပ်ပြန်ချင်တယ်၊ ချက်ချင်းတောင် လူထွက်ပြီး ပြန်သွားလိုက်ချင်တယ်'

စိတ်ထဲရှိတာကို မကွယ်မဝှက်ဘဲပြောတတ်သည်ကတော့ မသုဓမ္မစာရီ၏ အကျင့်ပင်။ မခေမာဝတီ မျက်လုံးမျက်ဆန်ပြူးသွားသည်။ အပြင်ဘက်ကိုလဲကြည့်သည်။ ဒေါ်ကြီးဘုရား ပြန်ရောက်လာမှာကို စိုးမိသည်။ မိမိတို့ စာမကျက်ဘဲ စကားပြောနေသည်ကိုတွေ့လျှင် ပို၍ အဆူခံရဦးမည်။

'စကားနောက်တရားပါဘာတွေပြောနေတာလဲ မသုရယ်၊ ဒေါ်ကြီးဘုရားတို့ ကြားသွားမှဖြင့်'

'ကြားချင်လဲ ကြားပေစေတော့ အရှင်ဘုရား၊ တပည့်တော်လေ အမေ့ဆီက စာရကတည်းက နည်းနည်းလေးမှ မပျော်တော့ဘူး သိလား'

BURMESE CLASSIC .com

မသုဓမ္မစာရီ မျက်လုံးအိမ်မှာ မျက်ရည်တွေစို့စွတ်၍ လာပြန်သည်။ ခက်ချေပြီ။ မခေမာဝတီ ထိတ်ထိတ်ပျာပျာ ဖြစ်ရသည်။ တကယ်တော့ မသုဓမ္မစာရီ မပျော်သည်က ခုမှမဟုတ်။ ယခင်ကလည်း သည်အဖြစ်မျိုး ဖြစ်ဖူးပြီပဲ။

'စဉ်းစဉ်းစားစားလုပ်ပါ မသုရယ်၊ ခုချိန်ထိ စာတွေသင်ထားရတာ ဘယ့်လောက် နှမြောဖို့ကောင်းလဲ၊ အကြီးတန်းလောက် အောင်အောင်နေပြီးမှ ရွာပြန်၊ သီလရှင်ဝတ်နဲ့ပဲ သာသနာ့အကျိုးဆောင်ရွက်၊ ဘယ်လောက် ကောင်းသလဲ၊ အဲဒါဆို ဒကာမကြီးလဲစိတ်ချမ်းသာမယ်'

မခေမာဝတီက တတ်အားသမျှ တရားချရပြန်သည်။ မသုဓမ္မစာရီ ပြောနေသည့်စကားတွေကိုသာ ဆရာကြီးဘုရားတို့နား ပေါက်ကြားသွားလျှင် တွေးဝံ့စရာမရှိ။ သာသနာ့အရိပ်မှာမပျော်မွေ့သူကို ဆရာကြီးတို့က အတင်း တားထားမည် မဟုတ်ပေ။ ထိုမှတစ်ဖန် နောင်တတရားနှင့် ပြန်လာမည် ဆိုလျှင်လည်း လက်ခံတော့မည် မဟုတ်တော့။

'ခုမပြန်ရလဲ ကျောင်းပိတ်ရင်တော့ ရွာကိုပြန်ဖြစ်အောင် ပြန်ပြီး အမေ့ကို အကျိုးအကြောင်း ပြောရမှာပဲ'

ကြာလျှင် ပို၍ခက်ချေမည်မို့ မခေမာဝတီသည် မသုဓမ္မစာရီ အပါးမှခွာရန် ခြေလှမ်းပြင်ရတော့သည်။

'ကဲပါ မသုရယ်၊ စိတ်အေးအေးထားပြီး စာကျက်လိုက်ပါဦး၊ ဒီအတောအတွင်းမှာ ကိုယ့်စိတ်ထဲရှိတာ ကိုယ့်ဝမ်းထဲထား၊ တခြားဘယ်သူ့ ကိုမှ လျှောက်ပြောမနေနဲ့နော်'

မသုဓမ္မစာရီက ခေါင်းညိတ်ပြသည်။ မခေမာဝတီ အခန်းထဲမှ ထွက်ခွာသွား၏။

သီလရှင်လေးများ၏ သောသောညံအောင် စာအံနေသံများက မသုဓမ္မစာရီ နားထဲသို့ ဝင်ရောက်ခြင်း မရှိပေ။

www.burmeseclassic.com


ညနေ လေးနာရီထိုးသည်နှင့် စာကျက်ချိန်ကို နားခွင့်ပေးပြီး အားလုံး ရေချိုးသန့်စင်ရန် ပြင်ဆင်ကြရသည်။

မသုဓမ္မစာရီ ရေကန်ရှိရာသို့ဆင်းလာပြီး ပြုနေကျအမှုကိစ္စကို ပြုသည်။ သည်ဝတ္တရားများကိုတော့ မသုဓမ္မစာရီ စိတ်လက်ကြည်လင်သည် ဖြစ်စေ၊ မကြည်လင်သည်ဖြစ်စေ နေ့စဉ်ပြုမြဲပင်။

ရေကန်ထဲမှရေကို စဥ့်အိုးများထဲသို့ ပြောင်းထည့်၍ သီလရှင်လေးများ ရေချိုးကြရသည်။ မသုဓမ္မစာရီက ဆရာကြီးများ ရေချိုးခန်းသို့ ဝင်၍ ရေဖြည့်သည်။ ဆရာကြီးဘုရား၏ ခါးဝတ်များ ကိုယ်ရုံများကို ဖွပ်လျှော်သည်။ ဤသည်ကတော့ အမေကလည်းသင်ထား၍ ကျောင်းရောက်ကတည်းက သူပြုနေကျ ဝတ္တရားများပင်။ ပြီးတော့ မသုဓမ္မစာရီက ဤသို့သောအမှုကို ပြုရခြင်း၏ အကျိုးဆက်အားဖြင့် နောက်နောင်ဘဝတွင် ရုပ်ဆင်းအင်္ဂါ ပြေပြစ်ခြင်း၏ အကျိုးကိုရလိမ့်မည်ဟုလည်း မျှော်လင့်သည်။

ရေချိုးသန့်စင်ပြီး ကျောင်းပေါ်သို့ ပြန်တက်ခဲ့သည်။ ခါးဝတ်အသစ်ကို လဲလှယ်ပြီး သူ့ဦးပြည်းကို သူပြန်ပြီး စမ်းသပ်၏။ ဆံပင်များပြန်လည်ရှည်စပြုပြီ။ အမေသည် သူ သီးသန့်အသုံးပြုနိုင်ရန် သင်တုန်းဓားတစ်လက်ကိုလည်း ဝယ်ပေးထား၏။ မသုဓမ္မစာရီ လူဝတ်နှင့်နေစဉ်က ဆံပင်အလွန်သန်သည်။ ပထမဆုံးအကြိမ် သီလရှင်ဝတ်စက မည်းနက်မှောင်မည်းသော ဆံပင်များကို နှစ်ဆင့်ညှပ်ကာ ဦးပြည်းတုံးခဲ့ရလေသည်။ အိုး၊ သည်တုန်းက အမေတောင် မျက်ရည်ကျသေးတာပဲ။

ဘာပဲဖြစ်ဖြစ် သည်ညတော့ ဒေါ်ကြီးဘုရားကို လျှောက်ထားသင့်သမျှ လျှောက်ထားဦးမှဟု စိတ်ကူး၏။

အပြင်တွင် ညနေဆည်းဆာရောင်သည် ဝင်းလက်တောက်ပနေ၏။ ရေကန်ပေါ်သို့ကျရောက်နေသော နေရောင်သည် ဖိတ်တစ်ဝက် စင်တစ်ဝက်

BURMESE CLASSIC .com

နှင့် တလက်လက်ဖြစ်နေသည်။ ဈေးသည်အချို့သည် ရောင်းချပြီးသော တောင်းတို့ကိုရွက်၍ ရွာထဲသို့ ပြန်ကြ၏။

ထိုအခါ သူ့ဘဝတစ်လျှောက်လုံး ဈေးတောင်း ခေါင်းရွက် ကျွေးခဲ့သော အမေ့ကို သတိရပြန်သည်။

ဧည့်သည်အချို့ ကျောင်းရှေ့သို့ ရောက်လာကြသည်။ ဆရာကြီး ဘုရားရှိရာ ဘုရားကျောင်းဘက်သို့ရှေ့ရှု၍ သွားနေသည်ကို တွေ့ရသည်။ အလှူတော်ကြီးနီးပြီမို့ ဧည့်သည်များလည်း ဝင်လာမစဲတည်း။

ဤသည့် အလှူရှင်များနှင့် စည်ကားသိုက်မြိုက်လာအောင် စွမ်းဆောင် ကြိုးပမ်းနေသော ဆရာကြီးဘုရားတို့၏ ပါရမီနှင့် ခွဲသတ္တိကို တွေးမိသည့်အခါတွင်တော့ သူ့ရင်ထဲမှာဖြစ်ပေါ်နေသော လှုပ်ရှားမှု လှိုင်းဂယက်များသည် ငြိမ်သက်သလို ဖြစ်သွားပြန်လေသည်။

ခေါ်ကြီးဘုရား၏ ခုတင်ဘေးရှိ စားပွဲတင်နာရီလေးသည် ညနေ ခြောက်နာရီကို ညွှန်ပြချိန်ရောက်လာသည်။ သီလရှင်အချို့က ကြီးမားသော စည်နှင့် မောင်းကြီးကို အားကုန်ထုရိုက်လိုက်ကြ၏။

ပဲ့တင်မြည်ဟည်းသွားသောစည်မောင်းသံနှင့်အတူ မသုဓမ္မစာရီ၏ လွင့်ပျံ့နေသော စိတ်အတွေးများလည်း ရပ်တန့်သွားသည်။ ကိုယ်ရုံကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ကာ ဘုရားဆောင်သို့ ရှေ့ရှုခဲ့ရတော့သည်။ အို မြတ်စွာဘုရား၊ တပည့်တော်၏ ရင်တွင်းမှ သောကကို ပြေငြိမ်းအောင် ပြုတော်မူပါ။

အေးချမ်း၍ သာယာနာပျော်ဖွယ်ရှိသော ဘုရားရှိခိုးသံသည် မိုးထက် ကောင်းကင်သို့တိုင် ညံခဲ့လေပြီ။

ဘုရားဝတ်ပြုခြင်း၏ အဆုံးဝယ် သီလရှင်အားလုံး ဆရာကြီး ဘုရား၏ဘက်သို့လှည့်ကာ လက်အုပ်ချီလိုက်ကြသည်။ ထုံးစံအတိုင်း

 www.burmeseclassic.com 

ဆရာကြီးဘုရား ဩဝါဒပေးလိမ့်မည်။ ကိုးနှစ်သမီးအရွယ်မှစကာ ဘာသာ၊ သာသနာအကျိုးကို ရွက်ဆောင်ခဲ့သော ငယ်ဖြူဆရာကြီးဘုရား၏ အသွင်သည် ငြိမ်းချမ်းခြင်း၊ ရင့်ကျက်တည်ကြည်ခြင်း၊ ဩဇာထက်မြက်ခြင်း စသည်တို့ဖြင့် တည်တည်ငြိမ်ငြိမ်ရှိနေသည်။ သည်တော့လည်း မသုဓမ္မစာရီသည် သူ့အတွင်းစိတ်ကို သူရှုက်ကာ သူ့ဘာသာ မျက်လွှာကို ချထားမိပေ၏။

ဆရာကြီးဘုရားက ရှည်လျားသော မိန့်ခွန်းကို ခြွေသည်။

'ဆရာလေးတို့လဲဆွမ်းဆန်ခံ နှစ်ရက်ဆက်တိုက်ထွက်တာ ကားကလဲ အဆင်မပြေလို့ အတော်ပင်ပန်းကြမယ်၊ ကျောင်းကကားကလဲ ပျက်နေလို့ အဲဒီနေ့က မကြိုနိုင်၊ တချို့ဆရာလေးတွေ ကားငှားမရလို့ အတော်လေး အခက်အခဲတွေ့ကြတယ်လို့ သိရတယ်၊ ဆရာလေးတို့ စိတ်ထဲမယ် အောက်မေ့ကြမယ်၊ ငါတို့ ဆွမ်းဆန်ခံထွက်ရတာ ပင်ပန်းလိုက်တာ၊ စားရတော့လဲ ငါးပိရည်ဟင်း၊ ဒါပဲ။

'ခန္ဓာဝန်ဆောင်ရတာ ပင်ပန်းလှတယ် ဆရာလေးတို့။

'ဆရာလေးတို့ ဆွမ်းဆန်ခံထွက်လို့ ရတဲ့ငွေထဲက ကားခက တစ်လကို ရှစ်ရာလောက်ကုန်တယ်၊ ကားခကပိုမှပဲ စားကြရသလိုဖြစ်နေတယ်၊ သည်လို အစားဆင်းရဲ၊ အနေဆင်းရဲ ကြားကနေ ပရိယတ္တိသာသနာ အတွက် ဆောင်ရွက်ကြိုးပမ်းနေတာ၊ လောကီ လောကုတ္တရာ အလွန်အကျိုးထူးပါတယ် ဆရာလေးတို့။

'အလှူကြီးပြီးရင် စာမေးပွဲဝင်ကြရမယ်၊ ဒီနှစ်လဲအောင်ချက်ကောင်းအောင် ကြိုးစားကြစေချင်တယ်၊ အလှူခံပုဂ္ဂိုလ်ဆိုတာ လှူဒါန်းသူအကျိုးရှိအောင် နေရ ထိုင်ရ ကျင့်ကြံရတယ်၊ ဒီတော့ သူတစ်ပါးလှူဒါန်းတဲ့ ဆွမ်း၊ ကွမ်း စသည်ကို ခံယူစားသောက်ပြီးတဲ့နောက် အကျိုးရှိအောင် မိမိပြုဖွယ်ရှိတာကို မဆုတ်မနစ် ပြုမူကြစေချင်တယ်၊ ဒီတော့ အားလုံး

စာကို လုံ့လ ဝီရိယထားပြီး ကြိုးစား ကျက်မှတ်ကြစေချင်တယ်၊ ကဲ ဒီလောက်ပဲ ဆရာလေးတို့'

အားလုံးက ဆရာကြီးဘုရားကို ဦးချလိုက်ကြသည်။

ပြီးတော့ ရိုသေစွာ လက်ကိုပိုက်လျက် ဘုရားကျောင်းအတွင်းမှ ထွက်ခွာလာခဲ့ကြ၏။ ဆရာကြီးဘုရားရှေ့ ရောက်သောအခါ အလိုလို ဦးညွှတ်သွားကြသည်။

မသုဓမ္မစာရီသည်လည်း ဆရာကြီးဘုရား ရှေ့အရောက်တွင် ဦးညွှတ်လိုက်၏။

တည်ငြိမ်သော ဆရာကြီးဘုရား၏ မျက်လုံးတွေသည် သူ့ရင်တွင်းကို ထိုးဖောက်သိမြင်နေသလားဟု များစွာ ပူပန်သွားမိလေသည်။

www.burmeseclassic.com

## ၂

'အမေကတော့ ဗုဒ္ဓဘာသာပါပဲ၊ မိရိုးဖလာ ဗုဒ္ဓဘာသာပေါ့၊ ဘာကိုမှ လေးလေးနက်နက် မရှိလှဘူး၊ ပါပါနဲ့ရမှ ကိုယ့်ဘာသာတရားကို လေးစားရကောင်းမှန်းသိတာ၊ ပါပါတို့ဘက်ကတော့ ဘာသာရေးစိတ်ဓာတ် သိပ်ပြင်းထန်တဲ့ အိန္ဒိယတိုင်းသားတွေပဲ၊ အမေနဲ့လဲလုံးဝ သဘောမတူဘူး၊ နောက်ဆုံးခွဲမရလို့ ယူကြတော့ အမေ့ကို သူတို့ဘာသာဘက် ကူးပြောင်းခိုင်းတယ်၊ အမေကလဲ ခပ်ပေါ့ပေါ့ပဲ ကူးလိုက်တယ်၊ အမေ့အမျိုးတွေက သိပ်စိတ်ဆိုး တာပေါ့'

မမာလာက လေသံအေးအေးလေးဖြင့် ပြောနေသည်။

မမာလာသည်မည်သည့်အရာမဆို အေးချမ်းစွာ ဖြေရှင်းတတ်သည်။ မသုခမ္မစာရီက သူ့အကြောင်းတွေ ဆိုးလှချည့်ဆိုတော့ မမာလာက ပြုံးသည်။

'အမေဟာ ဘာသာခြား သူစိမ်းတွေကြားမှာ အငြိုငြင်ခံပြီးနေခဲ့တယ် မသုခမ္မစာရီရယ်၊ ယောကျ်ားကို ဘုရားလို ကိုးကွယ်ခဲ့တယ်၊ ဒါပေမယ့် အမေ ဘယ်တော့မှ မျက်နှာမရဘူး၊ အစ်မ အရွယ်ရောက်တဲ့အထိ အမေ မျက်နှာသာပေးခံရတာ တစ်ခါမှ မမြင်ဖူးဘူး'

မမာလာပြောသမျှကို မသုဓမ္မစာရီက ငြိမ်သက်စွာပင် နားထောင်နေလိုက်သည်။ ကျောင်း၏ဘေးမှ သစ်ရိပ်အောက်မှာ အေးဆေးစွာ ထိုင်နေမိသည်။ အလှူအတွက် ပြင်ကြ ဆင်ကြ ရွှေ့ကြ ပြောင်းကြနှင့်မို့ သီလရှင်အားလုံး အလုပ်များနေကြသည်။ မသုဓမ္မစာရီတစ်ယောက်သာ ရှုပ်လန်းတက်ကြွခြင်းမရှိ၊ ငေးငေးငိုင်ငိုင် ဖြစ်နေသည်။ သည်အဖြစ်ကို မြင်ရသဖြင့် မမာလာ ဘဝင်မကျနိုင်။ ငြိမ်းချမ်းသည့်အရိပ်အောက်မှာ မပျော်ပိုက်နိုင်သည်ကို သူအံ့သြမိသည်။ သူ့အဖို့တော့ လောကဝဋ်ဆင်းရဲမှ လွတ်အောင် မည်မျှ ရုန်းထွက်ခဲ့ရသည်ကို သိစေချင်လှသည်။

မမာလာက အင်းမလုပ်၊ အဲမလုပ်ဖြစ်နေသော မသုဓမ္မစာရီနံဘေးမှာ သူ့စကားကို သူ ဆက်ရသည်။

'ဆွေမျိုးမိဘတွေ ဝိုင်းအပယ်ခံရတဲ့ အမေဟာ စိတ်သိပ်ဆင်းရဲရတယ်၊ ဝဋ်ပဲပေါ့၊ ဘာသာတရားဆိုတာ ကိုယ်ယုံကြည်ရာ ကိုယ်ကိုးကွယ်ကြစမြဲမို့ ပါပါ့ကိုလဲ အပြစ်မတင်ပါဘူး၊ ဒါပေမယ့် အမေ့ဒုက္ခကတော့ ကြီးပါတယ်၊ အမေဟာ သူ့ဆွေမျိုး မိဘတွေ သေလို့တောင် မသွားနိုင်ခဲ့ဘူး၊ သူ့ကို အားလုံးက ဝိုင်းပယ်ထားခဲ့ကြတယ်၊ ဒီကတည်းက ဘဝရဲ့ဒုက္ခကို မမာလာက မြင်တယ်၊ အမေဟာ လူတစ်ယောက်အပေါ်မှာ တပ်မက်စွဲလမ်းမိလို့ ဒုက္ခအားလုံးကို ရင်ဆိုင်ရတယ်၊ ဘဝဆိုတာ တပ်မက်လေလေ ဆင်းရဲလေလေ မဟုတ်လား'

မသုဓမ္မစာရီ လှုပ်ရှားလာသည်။

'အိုး၊ မမာလာကလဲ၊ သူ အဲဒီလူကိုယူလို့သာ ဆင်းရဲတာ၊ တခြားလူယူရင် ဒီလိုဘယ်ဖြစ်မလဲ'

ပက်ခနဲ ပြန်ပြောလိုက်မိသည်။ မမာလာပြောသည့် တပ်မက်စွဲလမ်းခြင်း၏ ဒုက္ခဆိုသည်ကိုလည်း သူမမြင်ပေ။ ဘာဆိုသလဲဟု တွေးနေသည်။

'အပေါ်ယံတွေးရင်တော့ ဒီလိုပဲထင်မှာပေါ့ မသုရယ်၊ တကယ်တော့ ဘာကိုပဲ စွဲလမ်းစွဲလမ်း၊ စွဲလမ်းမှုရဲ့ဒုက္ခကို သူခံရမှာပဲ၊ တခြားလူ ယူတော့ကော တခြားလူကို ယူမိခြင်းရဲ့ ဒုက္ခကို သူခံရမှာပေါ့ မဟုတ် ဘူးလား၊ သေသေချာချာတွေးကြည့်လေ၊ တခြားဒုက္ခကို သူခံရမှာပေါ့'

'အိုး'

မသုဓမ္မစာရီ ဘာပြောရမည် မသိသေး။ အမေ့မျက်နှာကို ကွက်ခနဲ မြင်ယောင်မိသည်။ ဟုတ်တယ် ဟုတ်တယ် အမေလည်း အဖေ့ကိုယူမိလို့ ဒုက္ခရောက်ဖူးတယ်။ ပြီးတော့ ဦးလေးကိုယူလို့ ခု သူ ဒုက္ခရောက်နေ ပြန်ပြီလေ။

'ဒါပေမယ့် မမာလာ'

မမာလာက သူ့ကို စိတ်အားထက်သန်စွာ ကြည့်နေသည်။ သူ ပြောသည့် စကားတွေကို စိတ်ဝင်စားဖော်ရသည့်အတွက် မသုဓမ္မစာရီကို ကျေးဇူးတင်ရသေးသည်။

'လောကမှာ ချမ်းသာစည်းစိမ်ကို ရနေတဲ့သူတွေ တစ်ပုံကြီး မဟုတ်လား'

'ဟုတ်တာပေါ့ မသုရယ်၊ ဒါပေမယ့် အဲဒီချမ်းသာခြင်းကကော မြဲလို့လားကွယ်၊ တို့ရဲ့ ကျောင်းအစ်မကြီးကိုပဲကြည့်လေ၊ ဘယ်လောက် ချမ်းသာသလဲ၊ ဒါပေမယ့် ခု ကျောင်းဒကာကြီးက ဆုံးသွားတော့ သူ့မှာ ပိရေပိ ဝိပ္ပရောကော ဒုက္ခောဆိုတာကို ခံစားနေရပြီ'

'ဒါကတော့ လူတိုင်းပေါ့ အစ်မရာ'

မသုဓမ္မစာရီက သိပ်မကျေနပ်ချင်သေး။

BURMESE CLASSIC .com

'အင်းလေ၊ လူတိုင်း လူတိုင်း ဒုက္ခနဲ့ မကင်းနိုင်ကြတာမို့ ဘုရားက နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်ဖို့ လမ်းပြခဲ့တာပေါ့'

မသုဓမ္မစာရီက ငြိမ်သက်နေသည်။ သူ့မှာတော့ နိဗ္ဗာန်ရောက် ကြောင်း တရားကို အားထုတ်ဖို့ ပါရမီရင့်သန်ခြင်း မရှိသေးပေ။

'ဩော် ဒါနဲ့ မမာလာ သီလရှင်ဝတ်တဲ့အကြောင်းကို ပြောစမ်းပါဦး'

မသုဓမ္မစာရီ ပိုမို စိတ်ဝင်စားလာတာ မြင်ရတော့ မမာလာ အားတက်သွားသည်။

'မမာလာကိုမွေးတော့ အမေတို့မှာ ပြဿနာဖြစ်တယ်လေ၊ အမေက သူကိုယ်တိုင်က ယောကျ်ားကိုချစ်လို့ ဘာသာကိုစွန့်ခဲ့ပေမယ့် သမီးကို ကျတော့ ဗုဒ္ဓဘာသာပဲဖြစ်စေချင်တယ်၊ ဒီတော့အဖေနဲ့ ပြဿနာဖြစ်တာပေါ့၊ အမေက ဒီတစ်ခါတော့ အလျှော့မပေးတော့ဘူးလေ၊ ပါပါတို့ဘက်ကလဲ ခါးခါးသီးသီးပဲ၊ နောက်ဆုံးတော့အမေက မမာလာကို သူ့ဆွေမျိုးတွေဆီ ခိုးပို့လိုက်တယ်'

မမာလာ၏ မျက်နှာသည် ညှိုးရိပ်သန်းလာသည်။

'ဒီတော့ ဘာဖြစ်သလဲ မမာလာရဲ့'

မသုဓမ္မစာရီက စိတ်စောစွာ မေးလိုက်၏။

'မမာလာရဲ့ ကြီးဒေါ်တစ်ယောက်က ဆရာကြီးဘုရားတို့ရဲ့ ဒကာမတစ်ဦးပဲ၊ မမာလာကို ဘာသာတရားနဲ့ထိတွေ့အောင် ဆိုပြီး ကျောင်းကို ခေါ်လာတယ်၊ မမာလာ ကျောင်းကိုရောက်တော့ ကျောင်းကြီး ကလဲ ခုလိုတိုက်ကျောင်းကြီး ဘယ်ဟုတ်ဦးမလဲကွယ်၊ ချုံတွေ နွယ်တွေနဲ့၊ တီတွေ ကျွတ်တွေနဲ့ ခုလို ရေတင်စက်တွေ ဘာတွေလဲ မရှိသေးဘူး၊ ကန်ရေကို ဆင်းခပ်ကြရတယ်၊ ကျောင်းကလဲ တဲသာသာပေါ့၊ အဲဒီမှာ

ဆင်းရဲဒုက္ခခံပြီး ဆရာကြီးဘုရားက သီလရှင်တွေကို ပြုစုပျိုးထောင်နေတာ၊ အစ်မလဲပါရမီကြောင့်ပဲထင်ပါရဲ့၊ သီလရှင်လေးတွေ အားကျပြီး ကြီးဒေါ်ကို သီလရှင်ဝတ်ပေးဖို့ ပူဆာတော့တာပဲ’

မသုမမွစာရီ အံ့သြနေသည်။ သည်ကျောင်းတိုက်ကြီးမှာ မမာလာလိုပင် မိမိသဘောအလျောက် သီလရှင်ဘဝသို့ အတင်းကူးပြောင်းလာသူ ငယ်ဖြူတွေ များစွာရှိသည်။ ပါရမီဟုပဲပြောပြော၊ သဒ္ဓါဟုပဲဆိုဆို မသုမမွစာရီ ကတော့ အံ့သြမိ၏။ မိမိတုန်းကတော့၊ မိမိတုန်းကတော့။ အင်းလေ၊ မိမိသဘောအလျောက် ဝတ်ခဲ့တာပါပဲ။ သို့သော် သူတို့လောက် ခိုင်မာ မြဲမြံခြင်း မရှိခဲ့သည်မှာ ဘာကြောင့်ပါလဲ။

မမာလာက အားတက်သရော ဆက်ပြောနေသည်။

‘ပါပါကလေ မမာလာကို အတင်းလိုက်ရှာတာပေါ့၊ အမေကလဲ ပြောမပြဘူး၊ မမာလာ ပါပါမသိအောင် ပုန်းနေရသေးတယ်၊ နောက်တော့ ပါပါနဲ့အမေလဲကွဲရော မမာလာလဲ သီလရှင်အပြီးဝတ်လိုက်တယ်၊ ဘာသာတရားတိုင်းမှာ သူ့ဟာနဲ့သူ အဆုံးအမ တရားတော်တွေရှိတယ်ဆိုတာ မမာလာ သိပါတယ်၊ ဒါပေမယ့် ဗုဒ္ဓဘာသာတရားတော်ရဲ့ သိမ်မွေ့နက်နဲမှုကို ကြာလေ ကြာလေ နှစ်သက်မြတ်နိုးလေပဲ’

‘မမာလာ သီလရှင်ဝတ်တာ ဘယ်လောက်ကြာပြီလဲ’

မသုမမွစာရီက မပွင့်တပွင့်မေးသည်။

‘ဆယ့်နှစ်နှစ်သမီးက ဝတ်တာ၊ ရှစ်နှစ်ရှိပြီလေ’

မသုမမွစာရီ ငေးနေသည်။

‘ဘယ်လောက်ကြာကြာ နေမှာလဲဟင်’

‘ခုချိန်ထိတော့ မမာလာ လူဝတ်ကြောင်လဲဖို့ စိတ်မကူးပါဘူး ညီမရယ်၊ သာသနာ့ဘောင်မှာ အနေကြာတော့ လူတွေနဲ့လဲအံဝင်ခွင်ကျ

BURMESE CLASSIC .com

နေတတ်တော့မယ် မဟုတ်ဘူး၊ မမာလာ ဒီဘဝမှာ ပျော်တယ်၊ နောက်ဆုံး အကြီးတန်းအောင်ရင်လဲ ဒီကျောင်းကြီးမှာ စာချတန်းမှာ ဝင်လုပ်မယ်၊ ဒါမှမဟုတ်လဲ အမေ့ မွေးဇာတိကိုပြန်ပြီး မိဘမဲ့ကလေးတွေကို စာသင်ရင်း ကျောင်းဖွင့်မယ်ကွယ်၊ အမေ့ကျေးဇူးကို ဒီနည်းနဲ့ပဲ ဆပ်ရမှာပဲ'

မမာလာက တည်ငြိမ်စွာပြောသည်။ သြော် သုခမ္မစာရီမှာတော့ တခြား ပုဂ္ဂိုလ်တွေလို ဘာကြောင့်များ မတည်ငြိမ်နိုင်ပါလိမ့်။ လာဘ်သပ္ပကာ အားဖြင့်လည်း ဘုန်းကြီး ရဟန်းတွေလို ရွှင်ခြင်း၊ ပေါများခြင်းမရှိ။ အရပ်တကာမှာ အငြိုငြင်ခံကာ တစာစာအလှူခံပြီး ဆင်းဆင်းရဲရဲ နေထိုင်စားသောက်ရသည့် သီလရှင်ဘဝ။ သည်လိုဘဝမျိုးမှာ ယုံကြည်ချက်ပြင်းစွာ နေနိုင်သည်ဆိုသည်မှာ သူတို့ပြောသလို ပါရမီထူးလို့သာပဲဖြစ်ရမည်။

'မမာလာ၊ မမာလာရဲ့အမေကော ခု ဘယ်မှာလဲဟင်'

မမာလာ၏ မျက်လုံးများ မှုန်မှိုင်းနေသော်လည်း ပူဆွေးခြင်းကို မပြတော့။

'လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အမေ ဆုံးသွားတယ်၊ သမီးကို စိတ်ချသွားပြီလေ'

'သြော်'

မသုခမ္မစာရီရဲ့ အမေကကော မမာလာရဲ့ အမေလိုပဲ သမီးကို သာသနာ့ရိပ်မှာ စိတ်ချလက်ချ ထားနိုင်ခဲ့မှာလား။ အို၊ မဖြစ်ဘူး၊ မဖြစ်ဘူး။ အမေလည်း မသေရဘူး။ မသုခမ္မစာရီလည်း အမေ့ကို ဘယ်လိုနေနေ ပစ်ထားပြီး တစ်ယောက်တည်း ရှန်းမထွက်နိုင်ဘူး။ မမာလာရဲ့ အမေဟာ သမီးကို သီလရှင်ဘဝပို့ပြီး သူက ခင်ပွန်း ဆွေမျိုးရဲ့ အငြိုငြင်ခံပြီး သေသွားရသလားမှ မသိတာ။

BURMESE CLASSIC .com

မသုဓမ္မစာရီ၏ အတွေးများကို သိရလျှင်ဖြင့် တရားဟောကောင်းသည့် မမာလာတစ်ယောက် ရင်ကျိုးလေမည်လား မသိ။

မသုဓမ္မစာရီကတော့ အလင်းရောင်ကို ကောင်းစွာ မြင်နိုင်စွမ်းမရှိသေး။ သုသိလရှင်ဘဝ ရောက်ခဲ့ရသည့်အဖြစ်ကို ပြန်တွေးလိုက်တော့လည်း အများတကာလို ရေရာပြတ်သားခြင်း မရှိသည်ကို တွေ့မြင်ရလေသည်။

www.burmeseclassic.com

# ၃

'ဟဲ့ ဘယ့်နှယ်ဖြစ်လာရပြန်သလဲ သိန်းမြရယ်၊ အထိတ်တလန့် ရှိလိုက်တာ'

သိန်းမြ၏ နဖူးမှာ ချွေးဒီးဒီးကျနေသည်။ လူကလည်းမောဟိုက်နေသည်။ မျက်လုံးများကတော့ ဒေါသအခိုးအငွေ့ဖြင့် ဟုန်းဟုန်းတောက်ကာ အံကိုလည်း ကြိတ်ထားလိုက်သေးသည်။

'လယ်ထဲမှာ ရန်ဖြစ်လာတယ် ကြီးကြီးရယ်'

သိန်းမြနှင့်ရွယ်တူ မထွေးစိန်က ပြောသည်။ သိန်းမြကို အတင်းဆွဲလွဲကာ ခေါ်လာပုံရသည်။ မထွေးစိန်လည်း မောဟိုက်နေသည်။

'ကဲကဲ ထိုင်ကြစမ်းပါဦး၊ ထိုင်ကြစမ်းပါဦး၊ ဘယ့်နှယ် ဘယ်လိုဖြစ်လာရတာလဲ၊ ငါ့ကို ပြောစမ်းပါဦး ဟဲ့'

မထွေးစိန် နှုတ်ဆွံ့နေသည်။ သည်လိုပဲဖြစ်ရမည်။ သိန်းမြတို့ဖြစ်ပြီဟော့ ဆိုလျှင်လည်း ကျော်မကောင်း၊ ကြားမကောင်းချည်းပဲ မဟုတ်လား။

'မပြောချင်ပါဘူး ကြီးကြီးရယ်၊ အနောက်ပိုင်းက ခပ်စွာစွာ ညီအစ်မ မတင့် မမြင့်တို့နဲ့ ဖြစ်တာ၊ သူ့ဖြင့် ထဘီတောင်ကျွတ်ရော'

BURMESE CLASSIC .com

'ဖြစ်ရမယ် ဖြစ်ရမယ်'

ကြီးရွှေမှုံက ရင်ဘတ်ကို ဖိ၍ ပြောသည်။

'သူသေ ကိုယ်သေပေါ့အေ့၊ ညည်းက ဘာလို့ဆွဲသလဲ၊ အကုန်သေသွားလဲ အေးတောင် အေးသေး'

သိန်းမြက ထွေးစိန်ဘက်ကိုလှည့်ကာ အခဲမကျေဟန်ဖြင့် ပြောလိုက်သေးသည်။

'ဟဲ့ ဟဲ့ သိန်းမြ ဘာကြောင့်များ ဒီလောက် သဲကြီး မဲကြီးဖြစ်နေရတာလဲ၊ မိန်းကလေးတန်မဲ့အေ'

ထွေးစိန်က ကြီးရွှေမှုံကို အသာလေးမျက်စိမှိတ်ပြသည်။ သည်ကတည်းက သိလိုက်သည်။ သိန်းမြကို သူတို့ မခံချင်အောင် ပြောကြဆိုကြပြန်ပြီ ထင်သည်။

'ကျုပ်က အိမ်ကိုပြန်သွားပြီး ဟိုနှစ်ယောက်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး မေးပစ်ချင်တာသိလား၊ ထွေးစိန်က ဒီအတင်းခေါ်လာတယ်'

အခြေအနေကို ကြီးရွှေမှုံ ရိပ်မိလိုက်သည်။

'ညည်းကလဲအေ၊ သူများတကာပြောတိုင်း ကိုယ့်အမေကိုပြန်ပြီး ရန်လုပ်ဖို့ ကြိုးစားနေတာတော့ ဘယ်ကောင်းနိုင်ပါတော့မလဲ'

ထွေးစိန်သည် သူတို့အပေါ်မှ အသာအယာ ထသွားတော့သည်။ စောစောက ရန်ဖြစ်စဉ်က မတင့်တို့ညီအစ်မ ပြောသည့်စကားတွေကို ပြန်လည် ကြားယောင်မိပြီး သိန်းမြကို အလိုလိုအားနာနေမိသည်။

'သူများပြောတာ တော်ရုံဆို ကျုပ် ခံနိုင်တယ်တော့၊ ခုတော့ ကျုပ်က လင်ကောင်မပေါ်ဘဲ အလေနတော မွေးထားတဲ့ ကောင်မလို့ အပြောခံရတာ၊ ပြီးတော့ ပြောသေးတယ်၊ ကျုပ်အမေက ရန်ကုန်မြို့မှာ ဈေးတက်ရောင်းတုန်းက အရောင်းအဝယ်ဖန်းပြပြီး မိန်းမရှင်လုပ်စားတာတဲ့၊ ဟီး ဟီး'

BURMESE CLASSIC .com

ကြီးရွှေမှုံ သူ့ရင်ဘတ်ကို သူ့လက်ဖြင့် ဖိထားမိသည်။ သိန်းမြသည် ပြောရင်းဆိုရင်း ဝမ်းနည်းသည်လား၊ ရှက်သည်လား၊ ဒေါသဖြစ်လွန်းသည်လား မဆိုနိုင်၊ ဟီးချ၍ ငိုလေတော့သည်။

'ဖြစ်ရလေအေ၊ မဟုတ်မဟတ် လုပ်ဇာတ်တွေပါ၊ မလိုတမာ ရှိတိုင်း ပါးစပ်ထဲတွေ့ရာ ပြောနေကြတာပါအေ၊ ဒီအတွက်နဲ့ဖြင့် ဝမ်းနည်းမနေပါနဲ့၊ သူတို့ပြောတာလဲ ခေါင်းထဲမထားနဲ့၊ ဒီဘက်နားက ဝင်၊ ဟိုဘက်နားက ထုတ်ပစ်လိုက်'

ကြီးရွှေမှုံကလည်း စိတ်မချမ်းမသာနှင့်ပင် ပြောလိုက်ရသည်။ သူ့ရင်ထဲကလည်း မကောင်းနိုင်တော့။ သိန်းမြမှာ ပြဿနာဖြစ်ရသည်ကလည်း တစ်ခါမကတော့။ ဖြစ်တိုင်းလည်း သဲသဲမဲမဲ။ ပတ်ဝန်းကျင်ကလည်း သိန်းမြ မခံချင်မှန်းသိလေ ပိုပြီး ပြောချင် ဆိုချင်လေ။ သိန်းမြကလည်း ဘယ်တော့မှ အလျှော့မပေး။ ဖြစ်ပြီဟော့ဆိုလျှင် ရပ်ကျော် ရွာကျော်ချည်းပင်။ သည်မိန်းကလေးလည်း သည်ရွာမှာ နေနေသမျှ ကာလပတ်လုံး ပတ်ဝန်းကျင်အရိုက်အပုတ်ကြားမှာ မျောပါနေရရှာတော့မည်လားဟု ပို၍ ပူပန်သွားမိလေသည်။

'ထုတ်ပစ်လို့ဖြစ်ပါ့မလား ကြီးကြီးရဲ့၊ ကျုပ်ကို အမြဲတမ်း ဒီစကားတွေနဲ့ စော်ကားပြီး အနိုင်ယူနေကြတာ၊ ကျုပ်လေ ကြာလေ ရှက်လေပဲ ဟင်း၊ လဲသာသေပစ်လိုက်ချင်တယ်၊ ကျုပ် အမေကလဲ ပြောစရာဖြစ်နေတာ ကြည့်ဦး၊ သူ့အစ်ကို မယားငယ်ခံပြီးမှ ခု သူ့ညီကို အိမ်ပေါ်တင်ပြီး လုပ်ကျွေးနေပြန်ပြီ'

'ဟဲ့ နင် ဘာမှန်းညာမှန်းမသိဘဲနဲ့ မိဘကို အရမ်းမဝေဖန်နဲ့၊ ကံကြီးထိုက်မယ်၊ ငွေမှုံဟာ နင့်တစ်ယောက်အတွက် သိပ် စိတ်ဆင်းရဲရတယ်၊ သောင်းဖေဆိုတာလဲ နင်တို့ ကျေးဇူးရှင်ဟဲ့၊ နင်တို့သားအမိကို တစ်လျှောက်လုံး ကူညီထောက်ပံ့လာတာ'

သိန်းမြသည် ကလေးဆန်ဆန်ပင် မျက်ရည်စများကို လက်ဖမိုးဖြင့် သုတ်ပြီး နှပ်ကိုပါ ဖတ်ခနဲညှစ်ပစ်လိုက်သည်။

BURMESE CLASSIC .com

'ကျုပ်လေ ကြာရင် လူသတ်မိမယ်၊ ဒါမှမဟုတ်လဲ ကျုပ်ကိုယ်ကျုပ် သတ်သေမိမယ်'

'အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းနဲ့ သိန်းမြ၊ ညည်းဒီလို ရွာမှာ အများနဲ့ ရောရောယှက်ယှက် လုပ်ကိုင်မစားရအောင် ကျောင်းနေပါဆိုတော့လဲမနေဘူး'

'ဒီအရွယ်ကျမှ နေရမှာလားတော့'

မရွှေမှုံသည် သက်ပြင်းချကာ သိန်းမြကိုကြည့်ပြီး ပြောသင့်မပြောသင့် ချိန်ဆနေပြန်သည်။

'လောကီစာကို မသင်ချင်လဲ လောကုတ္တရာ စာပေကျမ်းဂန်တတ်အောင်သင်ပါလား သိန်းမြရယ်၊ ညည်း ရွာမှာမနေချင်ဘူးဆိုတာလဲ မနေရအောင်'

သိန်းမြက ကြီးရွှေမှုံကို ဆတ်ခနဲ မော့်ကြည့်သည်။

'ဘာလဲကျုပ်ကို သီလရှင် ဝတ်ခိုင်းဦးမလို့ မဟုတ်လား'

'သိန်းမြ၊ နင်ဟာလေ အပြောအဆို အနေအထိုင်လဲအင်မတန်ကြမ်းတမ်းနေပြီ၊ ကိုယ့်မွေးထုတ်တဲ့အမေကိုလဲ နင်ပဲဆဲ ပြောလားပြောရဲ့၊ နင့်အပြစ်တွေကို ဆေးကြောပစ်ဖို့တော့ ကောင်းနေပြီ၊ ဘာပဲဖြစ်ဖြစ်ငါ ဒီတစ်ခါ ရန်ကုန်သွားရင် လိုက်ခဲ့စမ်း၊ ဟိုမှာ နင့်လိုအရွယ်တွေ စာသင်နေကြတာမြင်ရင် နင်အားကျမယ်၊ အပြုအမူအနေအထိုင်လဲ သိပ်သိမ်မွေ့တာ၊ သိပ် အေးချမ်းတာ၊ နင်ပျော်သလောက်နေကြည့်၊ မပျော်တော့လဲ ပြန်ထွက်လာပေါ့'

သိန်းမြ စိတ်ဝင်စားဟန် မပြ။

'ကျုပ် ပြန်တော့မယ်'

'ဟဲ့ နေဦး၊ မပြန်နဲ့ဦး၊ နင် ဒီမှာနေစမ်း'

'မနေဘူး၊ မနေဘူး၊ ပြန်တော့မယ်'

သိန်းမြသည် နောက်ကို လှည့်မကြည့်တော့။

အမေ့ကို ရန်တွေ့ချင်သည့် စိတ်တွေ တဖွားဖွား ပေါ်လာပြန်သည်။

\+ + +

BURMESE CLASSIC .com

ဖြန်းခနဲ ကျရောက်လာသော လက်ဝါးပြင်ကို သိန်းမြ ရုတ်တရက် မမြင်လိုက်။ မျက်လုံးထဲမှာ ပြာခနဲဖြစ်သွားသည်။ အမေ့ ဒေါသကို အမြင့်ဆုံး ရောက်အောင် ပို့ဆောင်မိခဲ့လေပြီ။

သိန်းမြ ပြောမိသည့် စကားတွေကလည်း ခါတိုင်းထက် ပို၍ ရင့်သီးသွားသည်။

'ပြောစမ်းပါ၊ ကျုပ်ဟာ ဘယ်သူ့သမီးလဲ၊ ကျုပ်အဖေက ဘယ်သူလဲ၊ တိတိကျကျသိချင်တယ်၊ ကျုပ် ရှက်လှပြီ'

သည်တော့လည်း အမေသည် သည်းခံနားထောင်နေရာမှ ဝုန်းခနဲ ထလာကာ သိန်းမြပါးကို ဖြန်းခနဲ ရိုက်လိုက်မိတော့သည်။ ကိုသောင်းဖေ ထဆွဲသော်လည်း မမီလိုက်။ ကိုသောင်းဖေကလည်း တစ်နေရာရွှေ့တိုင်း သူ့ခြေထောက်ကို တရွတ်ဆွဲနေရသေးသည်။

'ပြောလေ ကဲလေပါလား သိန်းမြ၊ ငါပြောတာကို နားမဝင်ဘဲ ထင်ရာစိုင်းနေ၊ ငါ မိန်းမရှင်မဟုတ်ဘူးဟဲ့၊ နင့်ကို လင်ကောင်မပေါ်ဘဲ မွေးခဲ့တာ မဟုတ်ဘူးဟဲ့၊ နင့်အဖေ လူယုတ်မာသေတာ ကြာပါပကော၊ ဒါကို ငါပြောပေါင်းများလှပြီ၊ နင် မသိဘူး၊ မသိနဲ့ဦးဟယ်၊ မသိနဲ့ဦး'

နောက်တစ်ချီ မငွေမှုံ ထအလာမှာတော့ ကိုသောင်းဖေက အမိအရ လှမ်းဆွဲသည်။

'ရိုက်စမ်းပါနော်၊ ရိုက်စမ်းပါ၊ လွှတ်ပေးလိုက်စမ်းပါ ရှင်ကြီးရဲ့၊ သေသွားလဲအေးပါတယ်'

မငွေမှုံကလည်း ဒေါသတွေ ထွက်လွန်း၍ အတင်းရုန်းထွက်သည်။ သိန်းမြ နေရာမှာ မလှုပ်မခြောက်ရပ်လျက် သူ့အမေကို မျက်လုံးစိမ်းများဖြင့် ကြည့်နေသည်။

'အမလေး၊ ကြည့်စမ်း၊ ကြည့်စမ်း၊ ငါ့ကိုများကြည့်နေလိုက်တာ သူက ဟင်၊ မိဘကို စော်ကားတဲ့ကောင်မ၊ အဝိစိ ချိုးကပ်မယ့်ကောင်မ၊ ငါ နင့်အတွက် ကနေ့အထိ အသက်ရှင် လူလုပ်နေတာဟဲ့'

မငွေမှုံသည်ပြောပြောဆိုဆို ကိုသောင်းဖေ၏ ခြေရင်းတွင်ထိုင်ချကာ ရှိုက်ကြီးတငင် ငိုချလေတော့သည်။

BURMESE CLASSIC .com

သိန်းမြ ငိုင်သွားသည်။ မျက်လုံးများ အရောင်ဖျော့သွားသည်။
သူ လူမှန်းသိတတ်ကတည်းက အမေငိုသည်ကို မမြင်ဘူးခဲ့။
သိန်းမြ အမေ့ကို ကျောခိုင်းလိုက်သည်။
ပြီးတော့ ထိုနေရာမှ ပြေးထွက်ခဲ့၏။
အမေနှင့် အဝေးဆုံးနေရာသို့။
ပြီးတော့ လူတွေနှင့် အဝေးဆုံးနေရာသို့။

\+ \+ \+

'ကိုင်း၊ ပြဿနာဖြစ်လာပြီး မဟုတ်လား၊ ပြောစမ်း'

ကြီးရွှေမှုံက သူသိပြီးသား ကိစ္စတစ်ရပ်အနေဖြင့် မေးလိုက်၏။ သို့သော် မငွေမှုံ၏ စကားကို ကြားရသောအခါ သူ အံ့သြသွား၏။

'အစ်မ သိပြီးပလား'

'အင်းလေ၊ ဟိုတစ်နေ့က ငါ့ဆီက ပြန်သွားတာပဲ၊ ပြီးတော့ ဘာဖြစ်ကြသေးလဲ၊ ခါတိုင်းလိုပဲဆိုပါတော့'

'ခါတိုင်းလိုမဟုတ်ဘူး အစ်မရဲ့၊ ခါတိုင်းထက်ပိုဆိုးတယ်'

မငွေမှုံက စိတ်မောစွာ ပြောလိုက်သည်။

'အင်းလေ၊ ငါလဲထင်တော့ထင်သားပဲ၊ သူ တော်တော်ရှက်နေပုံရတယ်၊ လူတွေကလဲ ခက်ပါတယ်အေ'

'ကျွန်မအတွက်ကတော့ ရိုးနေပါပြီ အစ်မရယ်၊ သူကတော့ ပတ်ဝန်းကျင်အကြောင်းကို သိလျက်သားနဲ့ ဘာမှ ခံနိုင်ရည်မရှိဘူး၊ ကျွန်မလဲ အဲဒီနေ့က စိတ်ဆိုးဆိုးနဲ့ ရိုက်ပစ်လိုက်တယ်'

ကြီးရွှေမှုံက အထိတ်တလန့် ဖြစ်သွားသည်။

'ဟဲ့၊ သူ ကလေးပဲ၊ ဘယ်ခံနိုင်ရည် ရှိပါ့မလဲ၊ ညည်းက တော်တော် ရိုက်ပစ်လိုက်သလား'

ကြီးရွှေမှုံမှာ သားသမီးလည်း မရှိတော့ သိန်းမြကို ချစ်သည်။

'ဟုတ်တယ် အစ်မ၊ ကျွန်မလဲ စိတ်မထိန်းနိုင်တော့ ရိုက်ပစ်လိုက်တာပဲ'

‘ညည်းကလဲအေ၊ လုပ်လိုက်မှဖြင့် အရပ်းပဲ၊ ငါ ပြန်မလွှတ်ဘဲ ထားလိုက်ရအကောင်းသား၊ ဒါနဲ့ အခု သူကော’

‘မသိဘူး အစ်မ၊ ကျွန်မက အစ်မဆီများ လာသလားလို့ လာမေးတာ’

‘ဟင်၊ သူ ဘယ်တုန်းကတည်းက ထွက်သွားတာလဲ’

ကြီးရွှေမှုံက စိုးရိမ်စွာမေးသည်။

‘အဲဒီ နေ့ကတည်းကပဲလေ’

မငွေမှုံက စိတ်မောစွာ ဖြေ၏။

‘ဟဲ့ မိန်းကလေးတစ်ယောက် အိမ်ကထွက်သွားတာ ဒီအတိုင်းနေလို့ ဖြစ်မလား၊ လိုက်ရှာမှပေါ့’

မငွေမှုံ မျက်လုံးတွင် မျက်ရည်တွေဝဲလာသည်။

‘ကျုပ်လဲဘာလုပ်ရမှန်းမသိတော့ပါဘူး အစ်မရယ်၊ သူ အစ်မဆီ မလာရင် ဘယ်များသွားသလဲ မသိဘူး’

‘သူ့သူငယ်ချင်း ထွေးစိန်တို့အိမ် သွားမေးကြည့်လေ၊ ဒီလို အေးအေးဆေးဆေး လုပ်နေလို့ဖြစ်မလား၊ မိန်းကလေးဟဲ့၊ မိန်းကလေး’

မငွေမှုံ ခေါင်းငိုက်စိုက်ချ၍ ပြန်ထွက်သွားသည်။ ကြီးရွှေမှုံလည်း မနေသာတော့။ မငွေမှုံနောက်သို့ ထ၍ လိုက်သွားလေသည်။ ထွေးစိန်ဆီ ရောက်တော့ ထွေးစိန်က ‘သူ့ဆီကိုလဲမလာဘူး’ဟု ပြောသည်။ မငွေမှုံ ရင်ပူရလေသည်။

‘ခက်လိုက်တာ ဒီကောင်မလေး ဘယ်များသွားသလဲမသိဘူး’

‘သူ့ဘကြီးအိမ်ကိုများ သွားသလားမသိဘူး အဒေါ်ရဲ့’

ဘကြီးအောင်သူက တစ်ဖက်ကမ်းရှိ ရွာကလေးတွင်နေသည်။ လှေဖြင့် ကူးသွားရသည်။

‘အင်း၊ အဲဒီကိုသာ မရောက်ရင်တော့ ဒုက္ခပါပဲ’

မငွေမှုံက စိတ်ပူစွာ မေးလိုက်သည်။

‘တခြားတော့ဘယ်မှ မသွားတန်ပါဘူး၊ ငါ အဲဒီကို လိုက်သွားမယ်၊ ညည်းနေခဲ့၊ ညည်းပါရင် တစ်မျိုးဖြစ်နေဦးမယ်’

ကြီးရွှေမှုံက ပြောသည်။ မငွေမှုံ ဘာမျှမပြောတော့။ မျက်ရည်သုတ်၊ တဘက်ကြီးကို ခေါင်းပေါင်းပေါင်း၍ ကျန်ရစ်သည်။ ကြီးရွှေမှုံ တစ်ယောက်တည်း ဘကြီးအောင်သူတို့ရွာသို့ ထွက်ခဲ့သည်။ ရွာမှာ သိန်းမြကို အဆင်သင့်တွေ့ရမှ ကြီးရွှေမှုံ ရင်အေးသွားသည်။

သိန်းမြသည် ကြီးရွှေမှုံ လိုက်လာသည်ကို အံ့သြဟန်လည်း မပြ၊ ဘာမျှလည်း မပြောဘဲ ငေးတိငေးငိုင်ဖြင့် ထိုင်နေလေ၏။

'သိန်းမြရယ်၊ နင်ကတော့ အေးအေးဆေးဆေး ဒီမှာလာနေနိုင်လိုက်တာ၊ နင့်အမေ စိတ်ပူလို့ လိုက်ရှာနေတယ်ဟဲ့'

ကြီးရွှေမှုံက အပူတပြင်းပြောသော်လည်း သိန်းမြက မတုန်လှုပ်။

'ငွေမှုံဆိုတဲ့ မိန်းကလေးကလဲ ကလေးကို ရိုက်လား နှက်လား လုပ်တယ်ဆိုပဲ၊ သူလုပ်ပုံကိုင်ပုံ မဟုတ်လို့ ကလေးမျက်နှာငယ်ရတာ၊ ငွေမှုံ နည်းနည်းမှ အသုံးမကျဘူး'

ဘကြီးအောင်သူက ဆီး၍ အပြစ်တင်သည်။

'ဘာမှမသိဘဲနဲ့ မပြောစမ်းပါနဲ့ အစ်ကိုရယ်'

ဘကြီးအောင်သူကား ကြီးရွှေမှုံ၊ မငွေမှုံတို့ထက်ပင် အေးဆေးသူဖြစ်၏။ ငယ်စဉ် မောင်နှမတွေ ကွဲသွားကတည်းက တံငါအလုပ်ဖြင့် ဆင်းရဲချို့တဲ့စွာနေပြီး ယခုထက်တိုင်ပင် ထိုအလုပ်မှလွဲ၍ ဘာကိုမျှ လုပ်တတ်သူမဟုတ်ပေ။ လောဘလည်းမရှိ။ လောကအကြောင်းကိုလည်း သူ မသိ။ သူ့ဘဝနှင့် သူတော့ အေးချမ်းသည်သာပင်။ ညီမ မငွေမှုံ တစ်ယောက်သာ ဘဝမှာ အမျိုးမျိုးဖြစ်နေသည်။ ကြားရ သိရသမျှနှင့်ပင် ဘကြီးအောင်သူအတွက် အံ့သြတုန်လှုပ်စရာချည်း ဖြစ်၍နေသည်။

'နင်တို့ဟာတွေဘာတွေမှန်းလဲမသိဘူး၊ သမီးမိန်းကလေးမွေးထားပြီးတော့ အနေအထိုင်ကလည်း မတတ်ဘူး'

သိန်းမြကတော့ ဘကြီးအောင်သူကို သူ့ မကျေနပ်ချက်တွေကို ပြောထားပြီးပြီ ဖြစ်သည်။

'အစ်ကို ဘာမှ မသိပါဘူးလို့ ပြောနေတာ၊ သိန်းမြ ညည်းငါနဲ့ လိုက်ခဲ့'

BURMESE CLASSIC .com

ကြီးရွှေမှုံက သိန်းမြကို ခေါ်သည်။ သိန်းမြက မတုန်မလှုပ်။

'ငါ့စကားကို နားထောင်စမ်းပါ သိန်းမြရယ်၊ နင့်အမေဆီ မသွားချင်ရင်လဲ ငါ့အိမ်မှာနေ'

ဘကြီးအောင်သူက ဆင်းရဲသည့်အပြင် သားသမီးလည်းများသည်။ သိန်းမြကို အလိုလိုက်ဖို့ကလွဲ၍ နိုင်နင်းအောင် ထိန်းသိမ်းနိုင်မည် မဟုတ်ချေ။

'ကျုပ် မလိုက်နိုင်ဘူး အကြီး'

သိန်းမြက ခပ်မာမာပဲ ပြောသည်။ သူ့ မျက်လုံးများကလည်း ရက်စက်မာကျောနေသည်။ နှုတ်ခမ်းကိုလည်း တင်းတင်းကိုက်ထားသေးသည်။

'မလိုက်လို့ ဘယ်ဖြစ်မလဲ သိန်းမြ၊ ညည်းအမေကို သနားဖို့ကောင်းပါတယ်အေ'

'ဟင့်အင်း၊ ကျုပ် အမေနဲ့ မျက်နှာချင်း မဆိုင်ချင်တော့ဘူး'

သိန်းမြက ပြတ်သားစွာပင် ပြောသည်။

'မျက်နှာချင်း မဆိုင်ချင်လဲ ငါ့အိမ်မှာပဲနေပေါ့'

'အဲဒီရွာမှာကို မနေချင်တော့ဘူး'

'ဒီမှာနေတော့လဲ ဘာထူးမှာလဲ သိန်းမြရယ်၊ ဒီပတ်ဝန်းကျင်ဟာ ဒီပတ်ဝန်းကျင်ပါပဲ'

သိန်းမြ တွေဝေနေသည်။ သိန်းမြသည် မျက်ရည်ဝေနေသော မျက်လုံးများဖြင့် ကြီးရွှေမှုံကို မော့်ကြည့်၏။

'ကြီးကြီး'

သူ တိုးတိုးခေါ်သည်။

'ကိုင်း ဆိုစမ်း၊ ညည်း ဘာလုပ်ချင်လို့လဲ'

'ကျုပ်ကို ဒီနေရာကနေ အဝေးဆုံးခေါ်သွားစမ်းပါ ကြီးကြီးရယ်'

www.burmeseclassic.com

# ၄

သိန်းမြ ရန်ကုန်သို့ တစ်ခါမျှ မရောက်ဖူးပေ။ တကယ်တမ်း ရွာက ထွက်ခွာလာတော့ ရွာကို သတိရနေသည်။ သူ မမြင်ဘူး မတွေ့ဘူးသော ရန်ကုန်မြို့၏ သာယာလှပမှုတွေကလည်း သူ့ကို ဆွဲဆောင်မှုရှိလှသည်။ သူ့စိတ်ထဲမှာ မတင်မကျဖြင့် လေးလံလျက်သာရှိသည်။ အမေ့ကိုသော်လည်းကောင်း၊ ဦးလေးကိုသော်လည်းကောင်း၊ ရွာကလူတွေကိုသော်လည်းကောင်း မတွေ့ချင် မမြင်ချင်တော့၍ သူ ရွာကို စွန့်ခွာခဲ့ခြင်းသာ ဖြစ်၏။ ကြီးရွှေမှုံကတော့ ဝမ်းမြောက်ဝမ်းသာဖြင့် သူ့ကို ခေါ်လာခဲ့ခြင်း ဖြစ်၏။ ဤသို့ဖြင့် သူသည် ဘာမျှ ရေရေရာရာမရှိဘဲ ဆရာကြီးဘုရားတို့ ရှေ့မှောက်သို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။

ကျောင်းကိုရောက်ရောက်ချင်း ဒေါ်ကြီးဘုရားကို အလျင်သွားတွေ့ရသည်။ ကြီးရွှေမှုံက ဒေါ်ကြီးဘုရားနှင့် ထိုအကြောင်း ပြောပြီးသားဖြစ်၏။ ကျောင်းပေါ်မှာ သူနှင့်ရွယ်တူ သီလရှင်ငယ်လေးပေါင်းများစွာက တည်ငြိမ်အေးဆေးစွာ လှုပ်ရှားနေကြတာကို မြင်တော့ သိန်းမြ အံ့သြနေသည်။

BURMESE CLASSIC .com

သူတို့တစ်တွေ ဘာကြောင့် အေးအေးချမ်းချမ်းနေနိုင်ကြပါလိမ့်။

သူ့မှာတော့ ငယ်ငယ်ရွယ်ရွယ်နှင့် ပျော်ရွှင်ဖွယ်ရာမရှိ။ အမေနှင့်လည်း မကြာခဏ ရန်ဖြစ်နေရ၍ ကုသိုလ်လည်း ရမည်မထင်တော့။ ဒီသီလရှင်လေးတွေကော သူ့လိုပဲအမေနှင့်ရန်ဖြစ်ပြီး ဒီနေရာကို ရောက်လာလေသလား။ မဖြစ်နိုင်။ သူတို့မျက်နှာမှာ အပြစ်ကင်းစင်မှုကို တွေ့ရသည်။

'ဒါ ငွေမှုံရဲ့ သမီးပဲ ဘုရား'

ကြီးရွှေမှုံက ဒေါ်ကြီးဘုရားကို လျှောက်သည်။ ဒေါ်ကြီးဘုရားက တည်ငြိမ်အေးဆေးစွာပင် သိန်းမြကို ကြည့်သည်။ သိန်းမြ ရင်ထဲမှာ အပြစ်ရှိသူလို မလုံမလဲခံစားရသည်။ ဒီလို ငြိမ်းချမ်းသာယာတဲ့နေရာမျိုးဟာ သူနဲ့ကော ထိုက်တန်ပါ့မလား။

'အင်း၊ ငွေမှုံ့သမီးတောင် တော်တော်ကြီးပြီပဲ၊ ငွေမှုံတစ်ယောက်ကော စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း ပြည့်စုံရဲ့လား'

ဒေါ်ကြီးဘုရားက မေးသည်။ အမေ့ဘဝ တစ်စိတ်တစ်ဒေသကို သိထားပြီး ဖြစ်ဟန်တူသည်။

'သူ့ဘဝကတော့ ထုံးစံအတိုင်းပဲလေ၊ တည်ငြိမ်နိုင်တယ်လို့လဲ မရှိဘူး'

ကြီးရွှေမှုံက လျှောက်သည်။ ဒေါ်ကြီးဘုရားက သူ့မှာရှိသော ထန်းလျက်ဘူးကြီးကို သိန်းမြတို့ရှေ့သို့ ချကျွေးသည်။

'အခု ဒီကလေးကကော ကျောင်းတွေ ဘာတွေ နေရရဲ့လား'

'ပြောရရင်တော့ အဲဒီအတွက် လာခဲ့တာပဲဘုရား'

ဒေါ်ကြီးဘုရားက ခေါင်းတဆတ်ဆတ် ညိတ်သည်။

'အင်း၊ ထင်တော့ ထင်သားပဲ၊ ငွေမှုံကကော သူ့သမီးကို ကြည်ကြည်ဖြူဖြူ ထည့်လိုက်သလား'

BURMESE CLASSIC .com

'ကြည်ဖြူပါတယ် ဘုရား၊ အမေကတော့ ကျွန်မ မရှိလေ ကောင်းလေပဲ'

သိန်းမြ ဆိုးဆိုးဆတ်ဆတ်ဝင်ပြောလိုက်သည်။ ကြီးရွှေမှုံ မျက်နှာ ပျက်သွားသည်။

'ဟဲ့၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ဆရာကြီးကိုလဲ ဒီလိုမပြော ရဘူး၊ တပည့်တော်လို့ ပြောရတယ်ဟဲ့'

ကြီးရွှေမှုံက လှည့်၍ ပြောလေသည်။

'အင်း၊ သိန်းမြ တစ်ယောက်ကတော့ဖြင့် တောနေတောစား၊ ဘာမှလဲ လိမ္မာရေးခြား မရှိသေးဘူးဘုရား'

ကြီးရွှေမှုံက ဒေါ်ကြီးဘုရားဘက်သို့လှည့်ကာ လျှောက်ထားသည်။

'သူ့အတွက် ဘယ်လိုစီမံချင်လို့လဲ'

'သူက ရွာမှာလဲမနေချင်တော့ဘူး၊ သူ့အမေနဲ့လဲ မနေချင်ဘူးတဲ့၊ တပည့်တော်က ဒီကိုခေါ်လာချင်တာ ကြာပြီလေ၊ အခုတော့ သူကလည်း လိုက်ချင်တယ်ဆိုလို့ ခေါ်လာခဲ့တာပဲ၊ အရှင်ဘုရားတို့လက်ပဲ အပ်ရမှာပဲလေ'

ဒေါ်ကြီးဘုရားကတော့ ဒီလို အတွေ့အကြုံမျိုးလဲ တွေ့ကြုံဖူးပြီမို့ တည်ငြိမ်အေးဆေးစွာပင် နားထောင်နေသည်။

'သီလရှင် ဝတ်ပေးချင်တယ်ဆိုရင်တော့ သူကိုယ်တိုင်က စိတ်ပါမှ ဖြစ်မှာ၊ ဒါမှလဲ ကုသိုလ်ရမယ်၊ ပညာလဲရမယ်'

ဒေါ်ကြီးဘုရားက ပြောသည်။ ကြီးရွှေမှုံက သိန်းမြဘက်သို့ လှည့်ကြည့်သည်။

'ဘယ်လိုလဲ သိန်းမြ၊ ညည်းရွာမှာပြောတုန်းက သီလရှင်ဝတ်ချင် တယ်ဆို၊ အခုကော ဝတ်ချင်တဲ့စိတ် ရှိသေးရဲ့လား၊ အမှန်အတိုင်း ပြောနော်'

BURMESE CLASSIC .com

အမှန်အတိုင်းပြောရရင်တော့ သိန်းမြ စိတ်ထဲမှာ ဘာမျှ ရေရာခြင်း မရှိ။ အားလုံး ဇဝေဇဝါသာ ဖြစ်သည်။ သူသိတာ ရွာမှာ မနေချင်တာရယ်၊ သူ့အမေနှင့် မျက်နှာချင်း မဆိုင်ချင်တာရယ်၊ ဒါပဲရှိသည်။ ဘယ်နည်းနဲ့ ဖြစ်ဖြစ် ရွာကိုတော့ ပြန်မသွားချင်သေးပေ။

'ဝတ်ပါ့မယ် ကြီးကြီးရယ်၊ ကျုပ် ဝတ်မယ်လို့ ပြောပြီးပြီပဲ'

ဒီကတည်းက ဒေါ်ကြီးဘုရားက သိန်းမြ၏ စိတ်ကို အစင်းသိပြီး ဖြစ်သွားတော့၏။

'အင်းလေ ဆရာကြီးဘုရားဆီကို ခေါ်သွားမယ်၊ လိုက်ခဲ့ကြ'

ဒေါ်ကြီးဘုရားကိုတော့ ရပ်ဆွေရပ်မျိုးဆိုတာ သိရ၍ပဲလားမသိ သိပ်ပြီးတော့ ထိတ်လန့်ကြောက်ရွံ့ခြင်း မဖြစ်မိ။ ဆရာကြီးဘုရားဆီ ခေါ်သွားမည်ဆိုတော့ အလိုလိုနေရင်း အရှိန်အဝါဖြင့် လန့်နေမိလေသည်။ သူ့စိတ်ကလည်း ရေရာပြတ်သားခြင်း မရှိသေးသည် မဟုတ်လား။ သို့သော် နောက်ဆုံးတော့ ဆရာကြီးဘုရားရှေ့မှောက်သို့ ရောက်ခဲ့ရ၏။

ဆရာကြီးဘုရား၏ တည်ကြည်လေးစားဖွယ်ကောင်းသော အမူအရာကို မြင်ရတော့ သူချက်ချင်း နေရာမှ ထပြေးချင်လောက်အောင် ဖြစ်သွားမိသည်။ ဒီလိုနေရာမှာ သူလိမ်လို့ ညာလို့လည်း ရမည်မဟုတ်။ သူ ပြောချင်ရာ ပြော၊ ဆိုချင်ရာဆို၍လည်း ဖြစ်မည်မဟုတ်၊ သို့သော် သည်နေရာမှာ စိတ်၏ ငြိမ်းချမ်းခြင်း အငွေ့အသက်ကိုတော့ သူ လက်ငင်းခံစားရသည်။ ဒေါ်ကြီးဘုရားကပင်ဦးဆောင်၍ ဆရာကြီးဘုရားကို အကျိုးအကြောင်း ပြောပြ၏။ ဆရာကြီးဘုရားကလည်း တည်တည်ငြိမ်ငြိမ် ပင် စကားဆို၏။

'သီလရှင်အဝတ်နဲ့ သာသနာ့ရိပ်မှာ နေမယ်ဆိုရင်တော့ ပျော်အောင် နေမှ ဖြစ်မယ်၊ ပျော်မှလဲဖြစ်မယ်၊ ပြီးတော့ ဒီနေရာက ပေါ့ပေါ့ဆဆလဲ နေလို့မရဘူး၊ လူဝတ်ကြောင်တွေလိုလဲ ကိုယ်နေချင်သလို နေလို့မရဘူး၊

ကျောင်းစည်းကမ်းကို လိုက်နာရမယ်၊ ကျောင်းက သင်ပေးတဲ့ စာကို လေ့ကျက်မှတ်သားရမယ်၊ ဒီတော့ ကိုယ့်စိတ်ကို ပိုင်ပိုင်ဆုံးဖြတ်'

ဆရာကြီးဘုရားက ပြတ်ပြတ်သားသားပင် ပြောသည်။

'သူကတော့ ဆရာကြီးဘုရားရဲ့အဆုံးအမကို နာခံပြီး သီလရှင် အဝတ်နဲ့ပဲ နေချင်တာပဲဘုရား'

ကြီးရွှေမှုံက ရှေ့နေလိုက်ကာ လျှောက်ထားသည်။

'မိန်းကလေးရဲ့ သဘောကို မေးဦးလေ'

ဆရာကြီးဘုရားက သိန်းမြဘက်သို့လှည့်ကြည့်၍ ပြော၏။ သိန်းမြ ရင်မှာ မလုံမလဲနှင့် ထိတ်လန့်တုန်လှုပ်ရပြန်သည်။

'ကဲ သမီး၊ ကိုယ့်ရင်ထဲမှာရှိတဲ့ ဆန္ဒကို ပြောလေ'

ကြီးရွှေမှုံက သိန်းမြကို စေ့စေ့ကြည့်ကာ ပြောသည်။

'ကျွန်မ၊ အဲ တပည့်တော် သီလရှင်ဝတ်နဲ့ပဲ နေချင်ပါတယ် ဘုရား'

သိန်းမြက တုန်တုန်ယင်ယင်ဖြင့် လျှောက်ထားလိုက်မိသည်။

'တကယ် ဝတ်ချင်သလား၊ ဒီမှာ နေရင်တော့ သီလရှင်ဝတ်ရုံတင် မကဘူး၊ စာပေကျမ်းဂန်ကိုလဲ တတ်မြောက်အောင် သင်ကြားရမယ်'

'တပည့်တော် စာတော့ သင်ချင်ပါတယ် ဘုရား'

သိန်းမြက သွက်လက်စွာ ပြောကြားလိုက်သည်။

'စာသင်ရုံတင်မကဘူးလေ၊ သူ့စည်း သူ့ကမ်းနဲ့လဲနေရမယ်'

ကြီးရွှေမှုံက ဝင်၍ပြော၏။

'ကိုင်း၊ ဒီလိုလုပ်လေ၊ သူပျော်တယ် မပျော်ဘူးဆိုတာ သေသေ ချာချာ သိရအောင် ကျောင်းမှာ သုံးလလောက်နေကြည့်၊ အဲဒီတော့ ဘယ်လို နေရ ထိုင်ရတယ်၊ ဘယ်လို ကျင့်ကြံအားထုတ်ရတယ်ဆိုတာ ကောင်းကောင်း သဘောပေါက်သွားမယ်၊ အဲဒီလို နေကြည့်ပြီးတဲ့အခါ

BURMESE CLASSIC .com

ကျတော့မှ ကိုယ်လိုက်နာနိုင်၊ မလိုက်နာနိုင်၊ နေနိုင် မနေနိုင်ဆိုတာကို တိတိကျကျ ဆုံးဖြတ်ပေတော့'

ဆရာကြီးဘုရားကလည်း အတွေ့အကြုံရင့်ကျက်သူပီပီ ပြတ်သားစွာ စီမံပေးလေသည်။

'ကဲ သိန်းမြ၊ ညည်း ဘယ်လို သဘောရသလဲ၊ သုံးလလောက် နေကြည့်ဦးမလား၊ တစ်ခါတည်းပဲ ဝတ်ချင်သလား'

ကြီးရွှေမှုံက ထပ်၍မေးသည်။

သိန်းမြ ဘာမျှ ပြန်မပြော။

'သူတစ်ခါတည်း ဝတ်ချင်တယ်ဆိုပေမယ့်လဲ ဆရာကြီးဘုရားက တစ်ခါတည်းဝတ်ခွင့်မပြုဘူးလေ၊ စောစောက ပြောသလိုပဲ၊ ကိုယ့်ရဲ့စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်အောင် သုံးလလောက်တော့ စောင့်ကြည့်ရမယ်'

ဒေါ်ကြီးဘုရားက ဝင်၍ ရှင်းပြ၏။

'ဘယ်လိုလုပ်မလဲ သမီးသိန်းမြ'

ကြီးရွှေမှုံက အားမရစွာ မေးသည်။

'ကျွန်မ နေမယ် ကြီးကြီး'

ဒီစကားကိုတော့ သိန်းမြက ယတိပြတ်ပြောသည်။

လောလောဆယ် သူ့မှာ ကွန်းခိုရာ နေရာလည်း ရပြီမဟုတ်လား။ သူ ဒီနေရာမှာ ပျော်မွေ့လျှင် ဆက်ပြီး နေဖို့သာရှိ၏။ ဒီထက်ကောင်းတဲ့ အစီအစဉ်လည်း မရှိ။

'ဟုတ်တယ်၊ ဒီအတိုင်းပဲကောင်းတယ်၊ အဲဒါကို သဘောကျရင် သူ့ကို ထားခဲ့၊ စားရေးသောက်ရေးကတော့ ကျောင်းပဲ၊ မပူပင်ရပါဘူး၊ သူများ စားသလိုစား၊ သူများလုပ်သလိုပဲ လုပ်ကြည့်၊ သူများတကာ ကျင့်ကြံ အားထုတ်တာကိုလဲ လေ့လာပေါ့'

နောက်ဆုံးတော့ ကြီးရွှေမှုံလည်း သိန်းမြကို ဆရာကြီးဘုရားတို့ ကျောင်းမှာထားရန် ဆုံးဖြတ်ရ၏။

'ညည်း ပျော်ပါစေလို့ ငါ ဆုတောင်းပါတယ် သိန်းမြရယ်'

ကြီးရွှေမှုံက ပြန်ခါနီးတွင် လိုက်လိုက်လှဲလှဲ ပြောကြားသွားလေသည်။

သည်သို့ဖြင့် သိန်းမြသည် ပူလောင်သော လောကထဲမှ ငြိမ်းချမ်းသော အရိပ်အာဝါသအောက်သို့ စတင် ရောက်ရှိခဲ့ရလေသည်။ ဆရာကြီးဘုရားတို့ ကျောင်းမှာ ခေတ္တ နေရသည့် အခိုက်အတန့်တွင် သိန်းမြသည် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းဖြင့် ပြည့်စုံစွာ နေရသည်သာ။ ကျောင်းမှာ ဒကာမကြီးများနှင့်အတူ သီးခြား အဆောင်ငယ်တွင် နေရလေသည်။ ကျောင်း၏ ဝေယျာဝစ္စများကို ထမင်းချက် မိန်းမကြီးများနှင့်အတူ ကူ၍ လုပ်ကိုင်ပေးရသည်။ ပတ်ဝန်းကျင်အသစ်မှာ သိန်းမြစိတ်အေးချမ်းသာစွာ နေရသည်ကတော့ အမှန်ပင်။ ရွာမှာတုန်းကလို လူတကာနှင့်လည်း ရန်မဖြစ်ရတော့။ လူတကာ၏ မခံချင်အောင် ပုတ်ခတ်ပြောဆိုသော စကားများကိုလည်း မကြားရတော့။ ထိုသို့ မကြားရသည့်အတွက် သူ့ရင်ထဲက ဒေါသတွေကိုလည်း ထုတ်ဖော်ပြသရခြင်း မရှိတော့။ အထူးသဖြင့် အမေနှင့်လည်း ရန်မဖြစ်ရတော့။

အမေ့အကြောင်းကိုသေသေချာချာ တွေးကြည့်တော့ သူ ဝမ်းနည်းလာသည်။ တကယ်ပဲအမေဟာ သူ့အတွက် အသက်ရှင်နေခဲ့ရလေသလား။ အမေ့ဘဝမှာ သူ မသိနိုင်သော အတိတ်တွေ၊ လျှို့ဝှက်ချက်တွေ ရှိနေခဲ့လေသလား။

ကျောင်းမှာ ခေတ္တခဏ သူနေရသည့် ကာလတွင်တော့ သူပျော်ခဲ့သားပင်။ အမေ့ကိုလည်း မေ့ထားနိုင်ခဲ့သည်။ ရွာကိုလည်း မေ့နိုင်ခဲ့သည်။ သူ့ကို မလိုတမာ ပုတ်ခတ်ပြောဆိုသော လူတွေနှင့် ဝေးရာမှာနေရသည့်

BURMESE CLASSIC .com

အတွက်လည်း ပို၍ စိတ်ချမ်းသာနေခဲ့သည်။ ကျောင်းမှာ အိပ်ချိန်တန် အိပ်၍ စားချိန်တန် စားရသည်။ ကြီးရွှေမှုံကလည်း သူ ပျော်ပါစေတော့ ဆိုပြီး အစားအသောက် အမျိုးမျိုးကို ပို့ပေးနေခဲ့သည်။ သူက ဆွမ်းချက်သည့် မိန်းမကြီးများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးရ၏။ သူ့မျက်စိရှေ့မှာ မြင်ရသော သီလရှင်လေးများကလည်း သူတို့ဘဝကို မပျော်ပိုက်သူဟူ၍ မတွေ့ရ။ ထို့ကြောင့် သူလည်း ဤသို့ နေရလျှင် ပျော်ပိုက်နိုင်လိမ့်မည်ဟု သူ ထင်သည်။ ပြီးတော့ လောလောဆယ်အားဖြင့် သူ့ရင်ထဲမှာ ဖြစ်ပေါ် နေသော စိတ်ဝေဒနာကို ကုစားပေးပြီးသား ဖြစ်နေသောကြောင့်လည်း ဖြစ်နိုင်ပေသည်။

'ဘယ့်နှယ်လဲသိန်းမြ၊ ညည်း နေရတာ ပျော်တယ် မဟုတ်လား၊ ငါ ဆရာကြီးဘုရားကို လျှောက်ထားလိုက်တော့မယ်'

ကြီးရွှေမှုံက မကြာခဏ လာရောက်ပြီး သိန်းမြကို မေးမြန်းစုံစမ်းလေသည်။ သည်လို တိတိကျကျ မေးမြန်းတော့လည်း သိန်းမြ စိတ်ထဲမှာ နှေးကွေး လေးလံနေပြန်သည်။

'အမေက ဘာပြောလဲ ကြီးကြီး'

သိန်းမြက အမေ့ကို သံယောဇဉ်မပြတ်နိုင်။ တကယ်တော့လည်း အမေ့ကို သူ သိပ်ချစ်သည်။ သူ့ဘဝမှာ အမေကလွဲလျှင် ချစ်စရာမရှိ။ အမေ့ကို ချစ်ရလွန်းသောကြောင့် သူ့ရင်ထဲမှာ ပဋိပက္ခတွေ ဖြစ်နေရသည်ဟု ထင်သည်။

'ညည်းအမေကတော့ ညည်း ဒီမှာ အေးအေးချမ်းချမ်း နေရတယ် ဆိုရင် ဝမ်းသာနေတာပေါ့အေ'

အမေ သူနှင့် ဝေးရာမှာ နေသည့်အတွက် ပိုပြီး စိတ်ချမ်းသာနေသလားဟု တွေးကာ ဝမ်းနည်းသွားပြန်လေသည်။

'အမေက ကျုပ်ကို မလွမ်းဘူးတဲ့လား'

ကြီးရွှေမှုံက သိန်းမြ ဆိုလိုသည့် အချက်ကို ချက်ချင်းသိသည်။

'ဟဲ့၊ သူ့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာ မလွမ်းဘဲဘယ်ရှိပါ့မလဲ၊ ဒါပေမယ့် ဒီလို အရိပ်အာဝါသအောက်မှာ အေးအေးချမ်းချမ်း နေရတယ်ဆိုတော့ ဘယ်မိဘမဆို ဝမ်းသာတာပဲပေါ့၊ ရွာမှာ ညည်းကို သူများတွေက ပြောကြ ဆိုကြ ဆိုတော့လဲ သူ ဘယ်လာ စိတ်ကောင်းနိုင်ပါ့မလဲအေ၊ သူ့ အတိတ်ဘဝက မကောင်းခဲ့ပေမယ့် ကိုယ့်သမီးလေးကိုတော့ ဖြူဖြူစင်စင်လေး ဖြစ်စေချင်တာပေါ့'

ကြီးရွှေမှုံက သေသေချာချာ ရှင်းပြရသည်။

'အင်းလေ၊ အမေတို့ ကြီးကြီးတို့ကလဲ ဒီလောက်ဝတ်စေချင်မှတော့ ကျုပ် ဝတ်လိုက်ပါတော့မယ်'

'ဟဲ့၊ ဒီလို မပြောနဲ့လေ သိန်းမြ၊ ညည်းရဲ့ စိတ်ထဲကကော တကယ့်ကို ဆန္ဒရှိရဲ့လား'

'ကျုပ်အဖို့တော့ ဘယ်နေနေ မထူးဘူး ထင်တာပဲ'

ကြီးရွှေမှုံ သက်ပြင်းချရပြန်သည်။

'မဟုတ်သေးဘူး သိန်းမြရယ်၊ ဒီမှာ သူများတကာတွေ စာတွေ ပေတွေ သင်နေတာ၊ ညည်းကော သင်ချင်စိတ် မရှိဘူးလား'

'ရှိပါတယ်'

'အေးလေ၊ ညည်း သေသေချာချာ စဉ်းစားထား၊ ငါ နောက်တစ်ခါ လာလို့ရှိရင် ဒီမှာ ပြုနေကျအလှူပွဲနဲ့လဲ ကြုံတယ်၊ အဲဒီတော့ ညည်းစိတ်ထဲမှာ ယတိပြတ် ဆုံးဖြတ်လို့ရရင် တစ်ခါတည်း ဝတ်လိုက်ပေါ့၊ ဟုတ်ဘူးလား'

သိန်းမြက ခေါင်းညိတ်ပြသည်။

ကြီးရွှေမှုံလည်း မတင်မကျဖြင့် ရွာကို ပြန်သွားရပြန်လေ၏။

\+ \+ \+

BURMESE CLASSIC .com

ခေတ္တခဏ နေရသည့်အခိုက်အတန့်မှာတော့ သိန်းမြ ပျော်သလိုလိုရှိခဲ့သည်။ သူ့မှာ စိတ်လွတ်ကိုယ်လွတ် နေနိုင်သေးသည်ကြောင့်လား ဆိုတာတော့ သူ မတွေးမိသေး။ သီလရှင်လေးတွေကလည်း ရုပ်ရည် သနားကမားရှိသော သိန်းမြကို ချစ်ခင်ကြသည်။

'လာမယ့် တပေါင်းလမှာ သီလရှင်ဝတ်ပွဲရှိတယ်၊ မသိန်းမြ တစ်ပါတည်း ဝတ်လိုက်ပါလားဟင်'

'ဝတ်မယ် ဆရာလေးရေ၊ ဝတ်မယ်'

ထိုစဉ်ကတော့ စိတ်ကလည်း ကြည်လင်နေခိုက်မို့ သိန်းမြ စိတ်အားထက်သန်ခဲ့သည်မှာလည်း အမှန်ပင်။

သိန်းမြ၏ အရိပ်အခြည်ကို ကြည့်နေသော ဒေါ်ကြီးဘုရားကလည်း ခေါ်၍ မေးလေသည်။

'ဘယ့်နှယ်လဲ မသိန်းမြ၊ နေရ ထိုင်ရတာ အဆင်ပြေရဲ့လား'

'တင်ပါ့၊ ပြေပါတယ် ဘုရား'

'ပျော်ကော ပျော်ရဲ့လား မသိန်းမြ'

'ပျော်ပါတယ် ဘုရား'

သိန်းမြအသံကို နားထောင်ခြင်းဖြင့် စိတ်ပါလက်ပါရှိလာသည်ကို သိသော ဒေါ်ကြီးဘုရားက ဝမ်းမြောက်စွာ ပြုံးသည်။ သိန်းမြ၏ ဘဝ တစ်စိတ်တစ်ဒေသကိုလည်း မရွှေမှုံက ပြောပြထားခဲ့၍ သိနှင့်ပြီးလေပြီ။

'အင်း၊ ကျောင်းရိပ်ကန်ရိပ်မှာ နေရတာ အေးချမ်းတာပေါ့မ သိန်းမြ ရယ်၊ ကိုယ်သာသနာအကျိုး သည်ပိုးဆောင်ရွက်ဖို့ကလွဲရင် တခြား ဘာပူစရာရှိတာလိုက်လို့'

ဒေါ်ကြီးဘုရားက သူပြောလိုရာကို သိမ်သိမ်မွေ့မွေ့ပင် ပြောသည်။

'ဟုတ်ပါတယ်ဘုရား၊ တပည့်တော်လဲရွာမှာထက်စာရင် ဒီမှာ နေရတာ စိတ်ချမ်းသာတယ်၊ ဒါကြောင့် တပေါင်းလကျရင် တစ်ပါတည်း ဝတ်လိုက်မယ်လို့ စိတ်ကူးတယ်ဘုရား'

 www.burmeseclassic.com 

ဒေါ်ကြီးဘုရားမျက်နှာ ရွှင်ပျသွားသည်။ ဒေါ်ကြီးဘုရားတို့ကတော့ လူတိုင်းကို အေးချမ်းသည့် အရိပ်အောက်မှာ ပျော်မွေ့စေချင်သည်ပင်။

'မသိန်းမြ ဝတ်ချင်တယ်ဆိုရင် ဆရာကြီးဘုရားကို လျှောက်ထားနှင့်ရမယ်၊ ပြီးတော့ ရွာကိုလဲအကြောင်းကြား၊ ရွှေမှုံနဲ့ ညည်းအမေကတော့ သိပ်ဝမ်းသာမှာပဲ'

'တင်ပါ့ဘုရား'

မသိန်းမြက ဒေါ်ကြီးဘုရားကို စိတ်လက်ပေါ့ပါးစွာ ဦးသုံးကြိမ်ချလိုက်သည်။ စိတ်ထဲမှာ ယတိပြတ် ဆုံးဖြတ်လိုက်ပြီးပြီဖြစ်၍ ရွှင်လန်းသွားသည်။

'အေး အေး၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သာသနာရိပ်မှာ တစ်သက်လုံး ပျော်မွေ့ပြီး ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘုရား'

www.burmeseclassic.com

# ၅

အမေ၏ ကြည်နူးခြင်းကတော့ ဆိုဖွယ်ရာမရှိ။

အမေနှင့် စိတ်ဆိုးပြီး ရွာက ထွက်လာခြင်းဖြစ်၍ အမေက သိန်းမြကို တွေ့တွေ့ချင်း ဝမ်းပန်းတနည်း ငိုလိုက်သေးသည်။ ပြီးတော့မှ သူ့မျက်ရည်များကို သူ့ဘာသာ အင်္ကျီလက်မောင်းဖြင့် သုတ်ပစ်လိုက်သည်။ အမေသည် မာနကြီးသော မိန်းမတစ်ယောက်လည်း ဖြစ်၏။

'သိန်းမြ၊ညည်း အမေ့ကို အထင်မလွဲနဲ့နော်၊ အမေက ငြိမ်းငြိမ်းချမ်းချမ်း နေစေချင်လို့၊ ပြီးတော့ စာတတ်ပေတတ်လဲ ဖြစ်စေချင်တယ်၊ အမေ လိုသမျှ ထောက်ပံ့ပါ့မယ်၊ မချို့ငဲ့စေရပါဘူးအေ'

အမေကသည်လို ပြောပြန်တော့လည်း သိန်းမြ အမေ့ကို သနားလှသည်။

'ကျွန်မအတွက် ဘာမှ မပူပါနဲ့၊ ကျွန်မဘဝနဲ့ ကျွန်မ ပျော်အောင်နေပါ့မယ်'

အမေ့ကို ပြန်လည်နှစ်သိမ့်သော စကားကမူ သိပ်ပြီး ပျော့ပျောင်းလှသည် မဟုတ်ချေ။

BURMESE CLASSIC .com

အမေနှင့် ကြီးရွှေမှုံသည် သိန်းမြ သီလရှင်မဝတ်မီ တစ်ပတ်ခန့် အလိုကစ၍ ရန်ကုန်သို့ ရောက်နေ၏။ သိန်းမြအတွက် လိုအပ်သည့် ပစ္စည်းပစ္စယများကို ဝယ်သည်။ သီလရှင်ဝတ်စုံများကို ကြီးရွှေမှုံကိုယ်တိုင် ဝယ်၍ ချုပ်သည်။ ဖျာ၊ ခေါင်းအုံး၊ ခြင်ထောင် စသည်တို့ကို အမေက ဝယ်သည်။ ကြီးရွှေမှုံနှင့် အမေတို့ အလုပ်များနေချိန်မှာ သိန်းမြကတော့ ကျောင်းတိုက်မှာ အေးဆေးစွာ နေ၏။

တပေါင်းလပြည့်နေ့အတွက် ကျောင်းမှာ လှုပ်လှုပ်ရှားရှားပြင်ဆင်နေကြသည်။ သီလရှင်လောင်း ဆယ့်ငါးပါးအတွက် အစစအရာရာ ပြည့်စုံအောင် ပြင်ဆင်နေကြရသည်။ အချို့က နွမ်းပါးလှသည်။ သူတို့ ကိုယ်တိုင် သီလရှင်ဝတ်လိုသည့်ဆန္ဒ ပြင်းပြလှသော်လည်း သူတို့ကို အကုန်အကျခံကာ ဝတ်ပေးမည့်သူ မရှိ။ မိဘကလည်း မတတ်နိုင်။ ထိုအခါ ဒကာခံမည့် ပုဂ္ဂိုလ်ကို ရှာရ၏။ ဆရာကြီးဘုရားက သင့်တော်မည့် ဒကာကို ရှာပေးရလေသည်။ အလှူရှင် ဒကာက သီလရှင်လောင်း အတွက် ကုန်ကျမည့်ငွေကို လှူဒါန်းလေသည်။ သီလရှင်လောင်းများထဲမှာ ကိုးနှစ်သမီးလေးတစ်ယောက် ပါလာ၏။ သူ့မိဘက ဆင်းရဲချို့တဲ့လှသည်။ သိန်းမြက ထိုကလေးငယ်ကို သေသေချာချာ စိုက်ကြည့်ပြီး သူ့ရင်ထဲမှာ ဝေဒနာတစ်ရပ်က ပေါ်ပေါက်လာပြန်သည်။ သူငယ်ငယ်လေး ရှိသေးတာပဲ၊ ဘာ့ကြောင့်များ လောကကို ငြီးငွေ့ရပါသလဲ၊ သူကလေးသည် ကျောင်းတိုက်သို့ ကြိုတင်ရောက်လာကာ သိန်းမြနှင့် အတူ နေလေသည်။ သိန်းမြက သူ့အနားမှာ ခေါ်၍ သိပ်၏။ သူ့နာမည်လေးက ထွေးထွေးလို့ ခေါ်၏။ အားလုံးက ချစ်စနိုးဖြင့် မထွေးလေးဟု ခေါ်ကြလေသည်။

'မထွေးလေးက ဘာဖြစ်လို့ သီလရှင် ဝတ်ချင်ရတာလဲကွယ်'

သိန်းမြက မေးကြည့်သည်။

'ထွေးထွေးက ဝတ်ချင်လို့ ဝတ်တာပဲ'

BURMESE CLASSIC .com

မထွေးလေးက အေးအေးဆေးဆေးပင် ဖြေသည်။

သိန်းမြ အံ့သြ၏။

'ဖေဖေ၊ မေမေတို့က ဝတ်ခိုင်းလို့ ဝတ်တာလား'

'ဟင့်အင်း၊ မဟုတ်ဘူး၊ သမီးက ဝတ်ချင်လို့ ဝတ်တာ'

'သမီးတို့ ဖေဖေ မေမေတို့က ဆင်းရဲလို့လား ဟင်'

သိန်းမြက အကြောင်းရင်းကို ရှာရင်း မေးမိပြန်သည်။

'ဟင့်အင်း၊ မဆင်းရဲပါဘူး၊ သမီးဖေဖေက ရုံးမှာ စာရေးလုပ်တယ်၊ မေမေက ဈေးရောင်းတယ်၊ မောင်လေးက ကျောင်းနေတယ်လေ၊ သမီးက တော့ နှစ်တန်း အောင်ပြီးပြီ'

'သမီးက ကျောင်းဆက်မတက်ချင်ဘူးလား'

'မေမေက ပြောတယ်၊ ဒီ သီလရှင်ကျောင်းမှာလဲ စာသင်ပေး မှာတဲ့'

'သမီးကို ဒီနေရာရောက်အောင် ဘယ်သူ ခေါ်လာတာလဲကွယ်'

'ဒီကျောင်းက ဆရာလေးတွေက သမီးတို့ဆီကို ဆွမ်းဆန်လာခံ တယ်လေ၊ ဆရာလေးတွေကို မေးပြီးတော့ လာရတာပေါ့'

သိန်းမြသည်ကိုးနှစ်သမီးအရွယ်ကလေးလောက် သူ ရင့်ကျက်ခြင်း မရှိသေးသည်ကို သတိထားမိလေသည်။ သူ့မှာတော့ အခြေအနေအရပ်ရပ် နှင့် သူတကာက ဝိုင်းဝန်းတိုက်တွန်း၍သာ ဒီဘဝကို စိတ်ဝင်စားနေသည်။ ကိုးနှစ်သမီးလေးက သူကိုယ်တိုင် ဆုံးဖြတ်ချက်ဖြင့် ဒီနေရာကို ရောက်လာ ခြင်း ဖြစ်သည်။ ရောက်လာရတာချင်းတူသော်လည်း သူတို့၏ ယုံကြည်ချက် ချင်းက မတူကြ။

'မထွေးလေးရယ်၊ ညည်းကတော့ လောကအကြောင်း မသိသေး ဘဲနဲ့ လောကထဲမှာ မနေချင်ဘူး၊ ငါကတော့ နည်းနည်းသိလို့ နည်းနည်း စိတ်ပျက်တယ်၊ လူတွေကို စိတ်ပျက်တယ်'

BURMESE CLASSIC .com

သိန်းမြ စိတ်ထဲက ညည်းညူနေမိလေသည်။ ကြီးရွှေမှုံနှင့် အမေသည် ကျောင်းတိုက်သို့ လာလိုက်၊ ပြန်သွားလိုက်နှင့် အလုပ်များနေကြလေသည်။ လိုအပ်သည့် ပစ္စည်းများကိုလည်း မေးမြန်း၍ ထပ်မံဝယ်ယူနေကြသည်။ အလှူပွဲ နီးလာတော့ ကျောင်းမှာ ပို၍ စည်စည်ကားကားဖြစ်လာ၏။ နှစ်ရက်အလိုမှာ မိန်းကလေးတစ်ယောက် ကျောင်းသို့ရောက်လာသည်။ သူက ဝတ်ကောင်းစားလှနှင့် ဖြစ်၏။ သူသည် ဆရာကြီးဘုရားဆီသို့ ဦးတိုက်၍ သွားလေသည်။ ဆရာကြီးဘုရား ရှေ့မှောက်မှာ ဦးသုံးကြိမ်ချကာ သူလျှောက်ထားသည်ကို သိန်းမြက ကြားခဲ့ရ၏။

'ဖေဖေ မေမေတို့က အခုထိအောင် ပြောပြလို့ မရသေးဘူးဘုရား၊ ဆရာကြီးကိုယ်တိုင် ပြောပေးပါဦး ဘုရား'

သိန်းမြသည် ဆရာကြီးဘုရားအတွက် ဝေယျာဝစ္စပြုရင်း မသိမသာ နားစွင့်နေမိလေသည်။

'အင်းလေ၊ ဒကာ ဒကာမကြီးတွေက ပြည့်ပြည့်စုံစုံ ထားနိုင်တော့ သမီးကို သီလရှင်ဝတ်နဲ့ မနေစေချင်ဘူး ထင်ပါရဲ့'

'တင်ပါ၊ အိမ်မှာတော့ လိုလေသေးမရှိပါဘူး ဘုရား၊ ဒါပေမယ့် တပည့်တော်က သီလရှင်ဝတ်နဲ့ပဲနေချင်တယ်'

သိန်းမြက အံ့သြစွာ နားထောင်နေလေသည်။ နောက်တော့ ဒီမိန်းကလေးကို မကြာခဏ မြင်ဖူးပြီးနေတာကို သတိရသည်။ သူ့မိဘများက ဆရာကြီးဘုရား၏ ဒကာရင်းများပေပဲ။ ကျောင်းကို မကြာခဏလာသည်။ ဆရာကြီးကို လှူဖွယ်ဝတ္ထုများဖြင့် မကြာခဏ လှူဒါန်းတတ်သည်။ ထိုအခါ ဒီမိန်းကလေးလည်း ပါလာတတ်သည်။ သည်မိန်းကလေးသည်လည်း မိဘပြည့်စုံသူပင်တည်း။ အနေအထိုင် သိမ်မွေ့၍ လုပယဉ်ကျေးလေသည်။ သြော်၊ သူတို့မှာ အစစအရာရာ ပြည့်စုံသော်လည်း သီလရှင်အဝတ်ကိုမှ မက်မောပြန်သတဲ့။ သိန်းမြက တွေးနေမိပြန်သည်။ သည်ကျောင်း

BURMESE CLASSIC .com

မှာ မိဘက ပြည့်စုံချမ်းသာသော်လည်း သီလရှင်ဘ၀ကို လိုချင် မက်မော၍ သူ့အလိုအလျောက် လာရောက်၍နေသူတွေ များစွာရှိကြောင်း သိရသည်။ မိန်းကလေး၏ ဆံပင်များက ရှည်လျားလှသည်။ ဒါကိုမြင်ရတော့ သိန်းမြသည် မရေရာသော သူ့စိတ်များကို တွေးကာ ရှက်မိပြန်လေသည်။ လောကီ၀တ်ကြောင်ကို စွန့်ဖို့ဆိုတာ သတ္တိတွေ အများကြီး လိုပါသေးကလားဟု တွေးမိလေသည်။

'အင်းလေ၊ သမီးက စိတ်အားထက်သန်နေရင်တော့ ဆရာကြီးကိုယ်တိုင် ဒကာမကြီးတို့ကို ပြောပါဦးမယ်၊ မိဘက ခွင့်မပြုဘူးဆိုတော့လဲ မသင့်တော်ဘူးလေ'

ဆရာကြီးဘုရားက မိန်းကလေးကို ကြည့်၍ နှစ်သိမ့်လေသည်။

'တင်ပါဘုရား၊ ရအောင်ပြောပေးပါဘုရား၊ တပည့်တော် သိပ်ပြီး စိတ်အားထက်သန်နေလို့ပါ'

မိန်းကလေးက အေးချမ်းစွာ လျှောက်ထားပြန်သည်။ ထိုမိန်းကလေး ပြန်သွားတော့ သိန်းမြက စပ်စုချင်သူပီပီ အခြားဆရာလေးများကို ကပ်၍ မေး၏။

'အဲဒီအစ်မက ဘာဖြစ်လို့ သီလရှင်၀တ်ချင်တာတဲ့လဲ ဟင်'

'သူက မနှစ်က ကတည်းက ၀တ်ချင်နေတာ မသိန်းမြရဲ့၊ သူ့မိဘတွေက ခွင့်မပြုလို့ မ၀တ်ရဘူးလေ'

'သူကဘာဖြစ်လို့ ၀တ်ချင်တာလဲဆိုတာကို သိချင်တာ ဆရာလေးရဲ့'

'ဘာလဲ၊မသိန်းမြကတော့ မ၀တ်ချင်ဘဲနဲ့ ၀တ်ရမှာမို့လား၊ အဲဒီ မိန်းကလေးကတော့ ၀တ်ချင်တာ မပြောနဲ့၊ သူ့ဆန္ဒအလျောက်ပဲ၊ ပါရမီပေါ့လေ၊ သူက ဆယ်တန်းလဲဖြေပြီးသွားပြီ၊ မိဘကလဲ တစ်ဦးတည်းသော သမီးမို့လို့ သိပ် အလိုလိုက်တာ၊ ဆရာလေးတို့ ဆွမ်းဆန်ခံထွက်ရင် သူတို့အိမ်ကို အမြဲရောက်တယ်၊ ပြည့်ပြည့်စုံစုံပါပဲ'

BURMESE CLASSIC .com

သိန်းမြက အံ့သြနေပြန်သည်။ သူ ယခင်က ထင်ခဲ့တာကတော့ သီလရှင်ဘဝကို ရောက်ခဲ့သူတွေအားလုံးဟာ ဘဝမှာ တစ်စုံတစ်ရာ မပြည့်စုံလို့ ကိုယ်လွတ်ရုန်းရင်းနှင့် ရောက်လာရသည်ဟုပဲအထင်ရောက်ခဲ့သည်။ ယခုတော့လည်း တစ်မျိုးပါလား။ 'ပါရမီ'။ ပါရမီဆိုတဲ့ စကားဟာ တကယ်ပဲမှန်လေသလား။ သူကတော့ ပါရမီရှိတော့ရှိသည်။ နည်းသေးသည်ဟု ဆိုရမည်လား မသိ။ အမေနှင့် ကြီးရွှေမှုံလောက် သူကိုယ်တိုင်က စိတ်အားထက်သန်ခြင်း မရှိသည်ကိုတော့ ဝန်ခံရပေမည်။

သီလရှင်ဝတ်မည့် နံနက်ခင်းမှာတော့ ရာသီဥတုကလည်း သာယာကြည်လင်လျက်ရှိသည်။ အလှူ့ဒါယကာ၊ ဒါယိကာမများလည်း ကျောင်းသို့ တဖွဲဖွဲရောက်လာကြ၏။ ကျောင်းမှာလည်း စားသောက်ဖွယ်ရာများကို စုံစုံလင်လင် ချက်ပြုတ်ကာ လာသမျှဧည့်သည်များကို သီလရှင်လေးများက ကျွေးမွေးဧည့်ခံနေကြလေသည်။ အားလုံးသည် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ဝတ်ဆင်ကာ မင်္ဂလာနံနက်ခင်းကို ကျက်သရေဆောင်လျက်ရှိ၏။ ဆရာကြီးဘုရား ကိုယ်တိုင်ကလည်း လာသမျှဧည့်သည်ကို မငြိုငြင်ရလေအောင် ကျွေးမွေးပြုစုရမှ အားရကျေနပ်၏။ အလှူ့ဒါယကာ၊ ဒါယိကာမများကလည်း သိုက်သိုက်ဝန်းဝန်းနှင့် လာရောက်စားသောက် ကြလေသည်။

သိန်းမြတို့တစ်တွေလည်း နံနက်စောစောကပင် လှုပ်လှုပ်ရှားရှားနှင့် ပြင်ဆင်နေကြ၏။ ကြီးရွှေမှုံက ထိုင်မသိမ်းနှင့် ခါးတောင်အင်္ကျီလှလှလေးကို ရွေး၍ ဝယ်လာ၏။ မျက်နှာကို လှလှပပ ခြယ်မှုန်းပြီး စည်းပုံလေးဆောင်းလိုက်သောအခါ သိန်းမြသည် မင်းသမီးလေးတစ်ပါးလို လှပသွားလေသည်။ အမေသည် သိန်းမြကိုကြည့်ပြီး မျက်ရည်ဝဲနေ၏။ ထိုအချိန်မှာ သိန်းမြ၏ ဘဝမှာ မသိခဲ့ဖူးသော မိန်းမတစ်ယောက်လည်း ရောက်လာခဲ့သည်။

'အစ်မ ငွေမှုံရယ်၊ သမီးတောင် ဒီအရွယ်ရှိပြီးနော်၊ ကျွန်မ အမေ့ကို သတိရလိုက်တာ၊ အမေ့ကို မြင်စေချင်လိုက်တာ'

BURMESE CLASSIC .com

ထိုမိန်းမက ပြော၏။ အမေနှင့် ထိုမိန်းမသည် ဘဝတွင် မည်သို့ ပတ်သက်ခဲ့သည်လည်းတော့ မသိ။ ထိုမိန်းမက သိန်းမြကို တယုတယ ကိုင်တွယ်ပွတ်သပ်ကာ ကြင်နာစွာ ကြည့်နေလေ၏။

'ငါ့ဘဝမှာ ဒီသမီးတစ်ယောက် အေးအေးချမ်းချမ်းဖြစ်သွားရင် သေပျော်ပါပြီ မပြုံးရယ်'

အမေက ပြောနေ၏။

သီလရှင်လောင်းများ အားလုံးပြင်ဆင်ဝတ်စားပြီးသောအခါ ခန်းမကြီးထဲမှာ စုရုံးကြသည်။ မိဘနှင့် ဆွေမျိုးများ၊ ဧည့်သည်များက အစီအရီထိုင်ကာ စောင့်ကြည့်နေကြသည်။

မကြာခင်သီလရှင်ဆရာကြီးများနှင့် ပင့်ဖိတ်ထားသော သံဃာတော်များ ကြွရောက်လာကြသည်။ သိန်းမြတို့အားလုံး လက်အုပ်ချီ၍ သံဃာတော်ကြီးများ၏ အဆုံးအမများကို နာယူကြရသည်။ ဆရာတော် တစ်ပါးက ဘိက္ခုနီ သမိုင်းနှင့်တကွ သီလရှင်ဝတ်ရခြင်း၏ အကြောင်းများကို ဟောကြားဆုံးမတော်မူလေသည်။ မိထွေးတော်ဂေါတမီမှ အစပြု၍ ကြိုးစားလုံးပမ်းခဲ့ရမှုနှင့် ဘိက္ခုနီဘဝကို မြတ်စွာဘုရားထံမှာ တောင်းပန်တိုးလျှိုး ခံယူခဲ့ရပုံတို့ကို ဟောကြားလေသည်။

သိန်းမြ၏စိတ်များကား အဝေးဆီသို့ လွင့်လျက်။ မိန်းမသားတို့၏ အခွင့်အရေးတစ်ရပ်အနေဖြင့် ခဲရာခဲဆစ် ရယူခဲ့ရသော ဘိက္ခုနီသမိုင်းသည် သူ့အသည်းနှလုံးကို ဆွဲကိုင် လှုပ်ရှားစေနိုင်ခြင်း မရှိ။

ရှည်လျားလှသော အဆုံးအမ ဩဝါဒများကို နာယူပြီးသည့်နောက် ရှစ်ပါးသီလကို ခံယူကာ လက်အုပ်မိုး၍ ရှိခိုးလိုက်ကြသည်။

အမေနှင့် ကြီးရွှေမှုံသည် ပိတ်စဖြူဖြူကို တစ်ဖက်တစ်ချက်ကိုင်ယူကာ သိန်းမြ၏ ရှေ့မှောက်သို့ ရောက်လာကြလေသည်။ အမေ့မျက်နှာတွင် ဝမ်းသာဝမ်းနည်း အမူအရာကို မြင်ရ၏။ ကြီးရွှေမှုံကတော့ ထူးထူးခြားခြား

တုန်လှုပ်ဟန်မပြ။ အေးချမ်းစွာပင်ရှိနေသည်။ အမေ့နားမှာ အကျွမ်းတဝင် ရောက်ရှိနေသည့် ဒေါ်ပြုံးဆိုသည့် ထိုမိန်းမကတော့ သိန်းမြကို ရီဝေသော မျက်လုံးများဖြင့် ငေးမောကြည့်ရှုနေလေသည်။ သူ ဝမ်းနည်း နေသည်လား မသိ။ သိန်းမြ ရင်ထဲမှာလည်း ဘာကို မျှော်မှန်း၍ ဝမ်းနည်းရမည်မသိသော စိတ်ဖြင့် ဝမ်းနည်း၍ နေမိလေသည်။

သူ့အဖေကိုလား၊ သူ့ဘဝကိုလား၊ ရွာကိုလား၊ အမေ့ကိုလား။

ထိုအချိန်မှာ သီလရှင်လေးများသည် သူတို့၏ရှေ့မှောက်သို့ရောက် လာကာ ဆွတ်ပျံ့သာယာသော ဓမ္မတေးသံတစ်ခုကို သံပြိုင်ညီညာစွာ သီကြွေးကြလေ၏။

ကေသာသုညာ အတ္တေန ဝါ အတ္တနိယေန ဝါ၊
ဆံပင်၌ ငါ သူတစ်ပါး ယောကျာ်း မိန်းမ မရှိ၊
ဆံပင်သည် ငါ သူတစ်ပါး ယောကျာ်း မိန်းမ မဟုတ်။

လောမာသုညာ အတ္တေန ဝါ အတ္တနိယေန ဝါ၊
မွေးညင်း၌ ငါ သူတစ်ပါး ယောကျာ်း မိန်းမ မရှိ၊
မွေးညင်းသည် ငါ သူတစ်ပါး ယောကျာ်း မိန်းမ မဟုတ်။

နခါသုညာ အတ္တေန ဝါ အတ္တနိယေန ဝါ၊
ခြေသည်းလက်သည်း၌ ငါ သူတစ်ပါး ယောကျာ်း မိန်းမ မရှိ၊
ခြေသည်းလက်သည်းသည် ငါ သူတစ်ပါး ယောကျာ်း မိန်းမ မဟုတ်။

ဒန္တာသုညာ အတ္တေန ဝါ အတ္တနိယေန ဝါ၊
သွား၌ ငါ သူတစ်ပါး ယောကျာ်း မိန်းမ မရှိ၊
သွားသည် ငါ သူတစ်ပါး ယောကျာ်း မိန်းမ မဟုတ်။

BURMESE CLASSIC .com

တတောသညာ အတွေ့ေန ဝါ အတ္တနိယေန ဝါ၊
အရေ အထူအပါး၌ ငါ သူတစ်ပါး ယောကျ်ား မိန်းမ မရှိ၊
အရေထူ အရေပါးသည် ငါ သူတစ်ပါး ယောကျ်ား မိန်းမ မဟုတ်။

မမြဲသော ရုပ်ခန္ဓာ တရားတွေကို သူ့နားမှာကြားနေရသော်လည်း သူ့စိတ်သည် တည်ငြိမ်ခြင်းမရှိ။ ထိုအချိန်မှာ ဆရာလေးတစ်ပါးက သူ့ဆံပင်များကို ဖြေချ၍ ကတ်ကြေးဖြင့် ကိုက်ညှပ်စပြုလေသည်။ သူ ခေါင်းကို ငုံ့ထားမိသည်။ ရွတ်ဆိုနေသော ဓမ္မတေးသံသည် သူ့နားထဲမှာ ကြားတစ်ချက် မကြားတစ်ချက်။ သူ့ဆံနွယ် ဆံခွေများကို အမေက ယုယ ပိုက်ထွေးစွာ လှမ်းယူ၍ သိမ်းဆည်းနေလေသည်။ ထိုနောက်မှာ ဆရာလေးတစ်ပါးက ထက်လှသော သင်ဓုန်းဓားတစ်လက်ကို ကျွမ်းကျင်စွာ ကိုင်၍ သူ့ဆံပင်များကို တတိတိဖြင့် ရိတ်ပေးနေလေသည်။ အမေနှင့် ကြီးရွှေမှုံသည် ပိတ်ဖြူစကိုတစ်ဖက်တစ်ချက်ကိုင်ကာ ကျလာသော ဆံပင် အစလေးများကို ငေးမောကြည့်ရှုနေကြလေသည်။ ဘာမဆိုင် ညာမဆိုင် မပြုံးဆိုသည့် မိန်းမကြီးက ငိုနေပါပကော။

'ကျုပ်တူမလေးကို ဒီကနေ့မှပဲမြင်ဖူးပါတယ်တော်၊ ချောချောလှလှ ကလေး၊ တကတည်း နှမြောလိုက်တာ'

ထိုမိန်းမကြီးက တရားလက်လွတ်စွာ ပြောလိုက်လေသည်။ အမေ သည် သူ့ကို ခပ်စူးစူးကြည့်၏။ ကြီးရွှေမှုံက မနေသာ။

'ဟဲ့၊ ဘယ့်နှယ်ပြောလိုက်တာလဲ၊ ဒါ မင်္ဂလာရှိတဲ့အချိန်ဟဲ့၊ လောကမှာ အမွန်မြတ်ဆုံး မင်္ဂလာတရားကို ကျင့်သုံးနေတာ ညည်းပြောပုံက ဘယ်လိုအဓိပ္ပာယ်ရောက်သွားပြီလဲ'

'မဟုတ်ပါဘူး အစ်မရယ်၊ သူက ကလေးကိုချစ်လို့ ပြောတာပါ၊ သူပြောချင်တဲ့အဓိပ္ပာယ်က တစ်မျိုးပဲ'

BURMESE CLASSIC .com

အမေက ဝင်ရောက်၍ ဖျန်ဖြေပြောဆိုလေသည်။ သိန်းမြကတော့ မိန်းမသားသုံးဦး၏ ရင်ထဲမှာ ဘာတွေဖြစ်နေသည်ကို မှန်းဆ၍ မရတော့။ ထိုအချိန်မှာပင် သူ့ခေါင်းပေါ်မှ ဆံပင်များလည်း တစ်စ တစ်စနှင့် ကွာကာကျသွားကုန်ကြပြီ ဖြစ်၏။

'ကြည့်စမ်း ငွေမှုံ၊ သိန်းမြ ခေါင်းလေးက လှလိုက်တာဟယ်၊ လုံးနေတာပဲ'

ကြီးရွှေမှုံက ဝမ်းမြောက်ဝမ်းသာ အမူအရာဖြင့် ပြောလိုက်လေသည်။ အမေကလည်း ခေါင်းတညိတ်ညိတ် ဖြစ်၍နေ၏။

'ကဲ လာ လာ၊ အဝတ်တွေ ကိုယ်ရုံတွေ ဝတ်ကြရမယ်'

သိန်းမြတို့သည် ရှေ့တွင် အသင့်ချထားသော မောင်းထောင်ချိုင့်ထဲမှ ခါးဝတ်၊ ကိုယ်ရုံများကို ယူငင်၍ ဆင်မြန်းကြရလေသည်။ ဝိုင်းဝန်းကြည့်ရှုနေသော ပရိသတ်ဗိုလ်ပုံအလယ်မှာပင် သိန်းမြတို့သည် လောကီ လူဝတ်ကြောင်ကို စွန့်လွှတ်ပြီးသားဖြစ်၍ သာသနာ၏ အဆောင်အယောင်ဖြစ်သော ခါးဝတ်၊ ကိုယ်ရုံတို့ဖြင့် တင့်တင့်တယ်တယ် ဖြစ်သွားကြလေသည်။

သိန်းမြသည် သူနှင့်ရွယ်တူ အဖော်များကို ဝေ့ဝိုက်၍ ကြည့်လိုက်၏။ သူ့ထက်ငယ်သူတွေလည်း ပါသည်။ သူ့ထက် အသက်ကြီးသူတွေလည်း ပါသည်။ ထူးခြားသည်ကတော့ သူတို့အားလုံး ပြုံးပြုံးရွှင်ရွှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြခြင်းပင်တည်း။ ယမန်နေ့က ကျောင်းကိုလာခဲ့သော အစ်မကို သူကြည့်လိုက်သည်။ မိဘတွေ၏ ခွင့်ပြုချက်ရအောင် အတန်တန် ခွင့်ပန်ပြီးမှ လာရောက်ရသော အစ်မ၏ မျက်နှာမှာ တိမ်ညို တိမ်ပုပ်တို့ကြားမှ ပြူထွက်လာသော လမင်းကြီးကဲ့သို့ ဝင်းဝင်းပပ၊ ရွှန်းရွှန်းမြမြ ဖြစ်၍ နေလေသည်။ ဝမ်းမြောက်ဖွယ်ကောင်းလေစွ။

သူတို့အားလုံး အသစ်ဖြစ်သော သီလရှင်ဝတ်စုံများကို ဆင်မြန်းလျက် ဆရာကြီးဘုရား၏ ကျောင်းတိုက်ဆီသို့ ရှေ့ရှု၍သွားကြလေသည်။

BURMESE CLASSIC .com

အမေနှင့်တကွ အခြားသော ဒါယကာ ဒါယိကာမများသည် သူတို့နောက်ပါးမှ ပါ၍လာကြလေသည်။ ဆရာကြီးဘုရား ရှေ့မှောက်မှာ လက်အုပ်ချီ၍ ရှိခိုးကန်တော့ကြလေသည်။

ဆရာကြီးဘုရားသည် တစ်ဦးချင်းကို ခေါ်ယူကာ အမည်နာမကို ရွေးချယ်သမုတ်ပေးလေသည်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ခံစားချက်များ ထူးထူးခြားခြား မရှိလှဘဲ ဆိတ်ငြိမ်သောအသွင်ဖြင့် သိန်းမြ တစ်ဖြစ်လဲ သီလရှင်ကလေးသည် ဆရာကြီးဘုရား၏ရှေ့မှောက်သို့ လက်အုပ်ချီ၍ ရောက်ရှိလာလေသည်။ ဆရာကြီးဘုရားကို နဖူးနှင့်ကြမ်းပြင်ထိအောင် ဦးသုံးကြိမ်ချ၍ ကန်တော့လိုက်၏။

'မသိန်းမြက သောကြာ သမီးနော်'

ဆရာကြီးဘုရားက မေး၏။

'တင်ပါ့ဘုရား'

'မသိန်းမြရဲ့နာမည်ကို နေ့နံသင့်အောင် မသုဓမ္မစာရီလို့ အမည်ပေး လိုက်တယ်၊ မှတ်မိတယ်နော်'

'တင်ပါ့ဘုရား'

'ဆရာကြီးဘုရားက မသုဓမ္မစာရီလို့ သုံးကြိမ် သုံးခါ ခေါ်ရင် မသုဓမ္မစာရီက ထူးရမယ်နော်'

'တင်ပါ့ဘုရား'

'မသုဓမ္မစာရီ'

'ဘုရား'

'မသုဓမ္မစာရီ'

'ဘုရား'

'မသုဓမ္မစာရီ'

'ဘုရား'

www.burmeseclassic.com

## ၆

မသုဓမ္မစာရီ၏ ယုံကြည်ချက်များ မြဲမြံခိုင်မာခြင်း မရှိခဲ့သည်ကိုတော့ အစကတည်းကပင် ဝန်ခံရမည်ဖြစ်ပေသည်။ မသုဓမ္မစာရီ၏ ဘဝကို မမျှော်လင့်သော အကြောင်းအရာအချက်အလက်တွေက တွန်း၍ ပို့ဆောင်ပေးခဲ့ကြ၏။ သီလရှင်ဘဝ၏ ပထမဦးဆုံးသော နံနက်ခင်းမှာပင် မသုဓမ္မစာရီသည် တွေဝေငေးမောခြင်းဖြင့် နိုးကြား၍လာခဲ့သည်။ သူ့ဘဝသည် တကယ်ပင် ငြိမ်းချမ်း၍သွားလေပြီလား။ သူ ကောင်းစွာ သဘောပေါက်ခြင်း မရှိပေ။ ပခုံးပေါ်မှ ကိုယ်ရုံကို မဝတ်တတ် ဝတ်တတ်ဖြင့် ရစ်ပတ်ကာ နံနက်စာအရုဏ်ဆွမ်းကို စားရန် အောက်သို့ဆင်းခဲ့၏။ ဆွမ်းစားဆောင်တွင် အတူတူနေထိုင်ခဲ့ရသော ဆွမ်းချက်သူ အဒေါ်ကြီးများသည် သူ့ကို ဝမ်းမြောက်ဝမ်းသာ ဆီးကြိုနေကြလေသည်။

‘ကြည့်စမ်း၊ ဆရာလေးရဲ့ ဥပဓိရုပ်က ခုလို သီလရှင်ဝတ်လိုက်မှ ပိုပြီးတော့တောင် ကျက်သရေရှိသွားသေးတယ်’

သူနှင့် အတူတကွ ရင်းနှီးစွာနေခဲ့ကြသော မိန်းမကြီးများသည် ယခုတော့ သူ့ကို ရိုသေစွာ ဆက်ဆံနေကြလေသည်။ သူနှင့် ဘဝချင်းခြားခဲ့

BURMESE CLASSIC .com

ပြီ။ သူရရှိသော ဘဝသည် ယခင်ကထက် မွန်မြတ်သော ဘဝဖြစ်၏။ ဒါကို သူကောင်းစွာ မသိ။

'ဘယ့်နှယ်လဲ ဆရာလေးရယ်၊ ပျော်ရဲ့မဟုတ်လား'

သူ့မျက်နှာ အရိပ်အခြည်ကိုကြည့်ကာ ဆွမ်းချက်သူမိန်းမကြီးက မေး၏။

'ပျော်ပါတယ် ဒေါ် အင်း ဒကာမကြီးရယ်'

သူတို့က သဘောကျစွာ ရယ်မောကြသည်။

'ပျော်မှာပါ မသုခမ္မစာရီရယ်၊ ဒီကျောင်းမှာနေခဲ့တာလဲ တစ်လနှစ်လဆိုတော့ ကျောင်းရဲ့အကြောင်းကိုလဲ ကောင်းကောင်းသိနေပြီပဲ'

'ဟုတ်ပါတယ်လေ'

မသုခမ္မစာရီ တိုးတိုးသာပြော၏။ ပြီးတော့ သူ့အတွက် နံနက်စာ အရဏ်ဆွမ်းကို တည်ငြိမ်စွာ စားနိုင်အောင် ကြိုးစားရလေသည်။ခါတိုင်းတော့ မီးဖိုထဲမှာ လွတ်လွတ်လပ်လပ်နှင့် အိုးကျန်ခွက်ကျန်များကို အားပါးတရ လူး၍စားခဲ့စမြဲ။ ယခု ဣန္ဒြေကို ထိန်းသိမ်းလျက် တည်ငြိမ်စွာ စားရသောအခါ ဆန်ကြမ်းကြမ်းဝါဝါသည် သူ့လည်ချောင်းထဲသို့ ချောချောရှုရှု ဝင်ရောက်ခြင်းမရှိတော့။ တဏှာ၏ ဒုက္ခများကို ဒုက္ခဟု သူမမြင်ပေ။ သူ စိတ်မကောင်းဖြစ်မိ၏။

သူဌေးသမီးဘဝမှ သီလရှင်ဘဝသို့ ကူးပြောင်းလာသော ဆရာလေးကတော့ ငြိုငြင်ခြင်းမရှိ။ မြိန်ရှက်စွာ စား၏။ အခြား သီလရှင်ကလေးများလည်း ပျော်ရွှင်ကြည်နူးစွာပင် ရှိနေ၏။ သူတစ်ယောက်တည်းသာ မိုက်မဲသော အတွေးများကြားမှာ ချာချာလည်နေလေသည်။

အမေနှင့် ကြီးရွှေမှုံသည် ရွာကို ပစ်ထားခဲ့ရ၍ မကြာခင်ပြန်ကြရတော့မည်။ ထိုနေ့က မသုခမ္မစာရီကို လာရောက်နှုတ်ဆက်ကြ၏။ မသုခမ္မစာရီ၏ မျက်ဝန်းများသည် ကြည်လင်ခြင်းမရှိ၊ မှုန်မှိုင်း၍ နေ၏။

www.burmeseclassic.com


အမေသည် သက်ပြင်းကို ခိုး၍ရှိုက်ကာ သမီးဖြစ်သူကို တရားချနိုင်ဖို့ စကားလုံးကို ရှာမရ ဖြစ်နေလေသည်။

'ဘာမှ ကြောင့်ကြပူပင်ခြင်းမရှိပါနဲ့ မသုဓမ္မစာရီရယ်၊ အမေဖြင့် ဒီလိုဘဝမျိုးကို လိုချင်လိုက်တာ၊ ဒါပေမယ့် သမီးတစ်ယောက် ဒီလို အရိပ်အောက်မှာ ရောက်နေတယ်ဆိုရင် အမေကျေနပ်ပါပြီ၊ မသုဓမ္မစာရီ လိုအပ်သမျှကို ဖြည့်စွမ်းပေးပါ့မယ်၊ ပျော်အောင်သာနေပါ သမီးရယ်'

အမေသည် သူ့ရင်ထဲမှာ ဖြစ်ပေါ်နေသော လှိုင်းဂယက်ကြောင့် စကားများကို မညီမညာပြောဆိုရင်း မသုဓမ္မစာရီကို ဖျောင်းဖျနေရလေသည်။

'ဟောဒီမှာ ဒေါ်ကြီးဘုရားကိုလည်း ကြီးကြီးတို့ကိုယ်တိုင် အပ်ထားခဲ့တယ်၊ ဘာ မပျော်စရာရှိသလဲ၊ လူ့ဘဝမှာ ဒီထက်မွန်မြတ်တာ ရှိဦးမလား၊ ဒီကျောင်းကိုရောက်လာရင် အစားအသောက် အနေအထိုင်မပြင့်ပြင် ရအောင် ဆရာကြီးတွေကလဲဂရုစိုက်တယ်၊ စာပေကျမ်းဂန်တတ်မြောက် အောင်လဲ သင်ပေးတယ်၊ ပျော်အောင်နေလှည့်ပါ မသုဓမ္မစာရီ'

ကြီးရွှေမှုံကတော့ ထိုသို့ပင် ခပ်ပြတ်ပြတ် ပြောလေသည်။

အမေနှင့် ကြီးရွှေမှုံသည် ဝမ်းမြောက်ခြင်းတစ်ဝက်၊ ဝမ်းနည်းခြင်း တစ်ဝက်ဖြင့် မသုဓမ္မစာရီကို ထားရစ်ကာ ရွာကို ပြန်သွားကြလေသည်။ မသုဓမ္မစာရီသည် ကျောင်း၏ ပြတင်းပေါက်မှနေ၍ လှမ်းမျှော်ကာ အမေ့ကျောပြင်ကို ငေးမောကြည့်ရှုနေ၏။

သူ့ဘဝကိုအရိပ်အောက်မှာထားရစ်ခဲ့သော အမေသည် နေပူထဲကို ပြန်သွားပြန်လေသည် တကား။

+ + +

မသုဓမ္မစာရီနေထိုင်သော ကျောင်းတိုက်သည် ပရိယတ္တိသာသနာကို ထမ်းဆောင်ကြိုးပမ်းနေသော သီလရှင်ကျောင်းတိုက်ဖြစ်၏။ ထို့ကြောင့်

BURMESE CLASSIC .com

လည်း အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သီလရှင်လေးများကို ပို၍ လိုလားသည်။ မသုမမ္မစာရီတို့သည် အငယ်တန်းမှစ၍ စာကို သင်ယူကြရ၏။ ပြီးလျှင် နိုင်ငံတော်အစိုးရက စစ်ဆေးသော စာမေးပွဲကို ဝင်ရောက်ဖြေဆိုရမည် ဖြစ်ပေသည်။

စာသင်ခြင်းကိုတော့ မသုမမ္မစာရီ နှစ်သက်၏။ မသုမမ္မစာရီသည် စာထဲတွင် စိတ်ကို မြှုပ်နှံထားလိုက်လေသည်။ ထိုအခါ သူ့ဘဝသည် တစ်စထက်တစ်စ တည်ငြိမ်လာ၏။ သူ၏ စိတ်များကား မရင့်ကျက် သေးသော်လည်း စာပေထဲမှာ ဝါသနာဖြင့် မြှုပ်နှံလိုက်သောအခါ သူ့စိတ် သည် အေးချမ်းလာ၏။

တကယ့် တကယ် လက်တွေ့ သီလရှင်ဘဝထဲဝင်ရောက်သည့်အခါ မှာ သီလရှင်ကလေးများ၏ အစစအရာရာ ချို့ငဲ့စွာ စာပေကျမ်းဂန် သင်ကြားရခြင်းအဖြစ်ကို သိမြင်လာရလေသည်။ ငယ်စဉ်အခါကတော့ သူတို့သည် ပေါ့ပေါ့နေ ပေါ့ပေါ့စားခဲ့ကြ၏။ ပြေးလွှားဆော့ကစား၍ အချိန်တွေ ကုန်လွန်ခဲ့ကြ၏။ သည်မှာတော့ အချိန်တိုင်းသည် တန်ဖိုးရှိ၍ နေလေသည်။ နံနက် အိပ်ရာထမှစကာ ညအိပ်ရာဝင်သည်အထိ ကုသိုလ် ကောင်းမှုပြုလုပ်ခြင်း၊ သီလဆောက်တည်ခြင်း၊ စာပေကျမ်းဂန် သင်ယူ ခြင်းဖြင့် အချိန်ကိုကုန်လွန်စေရလေသည်။ သို့သော် သူတို့၏ ဘဝရပ်တည် ရေးအတွက် ကူညီထောက်ပံ့မှုကား နည်းပါးလှချေ၏။

ဆရာကြီးဘုရားတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် မားမားမတ်မတ် ရပ်တည်နေရသော်လည်း ခြိုးခြံစွာ နေထိုင်စားသောက်ရခြင်း အကျင့်ကိုမူ ရအောင် ကျင့်သုံးကြရလေသည်။ ဆွမ်း၊ ကွမ်းကအစ အလှူဒါနပြုသူတို့မှာ နည်းပါးလှသေး၏။ သီလကို ဆောက်တည်နေကြသော်လည်း မိန်းမသား တို့၏ ဘဝကို လွန်ဆန်ခြင်းငှာ မတတ်နိုင်။ ကိုယ်တိုင်ဆွမ်းဆန်ခံ ထွက်ကြရသည်။ ကိုယ်တိုင် စီမံချက်ပြုတ်ကြရသည်။ မိမိ၏ စားရေး

BURMESE CLASSIC .com

သောက်ရေး ဝေယျာဝစ္စပြီးခါမှ စာပေကျမ်းဂန်ကို သင်ယူမှတ်သားရသည်။ ဘုရား တရား သံဃာရတနာသုံးပါးကို ဆည်းကပ်ခြင်းအမှုနှင့် သာသနာ့ ဝေယျာဝစ္စအားလုံးကိုလည်း ပြုလုပ်ဆောင်ရွက်ရသည်။

မသုမေ္မစာရီတို့၏ စာသင်ကျောင်းတိုက်သည် သာမန် ကျောင်းလေး တစ်ဆောင်မျှသာဖြစ်၍ သီလရှင် အပါးတစ်ရာကျော်အတွက် နေရာထိုင်ခင်း မလောက်င။ စာသင်သားများအားလုံး သက်သက်သာသာ နေထိုင်နိုင် ရန်အတွက် ကျောင်းဆောင်သစ်ကြီးတစ်ဆောင် ဖြစ်မြောက်ဖို့ကို ဆရာကြီး ဘုရားတို့ လုံးပန်းနေကြရလေသည်။ ဆရာကြီးဘုရားတို့၏ စေတနာ၊ ကြိုးစား လုံးပန်းမှုတို့ကြောင့် အလှူဒါယကာ၊ ဒါယိကာမများလည်း ပေါ်ပေါက်ခဲ့၏။ စားသောက်မှုတို့ကိုမူ ထာဝစဉ်ခြိုးခြံချွေတာကာ နေထိုင် ကြရမည် ဖြစ်သည်။

ထိုအချိန်မှာ မသုမေ္မစာရီကတော့ ပျော်တစ်ဝက်၊ မပျော်တစ်ဝက်ဖြင့် သူ့ဘဝ၏ ပထမ အစိတ်အပိုင်းများကို ကုန်လွန်စေရ၏။ သူ အေးအေး ချမ်းချမ်းနေနိုင်ဖို့ အမေ့ဆီက စာတွေ မကြာ မကြာ လာသည်။ ကြီးရွှေမှုံ ထံမှ အားပေးစကားတွေလည်း ရောက်လာခဲ့၏။ မသုမေ္မစာရီ၏ ပညာဉာဏ် ထက်မြက်မှုကိုတော့ ဒေါ်ကြီးဘုရားက သတိထားမိသည်။

\+ \+ \+

'သဒ္ဒါမနိုင်ရင် စာမပိုင်ဘူးတဲ့ မသုမေ္မစာရီ၊ မူလတန်းမှာကတည်းက သဒ္ဒါကို ပိုင်နိုင်အောင် ကြိုးစားထားရမယ်၊ ကြားလား'

'တင်ပါ့ဘုရား'

'တစ်ဆင့်ပြီးတစ်ဆင့် စာကို မှန်မှန်ချပေးသွားမယ်၊ မသုမေ္မစာရီ ကလဲ ကြိုးစားပြီးလိုက်၊ ကြိုးစားရင် တစ်နှစ်တည်းနဲ့တောင် အငယ်တန်း

BURMESE CLASSIC .com

အောင်သွားတဲ့သူတွေ ရှိတယ်၊ တော်အောင်ကြိုးစား မသုဓမ္မစာရီ၊ ဒါမှ ဒကာ ဒကာမကြီးတွေလဲ ပိုပြီး ကုသိုလ်ရမယ်’

မသုဓမ္မစာရီတို့ သီလရှင်လေးများထဲတွင် မိဘကိုယ်တိုင်က ဒကာခံကာ သီလရှင်ဝတ်ပေးသူလည်း ရှိသည်။ မိဘ မတတ်နိုင်သူများကို ဆရာကြီးများက သင့်လျော်မည့် ဒကာရှာပေးရသည်။ ထို ဒကာ၊ ဒကာမများ အလှူဒါနပြုရခြင်းအကျိုး ပိုမိုရရှိစိမ့်သောငှာ သီလရှင်လေးများက အကျင့်သိက္ခာ ပိုမိုကောင်းမွန်အောင်၊ စာတော်အောင်ကြိုးစားကြရမည်ဟု ဆရာကြီးဘုရား ကိုယ်တိုင်ကလည်း မကြာ မကြာ ဆုံးမနေလေသည်။

မသုဓမ္မစာရီကတော့ သူ့မှာ ဒကာမနှစ်ဦးသာရှိ၍ ဒကာ မရှိပါဟု ပြောပြချင်သည်။ ဦးလေး ကိုသောင်းဖေကို သူ့ဒကာရင်းဟူ၍ သူက မသတ်မှတ်ချင်ပေ။ သို့သော် သီလရှင်ဘဝ ရောက်ကာစမှာ စကား အပြောအဆိုကို သတိထားစောင့်စည်းနေရ၍ သူဘာမျှ မပြောတော့။ ဒကာမအကြောင်းပြောတော့ အမေနှင့် ကြီးရွှေမှုံကို သတိရပြန်သည်။

‘တင်ပါ၊တပည့်တော် တစ်နှစ်တည်းနဲ့အောင်အောင် ကြိုးစားပါ့မယ် ဘုရား’

ရုတ်တရက်ပြန့်လွင့်သွားသော သူ့အတွေးများကို ပြန်လည်စုစည်းရင်း ကမန်းကတန်း ပြန်ဖြေလိုက်ရသည်။

‘မသုဓမ္မစာရီ စာချချိန်မှာ တခြားဘာကိုမှ စိတ်မကူးနဲ့နော်’

သူ့စိတ်နှင့်မျက်နှာအမူအရာကို အကဲခတ်နေသော ဒေါ်ကြီးဘုရား က သတိပေးလိုက်ပြန်သည်။

‘တင်ပါဘုရား’

‘ကဲ ကဲ၊ ကနေ့တော့ ပရမတ္ထလေးပါးကို ဆက်သင်မယ်၊ လိုက်ဆို၊ စေတသိ ဘဝံတိ စေတသိကံ’

‘စေတသိ ဘဝံတိ စေတသိကံ’

 www.burmeseclassic.com 

'စေတသိ၊ စိတ်၌။ ဘဝံ၊ ဖြစ်တတ်သည်တည်း။
'စေတသိ၊ စိတ်၌။ ဘဝံ၊ ဖြစ်တတ်သည်တည်း။
'ဣတိ တသမ္မာ၊ ကြောင့်။ စေတသိကံ၊ မည်၏။
'ဣတိ တသမ္မာ၊ ကြောင့်။ စေတသိကံ၊ မည်၏။

စာသင် စာအံ ပြီးသည့်အခါ မသုဓမ္မစာရီသည် အခြားသီလရှင်များနည်းတူ သူ ပြုဖွယ်ဝတ္တရားများကို ပြုရသည်။ လူဝတ်နှင့် ခဏတာနေစဉ်တုန်းကလို ခပ်အေးအေးနေ၍ မရတော့။အားလုံး ပုံမှန်လည်ပတ်နေသည့်ကြားမှာ သူလည်း ပါဝင်ရတော့သည်။

လေးနာရီထိုး၍ ခေါင်းလောင်းတီးလိုက်သည်နှင့် စာအုပ်များကိုသိမ်းဆည်းကာ မိမိတာဝန်ကျရာကို ဆောင်ရွက်ရလေသည်။

မြတ်စွာဘုရားက သာသနာဘောင်မှာ နေသူတွေ တာဝန်ပေါ့ပါးအောင် အစာကို နံနက်စာတစ်နပ်သာ သတ်မှတ်ပေးခဲ့သည်မှာ သင့်လျော်ပေစွ။ ညနေစာအတွက်ဝမ်းမီးဖြည့်တင်းစရာ မလိုတော့ပြီဖြစ်၍ ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း အခြားဝေယျာဝစ္စတို့ကို ပြုခြင်းတို့အတွက် အချိန်ရလေ၏။ သီလရှင်များမှာ သံဃာတော်များကဲ့သို့ မဟုတ်၊ ထမင်းဟင်းကို ကိုယ်တိုင်ချက်ပြုတ်စားသောက်ရသည်ဖြစ်၍ သီလရှင်ပေါင်း တစ်ရာကျော် အတွက်ချက်ရေး၊ ပြုတ်ရေးကို သီလရှင်လေးများကိုယ်တိုင်ပင် စီစဉ် ဆောင်ရွက်ရသည်။ နေ့အလိုက်အဖွဲ့ငယ်များဖွဲ့၍ ရေလှည့်၊ ထင်းလှည့်၊ ပန်းကန်ဆေးလှည့်ဟူ၍ တာဝန်ခွဲဝေထားရ၏။

မသုဓမ္မစာရီသည် သူ့ တာဝန်ကျရာ အလုပ်ကိုတော့ သူလုပ်ရန်မည်သည့်အခါမျှ မပျက်ကွက်တတ်ပေ။ တွက်ကပ်ခြင်း၊ ငြူစူခြင်းလည်းမရှိ။ ထို့ကြောင့် မသုဓမ္မစာရီကို အားလုံးက နှစ်လိုကြသည်။

တောမှာ တစ်နေကုန်အောင် စပါးရွက်၊ ငါးဖမ်း၊ ဈေးရောင်းစသည်တို့ကို လုပ်လာရသည်မို့ သည်အလုပ်လောက်တော့ မသုဓမ္မစာရီ

BURMESE CLASSIC .com

မဖြုံပါ။ မသုဓမ္မစာရီ တစ်စထက် တစ်စ စိတ်ထဲမှာကြည်လင်လာရခြင်းမှာ သူ့စရိုက်ကို ပြုပြင်ပြောင်းလဲ၍ မရသေးခြင်းကိုပင် ဖြစ်သည်။

သူက လွတ်လွတ်လပ်လပ် နေချင်သည်။ စိတ်ထဲရှိရာကို မထောက်မငဲ့ ပြောချင်သည်။ ပြီး သူသည် ချုပ်ချယ်မှုအောက်မှာ ကြာကြာမနေနိုင်ကြောင်းကိုလည်း သူ့ကိုယ်သူ သိလာရ၏။ သူက ဘဝထဲမှာ လူးလာခေါက်တုံ့ ကူးနေချင်ဆဲသာ ရှိလေသည်။ အေးမြခြင်းကို သူ မသိသေး။

တွင်းထဲမှ ရေကိုင်ငင်ကာ တခြားသီလရှင်လေးများကို လက်ဆင့်ကမ်းပေးလိုက်သည်။ သူ ငယ်ရွယ်သော်လည်း လက်မောင်းများ သန်မာသဖြင့် တွင်းထဲမှရေကို ဒိုင်ခံဆွဲပေးရလေ့ရှိသည်။

'မသုဓမ္မစာရီ၊ ကျောင်းရောက်မှ အသားအရေတွေတောင် ပိုပြီးစိုပြည်လာသလိုဘဲ၊ သီလတန်ခိုးပဲနော်၊ ဒါထက် ပျော်ရဲ့လား မသုဓမ္မစာရီ'

သူ့ဘေးမှ ရေပုံးကို လက်ဆင့်ကမ်းယူနေသော မမာလာက မေးလေသည်။ မသုဓမ္မစာရီသည် သီလရှင်အဝတ်လဲပြီးခါမှ စကားလည်းနည်းသွားသည်။ ရင့်ကျက်လာခြင်းပေလော၊ သီလရှင်အဝတ်ကြောင့် အနေကြံ့သွားခြင်းပေလော မပြောနိုင်။

'ပျော်ပါတယ် မမာလာရယ်'

တစ်ဦးနှင့်တစ်ဦး နှုတ်ခွန်းဆက်နေကျစကားကို ထုံးစံအတိုင်း တုံ့ပြန်လိုက်ရသည်။ မမာလာကတော့ ပြုံး၍နေသည်။

'ရွာကိုလွမ်းရင် စာမေးပွဲကြီးပြီးလို့ ကျောင်းပိတ်တဲ့အခါ တစ်နှစ်တစ်ခါ ပြန်နိုင်တယ်၊ ဒီမှာနေရတာ ကုသိုလ်လဲရ၊ ဝမ်းလဲဝ၊ ပညာလဲတိုးပွားတော့ ပျော်စရာပဲပေါ့ မသုဓမ္မစာရီ'

'တင်ပါ့ဘုရား'

'ကဲ သောက်ရေအိုးတွေလဲ ပြည့်ပြီ၊ တော်လောက်ပြီ'

BURMESE CLASSIC .com

ရေခပ် အဝတ်လျှော်ခြင်းအမှုပြီးတော့ ကျောင်းကြီးပေါ် ပြန်တက်ကာ ဘုရားဝတ်တက်ချိန်မတိုင်မီ နားကြရ၏။ သည်တုန်းက မသုဓမ္မစာရီတို့မှာ တိုက်ကျောင်းကြီးက မပြီးသေးတော့ သစ်သားဆောင်မှာ ကြမ်းပေါ် တန်းစီ၍ အိပ်ကြရသည်။ မသုဓမ္မစာရီ၏ ဘေးမှာ မခေမာဝတီရှိသည်။

မခေမာဝတီသည် မသုဓမ္မစာရီနှင့် တစ်နေ့တည်း အတူတူ သီလရှင် ဝတ်သူဖြစ်၏။ မခေမာဝတီ၏အကြောင်းကို ပရိသတ်ထဲမှာ တီးတိုးပြောနေသံတွေ ကြားလိုက်ရသေးသည်။

'သနားပါတယ်၊ သူ့အဖေနဲ့ အစ်ကိုက တစ်နေ့တည်း ကားတိုက်လို့ ဆုံးသွားရှာတယ်၊ ခု သားအမိနှစ်ယောက်တည်း ကျန်တယ်လေ၊ အဲဒါ သမီးလေးက သီလရှင်ဝတ်ချင်တယ်ဆိုလို့ မအေမှာ မျက်ရည်စက်လက်နဲ့ လာပို့ရရှာတယ်'

'ကျွတ် ကျွတ် ကျွတ်၊ ဘယ်လိုအကြောင်းများလဲ၊ ကားကလဲ နှစ်ယောက်လုံးကို တစ်ခါတည်း တိုက်တာလား'

ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ထူးဆန်းသော အကြောင်းအရာဆိုလျှင် သိချင်ကြသော လူတို့၏ထုံးစံအတိုင်း စုပ်သပ်ကာ မေးမြန်းစပ်စုကြသည်။ လောကထဲက လူတွေအကြောင်းကလည်း သိချင်စရာတွေချည်းပင် မဟုတ်လား။

'သားအဖနှစ်ယောက်အလုပ်ကပြန်အလာ၊ ညကလဲမှောင်မှောင်နဲ့ ကားလမ်းကို ဖြတ်ကူးတာ၊ ကားက သူတို့ရှိရာကို တည့်တည့်တိုးတာပဲ၊ သူတို့ကလဲနောက်ကို ရှောင်ပြေးတယ်၊ ဒါပေမယ့် နောက်က အုတ်တံတိုင်းခံပြီး ရှောင်လို့မရ၊ ကားကလဲ သူတို့ရှိရာကိုမှ ရှောင်မိလျက်သားဖြစ်ပြီး တိုက်တာ ပွဲချင်းပြီးရော'

'အလိုလေးလေး၊ ဝဋ်ကြွေးပဲထင်ပါရဲ့၊ ဒါတွေကြောင့် ကလေးမလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ တရားရရှာထင်ပါရဲ့နော်'

BURMESE CLASSIC .com

သည်အကြောင်းတွေကို ကြားရစဉ် မသုဓမ္မစာရီသည် သီလရှင်လောင်း မခေမာဝတီဘက်ကို လှည့်ကြည့်ခဲ့မိသေးသည်။ သည်တုန်းကတည်းက ရုပ်ရည်ပြေပြစ်၍ သဘောထားတည်ကြည်ပုံရသော မခေမာဝတီကို သူ ခင်မင်သွားခဲ့မိ၏။ နောက်တော့ အိပ်ရာချင်းယှဉ်ကာ ညီအစ်မရင်းသဖွယ် ခင်မင်ခဲ့ရလေသည်။

မခေမာဝတီနှင့်စာလျှင် သူ့အကြောင်းများသည် ဆိုးလှသည်ဟု မဆိုသာပေ။ မသုဓမ္မစာရီက သူ့ဘဝကို မကျေမနပ်ဖြစ်ကာ အမေကိုလည်း သိပ်ပြီး ပျော့ပျော့ပျောင်းပျောင်း မဆက်ဆံတတ်သော်လည်း မခေမာဝတီကတော့ သူ့အမေလာတိုင်း မအေကိုပြန်၍ တရားချလွှတ်တတ်သည်။ သူ့အတွက် မကြောင့်ကြဖို့၊ မည်သည့်စားသောက်ဖွယ်ရာမျှ ဒုက္ခခံပြီး သယ်ဆောင်မလာဖို့ တဖွဖွပြောတတ်သည်။

မသုဓမ္မစာရီက မအေ့ဆီမှ လူကြုံသော်လည်းကောင်း၊ စာသော်လည်းကောင်း အလာကျဲလျှင် နည်းနည်း ဒေါသလိုင်းထန်ချင်လေသည်။

'ဘယ့်နှယ်လဲမသုဓမ္မစာရီ၊ ဒီနေ့ကြည့်ရတာ မျက်နှာ တယ်မရွှင်ဘူး၊ မပျော်ဘူးလား'

မခေမာဝတီက မသုဓမ္မစာရီ စိတ်ကို သိ၍ ပွင့်ပွင့်လင်းလင်းပင် မေးသည်။

'မပျော်ဘူး မဟုတ်ပါဘူး အစ်မရယ်၊ ဒါပေမယ့် စိတ်ထဲမှာ တစ်မျိုးပဲ၊ နည်းနည်းလေးနေသလိုပဲ'

သည်လိုအဖြစ်မျိုးကတော့ မကြာခဏ ဖြစ်တတ်မြဲပင်။ မိဝေးဖဝေးမှာ နေကြရသူများမို့ တစ်ခါတစ်ရံ အိမ်ကိုတွေးကာ စိတ်ပူတတ်ကြသည်။ တရားဓမ္မမှာ အချိန်ပြည့် နှစ်မြှုပ်ထားကြသည်မှန်သော်လည်း ငယ်ရွယ်သူများမို့ သံယောဇဉ် မပြတ်နိုင်ကြသေး။ ပြတ်အောင်လည်း အားမထုတ်နိုင်ကြသေး။

BURMESE CLASSIC .com

'တစ်ခါတစ်ခါ ဒီလိုပဲဖြစ်တတ်တယ်၊ ဒါပေမယ့်လဲ ဘာမှ မဟုတ်ပါဘူး၊ စိတ်ထင်လို့သာပါ'

မခေမာဝတီက သူ့ထက်အသက်ပိုကြီးပြီး သူ့ထက်လည်း လောကဓံကို ရင်ဆိုင်ခဲ့ရသည်ဖြစ်သဖြင့် ပို၍ ရင့်ကျက်သည့်အသွင်ကို ဆောင်သည်။

'တပည့်တော်တော့ အမေ နေမှကောင်းရဲ့လားလို့ စိတ်ပူတယ် အစ်မရယ်၊ အစ်မကတော့ အမေကလဲနီးနီးနားနားမှာရှိတယ်၊ မကြာမကြာလဲ လာနိုင်တော့ တော်သေးတာပေါ့'

မခေမာဝတီ၏ အမေသည် သီလရှင်စာသင်တိုက်ကြီးရှိရာ ကျုံက်ဝိုင်း အနီးအနားမှာပင်နေ၍ တစ်ယောက်တည်း ဈေးရောင်းသည်။ သမီးကို အေးချမ်းရာမှာပို့၍ သူတစ်ယောက်တည်း သူ့ဝမ်း သူကျောင်း နေလေသည်။

မခေမာဝတီက မသုဓမ္မစာရီ၏ စိတ်အပြောင်းအလဲကို သဘောပေါက်ကာ ရယ်နေပြန်သည်။

'မသု တစ်ယောက်ဟာလေ၊ တော်ကြာ အမေကို သနားတယ် ပြောလိုက်၊ စိတ်ပူတယ်ပြောလိုက်၊ တော်ကြာ သူပဲ အမေကို မကျေမချမ်းဖြစ်လိုက်နဲ့၊ အဲဒါကြောင့် ဒေါ်ကြီးဘုရားက ပြောတာ၊ မသုဓမ္မစာရီဟာ စာသင်ချင်စိတ်လဲရှိတယ်၊ တော်လဲတော်တယ်၊ အနေအထိုင်လဲသန့်ရှင်းတယ်၊ ဒါပေမယ့် စိတ်မတည်ငြိမ်တာက ခက်တယ်တဲ့'

မသုဓမ္မစာရီ သီလရှင် အဝတ်လဲခဲ့သည်မှာ တစ်နှစ်မပြည့်သေး။ သို့သော် တိုက်အုပ်ဆရာကြီးဘုရားနှင့်တကွ အခြား ဆရာကြီးများက သီလရှင်အားလုံးကို မပြတ်အကဲခတ်နေသည်။ မိန်းမသားများကို အုပ်ချုပ်ရသည့်တာဝန်မှာ သေးငယ်သည်မဟုတ်။ ပြီးတော့ စာသင်သားများဖြစ်၍ ငယ်ရွယ်နုနယ်ကြသည်။ သည်တော့ ကျောင်းတိုက်ကြီးမှာ သီလရှင်များ အားလုံး လိုက်နာရမည့် စည်းမျဉ်းများကိုလည်း ချမှတ်ထားရသည်။

BURMESE CLASSIC .com

သာသနာကိုသော်လည်းကောင်း၊ ကျောင်းတိုက်ကြီး၏ ဂုဏ်သိက္ခာကိုသော် လည်းကောင်း အစွန်းအထင်းခံ၍ မဖြစ်ချေ။ အထူးသဖြင့် ဆရာကြီး ဘုရား၏ စိတ်က ထက်မြက်သည်။ ပြတ်သားသည်။ ကျောင်းတိုက်မှာ မပျော်မွေ့သူကို ဖယ်ရှားပစ်ရန် ဝန်မလေးပေ။

မခေမာဝတီ၏ စကားကို ကြားလိုက်ရတော့ မသုဓမ္မစာရီ၏ ရင်ထဲမှာ ထိတ်လန့်သွားမိသည်။ သူ၏ မတည်ငြိမ်သည့် စိတ်တွေကို ဒေါ်ကြီးဘုရားက ရိပ်မိသိရှိနေလေပြီလား။

'တပည့်တော် စိတ်မတည်ငြိမ်တာက တခြားဘာကိုမှ စိတ်ကူးတာ မဟုတ်ပါဘူး ဘုရား၊ တစ်ခါ တစ်ခါ ရွာကို၊ အဲ အမေ့ကို သတိရတာပါပဲ'

'ဟုတ်ပါတယ် မသုရယ်၊ ဒေါ်ကြီးဘုရားကလဲ အဲဒါကိုပဲပြောတာ ပါ၊ တခြားကိစ္စဆိုရင်လဲ ဒေါ်ကြီးဘုရားက ဘယ်နေမလဲ၊ ဆရာကြီးဘုရားကို လျှောက်လိုက်လို့ တစ်ခါတည်း ဒုက္ခများသွားမှာ ဟင်း ဟင်း'

မကြာသေးမီက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်သည် သူတို့ကို ကောင်းကောင်း သင်ခန်းစာပေးခဲ့သည်။

ဖြစ်ပုံက ကျိုက်ဝိုင်းဘုရားပွဲတော်မှာ ရုပ်ရှင်၊ ဇာတ်ပွဲများဖြင့် စည်ကားစွာကျင်းပသည်။ ဆရာကြီးဘုရားက သီလရှင်လေးများကို ခေတ္တခဏ လမ်းလျှောက်ခွင့်၊ ဈေးဝယ်ခွင့်ပြုသည်။ ရုပ်ရှင်ကြည့်ခြင်း၊ ဇာတ်ပွဲကြည့်ခြင်းကိုတော့ ကျပ်တည်းစွာ တားမြစ်လေသည်။

'ရုပ်ရှင်ပွဲ ဇာတ်ပွဲမှာ ဝင်ကြည့်တယ် သိရရင်တော့ အိပ်ရာနဲ့ သေတ္တာသာ တစ်ခါတည်း ပြင်ထားကြပေတော့'

တစ်ခါတည်းကျောင်းမှ အပြီးပိုင်ထွက်ခွာသွားရမည်ဟု သတိပေး ခြင်းပင် ဖြစ်၏။ ညအချိန်မှာလည်း ဆရာကြီးဘုရားကိုယ်တိုင် လိုက်၍ စစ်သည်။ သည်တော့ မပညာနှင့် မဥမ္မာတို့နှစ်ယောက် ပျောက်နေသည်ကို

 www.burmeseclassic.com 

ဆရာကြီးဘုရား သိသွားလေတော့၏။ ချက်ချင်း ပွဲခင်းထဲမှာ လိုက်ရှာခိုင်းလေသည်။

သူတို့နှစ်ပါး စာချတန်းမှ အစ်မကြီးများ လက်ဝယ်မှာ ကြောက်ရွံ့ ထိတ်လန့်စွာဖြင့် ပြန်ပါလာကြလေသည်။

နောက်နေ့မှာ ဆရာကြီးဘုရားကိုယ်တိုင် ဒကာများကိုခေါ်၍ ပြန်အပ်လေ၏။ အုပ်ထိန်းသူ ဒကာ ဒကာမများက ရှိခိုးဦးတင် တောင်းပန်သော်လည်း မရ။ ဆရာကြီးဘုရားက ခါးသီးစွာငြင်းသည်။

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ တစ်ကြိမ်တစ်ခါရယ်လို့ ခွင့်လွှတ်လို့လဲ မဖြစ်ဘူး၊ နောက်လူတွေပါ တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်မှာပဲဆိုပြီး လိုက်လုပ်ကြရင် ဘယ့်နှယ်လုပ်မလဲ၊ ကျွန်မ ကျောင်းမှာ စည်းကမ်းဘောင် အတွင်းကနေပြီး ဗုဒ္ဓကျမ်းဂန်တွေကို ကြိုးကြိုးစားစား သင်ယူကြသူများ ကိုသာ လက်ခံတယ်၊ ကျောင်းမှာ မပျော်သူ၊ စည်းကမ်းမလိုက်နာနိုင် သူကို ဘယ်တော့မှ လက်မခံဘူး၊ ဒါကိုတော့ ဖောက်ဖျက်လို့ မဖြစ်ဘူး'

မည်သို့ပင်တောင်းပန်သော်လည်း မရကြ။ မပညာတို့နှစ်ယောက် တကယ်ပင် အိပ်ရာလိပ်ကာ ပြန်ကြရလေသည်။

မသုဓမ္မစာရီတို့လည်း ကျောင်း၏ စည်းကမ်းဘောင်အတွင်းမှာ သေဝပ်စွာနေသည့်အကျင့်ကို ရခဲ့ကြသည်။

'တပည့်တော်စိတ်မတည်ငြိမ်တာတော့ အမှန်ပဲ ဘုရား၊ ဒါပေမယ့် တပည့်တော် ကျောင်းကတော့ ထွက်သွားချင်စိတ်မရှိပါဘူး၊ ဒီမှာ စာသင်ရ တာကို ပျော်ပါတယ်'

'ဒါဆိုရင် တခြားအကြောင်းတွေကို မေ့ထားလိုက်ပါ မသုရယ်၊ တပည့်တော်တောင် မေ့ထားရသေးတာပဲ'

ဒေါ်ကြီးဘုရား၏ ခြေသံရှပ်ရှပ်ကို ကြားရ၍ သူတို့ စကားပြော ရပ်ကာ စာအုပ်များကို ကိုင်ကြရသည်။

BURMESE CLASSIC .com

ညဥ့်ယံသည် တဖြည်းဖြည်း တိတ်ဆိတ်၍လာသည်။

စာအံသံများ တစ်စထက်တစ်စ တိုးတိတ်ကာ ငြိမ်သက်ခြင်းသို့ ရောက်လာသည်။

ပတ်ဝန်းကျင်မှ ပုရစ်အော်သံများ၊ အခြား ပိုးကောင်မွှားကောင်လေးများ အသံစုံစုံဖြင့် အော်သံများကိုပါ ကြားလာရလေသည်။

မသုခမ္မစာရီ စိတ်ကို အေးဆေးအောင် ထိန်းသိမ်းကာ ဘုရားတရား အာရုံပြု၍ အိပ်ရာသို့ ဝင်သည်။ အမေ ကျန်းမာပါစေကြောင်း၊ ကြီးရွှေမှုံ၊ ဘကြီးအောင်သူတို့ ကျန်းမာပါစေကြောင်း ဆုတောင်းသည်။ ဒေါ်ကြီးဘုရား မှာကြားသည့်အတိုင်း သတ္တဝါအားလုံးကို မေတ္တာပို့သည်။

သူမေတ္တာပို့သည့်အထဲ ဦးလေး ကိုသောင်းဖေ တစ်ယောက်ကိုတော့ ချန်ဖြစ်အောင် ချန်ထားမိလေသည်။

www.burmeseclassic.com

# ၇

‘ထတော့ မသုဓမ္မစာရီ၊ သူများတွေအားလုံး မျက်နှာသစ်ပြီး အဝတ်အစား လဲကုန်ကြပြီ’

ညက အတွေးများပျံ့လွင့်ကာ ညဉ့်နက်သွားသည်။ မသုဓမ္မစာရီသည် မခေမာဝတီက ညင်သာစွာ လှုပ်နှိုးမှပင် အိပ်ရာမှ နိုးလာ၏။

‘ဟုတ်ပါရဲ့၊ ဒီနေ့ ဆွမ်းဆန်ခံထွက်ရမှာပဲနော်’

မသုဓမ္မစာရီ ကမန်းကတန်း မျက်နှာသစ်ကာ အင်္ကျီနှင့် ခါးဝတ်တို့ကို လဲလှယ်ရသည်။ ကိုယ်ရုံ ခေါင်းတင်ပတ် စသည်တို့ကိုတော့ မနေ့ကတည်းကပင် မီးပူတိုက်ထားသဖြင့် အဆင်သင့်ပင် တန်းပေါ်မှ ဖြုတ်ယူလိုက်သည်။ ကိုယ်ပေါ်မှာ သေသေသပ်သပ် ရုံလိုက်သည်။ မောင်းထောင်ချိုင့်နှင့် ထီးကိုယူကာ အောက်သို့ဆင်းလာတော့ မြောက်ဥက္ကလာကို သွားမည့် သူတို့အဖွဲ့သည် အားလုံးအဆင်သင့်ပင် စောင့်နေကြလေပြီ။

‘တပည့်တော် ထမင်းလဲမထည့်ရသေးဘူး ဘုရား’

အရုဏ်ဆွမ်းကို ကျောင်းတွင်စားကာ နေ့ဆွမ်းအတွက် ချိုင့်များဖြင့် ယူသွားကြရသည်။ ဆွမ်းဆန်ခံထွက်သည့်နေ့တွင် ပိုပြီး ဆင်းရဲပင်ပန်းကြ

သဖြင့် အခွင့်အရေးပေးသည့်အနေဖြင့် ဟင်းလျာကို ပို၍ ကောင်းကောင်း ချက်ပေးလေသည်။ ပို၍ ကောင်းသည်ဆိုသည်မှာ ငါးဟင်းလေး၊ ချဉ်ပေါင်ကြော်လေး စသည်သာ ဖြစ်၏။

'ထည့်လာပါတယ် အရှင်ဘုရား၊ ထုံးစံအတိုင်း တပည့်တော်ချိုင့်ထဲမှာ ပေါင်းထည့်လာပါတယ် ဘုရား'

မခေမာဝတီက တမင်ပင် ခပ်သောသောလေး ပြောလိုက်သည်။

'ကဲ မြောက်ဥက္ကလာအဖွဲ့ လူစုံရင် သွားကြမယ်'

အဖွဲ့ခေါင်းဆောင် မမာလာက ဦးဆောင်ကာ ထွက်ခဲ့ကြ၏။ သည်တုန်းက ကျောင်းပိုင်ကားလည်း မရှိသေးလေတော့ ဘတ်စ်ကားကိုသာ အားကိုးကြရသည်။ ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း သမိုင်းလမ်းဆုံအထိ ခြေကျင်လျှောက်လာကြရလေသည်။ ဘတ်စ်ကားသမားများက မြင်လျှင်တော့ ရပ်၍ အားလုံးပါအောင် တင်သွားကြသည်။ သီလရှင်အဝတ်နှင့်ဆိုတော့ အများတကာကြားထဲ အတင်းတိုးဝှေ့ တက်စီးရမှာလည်းမတင့်တယ်။ ပါသလောက် သွားနှင့်ကာ မြောက်ဥက္ကလာ ဒကာမတစ်ဦးအိမ်မှာ ပြန်စုကြရ၏။ ထိုအိမ်မှာပင် ထမင်းချိုင့်ကို ထားကြရသည်။

ကျိုက်ဝိုင်းဘုရားလမ်းပေါ်ရောက်သည်နှင့် အဆင်သင့်ပင် စီးနေကျဘတ်စ်ကားနှင့် သွားဆုံလေသည်။

'ဆရာလေးတို့ လိုက်မလား လာ လာ'

ဘတ်စ်ကားက စောင့်ခေါ်၍ သူတို့အားလုံး ကားပေါ်သို့ ခပ်သုတ်သုတ် တက်လိုက်ကြသည်။ ကားပေါ်တွင် ခရီးသည်လည်း သိပ်မပါသေး။ နံနက် အရုဏ်ဦးပင်ရှိသေးသည်။ သူတို့လိုပင် ခန္ဓာဝန်ကို ထမ်းဆောင်ဖို့ စောစီးစွာ အလုပ်ဆင်းလာရသူ အချို့သာ ကားပေါ်မှာ ပါလာကြသည်။

BURMESE CLASSIC .com

သမိုင်းလမ်းဆုံတွင်မူ လူတွေ စည်စည်ကားကား ဖြစ်စပြုပေပြီ။ စက်ရုံ အလုပ်ရုံတို့ ပြည့်နှက်နေသော နေရာဖြစ်၍ လူအတော်များများသည် အလုပ်ခွင်သို့ဆင်းရန် အိမ်မှထွက်လာကြပြီ ဖြစ်၏။

'မမာလာရယ်၊ မသုဓမ္မစာရီရယ်၊ မခေမာဝတီရယ် အလျင်လိုက်သွားနှင့်၊ ကျန်တဲ့ ဆရာလေးတွေ နောက်ကားနဲ့ လိုက်ခဲ့မယ်'

အကြီးတန်းမှ အစ်မကြီးတစ်ဦးက စီမံခန့်ခွဲပေး၏။

နောက်ထပ် ဘတ်စ်ကားတစ်တန် စီးစဉ်မှာပင် မသုဓမ္မစာရီ ရင်တွင်းမှ ဆာလောင်လာတာကို သတိရသည်။

'အိပ်ရာထ နောက်ကျတော့ အရုဏ်ဆွမ်းတောင် မစားခဲ့ရဘူးဘုရား'

မသုဓမ္မစာရီက မအောင့်အည်းနိုင်ဘဲ ပြောမိတော့ မမာလာက ကရုဏာသက်သော်လည်း ခပ်ဆိတ်ဆိတ်နေ၏။

'အဝတ်လဲပြီး အောက်ဆင်းသွားနှင့်တာ ဆွမ်းလေးများ ကမန်းကတန်း မစားခဲ့ဘူးလား မသုရယ်'

မခေမာဝတီက စိတ်မချမ်းမသာစွာ ပြောသည်။

'ဘယ်စားရမလဲလို့၊ ထမင်းချိုင့်တွေလဲ ထည့်ပြီးသားဆိုတော့ မီးဖိုချောင်မှာ ဘာမှကို မရှိဘူး'

မသုဓမ္မစာရီ ကလေးဆန်ဆဲဖြစ်သည်ကို မမာလာက သတိထားမိသည်။

'ဖြစ်ရမယ် မသုဓမ္မစာရီရယ်၊ ဈေးကျမှ မုန့်ဟင်းခါးဝယ်စား'

မမာလာက သူတို့ထက်အသက်ကြီးတော့ သူတို့ကို ဦးဆောင်စောင့်ရှောက်ရသည်။ မြောက်ဥက္ကလာမှ ဒကာမကြီး ဒေါ်တင်လှိုင်အိမ်ရောက်တော့ နေခြည်ထွက်စပြုပြီ။ သည်အိမ်မှာ သူတို့ စတည်းချရာနေရာ ဖြစ်လာရသည်မှာလည်း ထူးသည်။

www.burmeseclassic.com

BURMESE CLASSIC .com

တစ်နေ့။ သူတို့ ဆွမ်းဆန်ခံရင်း မိုးကြီးသဲမဲစွာ ရွာလေသည်။ ထမင်းချိုင့် ကိုယ်စီနှင့် နားခိုရာသို့လည်း မရောက်နိုင်သဖြင့် နီးရာအရိပ်အောက်မှာဝင်ခိုရ၏။ အိမ်တံစက်မြိတ်အောက်မှာရပ်ရင်း သူတို့ ရေရွတ်မိကြသည်။

‘မိုးကလဲမစဲသေးဘူး မွန်းလဲတည့်လုပြီ၊ ဒီမနက်တော့ ဆွမ်းအငတ်ခံကြရမှာပဲ’

သွားရင်းလာရင်း နေလွဲသွားသဖြင့် ဆွမ်းတစ်နပ် လွတ်ရပေါင်းလည်း မနည်းတော့။

အိမ်ပေါ်မှ မိန်းမကြီးသည် သူတို့ကို ဆန်တစ်ခါမျှပင် မလှူစဖူး။ သို့သော် သူတို့ချင်းပြောသည့် စကားကို ကြားရတော့ အံ့သြသွားသည်။

‘ဆရာလေးတို့ဒီလိုပဲဆွမ်းဆန်ခံရင်း အချိန်လင့်ရင် မစားဘဲနေကြရသလား ဟင်’

ထိုမိန်းမကြီးက အိမ်ဝရန်တာမှ လှမ်းပြီး စူးစမ်းသည်။

‘နေရတာပေါ့ ဒကာမကြီးရယ်၊ ရှစ်ပါးသီလ ယူထားရတာ စားလို့ ဘယ်ဖြစ်ပါ့မလဲ’

ထိုအခါ ဒကာမကြီးမျက်နှာမှာ သနားကရုဏာသက်သည့်အသွင် ပို၍ ထင်ရှားလာသည်။

‘တပည့်တော်တို့ဖြင့် မစားဘဲမနေနိုင်ပါဘူး ဘုရား၊ တစ်နေ့လုံး တစ်နပ်မှသာမစားရရင် သေရချည့်၊ ကဲ ကဲ ဆရာလေးတို့ မိုးတိတ်အောင် စောင့်မနေကြပါနဲ့၊ အိမ်ပေါ်တက်ကြပါ၊ အိမ်ပေါ်မှာ စားချည်ကြပါ’

ဆယ့်နှစ်နာရီကလည်း ထိုးခါနီးပြီဖြစ်၍ အိမ်ပေါ်သို့တက်ကာ ဆွမ်းချိုင့်များကို ဖွင့်စားကြရလေသည်။ သူတို့ ဆွမ်းချိုင့်များကို ချောင်းကြည့်လိုက်မိသည့်အခါ ဒကာမကြီး ပိုမိုအံ့သြသွားသည်။ ပါလာသည့်ဟင်းလျာများကို အချိုးကျ ဝေလိုက်သောအခါ တစ်ပါးကို ဘဲဥ နှစ်ခြမ်းစီသာ ရကြလေသည်။

 www.burmeseclassic.com 

‘ဟင်၊ ဆရာလေးတို့ဟင်းက ဒါပဲလား’

‘ဒါပဲပေါ့ ဒကာမကြီး၊ ဒါတောင် ဆွမ်းခံထွက်တဲ့နေ့မို့လို့ ကောင်းကောင်း စားရတာ’

ဒကာမကြီးက သူ့ ရင်ဘတ်ကို သူ ဖိသည်။

‘တပည့်တော်ကတော့ သီလရှင်တွေ ဆန်ခံစားတာ သက်သက်သာသာနဲ့ ကောင်းကောင်းစားနေရမှာပဲလို့ ထင်ခဲ့မိတယ်၊ ဒီလောက် အစားဆင်းရဲအနေဆင်းရဲခံပြီး ဘာလို့များ ဒီဘဝမှာ နေကြသလဲဆရာလေးတို့ရယ်’

တကယ်ပင် မသိနားမလည်စွာ ပြောလေသည်။

‘သာသနာအကျိုး ဆောင်ရွက်တယ်ဆိုတာ ဒီလိုပဲအဆင်းရဲခံရတာပေါ့ ဒကာမကြီးရယ်’

သူတို့ထဲမှာ အသက်အကြီးဆုံး မဣန္ဒာက ပြောသည်။

‘အို၊ဟုတ်မှာပ၊ ဆရာလေးတို့ကျောင်းမှာ ဘာတရားများအားထုတ်နေကြသလဲ၊ ငယ်ငယ်လေးတွေ ရှိသေးတာနော်’

‘ကျွန်မတို့ အားမထုတ်နိုင်ကြသေးပါဘူး၊ ကျွန်မတို့ကျောင်းက စာသင်တိုက်ကြီးပါ၊ ဗုဒ္ဓကျမ်းဂန်တွေကို သင်ရတယ်လေ ဒကာမကြီး’

‘သြော် သြော်၊ တပည့်တော်က ဘုန်းကြီးတွေသာ စာသင်တိုက်ရှိတယ်မှတ်နေတာ၊ သီလရှင်တွေတော့ ဒီလိုပဲ အလှူခံစားနေသလားထင်မိတယ်၊ ဘုရားကျောင်းကန်ကလဲ အရောက်အပေါက်နည်းပေတာကိုး ဆရာလေးတို့ရယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မွန်မြတ်တဲ့အလုပ်လုပ်နေတာ ဝမ်းသာလှတယ်၊ နောင်ကို တပည့်တော်အိမ်ကို အမြဲဝင်ပါ၊ ဆန်လဲခံပါ၊ စတည်းချပြီး ထမင်းလဲစားနိုင်ပါတယ်’

ဒကာမကြီးသည် သူ့အိမ်မှာရှိသမျှ ဟင်းလျာများကို ချကျွေးကာ ပီတိသောနမသဖြစ်၍ နေလေတော့သည်။ ထိုနေ့မှစ၍ ထိုအိမ်သည် သူတို့၏ ကွန်းခိုရာ ဖြစ်ခဲ့တော့၏။

'ဟော ဆရာလေးတို့ ရောက်လာကြပြီ၊ အတော်ပဲ ဆရာလေးတို့ရေ၊ အိမ်မှာ ကနေ့ ကောက်ညှင်းပေါင်းလေး ပေါင်းစားရင်း ဆရာလေးတို့ဖို့ပါ ပိုပေါင်းထားတယ်၊ ဆွမ်းဆန်ခံမထွက်ခင် စားသွားကြပါဦး'

မသုဓမ္မစာရီ စိတ်ထဲမှာ ယနေ့ ဒကာမကြီးဒေါ်တင်လှိုင်ပြုသော ဒါနသည် မွန်မြတ်ပေစွဟု အောက်မေ့လိုက်သည်။ သူက ဆာလောင်မွတ်သိပ်လှပြီ မဟုတ်ပါလား။ ဈေးထဲမှာ ဆွမ်းဆန်ခံရင်း မုန့်ဝယ်စားမည်ကို အစ်မကြီး မဏ္ဍာက သိပ်သဘောကျလှသည် မဟုတ်။ ကျပ်ကျပ် တည်းတည်းနှင့် မိုးတိုးမတ်တတ် စားသောက်ခြင်းကိုလည်း နှစ်ခြိုက်ခြင်းမရှိ။

ကောက်ညှင်းပေါင်းပူပူကို ဆာဆာလောင်လောင် စားရတော့ ဘကြီးအောင်သူကို သတိရသည်။ ဘကြီးအောင်သူသည် သူ့သားသမီးများကို နံနက်စာ ကောက်ညှင်းပေါင်းသာ ကျွေးလေ့ရှိ၏။ သူ့ကလေးများသည် ပေပေတေတေနေသော်လည်း ကျန်းမာလှသည်။ အိုး၊ ဘကြောင့်များ မဆီမဆိုင် ရွာကို သတိရပြန်ပါလိမ့်။

ထမင်းချိုင့်များကို ဒေါ်တင်လှိုင်အိမ်မှာ ထားခဲ့ပြီး မြောက်ဥက္ကလာ ရပ်ကွက်များနှင့် ဈေးအတွင်းမှာ ဆွမ်းဆန်ခံထွက်ကြသည်။ အစ်မကြီး မဏ္ဍာ ငယ်စဉ်ကပင် ဆွမ်းဆန်ခံထွက်ခဲ့သည့် နေရာဖြစ်၍ မဏ္ဍာပါလျှင် ဆွမ်းဆန်ပိုရသည်။ သူ့နယ်မြေနှင့် သူ့ သံယောဇဉ်တော့ ရှိသည်သာ။ ကြည့်မြင်တိုင် စမ်းချောင်းဘက်ဆိုလျှင် အစ်မစန္ဒာပါမှ ဆွမ်းဆန်ပိုရသည်။

'ဒါနဆန် မေတ္တာရပ်ခံပါတယ်ရှင်'

အသံစာစာနှင့် ဆုတောင်းမေတ္တာပို့ရင်း တစ်အိမ်တက်ဆင်း အလှူခံရသည်မှာ မလွယ်လှ။ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်း

www.burmeseclassic.com


သူများ ရှိသလို မကောင်းတတ်၍ စွန့်ကြဲသူများလည်း ရှိ၏။ ဘုန်းကြီး ရဟန်းများကို တရိတသေ ဆက်ကပ်လှူဒါန်းမြဲဖြစ်သော်လည်း သီလရှင်ကို အလှူခံတစ်ယောက်လိုပင် ဒေါက်ခနဲ ဒက်ခနဲ စွန့်ကြဲသွားသူကလည်း မနည်း။ သို့သော် ဦးခေါင်းထက်မှ ဆံကေသာနှင့်အတူ မာန်မာနတရား များပါ ပယ်ရှားလွင့်ပယ်ပြီးသာမို့ အသက်ရှည်နေနိုင်ရေး၊ တရားဓမ္မမှာ မွေ့ပျော်နိုင်ရေးအတွက် ဦးညွှတ်ခံယူရန် ဝန်မလေးတော့ပေ။

တစ်အိမ်ဝင် တစ်အိမ်ထွက်၊ တစ်ဈေးဝင် တစ်ဈေးထွက် ဆုတောင်းမေတ္တာပို့သရင်း အလှူခံရ၏။ လှူသူကိုလည်း မေတ္တာပို့ရသည်။ ဤသည်မှာ ဆရာကြီးဘုရားတို့ သွန်သင်ဆုံးမထားသော ကိုယ်ကျင့်တရား ပင် ဖြစ်၏။

ဆန်တစ်ဆုပ်ပင်လှူလှူ၊ တစ်ပြည်ပင်လှူလှူ အလှူရှင်၏ စေတနာ သဒ္ဓါတရားကိုလည်း တန်ဖိုးဖြတ်၍ မရစကောင်း။ မိမိ၏ အသက်နှင့်ခန္ဓာ တည်တံ့ခိုင်မြဲရေးအတွက် ပေးဆက်လှူဒါန်းနေသူအားလုံး၏ ကျေးဇူး တရားကိုလည်း အစဉ်အောက်မေ့ရသည်။

'ဟော ဆရာလေးတို့တောင်ကြွလာပြီ၊ သမီးရေ ဆန်တစ်ပြည် ယူခဲ့ဟေ့'

ဤသို့လျှင် စေတနာထက်သန်စွာ အမြဲဝတ်ဖြည့်သူတွေကြောင့် သူတို့မှာ ပို၍ အားရှိရသည်။ တစ်ဦးချင်းအတွက် အလှူခံခြင်းမဟုတ်။ အားလုံးအတွက် စုပေါင်းအလှူခံသည်မို့ ဆန်တစ်ပြည်ကို ပါလာသော ဂျုံမှုန့်အိတ်ထဲ သွန်ထည့်စေရသည်။ အပတ်စဉ်ဒါနပြုသော ဒကာကို ဆုတောင်း မေတ္တာတွေ ပို့သရပြန်သည်။

မြောက်ဥက္ကလာဈေးတစ်ခွင် နှံ့စပ်အောင် အလှူခံပြီးသောအခါ အချိန်လင့်လာပြီ ဖြစ်၏။ ဆန်များ၊ ပိုက်ဆံအကြွေများ၊ အခြားသော

BURMESE CLASSIC .com

ဆေးဝါး၊ ပန်း၊ မုန့် စသော အလှူခံပစ္စည်းများကို စုဆောင်းပြီး ဒကာမကြီး ဒေါ်တင်လှိုင်အိမ်သို့ သယ်ခဲ့ကြရလေသည်။

'အမယ်လေးနော်၊ နေကလဲပူတော့ မောမှမောပဲ၊ ဒီနေ့မှ ဝမ်းကလဲ ဆာလိုက်တာမပြောနဲ့'

မသုခမ္မစာရီသည် ရင်ထဲက ခံစားချက်ကို နှုတ်မှဖွင့်ဟရန် ဝန်လေးတတ်သူ မဟုတ်ပေ။ မခေမာဝတီက အစ်မကြီး မဣန္ဒာဘက်သို့ မေးဆတ်ပြသည်။ ညည်းညူခြင်းကိုမကြိုက်မှန်း မသုခမ္မစာရီလည်း သိသည်ပင်။ အစ်မကြီး မဣန္ဒာကလည်း ကြားဖြစ်အောင် ကြားသည်။

'ဒါကြောင့် ဆရာကြီးဘုရားက မကြာ မကြာ ပြောတာပေါ့ မသုခမ္မစာရီ၊ ခန္ဓာဝန်ဆောင်ရတာ ပင်ပန်းတယ်ဆိုတာလေ၊ တို့များက ဆွမ်းဆန်ခံရတာ ပင်ပန်းတယ်ထင်တယ်၊ အဲဒီ ဆွမ်းဆန်က လှူလိုက်တဲ့ သူတွေကကော ပေါလို့၊ များလို့၊ ပိုလျှံလွန်းလို့ လှူလိုက်တယ်မထင်နဲ့၊ သူတို့မှာ ဒါတွေရအောင် တပင်တပန်းရှာဖွေထားရတာ၊ သူတို့စားမယ့်ထဲက လှူကြရတာ ကိုယ်က အဆင်သင့်စားရတာ ကံကောင်းလို့၊ ဘုရားသာသနာ အကျိုးကြောင့် စားကြရတာ'

မဣန္ဒာကတော့ တရားဟောလည်းကောင်းသည်။ မဣန္ဒာသာ စာချပုဂ္ဂိုလ်ဖြစ်လျှင်တော့ တော်တော်နာယူလို့ ကောင်းမှာပဲဟု မခေမာ ဝတီက တွေးနေသော်လည်း မသုခမ္မစာရီကတော့ လမ်းလျှောက်ရင်း မျက်နှာညိုစ ပြုသည်။ သူတော်တော်ဆာနေထင်ပါရဲ့။ မခေမာဝတီက ကရုဏာဖြစ်မိသည်။ အတူတူချင်း သီလရှင်ဘဝ ရောက်လာကြရသော်လည်း မသုခမ္မစာရီက လူဝတ်ကြောင်လိုပင် ကလေးဆန်ဆဲဖြစ်သည်။

'ကဲ ရောက်ပါပြီ မသုရယ်၊ နောက်ဆို ဆွမ်းဆန်ခံထွက်မယ့်နေ့ကို စောစောထ'

အရက်ဆွမ်း မစားခဲ့ရ၍ ပိုမိုဆာလောင်နေသည်ကို မဣန္ဒာသိသဖြင့် ဘာမျှ မပြောတော့။ ဒေါ်တင်လှိုင်အိမ်ရှေ့သို့ရောက်တော့ မသုခမ္မစာရီ ရှေ့ဆုံးက တက်သွားသည်ကို သူ မြင်လိုက်သည်။ သူဆွဲလာသည့်ဆန်အိတ် ကိုလည်း မမာလာလက်ထဲသို့ ထည့်ပေးခဲ့လေသည်။

ဒေါ်တင်လှိုင်သည် သူတို့အတွက် စားပွဲခင်းကာ ဆွမ်းချိုင့်များကို အသင့် တင်ပေးထားသည်။

မသုခမ္မစာရီသည် သူနှင့် မခေမာဝတီ၊ မမာလာတို့အတွက်ပါ သုံးယောက်စာထည့်လာသော ချိုင့်ကို ခပ်မြန်မြန်ပင် လှစ်လိုက်လေသည်။ ဟင်းလျာကို မြင်ရ၍ သူ့မျက်နှာ ဝင်းလက်သွားပုံမှာ အပြစ်ကင်းစင်၍ ချစ်စရာလည်းကောင်းသည်။ ရယ်စရာလည်းကောင်းသည်။ မဣန္ဒာ ခွင့်ပြုပြုံး ပြုံးမိ၏။

'ဟား၊ ဘဲဥဟင်းပဲအောက်မေ့နေတာ၊ ငါးသလောက်တွေပဲ၊ ငံပြာရည်ကြော်လဲပါတယ်၊ ဟန်ကျလိုက်တာ'

အခြား သီလရှင်များလည်း ပစ္စည်းများကို သိမ်းဆည်းထားသိုပြီး ထမင်းစားပွဲနားသို့ ရောက်လာသည်။

'ဘာလိုလိုနဲ့ ဆယ့်တစ်နာရီကျော်ပြီ သုတ်သုတ်စားကြစို့'

မဣန္ဒာက သတိပေး၏။

'ဆယ့်နှစ်နာရီ ကျော်ရုံဆိုလဲရပါတယ် အစ်မကြီးရဲ့၊ နေကိုဆွဲထား နိုင်ရင် ကောင်းမှာနော်၊ ဟိုလေ ဘယ်ရဟန်းလဲ၊ သူဆွမ်းစားနေတာ နောက်ကျလို့ နတ်တွေက နေကို ဆွဲထားပေးတယ်ဆိုတာ ဓမ္မပဒထဲ ပါတာလေ'

'မသိရင်လဲ မပြောပါနဲ့ မသုရယ်'

မမာလာကအပြောအဆို သိမ်မွေ့သူဖြစ်၍ မသုခမ္မစာရီ ပြောနေ ဆိုနေပုံတွေကိုကြည့်ကာ အနေခက်နေလေသည်။

'မနိုင်းအပ် မနှိုင်းရာ နှိုင်းမနေပါနဲ့ မသုဓမ္မစာရီရယ်၊ ကဲ ဆာရင်လဲစား၊ ဖြည်းဖြည်းစားပါ အချိန်ရပါတယ်'

သည်တော့မှလည်း အားလုံးငြိမ်သက်စွာ စားသောက်ကြ၏။ ကိုယ်ရုံ၊ ခေါင်းတင်ပတ် စသည်တို့ကို မဖြုတ်ဘဲ အားလုံး သေသေဝပ်ဝပ် စားရသည်။ မသုဓမ္မစာရီ ကျောင်းမှာ ဆွမ်းစားလျှင် မည်သည့်အခါမျှ ကိုယ်ရုံမပါ။ တစ်ခါတစ်ရံ အလှူအတန်းရှိလျှင် ကိုယ်ရုံမပါဘဲ ဆွမ်းမစား ရသည်မို့ ကျောင်းပေါ်သို့ပြန်တက်ကာ ကိုယ်ရုံကို ယူရတတ်သည်။ ယခုလည်း ကိုယ်ရုံက တစ်စတစ်စ လျော့ကျနေသည်ကို သိမ်းတင်ခြင်းမပြု။ သူတမင်နှစ်ခြိုက်၍ နေသည်ကိုသိသောကြောင့် မမာလာတို့၊ မဣန္ဒာတို့ မမြင်ဟန်ပြု၍ နေလိုက်ကြရတော့၏။ သြော် လူ့ကျင့်ဝတ် ရဟန်းကျင့်ဝတ် ဆိုသည်မှာလည်း လိုက်နာရန်များပြားပေစွ။ တစ်ခါတစ်ရံတော့လည်း မရင့်ကျက်သေးသော ကာလမှာ အလျှော့အတင်းလေးတွေဖြင့် သိမ်းသွင်း ကြရသည်။ ဘုရားရှင်လက်ထက်ကလည်း ရဟန်းတို့အလယ်မှာ မတင့်တယ် တာတွေကို မြင်ရတိုင်း ထိုအချက်ပေါ်မူတည်၍ ကျင့်ဝတ်တွေ၊ သိက္ခာပုဒ် တွေ တစ်စတစ်စ တိုးမြှင့် သတ်မှတ်ခဲ့ရသည် မဟုတ်လား။

ဆွမ်းစားပြီးတော့ နားနားနေနေနေရန် အချိန် မရှိပေ။ သူတို့၏ အထုပ်အပိုးများကိုယူငင်ကာ နောက်တစ်နေရာသွားဖို့ ပြင်ရသည်။ တစ်ပတ်မှာနှစ်ရက်သာ ဆွမ်းဆန်ခံရသည်မို့ တစ်နေကုန်အောင် ဆောင် ရွက်ဖို့ လိုသည်။ စမ်းချောင်းဘက်သို့ကူးရန် ကားငှားရသည်။ ဆန်အိတ်များ ငွေများကို ယူ၍ ကားဖြင့် စမ်းချောင်းသို့သွားကာ အခြား အိမ်တစ်အိမ်မှာ ထားကြရလေသည်။

သည်အိမ်ကတော့ အစ်မ မစန္ဒာရီ၏ အိမ်ဖြစ်၍ အားနာစရာလည်း မရှိ။ သူ့မှာ မိခင်မုဆိုးမကြီးသာ ရှိသည်။ တရားဓမ္မမှာ အေးအေးဆေးဆေး နေသူပင် ဖြစ်သည်။ သားကြီး၊ သမီးကြီးများက အနည်းအကျဉ်း

BURMESE CLASSIC .com

ထောက်ပံ့သည်။ သမီး အငယ်ဆုံး မစန္ဒာရီက သီလရှင်ဝတ်နေသည်။ အဘွားကြီးသည် တစ်ယောက်တည်းပင် နေသည်။ လောဘကင်းလှ၍ တစ်နည်းအားဖြင့် စိတ်လက် ချမ်းသာ၏။

'အမေ နေကောင်းရဲ့လား'

ဆရာလေးအားလုံးက ရောက်ရောက်ချင်း မေးမြန်းနှုတ်ဆက်ကြသည်။

'ကောင်းပါတယ် ဆရာလေးတို့ရယ်၊ ဆရာလေးတို့ကော ကျန်းခံ့သာလို့ မာရဲ့လား'

အဘွားကြီးကလည်း ထုံးစံအတိုင်း ပြန်မေးသည်။ မစန္ဒာရီက သူ့အမေကို စိတ်မချသော်လည်း သူ့အမေက အခြား သားသမီးများဆီသို့ သွားမနေ။ မစန္ဒာရီကို သံယောဇဉ်မပြတ်နိုင်၍ သမီးဖြစ်သူနှင့် တစ်ပတ် တစ်ခါ တွေ့ရသည့် နေရာမှာပဲနေသည်။ အဘွားကြီးက သီလရှင်လေး များကို အဖျော်ယမကာဖြင့် ဒါနပြုသည်။ သူတို့ကလည်း ပါလာသည့် ဆေးဝါး စသည်တို့ကို ပြန်လည်စွန့်ကြသည်။

မစန္ဒာရီတို့အိမ်မှာ အေးအေးဆေးဆေး နားနေနိုင်သော်လည်း နေ၍မဖြစ်။ စမ်းချောင်းရပ်ကွက်ထဲမှာ ဆွမ်းဆန်ခံဖို့ ပြင်ရဆင်ရလေသည်။

တစ်ပါးစီတန်းစီ၍ဆုတောင်းမေတ္တာ ပို့သရင်း တစ်အိမ်တက်ဆင်း သွားရပြန်သည်။ သည်ရပ်ကွက်ကတော့ ဆရာလေး မစန္ဒာရီ၏ မျက်နှာဖြင့် လှူဖွယ်ဝတ္ထုများကို ရက်ရက်ရောရော ပေါပေါများများ လှူဒါန်းကြသည်။

ဝမ်းပြည့်ပြန်တော့လည်း လေးလံထိုင်းမှိုင်းလာ၍ မသုဓမ္မစာရီ ဆင်းရဲရပြန်သည်။ သီလရှင်ဝတ်စကများဆိုလျှင် ပင်ပန်းလွန်း၍ ပြန်တောင် ပြေးချင်စိတ် ပေါက်မိသည်။ ယခုတော့လည်း ကျင့်သားရစပြုပေပြီ။ သည်တစ်ခါတော့ သူ့ရင်ထဲက ဖြစ်ပေါ်နေသမျှကို ထုတ်ပြီးတော့လည်း မပြောဝံ့တော့။ အသာငြိမ်ကာနောက်က အားတင်း၍ လိုက်နေရ၏။

BURMESE CLASSIC .com

လှူသည်ဖြစ်စေ မလှူသည်ဖြစ်စေ သတ်မှတ်ထားသည့် လမ်းသေး လမ်းသွယ်လေးများမကျန် အိမ်ပေါက်စေ့အလှူခံပြီးသောအခါ အချိန်လည်း မနည်းတော့။ ညနေစောင်း၍နေပြီ။

မစန္ဒာရီတို့အိမ်မှာ ပစ္စည်းများကို တစ်ဖန်ပြန်၍စုကာ ကျောင်းသို့ သယ်ရန် ကားထွက်ငှားရလေသည်။ ငွေအကြွေများကိုတော့ မစန္ဒာရီက သူသိသောဈေးဆိုင်များတွင်ဝင်ကာ ငွေစက္ကူတွေနှင့် လဲပေးလိုက်သဖြင့် နည်းနည်းပေါ့သွားသည်။

ကားနှစ်စီးဖြင့် သူတို့ပစ္စည်းများကို သယ်ကြရလေသည်။

ကျောင်းရောက်တော့ညနေစောင်း၍နေပြီဖြစ်၏။ အခြား ရပ်ကွက် များသို့ ဆွမ်းဆန်ခံထွက်ကြသော ဆရာလေးများလည်း ရှေ့ဆင့် နောက်ဆင့် ရောက်လာကြသည်။ မောမောပန်းပန်းနှင့် ကျောင်းပေါ်မှာ နားလိုက်ကြရ လေသည်။ တစ်နေ့တာအတွက်ဖြင့် ပြီးပြန်လေပြီကော။

'ဒီကနေ့မှ နေကပူတော့ ပိုတောင်မောသလိုပဲ'

တစ်လမ်းလုံး အောင့်အည်းလာရသော မသုဓမ္မစာရီသည် သူ့ ကိုယ်ပေါ်မှ ကိုယ်ရုံများကို ခပ်သွက်သွက်ခါချရင်း ပြောလိုက်၏။

'တောမှာ စပါးရွက်ရတာလဲ ပင်ပန်းတာပဲမဟုတ်လား မသုရယ်'

မခေမာဝတီက ပြုံး၍ ပြောသည်။

'ဒါပေသည့် ပျော်စရာကြီးတော့၊ အားရင် မြစ်ထဲဆင်း ရေကူး နေတာ'

'မသုတစ်ယောက်ဟာလေ၊ ကိုယ့်ကိုယ်ကိုလဲ ငါ ဘယ်ဘဝမျိုး ရောက်နေပြီဆိုတာ သတိမထားဘူး၊ ပြောချင်ရာ ပြောတာပဲ၊ အစ်မကြီး တွေရှေ့ သိပ်မပြောပါနဲ့ မသုရယ်၊ တော်ကြာ ဆရာကြီးဘုရားတို့ သိသွားရင်မကောင်းဘူးနော်'

BURMESE CLASSIC .com

'အို၊ စိတ်ထဲရှိတာ ပြောတာပဲ၊ တပည့်တော် ညာမှ မညာတတ်ဘဲ ဘုရား၊ တပည့်တော်တော့ မပျော်ရင် ထွက်မှာပဲ၊ ဟန်ဆောင်ပြီးတော့တော့ နေ မနေဘူး၊ ဟန်ဆောင်နေရင် ပိုငရဲကြီးမှာပေါ့၊ ဟုတ်ဘူးလား'

'ခုတော့ မသု ပျော်တယ်မဟုတ်လား ဟင်'

မခေမာဝတီက စိုးရိမ်စွာ မေးလိုက်သည်။

'ပျော်ပါတယ် အစ်မရယ်၊ ဒါပေမယ့် တပည့်တော်လေ အမေ့ကို ခဏ ခဏ အိပ်မက် မက်တယ်'

\+ \+ \+

'ဟဲ့ ဘာများလိုချင်လို့တုံး မစိတ္တာ'

ဒေါ်ကြီးဘုရားက အခန်းထဲသို့ ခပ်ရို့ရို့ဝင်လာသော မစိတ္တာကို လှမ်းမေးလိုက်သည်။ ညဘက်ဘုရားဝတ်တက်ပြီးစဖြစ်၍ ခေတ္တနားနေကြသည်။ စာကျက်သူက ကျက်နေပေပြီ။ သည်အချိန်မှာ အကြောင်းကိစ္စကြီးငယ်ရှိသူတွေက ဒေါ်ကြီးဘုရားရှေ့မှောက်သို့ ဝင်ရောက်လာကြမြဲဖြစ်၏။

မစိတ္တာက ဒေါ်ကြီးဘုရား၏ ခြေရင်းမှာထိုင်၍ ဦးသုံးကြိမ်ပြည့်အောင် ချလိုက်သည်။ ပြီးတော့မှ သူ အလိုရှိရာကို လျှောက်ထား၏။

'တင်ပါဘုရား၊ တပည့်တော်ဂိုက်က နည်းနည်းတိုနေလို့ ဆက်ဖို့ရာ အစလေး လိုချင်လို့ပါ ဘုရား'

မစိတ္တာက လက်အုပ်ချီလျက်ပင် ပြော၏။

သီလရှင်လေးများသည် သူတို့လိုအပ်သည့်အရာများကို ဒေါ်ကြီးဘုရားထံ၌ပင် လျှောက်ထားတောင်းဆိုရလေ့ရှိသည်။

'အေး အေး၊ ရှာလိုက်ဦးမယ် မစိတ္တာ'

BURMESE CLASSIC .com

ဒေါ်ကြီးဘုရားက အေးဆေးစွာ ပြန်ပြော၍ လုပ်စရာရှိလျှင် ချက်ချင်းထ၍ လုပ်တတ်သော အကျင့်အတိုင်း နေရာမှထကာ ဗီရိုထဲတွင် သိမ်းထားသော ပိတ်စများကို ယူလိုက်သည်။

'ဒီလောက်အစလေးဆိုရင် လောက်မလား မစိတ္တ'

'လောက်ပါတယ် ဘုရား'

မစိတ္တက ဒေါ်ကြီးဘုရားဆီမှ တရိုတသေလှမ်းယူလိုက်သည်။

'အပ်ချည်ကော ယူဦးမလား မစိတ္တ'

'တင်ပါ့ဘုရား'

မစိတ္တသည် သူအလိုရှိသည့် ပစ္စည်းများကို ယူငင်ပြီးနောက် ဒေါ်ကြီးဘုရားကို ဦးသုံးကြိမ်ချကာ ပြန်ထွက်သွားလေသည်။ ဒေါ်ကြီးဘုရားသည် ကျန်သည့် သူ့ပိတ်စများကို သေသေချာချာထုပ်ပိုးကာ ပြန်လည်သိမ်းဆည်းနေလေသည်။ ထိုအချိန်မှာ နောက်ထပ် သီလရှင်တစ်ပါး ဝင်လာကာ ဒေါ်ကြီးဘုရား၏ ကွမ်းအစ်ရှိရာသို့ သွားရောက်ပြီး ကွမ်းနှင့် ထုံးများကို ယူငင်စားသောက်နေလေသည်။ မသုဓမ္မစာရီက ဒေါ်ကြီးဘုရား၏ အခန်းထဲသို့ စောစောကပင်ရောက်ရှိနေသည်။ တိတ်ဆိတ်စွာ စောင့်ဆိုင်းနေလေသည်။ ဒေါ်ကြီးဘုရားသည် ခုတင်ပေါ်သို့ လဲလျောင်း၍ အိပ်ပြီးမှ မသုဓမ္မစာရီကို မြင်သွားလေသည်။

'ဟင်၊ မသုဓမ္မစာရီပါလား၊ ဘာများအလိုရှိလို့တုံး မသုဓမ္မစာရီ'

ဒေါ်ကြီးဘုရားက လေသံအေးအေးဖြင့် စူးစမ်းလေသည်။ မသုဓမ္မ စာရီသည် မဝံ့မရဲဖြင့် ရှေ့ကို တိုးလာသည်။

'လာ၊ ရှေ့တိုးထိုင်လေ၊ မသုဓမ္မစာရီ ထန်းလျက်စားမလား၊ ယူစားချည်'

ဒေါ်ကြီးဘုရားက သူ့ခုတင်အောက်တွင်ထားသော ထန်းလျက်ဘူးကြီးကိုယူကာ မသုဓမ္မစာရီ၏ ရှေ့သို့ချ၍ပေးလေသည်။ မသုဓမ္မစာရီကတော့

BURMESE CLASSIC .com

ယူငင်စားသောက်ခြင်းမပြု။ ချိတုံချတုံ ဖြစ်နေသည်ကို မည်သို့ ဖွင့်ပြော ရမှန်းမသိဘဲ ယောင်ချာချာဖြင့် ဒေါ်ကြီးဘုရားကို ဦးသုံးကြိမ်ချလိုက် လေသည်။

'ဟို ဒေါ်ကြီးဘုရား ညောင်းများနေမလားလို့၊ နင်းနှိပ်ပေးမလို့ပါ ဘုရား'

မသုဓမ္မစာရီက မပြောစဖူးပြောလိုက်၍ ဒေါ်ကြီးဘုရား အနည်း ငယ်တော့ အံ့ဩသွားလေသည်။ ဒေါ်ကြီးဘုရားက ဘာမျှ ပြန်မပြောဘဲနေမှ မသုဓမ္မစာရီသည် ခုတင်ပေါ်တက်ကာ ဒေါ်ကြီးဘုရား၏ ခြေသလုံးများကို စတင် နှိပ်နယ်ပေးလေသည်။ အခြား သီလရှင်လေးများသည်လည်း သည်သို့ပင်လာ၍ ဒေါ်ကြီးဘုရားကို နင်းနှိပ်ပေးလေ့ရှိသည်။ သို့သော် မသုဓမ္မစာရီ၏ အမူအရာက ထူးခြားနေသဖြင့် တစ်ခုခုကို ပြောချင်ပုံရသည် ဟု ဒေါ်ကြီးဘုရားက ရိပ်စားမိလေသည်။

'မသုဓမ္မစာရီရဲ့ မိဘများဆီကကော စာတွေဘာတွေ လာရဲ့ မဟုတ်လား'

ဒေါ်ကြီးဘုရားက စကားစပေးလိုက်သည်။

'လာပါတယ် ဘုရား၊ တပည့်တော်မှာ အမေပဲ ရှိပါတယ် ဘုရား'

မသုဓမ္မစာရီ စကားအရောမခံသည်ကို ဒေါ်ကြီးဘုရား ချက်ချင်း သိလိုက်သည်။ ဒေါ်ကြီးဘုရားက 'မိဘများ'ဟု မေးသည်ကို မသုဓမ္မစာရီက ရှင်းလင်းချက်ထုတ်လိုက်ခြင်းသာ ဖြစ်၏။ သူ့တွင်အမေသာရှိ၍ အဖေ မရှိ။ ဤသည်ကို ပြတ်ပြတ်သားသား သိစေချင်ဟန်တူသည်။

'ဩော် အေး၊ သူတို့တစ်တွေ နေထိုင်ကောင်းကြရဲ့မဟုတ်လား၊ ရွှေမှုံတို့ မောင်အောင်သူတို့လေ'

'တင်ပါ၊ကောင်းကြပါတယ် ဘုရား၊ ကောင်းတယ်လို့ပဲ ရေးတာ ပါပဲလေ'

BURMESE CLASSIC .com

မသုခမ္မစာရီက မတင်မကျ ဖြေသည်။

'ကောင်းကြမှာပေါ့ကွယ်၊ မသုခမ္မစာရီကော ဒီမှာနေတာ တစ်နှစ်ပြည့်တော့မယ်နော်'

'တင်ပါ့ဘုရား'

'မသုခမ္မစာရီလဲ ဒီမှာနေရတာ၊ စာသင်ကြားရတာ ပျော်တယ်မဟုတ်လား'

'တင်ပါ၊ ပျော်ပါတယ်ဘုရား'

'အေးအေး၊ ကောင်းပေတာပေါ့ကွယ်၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ခုလို အေးအေးချမ်းချမ်းနေရတယ်၊ ဗုဒ္ဓကျမ်းဂန်တွေကို သင်ယူတတ်မြောက်ရတယ်လို့ ယူဆရမယ် သိလား'

'တင်ပါ ဘုရား'

မသုခမ္မစာရီသည် သူပြောလိုသည့်စကားကို ပြောရန် ဝန်လေးနေမိပြန်လေသည်။

တကယ်တမ်းကျတော့လည်း အငယ်တန်းကို တစ်နှစ်တည်းနှင့် အောင်အောင်ဖြေရန်မှာ လွယ်လှသည်မဟုတ်။ မသုခမ္မစာရီတို့က ဒီနှစ်မှစ၍ သင်ရသည်ဆိုတော့ သူတို့အတွက် အခက်အခဲလေးတွေ အနည်းငယ်တော့ ရှိလေသည်။ နွေရာသီမှာ အများတကာတွေ မိမိရပ်ရွာသို့ပြန်သော်လည်း သူတို့လို စာအရ နည်းပါးသူများအဖို့ ကျောင်းမှာပင်နေ၍ စာပေများကို လေ့လာကျက်မှတ်ခြင်းဖြင့် ပိုမို အကျိုးရှိနိုင်လေသည်။ ထို့ကြောင့် သူတို့လေးတွေကို ဆရာကြီးများက အိမ်သို့ပြန်ခိုင်းခြင်းမပြု။ သို့သော် မသုခမ္မစာရီက အိမ်သို့ သိပ်ပြီး ပြန်ချင်နေလေသည်။ဒေါ်ကြီးဘုရားသည် အနှိပ်ခံနေရင်းကပင် တရားမှတ်၍ နေလေ၏။ မသုခမ္မစာရီလည်း တိတ်ဆိတ်စွာပင် နင်းနှိပ်ပေးရလေသည်။

'ကဲ ကဲ၊ တော်လောက်ပါပြီ မသုခမ္မစာရီ'

ဒေါ်ကြီးဘုရားက ပြော၏။ မသုဓမ္မစာရီသည် ခုတင်အောက်သို့ မဆင်းမိ ဒေါ်ကြီးဘုရားကို လက်အုပ်ချီ၍ သူ ပြောလိုရာကို အရဲစွန့် ပြောလိုက်လေသည်။

'ဒေါ်ကြီးဘုရား၊ နွေရာသီကျောင်းပိတ်ရင် တပည့်တော်မ ရွာကို ခဏပြန်ချင်တယ် ဘုရား'

မသုဓမ္မစာရီက လက်အုပ်ချီ၍ ခေါင်းငုံ့ကာ လျှောက်ထားလိုက်လေသည်။

'အင်း၊ အင်း၊ မသုဓမ္မစာရီလဲ အမေနဲ့ မခွဲစဖူး ခွဲလာရတော့ သံယောဇဉ်ရှိမှာပလေ၊ မသုဓမ္မစာရီ ပြန်ချင်ရင် ဒေါ်ကြီးဘုရား ဆရာကြီးကို လျှောက်ပေးပါ့မယ်'

မသုဓမ္မစာရီ၏ မျက်နှာသည် ဝင်းထိန်သွားလေသည်။ မသုဓမ္မစာရီသည် ခုတင်အောက်သို့ သွက်လက်စွာဆင်းပြီး ဒေါ်ကြီးဘုရားကို ပြားပြားဝပ်အောင် ဦးသုံးကြိမ်ချလိုက်လေသည်။

'အေး အေး၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘုရား'

\+ \+ \+

မသုဓမ္မစာရီတို့ အစိုးရစာမေးပွဲမဖြေခင် ကျောင်းတွင်းစာမေးပွဲကို အလျင်ဖြေကြရသည်။ မသုဓမ္မစာရီမှာ ကြိုးကြိုးစားစား ကျက်မှတ်ခဲ့သည်မှန်သော်လည်း ထင်သလောက် စာမလိုက်နိုင်သေး၍ စာမေးပွဲ အောင်မြင်ခြင်း မရှိ။ ထို့ကြောင့် အစိုးရစာမေးပွဲကိုလည်း ဝင်မဖြေသေးဘဲ တစ်နှစ်ဆိုင်းငံ့နေရန် ဆုံးဖြတ်လိုက်ရလေသည်။

BURMESE CLASSIC .com

စာမေးပွဲပြီးချိန်တွင်တော့ ဆရာလေးအချို့သည် မိမိတို့ရပ်ရွာသို့ ပြန်ရန် အထုပ်အပိုးပြင်ကြလေသည်။ အကြီးတန်းမှ သီလရှင်လေးများနှင့် အခြားသီလရှင်အချို့သည် ကျောင်းမှာပင်နေရန် ဆုံးဖြတ်ကြလေသည်။ အချို့က မဟာစည် သာသနာ့ရိပ်သာတွင်သွား၍ တရားအားထုတ်ကြမည်။ အချို့က ကျောင်းမှာပင်နေ၍ စာပေကျက်မှတ်ကြမည်။

မသုဓမ္မစာရီသည် ဆရာကြီး၏ အိမ်ပြန်ခွင့်ကို ရထားပြီးပြီဖြစ်၍ ရွာသို့ပြန်ရန် ထုပ်ပိုးပြင်ဆင်နေလေသည်။

'မသုဓမ္မစာရီ တစ်ပါးတည်း ပြန်လို့ဖြစ်ပါ့မလား'

ဒေါ်ကြီးဘုရားက မေးလေသည်။

'ဖြစ်ပါတယ် ဘုရား၊ တပည့်တော် မြောက်ဥက္ကလာက ဒကာမကြီး ဒေါ်ချစ်ကို သဘောဆိပ်လိုက်ပို့ခိုင်းမှာပါ ဘုရား'

'အေး အေး၊ ဒီလိုဆိုလဲပြီးရော၊ ကျောင်းဖွင့်အမီ စောစော ပြန်လာခဲ့နော်'

'တင်ပါ့ဘုရား'

အိမ်ပြန်ရမည့်ရက် ရောက်လာသောကြောင့် မသုဓမ္မစာရီ အထူး ရွှင်လန်းလျက်ရှိ၏။ မိမိရပ်ရွာသို့ပြန်ကြမည့် သီလရှင်လေးများ အားလုံး အထုပ်အပိုး ပြင်ဆင်နေကြသည်။ မသုဓမ္မစာရီသည်လည်း သူ့တွင်ရှိသော ပစ္စည်းလေးများကို ထုပ်ပိုးသိမ်းဆည်းနေ၏။ ပြန်ခါနီးတွင် ဒေါ်ကြီးဘုရား နှင့် ဆရာကြီးဘုရားတို့ကို ရိုသေစွာဦးသုံးကြိမ်ချ၍ ရှိခိုး ကန်တော့လေသည်။

'အေး၊ အေး၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သွားလေရာ ခလုတ်မထိ ဆူးမငြိဘဲ လိုရာခရီးသို့ ချောမောစွာ ရောက်ပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘုရား'

www.burmeseclassic.com

# ၁

သာသနာ့ရိပ်မှာ နေရသော်လည်း ဘဝမှာ ကောင်းစွာ မရင့်ကျက်သေးသော မသုဓမ္မစာရီ။

မသုဓမ္မစာရီသည် အမေကို တွေ့ချင်ဇောဖြင့် ရွာကိုပြန်ခဲ့လေသည်။

ဆရာလေး မသုဓမ္မစာရီကို အချို့ကမမှတ်မိကြ။ အချို့က ခေတ္တငေးကြည့်နေပြီးမှ မှတ်မိသွားကြရာ ဝမ်းသာအားရ နှုတ်ဆက်ကြ လေသည်။ ယခုတော့ မသုဓမ္မစာရီကို ချစ်သူတွေကော၊ မုန်းသူတွေပါ ခင်မင်လိုက်လှဲစွာ ခေါ်ယူကြသည်။ တရားဓမ္မအရိပ်ကြောင့် မသုဓမ္မစာရီ၏ ဘဝသည် တင့်တယ်လုံခြုံလာလေပြီ။

မသုဓမ္မစာရီကတော့ အမေ့ဆီသို့သာ ဦးတိုက်သွားနေသည်။

အမေ့ကို အောက်မေ့ သတိရစိတ်ကို ကျောင်းမှာတုန်းက မျိုသိပ်သိမ်းဆည်းနိုင်ခဲ့သော်လည်း ရွာကိုပြန်ရောက်သည်နှင့် တွေ့ချင်ဇောတွေ ပိုမို ထက်သန်လာခဲ့သည်။ ထို့ကြောင့် အသိမိတ်ဆွေများကို ဝတ်ကျေတန်းကျေ နှုတ်ဆက်ပြီး အမေ့ဆီသို့သာ ဦးတည်လာခဲ့၏။ သူ ပြန်လာမည့်

BURMESE CLASSIC .com

အကြောင်းကို အမေ့ဆီသို့လည်း ကိုတင်အကြောင်း မကြားခဲ့။ အမေပို့ပေးခဲ့သည့် ငွေလေးထဲမှပင် စုဆောင်းထားခဲ့သောငွေဖြင့် ရွာအပြန် လက်ဆောင်လည်း ဝယ်လာခဲ့သည်။ ပခုံးတင်တဘက်လေးတစ်ထည်။ အမေတစ်ယောက်အားလပ်ချိန်မှာ ဘုရားကျောင်းကန် သွားနိုင်ပါစေတော့ဟူ၍။

'ဟယ် သိန်းမြ၊ အဲ မဟုတ်ပါဘူး၊ ဆရာလေး၊ ဘယ်တုန်းကရောက်သလဲဟင်၊ ခုလို သီလရှင်ဝတ်နဲ့ဆိုတော့ ကြည့်ကောင်းလိုက်တာဟယ်'

ဝမ်းသာအားရ နှုတ်ဆက်လာသူက ထွေးစိန် ဖြစ်၏။ သိန်းမြကလည်း ငယ်မူငယ်သွေးအတိုင်း ဝမ်းသာအားရပင် ပြန်လည် နှုတ်ဆက်လိုက်သည်။ သူငယ်ချင်းကိုတွေ့တော့ သူ ပို၍ ရွှင်ပျသွားသည်။

'အခုပဲရောက်တယ် ထွေးစိန်၊ နင် နေကောင်းတယ်နော်'

'အေး၊ အဲ၊ တင်ပါ၊ နေကောင်းပါတယ်၊ ဆရာလေး ခုမှရောက်တာဆိုတော့ ဆရာလေးရဲ့အမေနဲ့ မတွေ့သေးဘူးပေါ့'

ထွေးစိန်မျက်နှာသည် တစ်စုံတစ်ရာ ကွယ်ဝှက်ထားသလို မတည်မငြိမ် ဖြစ်နေလေသည်။

'မတွေ့သေးဘူးထွေးစိန်ရေ၊ အမေ့တောင် ကိုတင် အကြောင်းကြားမထားမိဘူး၊ ထွေးစိန်ကော အမေနဲ့ တွေ့သေးလား'

သိန်းမြ၏ စကားပြော ဟန်အမူအရာတွေ ယခင်ကထက်ပိုမို သိမ်မွေ့လာသည်ကို ထွေးစိန် သတိထားမိသည်။

'လယ်ထဲမှာ နေ့တိုင်းတွေ့ပါ့'

'ကဲ သွားလိုက်ဦးမယ် ထွေးစိန်၊ ညနေကျ အိမ်လာခဲ့ပါဦးလား'

'လာမယ် လာမယ်၊ ဆရာလေးက ဘာတွေများ ကျွေးဖို့ပါလို့တုံး'

'ပါပါတယ် ထွေးစိန်ရယ်'

BURMESE CLASSIC .com

ထွေးစိန်သည် ကျောခိုင်း၍ သွက်သွက်ထွက်ခွာသွားသော သိန်းမြ တဖြစ်လဲ ဆရာလေး မသုဓမ္မစာရီကို ငေးမောကြည့်ရှုရင်း ကျန်ရစ်လေသည်။ ဆရာလေး မသုဓမ္မစာရီ၏ စိတ်များ နူးညံ့မြဲအတိုင်း နူးညံ့နေနိုင်ပါစေ။

+ + +

မဟာပထဝီမြေကြီး ပြိုလဲသွားပြီလားဟု အောက်မေ့လိုက်ရ၏။

ဆရာလေး မသုဓမ္မစာရီ၏ ရှေ့မှ မြင်ကွင်းသည် မသုဓမ္မစာရီ၏ ရင်ကို တစ်စစီ ဆွဲခြွေလိုက်သလို ဖြစ်နေလေသည်။ မည်သို့မျှ မျှော်လင့်မထားသော ဖြစ်ရပ်သာတည်း။

အမေ၊ အမေ။

မသုဓမ္မစာရီ၏ ရင်ထဲမှာ ပဋိပက္ခများစွာနှင့် ချစ်ရ သံယောဇဉ်ကြီးရသော အမေ။ အမေသည် မသုဓမ္မစာရီ၏ ရှေ့မှောက်မှာ ငြိမ်သက်စွာပင် ရပ်နေပါသည်။ ကျောက်ရုပ်ကြီးတစ်ရုပ်လို ငြိမ်ငြိမ်သက်သက်ကြီးပင် ရပ်နေလေသည်။ မမှိတ်မသုန်သော မျက်လုံးများနှင့် မသုဓမ္မစာရီကို တွေတွေကြီး ရပ်ကြည့်နေသည်။ စကားတစ်ခွန်းမျှ မဆိုနိုင်။ ဆိုရန်လည်း မလိုတော့ပါပြီ။ မြင်ရုံနှင့်ပင် သိနိုင်ပြီ။

အမေသည် ကိုယ်ဝန်အရင့်အမာကြီးနှင့်ပါတကား။

မသုဓမ္မစာရီသည် အမေ့ကို ဘာမျှမပြောဘဲနေရာမှ ဖြည်းညင်းစွာ ထွက်ခွာဖို့ ပြင်သည်။ တကယ်တော့ သူ့ရင်ထဲမှာ ဗလောင်ဆူနေသည်။ ယခင်စိတ်နှင့်သာဆိုလျှင် မိုးမြေမဆုံးအောင် အမေ့ကို ရန်တွေ့ပစ်လိုက်ချင်သည်။ ယခုတော့ အိမ်မပြန်မီ ဆရာကြီးဘုရားတို့ အစစ သွန်သင်ဆုံးမသည်များကိုကြားယောင်နေသည်။ မိမိသည် ကျောင်းတိုက်၏ အရိပ်

BURMESE CLASSIC .com

အောက်မှ ထွက်ခွာလာခဲ့သော်လည်း သီလရှင် အဝတ်နှင့်ပါတကား။ သည်အဝတ်ကို ရုံထားသမျှ ကျင့်ဝတ်သိက္ခာကို စောင့်စည်းနေရပေမည်။

ကျောင်းတိုက်မှာ 'သီလရှင်ကျင့်ဝတ် ရှစ်ဆယ့်တစ်ပါး'* ကို စောင့်ထိန်းရ၏။ သည်မှာ ကျောင်းစည်းကမ်းများကို ထိန်းသိမ်းရန်မလိုသော်လည်း အခြားကျင့်ဝတ်များကို စောင့်ထိန်းရမည်။ သည်အထိ သူ့မှာ အသိတရားရှိနေသေးသည့်အတွက် ဗုဒ္ဓမြတ်စွာဘုရားကို ကျေးဇူးတင်ရမည်။

အမေသည အပြစ်ရှိသူတစ်ယောက်လို ငြိမ်သက်နေရာမှ သူထွက်ခွာသွားမည်ကို မခံမရပ်နိုင်စွာ ဟန့်တားထားလေသည်။ မာနရှင် အမေ့မျက်လုံးတွင် မျက်ရည်တွေ ဝဲနေပြန်သည်။

'သမီး၊ ဆရာလေး မသုဓမ္မစာရီ၊ ဘယ်မှ မသွားပါနဲ့ကွယ်၊ မသွားပါနဲ့၊ အမေ တောင်းပန်ပါတယ်၊ အမေ့ကို သနားပါ'

အမေသည် သူ့လက်မောင်းကို လှမ်းဆွဲထား၏။

အမေ့ကို သနားပါတဲ့။ အမေ့ကို သနားပါဟူသော စကားလုံးသည် သူ့ရင်ကို လှုပ်ရှားစေသည်။ သို့သော် သနားခြင်းထက် ဒေါသဖြစ်ခြင်းက သူ့ရင်ကို လာရောက်ထိခတ်လျက်ရှိပြန်ရာ သူသည် နေရာက ထွက်ခွာသွားခြင်းသည်သာ အကောင်းဆုံးဟု ထင်မိပြန်လေသည်။

'မတားပါနဲ့အမေရယ်၊ ကျွန်မ ဘယ်မှ မသွားပါဘူး၊ ဒါပေမယ့် ဒီအိမ်မှာတော့ မနေပါရစေနဲ့၊ ကြီးရွှေမှုံတို့အိမ်ကိုသာ လိုက်ခဲ့'

ထိုမျှသာ ယတိပြတ်ပြောပြီး ကျောခိုင်းထွက်ခဲ့သည်။

သည်းခံခြင်းတရားကို တတ်နိုင်သမျှ ကျင့်သုံးနေရသော်လည်း သူ့ရင်ထဲမှာ လှိုင်းထန်နေသည်။ ရင်ထဲရှိသမျှ ဖွင့်ဟလိုက်ရလျှင်တော့ ဝစီကံတစ်ပါးတည်းဖြင့်ပင် မဟာအဝီစိသို့ ချက်ချင်းကျနိုင်လောက်၏။

---

နောက်ဆက်တွဲတွင်ကြည့်ပါ

BURMESE CLASSIC .com

ကြီးရွှေမှုံက သူ့ကိုမြင်တော့ ရင်ကို မ ထားသည်။

'ခုပဲလာမလို့ မသုစမ္မစာရီ၊ ရွာထဲကပြောတာနဲ့ ဆရာလေးပြန်လာတယ်ဆိုတာ သိရတယ်၊ လာလာ ဒီပေါ်ကိုကြွ'

ကြီးရွှေမှုံလည်း အခြေအနေကို ချက်ချင်း ရိပ်စားမိလိုက်ဟန်တူသည်။ မျက်နှာပျက်ပျက်ဖြင့် သူ့ကို အိမ်ပေါ်သို့ခေါ်ယူကာ နေရာထိုင်ခင်းပေးသည်။ မသုစမ္မစာရီသည် သူ့စိတ်ကို တည်ငြိမ်အောင် အဖန်ဖန်ကြိုးစားကာ ပါလာသည့်ပစ္စည်းများကို အိမ်ရှေ့ကပြင်မှာပစ်ချပြီး ကြမ်းပေါ်ထိုင်ချလိုက်၏။

ပြီးတော့ သူ့စိတ်က တစ်ဟုန်ထိုးဖြစ်ပေါ်နေသောဆန္ဒကို မကွယ်မဝှက် ပြောချလိုက်လေသည်။

'ကျုပ် လူထွက်တော့မယ် ကြီးရွှေမှုံ'

\+ \+ \+

'တစ်ပင်လဲမှ တစ်ပင်ထူရသတဲ့ သိန်းမြရယ်၊ သူ့ အခြေအနေကလဲ ယူလိုက်တာ အကောင်းဆုံး မဟုတ်လား၊ ဒီအတိုင်းနေတော့ ပတ်ဝန်းကျင်ကလဲ မရှိသေဘူး၊ မောင်သောင်းဖေကလဲ ညည်းတို့အပေါ် တော်တော့ကို သံယောဇဉ်ရှိတာပါအေ၊ ခုလဲ သူ့ခြေထောက်ကို ဆေးကုနေတာ တော်တော်လေး ကောင်းလာလို့ ဝမ်းသာနေရှာတာ၊ သူတို့လင်မယား ရှာလို့ရသမျှ ညည်းဟိုမှာ မချို့မငဲ့နေရအောင် ပို့ပို့ပေးနေတာ မဟုတ်လား'

ကြီးရွှေမှုံ တရားချသော်လည်း သိန်းမြ ကောင်းကောင်းနားမဝင်။ သူ့စိတ်ကို သူမနိုင်၍ သီလရှင်ဝတ်ကိုလည်း လဲပစ်လိုက်ပြီ။ စိတ်မြန်ကိုယ်မြန်ရှိလှသော သိန်းမြကို မည်သူမျှ မနိုင်သည်မှာလည်း အမှန်ပင်။ ယခုတော့ သူပြောချင်ရာပြော ဆိုချင်ရာဆို၍လည်း ရပြီလေ။

BURMESE CLASSIC .com

'အမယ်လေး၊ ကျုပ်ကို အကြောင်းပြပြီး သူတို့ ပေါင်းချင်နေကြတာကို မခံချင်လို့ ခု လူဝတ်လဲပစ်တာပဲ သိပြီလား၊ သူတို့ထောက်ပံ့မယ့် ကွမ်းဆေး လက်ဖက်လဲ မလိုချင်ပါဘူး၊ ခု ကိုယ့်ဟာကိုယ် စပါးရွက်စားတော့လဲရတာပဲ ကဲ'

ခေါင်းတုံးစိမ်းစိမ်းနှင့် သိန်းမြ၏ ပြောဟန်ဆိုဟန်သည် အဆီးအတား မရှိတော့သည်မှာလည်း အမှန်ပင်။

'ညည်း ခက်တယ် သိန်းမြ၊ ညည်းကိုလဲပြောရရင် အေးချမ်းတဲ့ အရိပ်အာဝါသအောက်မှာ ကောင်းကောင်းမနေချင်ဘူး၊ ညည်းကိုက ညည်းပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ လွတ်လွတ်လပ်လပ်နေနိုင်အောင် အမေကို ရီးမယ်ဖွဲ့ပြီး လူဝတ်လဲပစ်တာ မဟုတ်လား၊ ကဲ ဆိုစမ်းပါဦး'

ကြီးရွှေမှုံ၏ပြန်လည်စွပ်စွဲချက်မှာလည်း မှန်နေသလိုပင်။ သိန်းမြ ဘာမျှပြန်ငြင်းမနေနဲ့တော့။ သီလရှင်ဘဝမှာ သူတကာလို ယတိပြတ်မနေနိုင်ခဲ့သည့် သူ့စိတ်ကိုတော့ သူ့ဘာသာ ဝန်ခံမိသည်။ လူဝတ်လဲပြီးပြီးချင်း သူမှားမှန်းတော့ သိလိုက်သည်။ သီလရှင်ဝတ်ရန် ဆံပင်ကိုဖြတ်စဉ်က သူ ဝမ်းနည်းသလိုလို ဖြစ်မိသော်လည်း ယခု သီလရှင်ကိုယ်ရုံကို ချွတ်လိုက်ကာမှ ဝမ်းနည်းနောင်တရသည့်စိတ်ကို ပိုပြီး လှိုက်လှိုက်လှဲလှဲ ခံစားမိတာ သတိထားမိသည်။ မတတ်နိုင်တော့။ ဆရာကြီးဘုရားတို့ကိုလည်း မျက်နှာမပြဝံ့တော့။ ဆရာကြီးဘုရားတို့ သာသနာရေးမှာ မည်မျှ အလေးအနက်ထားသည်ကို သူအသိဆုံး။ သူ့လုပ်ရပ်တွေကိုသာ သိလျှင်ဖြင့် မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်လိမ့်မည် မဟုတ်။

တစ်ပတ်မှာ နှစ်ရက်မျှ ဆွမ်းခံထွက်ရသည်ကိုပင် ပင်ပန်းသည်ဟု ထင်မှတ်ခဲ့သော သိန်းမြသည် ယခုတော့ နေပူစပ်ခါးမှာ စပါးသယ်ပြန်သည်။ တောမှာတော့အလုပ်နှင့်လက် မပြတ်လုပ်နိုင်ပါမှ တစ်ဝမ်းတစ်ခါး ရပ်တည်နိုင်သည်သာ မဟုတ်ပါလား။

BURMESE CLASSIC .com

အမေ့ကိုတော့ သူ စိတ်ရှိတိုင်းပြောဆိုပြီး၍ ပြန်သနားနေလေသည်။ အမေသည် ကိုယ်ဝန် အရင့်အမာကြီးနှင့်ပင် အလုပ်ကို မပြတ်အောင် လုပ်လေသည်။ ဦးလေးကိုသောင်းဖေကလည်း သူတတ်ကျွမ်းသော စာရေးအလုပ်လေးဖြင့် စက်ထဲမှာ ပြန်လုပ်သည်။ သိန်းမြကတော့အမေနှင့် ဦးလေးကိုသောင်းဖေတို့ နှစ်ယောက်လုံးကိုပင် ခပ်ရှောင်ရှောင်နေလေသည်။ သူက ကြီးရွှေမှုံဆီမှာသာ အနေများသည်။

'သိန်းမြရယ် ညည်းမို့လို့ သီလရှင်အဝတ်ကနေ လူဝတ်လဲရတယ် လို့အေ၊ သီလရှင်အဝတ်နဲ့သာဆို ညည်းကို ရွာက ကြည်ညိုလိုက်ကြမယ့် ဖြစ်ခြင်း၊ ညည်းက သီလရှင်ဝတ်နဲ့ လှေပေါ်က ဆင်းလာတော့ တကယ် ကြည်ညိုဖို့ကောင်းတာအေ့၊ ခုတော့ ဆံပင်ကလဲ တိုနံ့နံ့နဲ့ ကြည့်ရဆိုး လိုက်တာ'

သူငယ်ချင်းတွေက လှောင်သလို ပြောင်သလိုနှင့် အတည်ပေါက် ဝေဖန်ကြသည်။ သိန်းမြ ယခင်ကလောက် စိတ်မဆိုးတတ်သည်ကတော့ အမှန်ပင်။

'အေးဟယ်၊ ငါလဲလူထွက်ပြီးမှ နောင်တရနေတယ်၊ အမေ့ကို စိတ် ဆိုးတာနဲ့ ထွက်ပစ်လိုက်တာ၊ ခုတော့ ကျောင်းကိုလဲပြန်မသွားရဲတော့ဘူး'

'ဖြစ်ရမယ်အေ ညည်းကတော့'

သီလရှင်ဘဝမှာ စိတ်ထဲရှိတာ အမှုမဲ့ပြောတတ်သည်ကလွဲ၍ ကျောင်းစည်းကမ်းကို ရိုသေခဲ့သော သိန်းမြသည် ယခု လူတွေကြားမှာ နေရသည်မှာ တစ်မျိုးဖြစ်နေလေသည်။ နေရထိုင်ရသည်မှာလည်း ပင်ပန်း ဆင်းရဲလှသည်။ တရားဘာဝနာပွားများနိုင်ဖို့ ဝေးစွ၊ ဘုရားပင် မှန်မှန် မရှိခိုးနိုင်။ ဘုရားစင်သည် မရှိမဖြစ်လို့သာထားရ၊ ပန်းများက နွမ်းခြောက် နေတတ်လေသည်။ ပြီးတော့ တံငါအလုပ်နှင့် အသက်မွေးသူကလည်း များလှလေရာ အဘယ်မှာလျှင် ကံငါးပါးကို စောင့်ထိန်းနိုင်ပါမည်နည်း။

‘ခုနေများ ငါ ကျောင်းကိုပြန်သွားရင် ဒေါ်ကြီးဘုရားတို့၊ ဆရာကြီးဘုရားတို့က ခွင့်လွှတ်ပါ့မလား၊ ကျောင်းက ဆရာလေး မခေမာတို့၊ မမာလာတို့ကိုလဲ သတိရလိုက်တာ၊ ခုဆို သူတို့တစ်တွေ အေးအေးချမ်းချမ်းနဲ့ စာသင်နေကြရမှာ၊ ငါသာ ဒီနှစ်ဆက်နေရင် အငယ်တန်းကို အောင်မှာမလွဲဘူး’

သူ မကြာ မကြာ တွေးတောမိ၏။

တစ်ခါတစ်ရံတော့လည်း တလင်းပြင်မှာ ကျကျန်ရစ်သော ကောက်သင်းများကို အလုအယက် ကောက်နေသည့် ကလေးငယ်များကို ကြည့်ရင်း သူသည် ဘဝ၏ တဏှာ၊ ဆရာကြီးပြောသော ခန္ဓာဝန်၏ ကြီးလေးမှုကို ဆင်ခြင်မိလေသည်။

စပါးသယ်ခမှာ တစ်နေကုန် ခါးချည့်အောင်သယ်မှ လေးငါးကျပ်ရ၏ ။ ထိုငွေကို တိတ်တိတ်ကလေး စုဆောင်းထားမိသည်။ အမေမီးဖွားလျှင် သုံးနိုင်ပါစေတော့ဟူ၍။ အမေ့ကိုချစ်သော သူ့စိတ်သည် အမြဲတမ်း ကိန်းအောင်းနေလေသည်။ သူနှင့် အမေသည် တစ်ယောက်ကိုတစ်ယောက် အချစ်ကြီးကြသူများသာ ဖြစ်လေသည်။

စပါးတောင်းကိုပစ်ချကာ ခြေပစ်လက်ပစ်ထိုင်နေဆဲ ထွေးစိန်တစ်ယောက် သူ့ဆီသို့ ပြေးလာသည်။

‘သိန်းမြရေညည်းအမေ မွေးတော့မယ်တော့၊ လက်သည်ဒေါ်မိကြီးတော့ ရောက်နေပြီ။’

သိန်းမြ အမေနှင့် မနေ၍ အမေ မွေးရက်ရောက်နေသည်ကိုလည်း မသိ။

ထွေးစိန်က ပြေးပြီးလာပြောတော့ သူ့ရင်ထဲမှာ ထူပူသွားသည်။ တောင်းနှင့် ခေါင်းဖုကိုကိုင်ကာ အမေ့ဆီသို့ ပြေးသွားနေမိတော့သည်။ အို အမေ။ ဘဝရဲ့ဒုက္ခများကို ခါးစည်းခံနေဆဲရှိသော အမေ။

\+ \+ \+

'အမေ အမေ၊ သက်သာရဲ့လား၊ ကျုပ် ဘာလုပ်ပေးရမလဲဟင်'

သိန်းမြသည် ချွေးသီးချွေးပေါက်ကျနေသော အမေ့ကိုကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ အမေသည် တစ်စက်ကလေးမှ မညည်းညူဘဲ ဝေဒနာကို အံကြိတ်၍ ခံနေလေသည်။ ပြင်းထန်သော ဝေဒနာ၏အရှိန်သည် အမေ့မျက်နှာမှာ လာရောက်ထင်ဟပ်နေ၏။

သို့သော် သိန်းမြ၏ အားပေးသံကိုကြားတော့ အမေ့မျက်နှာ ချက်ချင်း ဝင်းပသွားသည်။ သိန်းမြဆီမှ ညင်သာနူးညံ့သော စကားများကို မကြားရသည်မှာလည်း ကြာခဲ့ပြီ မဟုတ်လား။

'အမေလေ၊ အမေ ခံနိုင်ရည်ရှိပါတယ် သမီးရယ်၊ ညည်းကို မွေးတုန်းက ဒီထက်တောင်ခက်သေးတယ်၊ ညည်းအဖေကို စိတ်နာလျက်နဲ့ ညည်းကို ငါ ကြည်ကြည်ဖြူဖြူ မွေးခဲ့တာအေ့၊ ညည်းကို ငါ့လို ဒုက္ခတွေ မခံစေချင်လို့ အေးချမ်းရာကို ပို့ထားတာ၊ ညည်းပြန်လာတာ ငါ သိပ်စိတ်မကောင်းဖြစ်၊ အမယ်လေး'

အမေ့အသံသည် တိမ်ဝင်သွား၏။ 'ဟဲ့၊ သားအမိ အခုမှ အလွမ်းသယ်မနေနဲ့၊ ငွေမှုံ နည်းနည်းညှစ်ပေးဦး၊ အဲ အဲ'

သိန်းမြသည် အမေ့ကိုလည်း မကြည့်ဝံ့ မကြည့်ရက်တော့ပေ။ လက်သည်အဒေါ်ကြီး လုပ်နေသမျှကိုလည်း မကြည့်ဝံ့။ အခန်းထဲမှ ပြေးထွက်ခဲ့၏။

ဦးလေးကိုသောင်းဖေသည် အိမ်ရှေ့မှာ စိတ်လှုပ်ရှားစွာ ထိုင်နေသည်။ သိန်းမြ သူ့ကို မည်သည့်အခါမျှ စတင်၍ စကားမပြော။ ယခုတော့ အမေ့မျက်နှာကြောင့် မျက်နှာထားနည်းနည်းပျော့ပျောင်းနေသည်။ ထိုအခါ ကိုသောင်းဖေသည် သိန်းမြကို ရဲရဲပင် လှမ်းကြည့်သည်။ သူက သိန်းမြကို စကားပြောရန် ကြိုးစားသည်။

'သမီး'

BURMESE CLASSIC .com

သူ၏ ရဲရဲဝံ့ဝံ့ ခေါ်လိုက်သံသည် သိန်းမြရင်ထဲမှာ အကျယ်ကြီး မြည်ဟည်းသွားသည်။ သူ့ကို သိန်းမြ မရဲတရဲကြည့်လိုက်သည်။

သူသည် သူ ပြောလိုသောစကားကို အနှစ်နှစ်အလလက မျိုသိပ်ထားခဲ့ရသူလို အဆက်မပြတ်ပြောချလိုက်လေသည်။

'ခုမကြာခင် ဦးလေးတို့မှာ ရင်သွေးတစ်ယောက် ထပ်ရတော့မယ်၊ ဒါပေမယ့် ဦးလေးရင်ထဲမှာ သမီးအပေါ် အချစ်မလျော့ပါဘူး၊ သမီးကို စတွေ့ကတည်းက ဦးလေးရင်ထဲမှာ သံယောဇဉ် ဖြစ်ခဲ့ရတာပါကွယ်၊ သမီးတို့ သားအမိနှစ်ယောက်လုံးကို ချစ်လွန်းလို့ ဦးလေး အတင်းလိုက်ခဲ့တာ၊ သမီး ဦးလေးကို မုန်းနေတုန်းပဲလား'

လူကြီးတစ်ယောက်က ထိုသို့ပြောလိုက်တော့ သိန်းမြရင်ထဲမှာ ဝန်လေးသွားသည်။ သူ ပြုခဲ့သမျှသည် တစ်ဖက်သား၏ မေတ္တာကို စော်ကား မော်ကား ပြုခဲ့ရာ ရောက်ခဲ့ပြီလား။ မေတ္တာတရားနှင့်ပတ်သက်၍ သည်းခံခွင့်လွှတ်ခြင်း၊ တုံ့ပြန်ပေးအပ်ခြင်း သဘောတွေကို တရားဒေသနာတွေမှာ အထင်အရှားတွေ့နိုင်သည်ပင်။

သူ့ရင်ထဲမှာ တလှပ်လှပ်ခုန်လာသည်။ ဦးလေးက သူ့အပေါ် ချစ်ကြင်နာခဲ့သည်ကို သူ မှတ်မိသော်လည်း သူက အမေနှင့် ပတ်သက်၍ အာဃာတကြီးမားခဲ့သည်။ သူသည် အစစအရာရာ တကိုယ်ကောင်းဆန်ခဲ့သူပါတကား။

အမေသည်လည်း ဝေဒနာခံစားနေရင်းမှပင် သူ့အပေါ်ထားသည့် စေတနာကို ဖွင့်ဟ၍ ပြောရှာသည်။ သူသည် မိန်းမကြမ်းကြီးဖြစ်နေပါပကော။ မေတ္တာတရားကို ဥပေက္ခာပြုသူ ဖြစ်နေပါပကော။ ထို့ပြင် ကျေးဇူးတရားကိုလည်း သူ စော်ကားမိခဲ့သည်။ ဝန်လေးသောအမှုတွေကို သူ ပြုခဲ့မိသည်။

'ကျွန်မ ဦးလေးကို မမုန်းပါဘူး၊ အမေ့ကိုလဲ ချစ်ပါတယ်'

BURMESE CLASSIC .com

သိန်းမြ ကြိုးစား၍ ဖြေလိုက်သည်။ ကိုသောင်းဖေသည်နှစ်ခြိုက်စွာ ပြုံးလေသည်။ သြော်၊ တွေးကြည့်တော့လည်း ဦးလေး ကိုသောင်းဖေနှင့် အမေတို့သည် ဘဝရေစက်ကြောင့် လာရောက်ပြီး သံယောဇဉ်ရစ်ပတ် နေကြသည်ပဲ။ အရာရာကို တရားနှင့် ဖြေတွေးလိုက်တော့လည်း ခွင့်လွှတ် နိုင်စရာတွေ တွေ့လာရသည်။

ထိုအချိန်မှာ အခန်းထဲမှ မွေးစ ကလေးငယ်၏ စူးစူးဝါးဝါး အော်ငိုလိုက်သံကို ကြားကြရသည်။

ဟော၊ ဘဝကိုခင်တွယ်ပြီး သံယောဇဉ်ကို ဖြစ်စေဦးမည့် လူသား တစ်ယောက် လောကတွင်းကို ရောက်ရှိလာပြန်ပါပြီကော။

\+ \+ \+

'ဆရာကြီးဘုရားကိုကော၊ မဇသကိုကော ငါ ပြောခဲ့တယ်၊ တောင်းလဲ တောင်းပန်ရတာပေါ့အေ၊ သူတို့က ကလေးမို့ အမေကိုခင်တွယ် စိတ်နဲ့ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်လိုက်ပါတယ်တဲ့၊ သူ တစ်နှစ်လောက် နေသွား တာကိုပဲ နည်းတဲ့ဖွဲ့တော့ မဟုတ်ဘူးတဲ့၊ ကျောင်းမှာလဲ စည်းကမ်း ရှိသေသူမို့ ပြန်ဝတ်ချင်ဝတ်ပေစေတဲ့လေ၊ ငါလဲ သိန်းမြက ပြန်ဝတ် ချင်နေလို့ပါ၊ ဘာညာပြောရတာပေါ့၊ ကိုင်း ဘယ့်နှယ်လဲ သိန်းမြ၊ ညည်းပဲ သည်တစ်ခါ ဓမ္မာစရိယတန်းရောက်အောင် နေပစ်ချင်တယ်ဆို၊ ညည်းသာ ဖြစ်မြောက်အောင်လုပ်ပါအေ၊ ငါ ညည်းကို ရွာမှာ ကျောင်း ဆောက်ပြီး ကိုးကွယ်ထားပါ့မယ်'

ကြီးရွှေမှုံ ကျောင်းတိုက်ကို အခါခါသွားခဲ့ပြီ ဖြစ်၏။ ဆရာကြီး ဘုရားတို့က ပြန်လက်ခံမယ်ဆိုတော့ သိန်းမြ တကယ်ပင်ဝမ်းသာသွားသည်။

BURMESE CLASSIC .com

'ကျွန်မ ပြန်ဝတ်မယ် ကြီးကြီး၊ အမေ့ကိုလဲ ဒုက္ခမပေးတော့ပါဘူး၊ ကျွန်မ စာကြိုးစားသင်မယ်၊ တစ်ခုတော့ရှိတယ်၊ ကြီးရွှေမှုံက အမေ့ကို ဂရုစိုက်ပါနော်၊ အမေက ကျန်းမာရေးလဲမကောင်းတော့ဘူး၊ ပြီးတော့ ဦးလေးကလဲစိတ်ရှိလို့သာလုပ်နေတာ ခြေထောက်က ပြန်ကောင်းတယ်ဆိုတာ မဟုတ်ပါဘူး'

'အမယ်လေး၊ သာသနာ့ဘောင်မှာနေမယ့်သူက ဒါတွေ တွေးပူမနေစမ်းပါနဲ့အေ၊ ကိုယ့်ဟာကိုယ်သာ ပျော်အောင်နေပါ၊ လောကီဒုက္ခဘယ့်ကလောက်များတယ်ဆိုတာ ညည်းအသိ၊ ခုပဲကြည့် ညည်းအမေကို၊ မိန်းမတစ်ယောက်ရဲ့ အဝေနိက ဒုက္ခကော ဘယ်လောက်ဆိုးသလဲ'

သိန်းမြ ဆိတ်ဆိတ်နေ၏။

ကျောင်းကိုပြန်ရမည်ဆိုတော့ သူ့စိတ်ထဲမှာ ပြန်လည်ပေါ့ပါးသွားသည်။ တကယ်တမ်းကျတော့ သူ့စိတ် မပြတ်သားခြင်းသာ ဖြစ်သည်။ ကျောင်း၏ အရိပ်မှာ သူ မွေ့လျော်ခဲ့တာ ပြန်သတိရနေသည်။ ယခု သူ၏ ကိုယ်ရုံလေးတွေကို ပြန်လည်ထုတ်ကြည့်သည်။ အရောင်များ လွင့်ပြယ်စပြုပြီ။ သူ့ခေါင်းကို ပြန်စမ်းမိသည်။ ဆံပင်လေးတွေ တစ်ထွာတစ်ညိုနှင့် လောကီလူသားတွေကြားမှာ အံဝင်အောင် နေလို့မဖြစ်တာတော့ အမှန်ပင်။ ယခုတော့ သူနောက်မကျသေးပါ။

ဗုဒ္ဓမြတ်စွာဘုရားသည် လူသားတို့ကို အစဉ်ခွင့်လွှတ်ခဲ့၏။

သူ၏ အပြစ်များကို တရားတော်ဖြင့် ပြန်လည်ဆေးကြောရန် သူကျောင်းတော်သို့ ပြန်ခဲ့ပါဦးမည်။

www.burmeseclassic.com

# ၉

မသုဓမ္မစာရီ၏ အတွေးမျှင်များသည် တစ်စစီ ပျံ့လွင့်နေသည်။

သူ ပထမတစ်ခေါက်က အမေ့ကို ဆန့်ကျင်သည့်အနေဖြင့် ရွာမှ ထွက်ခဲ့သည်။ ထို့နောက် သီလရှင်ဘဝမှာ ပျော်တစ်ဝက် မပျော်တစ်ဝက်ဖြင့် နေခဲ့၏။

ဒုတိယတစ်ခေါက် ပြန်လာချိန်မှ သူ့စိတ်များသည် ယခင်ကထက် ပို၍ ခိုင်မာခဲ့၏။ ဗုဒ္ဓစာပေကျမ်းဂန်များကို သင်ယူတတ်မြောက်လိုသည့်စိတ် သူ့မှာ ပြင်းပြခဲ့သည်။ သူ ပိဋကတ်အကျော်အမော် ဖြစ်လိုသည်။ ဆရာကြီးဘုရားတို့ ဆုပေးသလို ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ချင်သည်။ သူ့ရည်ရွယ်ချက်သည် ယခင်ကထက် ပို၍ မြင့်မားဖြူစင်ခဲ့သည်။

သို့သော် ခက်သည်က သူ့စိတ်သည် ရင့်ကျက်တည်ငြိမ်ခြင်း မရှိသေး။ သူ့စိတ်ကိုသူ အစိုးမရသေး။ သည်စိတ်သည်ပင် သူ့ကို ဒုက္ခ ပေးလျက်ရှိ၏။

ကြီးရွှေမှုဆုံးကြောင်းသိရကတည်းက မတည်ငြိမ်သော သူ့စိတ်တွေ ပို၍ လှိုင်းထန်ခဲ့သည်။ အစိုးမရသောဘဝကို သူသိပါလျက် လောကကို မကျေမနပ်ဖြစ်နေပြန်သည်။ သူ့မှာ သူ့ဘဝတွင် အဓိကအရေးအကြီးဆုံး အားအထားရဆုံး လူသားတစ်ယောက်ကို မည်သို့မျှ ကျေးဇူးမဆပ်ရသေးမီ ဆုံးရှုံးလိုက်ရပြန်၏။ ဘဝ၏ မတည်မြဲခြင်းကို သိမြင်ရသည့်အခါ တည်မြဲနေသမျှ ကာလပတ်လုံးမှာ တစ်ခုခု လုပ်ချင်စိတ်တွေ ပေါ်လာပြန်သည်။ သို့သော် သူသည် မည်သည့်အလုပ်ကို ဦးစားပေးရမည်ကို ကောင်းစွာ မဝေခွဲတတ်။

အမေ့ကိုလား။ သာသနာရေးကိုလား။

နွေရက်၏ သရုပ်သည် တစ်စထက်တစ်စ ပို၍ ပီပြင်လာသည်။

အလှူပွဲအတွက် မဏ္ဍပ်ကြီးကို စတင်ဆောက်နေလေ၏။ မသုဓမ္မစာရီ ပထမအခေါက်က သစ်သားကျောင်းဘဝသာရှိသေးသော ကျောင်းတိုက်ကြီး သည် ယခုအခါ တိုက်ကျောင်းကြီးအဖြစ် ပြီးမြောက်ခဲ့ပြီ။ ပိုမိုအေးချမ်းလုံခြုံသော နေရာမှာ သီလရှင်စာသင်သားများအားလုံးနေထိုင်၍ ပရိယတ္တိ သာသနာအကျိုးကို လုံးပမ်းနေကြသည်။

မသုဓမ္မစာရီ ကျောင်းကို ပြန်ရောက်သည့်နှစ်မှာ အငယ်တန်းကို အောင်ခဲ့၏။ ထို့နောက် နှစ်နှစ်လုံးလုံး အလယ်တန်းအတွက် စာသင်ယူခဲ့သည်။ သည်နှစ် အစိုးရစစ်စာမေးပွဲကို ဝင်ဖြေရတော့မည်။ သည်အချိန်မှာ ထုံးစံအတိုင်း သူ့စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ပြန်သည်။ သူ့ ပါရမီသည် အခြား သီလရှင်များလို ခိုင်မာရင့်သန်ခြင်း မရှိဟုသာ ဆိုရတော့မည်လား မသိ။

ဘာပဲဖြစ်ဖြစ် စာမေးပွဲကိုတော့ ဝင်ဖြစ်အောင်ဝင်ရမယ်။ သူသည် စာပေအရာတွင်သူတစ်ပါးထက် အကျက်အမှတ်နည်းသော်လည်း ရလွယ်၊

BURMESE CLASSIC .com

တတ်လွယ်ကြောင်း၊ ဉာဏ်ထက်မြက်ကြောင်း ဆရာကြီးဘုရားတို့ကိုယ်တိုင် ကပင် ဖွင့်ဟ ချီးကျူးခဲ့လေသည်။

တပေါင်းလပြည့်နေ့မှာ ကျောင်းကြီးရေစက်ချပွဲနှင့်အတူ စာအောင် သီလရှင်များအား ဆုပေးပွဲ၊ သီလရှင် ဝတ်ပွဲကြီးများကိုလည်း ခြိမ့်ခြိမ့် သဲသဲ ကျင်းပပေဦးမည်။ ထိုအတွက် အလှူ့ဒါယကာ၊ အလှူ့အစ်မ အပေါင်းနှင့် သီလရှင်လောင်းလေးများလည်း ကျောင်းသို့ တဖွဲဖွဲရောက်လာ ကြ၏။ ဒုလ္လဘသီလရှင်ကချည်း အပါးနှစ်ဆယ်ရှိသည်ဆိုတော့ ဆရာကြီး များလည်း ထွန်းကားလာသော သာသနာအတွက် ပို၍ ပီတိဖြစ်နေ၏။

'ယောကျ်ားလေးများသာဒုလ္လဘရဟန်းခံကြတယ်၊ မိန်းမများတော့ မိမိတို့ရဲ့ အလှအပဖြစ်တဲ့ ဆံကေသာကို မစွန့်ရက်ကြလို့ ဒုလ္လဘသီလရှင် ဝတ်ဖို့ အင်မတန်ဝန်လေးကြတယ်၊ ခုခေတ်မှာတော့ မိန်းကလေးများလဲ ဒုလ္လဘသီလရှင် လာလာဝတ်ကြတာ ဘာသာရေးကို အလေးထားသူပေါ်များ လာလို့ အားရစရာပဲ'

ဆရာကြီးများကလည်းလာသမျှ သီလရှင်လောင်းများကို ဝမ်း မြောက် ဝမ်းသာ လက်ခံကြ၏။ မရှိဆင်းရဲ၍ မတတ်နိုင်သူများကိုလည်း ဒကာခံမည့် ပုဂ္ဂိုလ်ရှာပေးကာ လိုအင်ဆန္ဒ ပြည့်ဝစေသည်။

အလှူရက်မှာတော့ ကျောင်းတိုက်ကြီးတစ်ခုလုံး ခြိမ့်ခြိမ့်သဲပင် ဖြစ်တော့၏။

လာသမျှ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့ကို မငြိုငြင်ရအောင် ကျွေးမွေး ဧည့်ခံတတ်သည်မှာလည်း ဆရာကြီးဘုရားတို့၏ စေတနာပင် ဖြစ်၏။ ကျောင်းဝင်းတစ်ခုလုံး အလှူ့ဒကာတွေ၊ ဧည့်ပရိသတ်တွေဖြင့် ပြည့်နှက်၍ နေလေသည်။

မသုဓမ္မစာရီသည် အလယ်တန်းတွင် စာမေးပွဲကို ဖြေဆိုအောင်မြင် ထားသဖြင့် ဆုယူရသည်။

BURMESE CLASSIC .com

သူသည် တာဝန်ကျရာအလုပ်များကိုလုပ်ပြီး ပရိသတ်များကို ဖယ်ခွာလျက် ကျောင်းကြီးပေါ်သို့ တစ်ကိုယ်တည်းတက်ခဲ့၏။ ဒေါ်ကြီးဘုရား အခန်းတွင်းမှာ သူ့အတွက် နေရာရထားသည်မို့ တစ်ပါးတည်း ဆိတ်ငြိမ်ရာမှာ သူလာရောက်နေသည်။ စည်စည်ကားကားဖြစ်နေသော လူများကိုကြည့်ရင်း သူ့စိတ် နောက်ကျိလေးလံလာသည်။ လူတွေဟာ မသေခင် လှုပ်ရှားနေကြပါကလား။ ကြီးရွှေမှုံတစ်ယောက်သာ ရှိလျှင်ဖြင့် သည်လို အလှူရက်မျိုးမှာ တတ်အားသမျှ လှူဖွယ်ဝတ္ထုများနှင့် ရောက်လာမည်မှာ မလွဲ။ ဩော်၊ အခုတော့ ကြီးရွှေမှုံ မရှိတော့။ အမေသည်ကော မည်သို့များ နေထိုင်လှုပ်ရှားနေလေသလဲ။

'ရှာလိုက်ရတာမသုရယ်၊ သီလရှင်ဝတ်ပွဲလေးတောင် ဆင်းမကြည့်တော့ဘူးလား၊ ဆွမ်းကော စားရရဲ့လား'

မခေမာဝတီက ဝင်လာကာ မေးသည်။

'မဆာတော့ပါဘူး မခေမာ၊ မနက်က အရဏ်ဆွမ်းကလဲအတော့်ကို ရင်ခံသွားတယ်၊ အစ်မကော စားပြီးပလား'

'အလိုလေး၊ ဝေးသေးတယ် မသုရေ၊ ပရိသတ်ကလဲထင်ထားတာ ထက်တောင် များနေတော့ ဆွမ်းစားရုံကို တိုးမပေါက်ဘူး၊ ဒါပေမယ့် ဧည့်သည်တွေအားလုံး စားရဖို့သာ အရေးကြီးတာ၊ တပည့်တော်တို့ကတော့ အလှူရက်မှာ ဆွမ်းလွတ်နေကျပဲ'

အလှူအတန်းရှိလျှင် သီလရှင်လေးများကိုယ်တိုင် သန့်ရှင်းစင်ကြယ်စွာ ဝတ်ဆင်၍ ပရိသတ်များကိုကျွေးမွေးဧည့်ခံကြရသည်။ ထိုသို့ ကျွေးမွေးနေရင်းဖြင့်ပင် မွန်းတိမ်းသွားတတ်သဖြင့် အလှူရက်တိုင်း သီလရှင်လေးများ ဆွမ်းလွတ်ကြမြဲဖြစ်၏။ သို့သော်လည်း သူတို့ ငြူစူလေ့မရှိ။ လာသမျှ

BURMESE CLASSIC .com

အလှူ့ ဒါယကာများကို ပြန်လည်ကျွေးမွေးဧည့်ခံရသဖြင့် အတိုင်းမသိ ဝမ်းမြောက် ကြစမြဲ။

'စားရမယ်ဆိုလဲ မစားနိုင်တော့ပါဘူး အစ်မရယ်၊ ဒါထက် အစ်မ စာအောင်ဆရာလေးတွေ ဆုပေးကာနီးပလား'

'နီးပြီလေ မသု၊ အောက်ဆင်းပါဦး၊ ဒုလ္လဘသီလရှင်လေးတွေ တယ်ကြည်ညိုဖို့ကောင်းတယ်၊ မကြည့်တော့ဘူးလား'

'တွေ့ပြီးပါပြီ အစ်မရယ်၊ ကြေညာမှုပဲဆင်းတော့မယ်၊ စည်ဖြောသံ ကြားတော့ တပည့်တော်စိတ်ထဲ ဝမ်းနည်းသလိုကြီးပဲ'

မသုခမ္မစာရီ သူ့ရင်ထဲခံစားနေရသည့်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။ မနေ့ည အလှူဝင်ကတည်းကပင် ဆိုင်းက တထိထိတီးသည်။ ထိုအခါ ဘာရယ် ဝေခွဲမရဘဲ သူ့ရင်ထဲမှာ ကြေကွဲဝမ်းနည်းလာသလို ခံစားရလေသည်။ ယနေ့မနက် ဖြောသံ တဖုန်းဖုန်းကြားရပြန်တော့ မျက်ရည်ပင် ကျလုလုဖြစ်လာကာ သူ့ကိုယ်သူပင် ထိန်းမနိုင်ခဲ့။

'ဟုတ်တယ်၊ တပည့်တော်လဲဒီလိုပဲ၊ ဖြောသံကြားရင် အားကြီး ဝမ်းနည်းတယ်'

ဝမ်းနည်းစရာရှိလျှင် မခေမာဝတီက ပို၍ပင် ဝမ်းနည်းရဦးမည်။ မသုခမ္မစာရီ ကျောင်းမှ ခေတ္တခွဲခွာသွားသည့် အချိန်အတွင်းမှာ မခေမာဝတီ ၏ မိခင် ဆုံးပါးသွားခဲ့လေသည်။ သို့သော် အရာရာမှာ မသုခမ္မစာရီကပင် သူများထက်ပို၍ ထိခိုက်လွယ်နေသည်မှာ ရှက်စရာတော့အကောင်းသား။

'ဟော၊ အောက်မှာ ဆုပေးဖို့ အစီအစဉ်စနေပြီ ထင်တယ်၊ ဆင်းကြစို့'

မသုခမ္မစာရီသည် ကိုယ်ရုံကို သပ်ရပ်စွာပြင်ဆင်လိုက်ပြီး ကျောင်း အောက်သို့ ဆင်းခဲ့သည်။ စာအောင်ဆရာလေးများကို တစ်ဦးချင်းခေါ်ယူကာ အလှူ့ဒါယကာများကိုယ်တိုင် ဆုငွေများကို ပေးအပ်သည်။

www.burmeseclassic.com


'ဆရာလေး မသုဓမ္မစာရီ ကြွပါဘုရား'

စိတ်ထဲမှာ လေးလံနေသော မသုဓမ္မစာရီသည် ခြေလှမ်းမှန်မှန်ဖြင့်ပင် ကြွလှမ်းလာခဲ့သည်။ သူ့ကို ဆုပေးမည့် ဒကာမကြီးရှေ့က ထိုင်ဖုံပေါ်မှာ သေဝပ်စွာ ထိုင်လိုက်သည်။ လက်နှစ်ဘက်ကို ကမ်းလင့်၍ ဆုပေးမည့် ဒကာမကြီးကို မော့်ကြည့်လိုက်သည်။

အလို။ သူ ပထမဆုံး သီလရှင်ဝတ်စဉ်က အမေနှင့်အတူ ရောက်လာခဲ့ဖူးသည့် ဒကာမကြီး ဒေါ်ပြုံးပါတကား။

'ဆရာလေးကို ကိုယ်တိုင်ဆုပေးချင်လို့ တမင် စာရင်းပေးခဲ့တာပဲ'

လူသူတွေတွေရှင်းသွားတော့ ဒကာမကြီးက သူ့နောက်လိုက်လာပြီး ပြောသည်။ အမေနှင့် ပတ်သက်နေသူဆိုတော့ သည်မိန်းမကြီးကို သူ စိတ်ဝင်စားလာသည်။ အမေ့အကြောင်းကို သူများစွာ သိခဲ့ပုံရ၏။

'အမေဟာ ဒကာမကြီးနဲ့ ဘာတော်သလဲ ဟင်'

သူတည့်တည့်ပင် မေးလိုက်၏။

'အင်း ဘာတော်သလဲဆိုတော့ သမီးယောက်မပေါ့ ဆရာလေးရယ်၊ ဒါပေမယ့် ဆရာလေးရဲ့အဖေနဲ့ တော်တာတော့ မဟုတ်ဘူး၊ ပြောရရင် အရှည်ကြီးပါလေ'

အမေ့အကြောင်းကို သူသိချင်နေသေးသည်။ ဘဝသံယောဇဉ်ကို ကောင်းစွာမဖြတ်နိုင်သေးခြင်းပင်ဖြစ်၏။

ထိုဘဝသံယောဇဉ်ကြောင့်ပင် သူဘဝ၏ ဒုက္ခတွေကို ရင်ဆိုင်ရပြန်လေသည်။

www.burmeseclassic.com

# အပိုင်း ၃

www.burmeseclassic.com

www.burmeseclassic.com

## ၁

‘မိုက်ပါဘိအေ၊ ပထမတစ်ခါကတော့ ငယ်ရွယ်သူမို့၊ ဒုက္ခနဲ့ သုခကို မဝေခွဲနိုင်ဘူးဆို ငါ ယုံတယ်၊ ခု အသက်ကလေးလည်းရ၊ ဘဝအကြောင်းလဲ သိလျက်နဲ့ ဘာကြောင့်များ လောကထဲကို ပြန်လာသလဲဟင်’

အမေသည် သိန်းမြကိုကြည့်ကာ ရင်ထုမနာ ဆိုပြန်သည်။

သို့သော် သည်တစ်ခါတော့ အမေလည်း ဘာမျှ တတ်နိုင်တော့မည် မဟုတ်။

ဆရာကြီးဘုရားတို့ ရှေ့မှောက်မှာပင် သူ သီလရှင်ဝတ်ကို လဲပစ်ခဲ့ပြီ။ သူနိုင်မာစွာ ဆုံးဖြတ်ပြီးမှ လူဝတ်လဲခဲ့ခြင်း ဖြစ်သည်။ ဆရာကြီးများကလည်း သူ့ကို မတားတော့။ ဆရာကြီးများက ပျော်ပိုက်သူကိုသာ ကျောင်းမှာ ထားလိုသည်။ မပျော်ပိုက်ဘဲ အောင့်အည်းနေသူများကိုမထားလို။ သည်တော့လည်း သူ့ အလိုဆန္ဒအတိုင်း လူထွက်ခွင့်ပြုလိုက်သည်။

‘အမေရယ်၊ ကျွန်မကို အပြစ်မတင်ပါနဲ့၊ အမေဘဝကို ဘာပြစ်လို့ ဒီလောက် ကြောက်ရွံ့ စိတ်နာနေတယ်ဆိုတာ ကျွန်မ သိတယ်၊ အဲဒီ

BURMESE CLASSIC .com

အကြောင်းတွေကို သိရလို့ အမေ့ကို သနားပြီး လူထွက်လိုက်တာပဲ၊ အမေ အေးအေးချမ်းချမ်းနေပါတော့၊ ဆွမ်းကွမ်း ထောက်ပံ့စရာ မလိုတော့ဘူး၊ အမေ့ကို ကျွန်မ လုပ်ကျွေးမယ်'

အမေ ငေးမောနေသည်။

'ငါ့အကြောင်းတွေ ဘယ်သူပြောသလဲ သိန်းမြ'

'အဒေါ် မပြုံးလေ'

'သူ လာသလား'

'ကျွန်မကို ဆုလာပေးတယ်၊ သူက ပြောသေးတယ်၊ အမေဟာ တစ်ခါမှ ဘဝမှာ အေးအေးချမ်းချမ်း မနေခဲ့ရသေးဘူးတဲ့'

အမေ သိန်းမြကို စေ့စေ့ကြည့်သည်။ ကရုဏာဒေါသောနှင့်ပြောပစ်လိုက်ချင်တာတွေများသော်လည်း သမီးမျက်နှာကို မြင်ရတော့ ရင်ထဲမှာ ငြိမ်သက်သွားပြန်သည်။ သြော်၊ တကယ့် ဘဝကို နားမလည်သေးတဲ့ သမီးပဲ။

'သိန်းမြ'

အမေ တိုးတိုးခေါ်သည်။

'ညည်းဟာ ကိုယ့်ကိုယ်ကိုတော့ မသနားဘဲ သူများကို သနားနေတာပဲ၊ တစ်နေ့ကျရင် ညည်းကိုယ်ညည်း သနားမိလိမ့်မယ်၊ အဲဒီအခါကျတော့မှ ညည်းလုပ်ခဲ့တာမှားမှန်းသိမယ်၊ ညည်းသိလရှင်ဘဝမှာ မပျော်ဘူးဆိုတာ ငါ အစကတည်းက သိပါရဲ့၊ ဒါပေမယ့် ညည်းကို အေးအေးချမ်းချမ်း နေစေချင်လို့ ငါ ဇွတ်ထားခဲ့ရတာ၊ အေးလေ လောကအကြောင်းသိအောင် ညည်းနေကြည့်ဦးပေါ့'

အမေ ထိုမျှသာပြောပြီး နောက်ထပ်ဘာမှ မပြောတော့။ တကယ်တော့လည်း သိန်းမြသည် အမေပြောသလိုပင် အမေ့ကို သနားလို့ချည်း

BURMESE CLASSIC .com

တစ်ကြောင်းတည်းနှင့်တော့ မဟုတ်။ သူကိုယ်တိုင်ကလည်း ကျဉ်းကျပ်သော သီလရှင် စည်းကမ်းဘောင်အတွင်းမှာ မပျော်ပိုက်နိုင်သောကြောင့် ဖြစ်သည်။

ယခုတော့ အရင်တစ်ခါလို သိန်းမြသည် ကလေးအရွယ်လည်း မဟုတ်တော့။ သည်တော့ လူ့ဘဝထဲမှာ လူတွေနှင့် အံဝင်ခွင်ကျနေနိုင်အောင်လည်း လေ့ကျင့်ရသည်။

သိန်းမြက အမေ့လိုလည်း ဈေးရောင်းလည်း ဝါသနာမပါလှပေ။ လယ်အလုပ် ချောင်းအလုပ်ကိုလည်း အပင်ပန်းခံပြီး မလုပ်နိုင်တော့။ သည်တော့ ဦးလေးကိုသောင်းဖေက ဆန်စက်ထဲမှာ စာရေးနေရာ သွင်းပေးလေသည်။ ခေတ်ပညာတတ်ဖြစ်အောင် ခုနစ်တန်းကိုလည်း ဝင်ဖြေခိုင်းသည်။

သိန်းမြက အမေ့ကို သက်သက်သာသာနေစေရန် လုပ်ကျွေးသမှု ပြုသည်ဆိုသော်လည်း အမေကတော့ အနားမနေပေ။ အချိန်တန်လျှင် လယ်ထဲကို ဆင်းမြဲဖြစ်၏။ ဦးလေးကိုသောင်းဖေကတော့ ခြေထောက်က ပြန်နာလာသဖြင့် အိမ်မှာသာပြန်နေရသည်။ ဘာပဲဖြစ်ဖြစ် သိန်းမြ၏ လခလေးဖြင့် မောင်လေး စိန်သောင်းကိုတော့ ကျောင်းထားပေးနိုင်ခဲ့သည်။ ယခင်က တစ်ယောက်ကိုတစ်ယောက် အထင်အမြင် လွဲမှားခြင်းဖြင့် ချစ်လျက်နှင့် ဒေါသတွေဖုံးကာ ငြိုငြင်ခဲ့ကြသော မိသားစုလေးမှာ ခုတော့ ပြန်လည်၍ စည်းစည်းလုံးလုံး သာသာယာယာ ဖြစ်ခဲ့သည်။ သိန်းမြသည် သူ့ဘဝကို သူ ကျေနပ်သည်။ အမေသည်လည်း ကြီးရွှေမှုံ မရှိတော့သည့်နောက် သူ့အနားမှာ သမီးပြန်ရောက်လာ၍ တစ်နည်းအားဖြင့်တော့ အားရှိသည်သာ။ အမေသည် သမီးကိုချစ်၍ အနစ်နာခံခဲ့ခြင်းကို သိန်းမြ ပို၍ သဘောပေါက်လာသည်။

BURMESE CLASSIC .com

'ကိုယ့်လယ်ပိုင်လေးနဲ့ဆိုတော့ ပိုအားရှိတာပေါ့ သမီးရယ်၊ အမေ မနှစ်က စုထားတဲ့ငွေနဲ့ တစ်ဧကေ ထပ်ဝယ်တယ်၊ အလျင်ဟာတွေက မောင်စိန်သောင်းနာမည်နဲ့၊ ခုဟာက သမီးနာမည်နဲ့'

'အမေကလဲ ဘာဖြစ်လို့ ကျွန်မအတွက်ပူနေမလဲ၊ကျွန်မတစ်ယောက် အတွက်ကတော့ ကျွန်မ ရှာဖွေစားတတ်ပါတယ်'

'လွယ်လွယ်မပြောနဲ့ သိန်းမြ၊ စာရေးစာချီအလုပ်ဆိုတာ ဒီလခက ဒီလခ၊ ကြာတော့ ဘယ်စားလောက်မလဲ၊ ပြီးတော့ ညည်းတစ်သက်လုံး ဒီလိုပဲနေရင်တော့ ကောင်းသား၊ တော်ကြာ အိမ်ထောင်ရက်သားပြုရင် ဘယ့်နှယ်နေမလဲ၊ ဒါကြောင့် ငါ ညည်းကို လူမထွက်စေချင်တာအေ့'

သိန်းမြကတော့ သူသည် လွတ်လွတ်လပ်လပ်နေတတ်သည်ကလွဲ၍ အိမ်ထောင်ရေးကို စိတ်ဝင်စားခြင်း မရှိခဲ့သည်ကို သူ့ကိုယ်သူ သတိထားမိသည်။

'ကြံကြီးစည်ရာ အမေရာ၊ ကျွန်မ ယောက်ျားလိုချင်လို့ လူထွက်တာ မဟုတ်ပါဘူး'

သိန်းမြက ရင်ထဲရှိသည့်အတိုင်းပြောလေသည်။

'ဟဲ့၊ ခုတော့ ဟုတ်တာပေါ့၊ ညည်းတစ်သက်လုံး ဒီလိုပဲနေသွားလို့ ရမလား'

သိန်းမြကတော့ အမေ့စကားကို ကောင်းစွာ နားမလည်သေး။

'ဘာဖြစ်လို့ မရမှာလဲ အမေရဲ့၊ ယောက်ျားပဲ ကိုယ်လိုချင်မှ ဖြစ်တာ'

'ဒါကြောင့် ညည်းကို လောကအကြောင်း မသိဘူးလို့ ပြောတာပေါ့ သိန်းမြရယ်'

တကယ်တော့ အမေသည် သိန်းမြ သီလရှင်ဘဝမှ ထွက်လာကတည်းကိုက သိန်းမြအတွက် စိတ်မအေးတော့ပေ။ သူသာ လောကမှာ မရှိလျှင် သိန်းမြတစ်ယောက် ဘဝကို မည်သို့ ရင်ဆိုင်မည်ကို တွေးတွေးပြီး ရင်လေးနေမိလေသည်။ အမေသည် သူ အစွမ်းရှိသမျှ လှုပ်ရှားရုန်းကန်နေရသော်လည်း ယခင်ကလို အားနှင့်အင်နှင့် မဟုတ်တော့။ သိန်းမြက အမေ့ကိုသနားလို့ အမေ့ကိုကူရန် ရောက်လာသည်ဆိုသော်လည်း သိန်းမြ၏ အင်အားသည် ထင်သလောက်အရာမထင်သည်ကို သိန်းမြကတော့ မရိပ်မိ။ အမေကသာသိသည်။ ယခင်က သိန်းမြဆီကို ငါးပိ၊ ငါးခြောက်လေးကအစ ပစ္စည်းအသုံးအဆောင်လေးအစ မှန်မှန်ပို့ပေးနိုင်လျှင် စိတ်အေးရသည်။ ယခုတော့ ဘာကိုမျှ စိတ်မအေးရ။

သိန်းမြသည် ဆန်စက်ထဲမှာ မှန်မှန်အလုပ်ဆင်းရင်း သူ့ဘဝကို သူ ကျေနပ်နေသည်။ ဦးလေးကိုသောင်းဖေ၏ မျက်နှာဖြင့် ပေးထားသော လခ တစ်ရာကျော်ခန့်ကိုကိုင်ကာ အမေ့ ကျေးဇူးကို ဆပ်နိုင်ပြီဟု ထင်နေလေသည်။

www.burmeseclassic.com

# ၂

‘ဘယ်လိုဖြစ်တယ် မသိပါဘူးအေ၊ မူးတယ် မူးတယ်ဆိုလို့ လယ်ထဲက ပွေ့ခေါ်လာခဲ့ရတာ’

အမေ၊ အမေ။

သိန်းမြသည် အမေ့ကိုကြည့်ကာ ရင်ထဲမှ တစာစာ ခေါ်နေမိသည်။ အမေ ဘာဖြစ်တာလဲ။ အမေသည် မျက်စိအစုံကို မှိတ်ထားဆဲ။ အမေ့လက်တွေလည်း အေးစက်လို့ပါလား။ အမေ့ရင်သည် နိမ့်ချီမြင့်ချီ ခုန်လျက်ရှိသည်။ အသက်ရှူပုံက မမှန်တော့။ အို မြတ်စွာဘုရား။ ဘုရား တပည့်တော်မကို ကယ်တော်မူပါ။ အမေ ဘာမျှမဖြစ်ပါစေနှင့်။

ယပ်ခတ်သူကခတ်၊ နှာနှပ်သူကနှပ်နှင့် အမေ့နားမှာ ဝိုင်းဝိုင်းလည်နေသူများကို တောင်းပန်ပြီးဖယ်ရှားခိုင်းရသည်။

‘ဆရာဝန် မြန်မြန်သွားခေါ်ချည် သမီး’

ဦးလေးကိုသောင်းဖေက သတိရှိစွာ ပြောလိုက်သည်။

သိန်းမြသည် နေရာမှထကာ အလျင်မြန်ဆုံး ပြေးသွားသည်။ သိန်းမြ၏ ခြေလှမ်းများသည် မြေကြီးနှင့် မထိတော့။ ရင်တွေသည်

တဆတ်ဆတ်ခုန်လျက်ရှိသည်။ နှလုံးသားသည်အပြင်သို့ ပေါက်ထွက်လာတော့မည်လား ထင်ရသည်။ စိုးရိမ်ပူပန်မှုဆိုသည်မှာ သည်သို့ပါလားဟု ပထမဆုံးအကြိမ် ဆင်ခြင်မိသည်။ ဆင်းရဲလိုက်တာ၊ ဆင်းရဲလိုက်တာ၊ ဆင်းရဲခြင်းဆိုတာ ပင်ပန်းလွန်းလှချေတကား။ ခါးသီးလှချေတကား။

ဆရာဝန်ကို မတွေ့ခဲ့ရ။ ဆေးရုံမှ ဆရာမတစ်ယောက် လိုက်၍လာသည်။ သိန်းမြ ဘယ်ပုံ ဘယ်နည်းနှင့် အိမ်ပြန်ရောက်လာသည်လည်း သူ့ကိုယ်သူလည်း မသိတော့။

အိမ်ရှေ့ရောက်တော့ လူတွေပိုမိုများပြားကာ ဝိုင်းဝိုင်းလည်နေသည်ကို တွေ့ရသည်။

'ဖယ်ကြပါဦး၊ ဖယ်ကြပါဦး၊ အမေ့နားက ဖယ်ကြပါဦး'

သိန်းမြက အစွမ်းကုန်အော်ဟစ်ကာ လူအုပ်ကြားသို့ တိုးဝင်ရသည်။ အမေ့မျက်နှာလည်း ဖြူဖျော့လို့ပါလား။ မျက်လုံးအစုံကလည်း မှိတ်လို့ပါလား။ အားလုံးက အမေ့နားမှ ဖယ်ရှားပေးလိုက်သည်။ ဆရာမရှေ့သို့တိုးပြီး အမေ့ကိုကြည့်ကာ မျက်နှာပျက်သွားသည်။ အမေ့နားမှာ ဒူးထောက်ထိုင်ကာ အမေ့လက်ကောက်ဝတ်ကို လက်သုံးချောင်းဖြင့် ဖိကာစမ်းသည်။ သိန်းမြလည်း အမေ့နားမှာ ဒူးထောက်ချလိုက်သည်။ အမေ့မျက်လုံးများ ပွင့်မလာကြချေ။

'ဆရာမ ကျွန်မအမေ အသက်မှရှိသေးရဲ့လား'

ပတ်ဝန်းကျင်မှ လူအားလုံးငြိမ်သက်စွာ ရပ်နေကြခြင်းသည် ချောက်ချားစရာ ကောင်းလှသည်။

'ဒေါ်ဒေါ် အသက်မရှိတော့ပါဘူး ညီမရယ်'

သိန်းမြ ငြိမ်သက်သွားသည်။

အကြာကြီးပင် ငြိမ်သက်စွာ အမေ့ကို ငေးကြည့်နေမိလေသည်။

BURMESE CLASSIC .com

'သမီး'

ဦးလေးကိုသောင်းဖေသည် သိန်းမြ ပခုံးကို လှုပ်ကာ ခေါ်၏။ မောင်လေးသည်လည်း ကျောင်းမှ ပြန်ပြေးလာပြီး အမေ့ကို ငေး၍ ကြည့်နေသည်။ အနားမှရပ်နေသော လူအားလုံးသည် တီးတိုးတီးတိုး စကားဆိုနေကြသည်။ သိန်းမြ လှုပ်ရှား၍ မရသေး။

အို မြတ်စွာဘုရား။ သေခြင်းတရားသည် အချိန်မရွေးကျရောက်လာ တတ်မှန်းကို တပည့်တော်သိပါသည်။ သို့သော် သည်အချိန်သည် အမေ သေရမည့်အချိန်ဟု တပည့်တော် မသိခဲ့ပါ။ တပည့်တော်မ၏ မိခင်သည် ယခုအချိန် သေရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ပါ။

အို မြတ်စွာဘုရား။ တပည့်တော်မ၏ မိခင်သည် သေရန် အချိန် စောလွန်းပါသေးသည်။ တပည့်တော်မ၏ မိခင်သည် ဘဝအစိတ်အပိုင်း များစွာတွင် ဝမ်းသာပျော်ရွှင်ရချိန်နည်းပါးလှပါသည်။ သူ ယခု ဘာကြောင့် သေသွားရပါသလဲ။

သိန်းမြ ရင်ထဲမှာ တရားမရှိ။ ထို့ကြောင့် ပြင်းစွာ ပူဆွေးရသည်။ ထိုပူဆွေးခြင်းကို သူ သင်ကြားခဲ့သော ဗုဒ္ဓတရားတော်များနှင့် ဆေးကြော သန့်စင်ရန်ပင် ပါရမီရင့်သန်ခြင်း မရှိသေးပါတကား။

\+ \+ \+

'ငါ့တစ်သက်လုံး ဘယ်လိုမှ ဖြေလို့မရပါဘူး ထွေးစိန်ရယ်၊ အမေနဲ့ အတူတူနေမယ်၊ အမေ့ကို ပြောမိဆိုမိတာတွေအတွက် ပြန်ပြီး လုပ်ကျွေးသမှု ပြုမယ်ရယ်လို့ ငါ ပြန်လာခဲ့တာ၊ အခုတော့ အမေမသေခင် လာနှုတ်ဆက် ရသလို ဖြစ်နေတယ်'

'တွေးတွေးပြီး စိတ်ညစ်မနေနဲ့ သိန်းမြ၊ သေနေ့စေ့လို့ သေရတာပဲ၊ ညည်းက ငါ့ထက် တရားသိသူပါအေ'

သိန်းမြ ရင်ထဲက ဝေဒနာကား ပျောက်ပြယ်၍ မသွားနိုင်သေး။ အမေ သေသွားရခြင်းသည် သူ့အဖို့ အိပ်မက်လိုဖြစ်နေသည်။ အမေသည် လှုပ်လှုပ်ရှားရှား သွားသွားလာလာနေခဲ့သည်။ ရောဂါဝေဒနာအကြောင်း လည်း တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟ ညည်းညူခြင်းကို မကြားခဲ့စဖူး။ အမေ့မှာ နှလုံးရောဂါရော သွေးတိုးရောဂါပါရှိနေသည်ဆိုတာ မည်သူ မျှလည်း မသိခဲ့ပေ။ အမေသည် ဦးလေးကိုသောင်းဖေအပေါ်တွင် လည်းကောင်း၊ သားနှင့် သမီးအပေါ်တွင်လည်းကောင်း မည်သို့မျှ ဒုက္ခ မပေးတော့ဘဲ သူ့ဘဝကြွေးများကို ပေးဆပ်သွားခဲ့လေသည်။

အမေ့အကြောင်းကိုတွေးကာ သိန်းမြရင်မှာ တသသ ဆွေးရသည်။ မြတ်စွာဘုရားသာ အသက်ထင်ရှားရှိလျှင် ကိသာဂေါတမီသားသေကို အသက်သွင်းခိုင်းသလို အမေ့ကို အသက်ပြန်ရှင်လာအောင် ဖန်ဆင်းခိုင်းချင် ပါရဲ့။ တရားသဘောတွေကို သိသော်လည်း အသိတရားသည် သူ့ရင်ထဲသို့ ထွင်းဖောက်ဝင်ရောက်ခြင်း မရှိ။

ငါသာ သီလရှင်ဝတ်နဲ့နေဆဲဆိုရင် အမေတစ်ယောက် ဘဝကူး ကောင်းလေမလား။ သည်လိုတွေးမိတော့လည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိပြန်သည်။ သမီးကို အေးချမ်းရာမှာ ထားချင်တဲ့အမေ။ အမေကတော့ နောက်ဆုံးအချိန်အထိ ဘဝကို ရုန်းကန်သွားခဲ့သည်ပဲ။

'အမေဟာလေ နေမကောင်းဘူးရယ်လို့ တစ်ခါမှ ပြောသံမကြား ရဘူး ထွေးစိန်ရယ်၊ အမေ့ကို တစ်နေ့ တစ်ရက်ပဲဖြစ်စေ ပြုစုလိုက်ရရင် ငါ ကျေနပ်ပါတယ်'

BURMESE CLASSIC .com

'ဒေါ်လေး မငွေမှုံက ပေပေတေတေနေတတ်တာ နင်အသိပဲ သိန်းမြရယ်၊ ဒါတွေ တွေးမနေပါနဲ့တော့'

'ခုတော့ ငါ ဘယ်လိုနေရမလဲ၊ အမေလဲမရှိတော့ဘူး၊ မောင်လေး တာဝန်ကလဲကျန်သေးတယ်၊ ဦးလေး ကိုသောင်းဖေကိုလဲ ပစ်ထားလို့မဖြစ်၊ သူကလဲ ကျန်းမာရေးက မကောင်းတော့ဘူး'

သိန်းမြသည် သူ့ဘဝမှာ ပထမဆုံးအကြိမ် ဘဝပြဿနာကို လေးလေးနက်နက် တွေးတောရစပြုလေသည်။

'ဘယ်တတ်နိုင်မလဲ သိန်းမြ၊ ဒါတွေဟာ ညည်းခေါင်းပေါ်ပဲ ကျလာပြီ၊ ညည်းပဲ တာဝန်ယူရမှာပဲ၊ အမေ့ကျေးဇူးကို ဆပ်ရတယ်လို့ပဲ အောက်မေ့ပေါ့အေ'

ရင်ထဲမှာ လှိုက်လှဲခြင်းထက် မျက်ရည်မကျခဲ့သော သိန်းမြ၊ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်၍ ငိုချလိုက်မိသည်။ ဒါကြောင့်လည်း အမေက မကြာ မကြာ ပြောဖူးသည်ပဲ။

'ညည်း လောကအကြောင်း မသိသေးပါဘူး' တဲ့။

www.burmeseclassic.com

# ၃

'သမီးနဲ့အမေ ကံတူအကျိုးပေးပေပဲ၊ ငွေမှုံလဲငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်မပြုချင်သေးဘဲ အရာရာကိုငဲ့ပြီးအိမ်ထောင်ပြုခဲ့ရတယ်၊ ငွေမှုံဟာ တကယ်တော့ သူတစ်ပါးအတွက် အနစ်နာခံတတ်တဲ့ မိန်းကလေးကွယ့်၊ အဘက သူ့အကြောင်းမသိခင်က တော်တော်လေးပဲစိတ်ဆိုးခဲ့တာ၊ သူဟာ ဘ၀ကို ဘယ်တော့မှ အရှုံးမပေးတဲ့ မိန်းမပဲ သမီးရယ်'

ဘကြီးအောင်သူသည် သိန်းမြ၏ မိဘအရာမှာနေ၍ သိန်းမြကို နှစ်သိမ့်နေသည်။ ခုတော့ သိန်းမြသည် သူ့အမေ ခင်းခဲ့သောလမ်းကို ဆက်၍ လျှောက်ရပေဦးတော့မည်။ အမေ၏ ကောင်းမွေ ဆိုးမွေကို သူ ခံရမည်။ အမေက သိန်းမြကို တာ၀န်တွေဆက်ပေးခဲ့ပြီ။ ဦးလေးကိုသောင်းဖေနှင့် မောင်လေး စိန်သောင်းကို သိန်းမြ ပစ်မထားရက်တော့ပါ။ သူတို့တွေအတွက် သိန်းမြ ဆက်လက်အသက်ရှင်ရပေမည်။ အမေ ပြောခဲ့သော စကားတွေသည် ယခုမှ ပို၍ ပို၍ အဓိပ္ပာယ်ပြည့်စုံလာ၏။ လူတစ်ဦးအတွက် အခြားလူတစ်ဦးက အသက်ရှင်ရသည်ဆိုခြင်းကို အစက သိန်းမြ နားမလည်ခဲ့။ ယခုမှ သဘောပေါက်ရသည်။

BURMESE CLASSIC .com

ယခု သိန်းမြကို ကျောင်းဆရာလေး ကိုလှခိုင်နှင့် ရပ်မိရပ်ဖများက လက်ထပ်ပေးနေကြခြင်းဖြစ်၏။ ဦးလေးကိုသောင်းဖေကလည်း နှစ်သက်သည်။ ဘကြီးအောင်သူကလည်း တိုက်တွန်းသည်ဆိုတော့ သိန်းမြဘက်ကလည်းအထူးအထွေ ပြောစရာမရှိ။ သူသည် တစ်ယောက်တည်းအားနှင့် ရပ်တည်၍ မရတော့သည်ကို အလိုလို သိလာရသည်။

သိန်းမြ၏ ဘဝသည် မထင်မှတ်ဘဲနှင့် အချိုးအကွေ့လေးများသို့ ရောက်လာရလေသည်။

'ကျွန်မလဲ အမေ့လောက် သတ္တိမရှိပေမယ့် အမေ့လိုပဲ အနစ်နာခံပါ့မယ် ဘကြီးရယ်၊ ကျွန်မ အမေ့ကိုယ်စား ဦးလေးနဲ့ မောင်လေးကို ဆက်လုပ်ကျွေးမှာပါ'

သိန်းမြက ဘကြီးအောင်သူကို ကန်တော့ရင်း ပြောသည်။

'အေးကွယ်၊ မောင်လှခိုင်ကလဲ သိန်းမြကို မေတ္တာရှိတယ်ဆိုတာ ဘကြီးတို့သိလို့ ခုလို စီမံပေးရတာ၊ ငါ့သမီးကလဲရိုရိုသေသေ ဆက်ဆံနော်၊ အလျင်တုန်းကလို ကလေးမဆန်နဲ့တော့'

'ဟုတ်ကဲ့ပါ ဘကြီး'

'အေး၊ ငါ့တူ တူမကြီးများ သည်လင် သည်မယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်'

'ပေးတဲ့ဆုနဲ့ပြည့်ပါစေ'

အနည်းငယ်မျှသော လူတွေသည် သိန်းမြတို့၏ အကျဉ်းရုံးသော လက်ထပ်ပွဲလေးသို့ လာရောက်ကြ၏။ ယခုဆိုလျှင် သိန်းမြတို့မှာ ငွေဂုဏ် ကြေးဂုဏ်လည်း မရှိ။ အမေတို့ ကြီးရွေ့မှုတို့ မရှိတော့၍ ရပ်ရေးရွာရေးမှာပင် ဩဇာက မရှိလှပေ။ ဘကြီးအောင်သူကတော့ အစကတည်းက

BURMESE CLASSIC .com

အေးအေးနေသူမို့ ယခုလည်းအများက စီမံပေးသည်ကိုပင် ကျေးဇူးတင် ဝမ်းမြောက်၍မဆုံး ဖြစ်နေလေသည်။

'မသိန်းမြ'

လူသူတွေရှင်းသွားတော့ သိန်းမြတို့၏ အိမ်လေးမှာ သိန်းမြရယ်၊ ဦးလေးကိုသောင်းဖေရယ်၊ မောင်လေးရယ်၊ ပြီးတော့ အိမ်သားအသစ်ဖြစ်လာသည့် ကိုလှခိုင်ရယ်ပဲကျန်ရစ်သည်။ ကိုလှခိုင်သည် သိန်းမြကို ရွှန်းရွှန်းစားစား ကြည့်နေ၏။ ဦးလေးကိုသောင်းဖေသည် ဆေးပေါ့လိပ် တစ်လိပ်ဖြင့် အိမ်ကပြင်သို့ ထွက်ထိုင်နေလေသည်။ မောင်လေးတစ်ယောက်သာ မျက်စိလေး ကလယ်ကလယ်ဖြင့် သိန်းမြတို့နား ရစ်ဝဲနေ၏။

'မသိန်းမြ'

ကိုလှခိုင်က တိုးတိုးလေးထပ်ခေါ်သည်။

ကိုလှခိုင်သည် သူကိုယ်တိုင်က မေတ္တာရှိ၍ သိန်းမြကို လူကြီးများမှတစ်ဆင့် နားဖောက်ခဲ့ခြင်းဖြစ်၏။ သို့သော်လည်း သိန်းမြကိုတော့ ကိုယ်တိုင် နှုတ်မှ တစ်ခါမျှ ဖွင့်မပြောဘူးပေ။ ပြောလည်း မပြောရဲ။ ယခုလို လူကြီးများက စီမံပေးသည့်အတိုင်း သိန်းမြက သဘောတူသည်ကိုပင် သူ ဝမ်းသာ၍နေသည်။

'ရှင်'

သိန်းမြက အတန်ကြာမှ ခပ်တိုးတိုး ပြန်ထူးသည်။ ကိုလှခိုင်က စိတ်လှုပ်ရှားသလောက် သိန်းမြ၏ မျက်နှာက တည်ငြိမ်၍နေသည်။ သိန်းမြ တည်ငြိမ်နေပုံသည် ကျက်သရေရှိသော်လည်း နွေးထွေးခြင်းမရှိ။ ကိုလှခိုင်ကတော့ ကျောင်းဆရာတစ်ယောက်မို့ အေးဆေးသော်လည်း လူငယ်ပီပီ တက်တက်ကြွကြွရှိသည်။ ရွာရှိ မိန်းကလေးများနှင့် မိဘများက သူ့ကို သဘောကျကြသော်လည်း သူက သိန်းမြကိုမှ စိတ်ဝင်စားခဲ့၏။

BURMESE CLASSIC .com

သိန်းမြထံမှ ရှင်လန်းတက်ကြွမှုကိုလည်း သူ အလိုရှိလေသည်။ သိန်းမြကတော့ အေးစက်လွန်းလှသည်။

အမေသေပြီးကတည်းက သိန်းမြ၏ ကိုယ်နှုတ်အမူအရာတွေ များစွာ ပြောင်းလဲသွားသည်။

'မသိန်းမြ ခုလို လူကြီးတွေ သဘောကျစီမံတာကို လိုက်နာရတာ မသိန်းမြ စိတ်ထဲမှာကော ဘယ်လိုရှိသလဲ ဟင်'

ကိုလှခိုင်က သူကြားချင်သည့်စကားကို သွယ်ဝိုက်၍မေးသော်လည်း သိန်းမြကတော့ ဘာကိုဖြေရမည် မသိ။ သည်တော့လည်း တည့်တည့်ပင် ဖြေသည်။

'ခုချိန်မှတော့ စိတ်ထဲမှာ ဘယ်လိုရှိရဦးမှာလဲရှင်၊ ကနေ့ဆို လူကြီးစုံရာရှေ့ လက်ထပ်ပြီးမှပဲ'

ကိုလှခိုင်က မချိပြုံး ပြုံးလိုက်ရသော်လည်း တော်တော်လေး အနေရခက်သွားသည်။

'ဒီလိုလဲမဟုတ်ဘူးလေ မသိန်းမြ၊ လူကြီးတွေလက်ထပ်ပေးလို့ ယူလိုက်ရပေမယ့် မသိန်းမြကိုယ်တိုင်ကလဲ မေတ္တာရှိမှ အိမ်ထောင်ရေးက ပိုအဆင်ပြေမှာပေါ့၊ ကျွန်တော်ကလဲ အဲဒီလို ဖြစ်စေချင်လို့ပါ'

သိန်းမြငြိမ်သက်နေမိသည်။ မေတ္တာရှိမှတဲ့။ မေတ္တာရှိသည်ဆိုသည့် စကားလေးကတော့ နှစ်သက်ဖွယ် ကောင်းသည်။ လူတစ်ဦးတစ်ယောက် အပေါ်မှာ မေတ္တာမရှိဘဲနှင့်တော့ ထိုသူနှင့်အတူတကွ ပေါင်းသင်းနေထိုင်ရန်မှာ မဖြစ်။

'ဒါကတော့ရှင်၊သည်လို လက်ထပ်ဖို့ သဘောတူတယ် ဆိုကတည်းကိုက'

ကိုလှခိုင်က သိန်းမြကို ရွှန်းရွှန်းစားစား ကြည့်နေသည်။

BURMESE CLASSIC .com

သိန်းမြက ဆက်ပြော၏။

'တစ်ယောက်နဲ့တစ်ယောက် မေတ္တာမရှိဘဲနဲ့ ဘယ်လာအတူနေလို့ ဖြစ်ပါ့မလဲရှင့်၊ အလျင်က ကျွန်မ ဦးလေးကိုတောင် ကျွန်မ နည်းနည်းလေးမှ မေတ္တာရှိတာ မဟုတ်ဘူး၊ ဒါကြောင့်လဲ အိမ်မှာတောင် မနေဘူး၊ ဟော ခုတော့လဲ သူ့အပေါ် ကျေးဇူးတွေ ထောက်ထားပြီး မေတ္တာထားမိလို့ သူတို့အတွက် အစစအရာရာ ထည့်တွက်နေရပြီလေ'

သိန်းမြ၏ နောက်ဆက်တွဲစကားများကြောင့် ကိုလှခိုင် စိတ်ညစ်သွားသည်။ သူ့အဖြစ်ကို ရယ်လည်း ရယ်ချင်သွားသည်။ ဘုန်းကြီးလူထွက်လို အပေါင်းရ အသင်းရ ခက်နေမလားဟု သူ တွေးမိ၏။

'အင်းလေ၊ မသိန်းမြ ကျွန်တော့်အပေါ် မေတ္တာထားတယ်ဆိုရင်ပဲ ကျွန်တော် ကျေနပ်ပါပြီ၊ ကျွန်တော်ကတော့ မသိန်းမြကို ချစ်တယ်'

ကိုလှခိုင်က အရဲစွန့်၍ ပြောလိုက်မိသည်။ လက်ထပ်ပြီးမှ ရည်းစားစကားပြောသော ကိုလှခိုင်၏ မျက်နှာသည်လည်း နီလာသည်။ သိန်းမြ၏ မျက်နှာသည်လည်း သွေးရောင် လွှမ်းလာသည်။

'သား ဒီကို ခဏလာဦး'

အနားမှာဆော့ကစားနေသော မောင်လေးကို ဦးလေးက အိမ်ရှေ့မှ နေ၍ လှမ်းခေါ်သည်။

သိန်းမြတို့ အိမ်လေးသည် တိတ်ဆိတ်နေသည်။ သိန်းမြနှင့် ကိုလှခိုင်သည်လည်း တိတ်ဆိတ်စွာပင် ထိုင်နေသည်။ အမှောင်ဝင်ရောက်လာ၏။ လရောင်သည် လျှံကျစပြုသည်။ သိန်းမြသည် မီးခွက်ငယ်ကို ထွန်းညှိလိုက်သည်။ မီးရောင်အောက်မှာ သိန်းမြ၏ အပျိုစင်မျက်နှာသည် အပြစ်ကင်းစွာ လှပနေသည်။

'ကိုလှခိုင်'

BURMESE CLASSIC .com

သိန်းမြက တိုးတိုးခေါ်သည်။ ကိုလှခိုင်သည် သိန်းမြကို မြတ်နိုးစွာ ငေးကြည့်နေဆဲ။ သိန်းမြ မျက်လွှာချပြီးပြော၏။

'ကျွန်မ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်၊ ကျွန်မ အမေက ပြောဖူးတယ်၊ ကျွန်မဟာ လောကအကြောင်း မသိသေးဘူးတဲ့၊ ကျွန်မ တကယ် လောကအကြောင်း မသိသေးဘူးဆိုတာ ကျွန်မကိုယ်ကျွန်မ ခုမှပဲသိတော့တယ်'

ကိုလှခိုင်က ခွင့်လွှတ်စွာ ပြုံးသည်။

'ကျွန်တော် နားလည်ပါတယ်'

'ကျွန်မလေ လူ့ဘဝထဲမှာ အံဝင်ခွင်ကျ နေနိုင်ပါ့မလားလို့ စိတ်ပူမိတယ်ရှင်ရယ်'

သိန်းမြဘဝမှာ အလေးနက်ဆုံးသော စကားကို ဆိုမိလေသည်။

ဘာပဲဖြစ်ဖြစ် ကိုလှခိုင်၏ ခွင့်လွှတ်သောအပြုံးများကြောင့် သိန်းမြ ဘဝမှာ စစချင်း စိတ်အေးချမ်းခဲ့ရလေသည်။

\+ \+ \+

'မိန်းကလေးက မိန်းမချောလေးပဲ၊ လိမ္မာရေးခြားလဲရှိတယ်၊ အဒေါ်တို့ သဘောကျပါတယ်ကွယ်'

ကိုလှခိုင်မှာ မိဘများမရှိ။ အဒေါ်နှင့်အခြား ဆွေမျိုးများသာရှိသည်။ ကိုလှခိုင်က ပြည်မြို့ဇာတိဖြစ်၏။ ကျောင်းဆရာဘဝဖြင့် ဦးလေး အိမ်မှာ လာနေရင်း သိန်းမြနှင့် ရေစက်ဆုံရသည်။ အေးချမ်းသော ဘဝကို နှစ်ယောက်သား ထူထောင်မိကြသည်မို့ ပြဿနာလည်း မရှိခဲ့။ သိန်းမြက အမေ ပေးထားခဲ့သော လယ်လေးများကို ကြီးကြပ်လုပ်ကိုင်သည်။

BURMESE CLASSIC .com

ကိုလှခိုင်ကို အုပ်ထိန်းခဲ့သူမှာ အဒေါ်သာ ဖြစ်သည်။ အဒေါ်က သိန်းမြတို့ဆီ ပထမဆုံး လာလည်ခြင်းဖြစ်၏။ ကိုလှခိုင်သည် သိန်းမြနှင့် အိမ်ထောင်ကျပြီးကတည်းက သူ့မြို့ကိုလည်း မပြန်ဖြစ်။ သိန်းမြ၏ အိမ်မှာ ဦးလေးနှင့် မောင်လေးကိုပါ ကျွေးမွေးထားရသော်လည်း ကိုလှခိုင် ကတော့ ကြည်ကြည်ဖြူဖြူပင်။

ကိုလှခိုင် အဒေါ်ကတော့ အပြောလေးချိုသည်။ သိန်းမြသည် လောကပရိယာယ်လည်း သိသူမဟုတ်၍ အပြောချိုသော အဒေါ်ကို သဘောကျမိ၏။

'မောင်လှခိုင်ရယ်၊ မင်းမလဲမိန်းမရပြီးကတည်းက အိမ်ကိုတစ်ခေါက် တလေတောင် ပြန်မလာတာ၊ အဒေါ်ကသာ လွမ်းလို့လိုက်လာရတယ်၊ ဒီတစ်ခါကျောင်းပိတ်ရင် လာခဲ့ပါဦးလားကွယ်'

အဒေါ်ကလွမ်းတတတပြောတော့ သိန်းမြက အားနာရသည်။ သူတို့ လက်ထပ်စဉ်ကပင် ကိုလှခိုင်က သူ့ကိုယ်သူ တစ်ကောင်ကြွက် တစ်မျက်နှာ ဟု ပြောခဲ့၏။ သူ့အပေါ် သည်မျှ ခင်တွယ်သော အဒေါ်အကြောင်းကို မပြောခဲ့။

'ဟုတ်သားပဲအစ်ကိုရယ်၊ ပြည်ကို ကျွန်မလဲ မရောက်ဖူးဘူး၊ သွားလည်ရအောင်'

'အင်း သွားကြတာပေါ့'

ကိုလှခိုင်က ထိုမျှသာပြော၏။

'အင်း ဒီတစ်ခါ ကျောင်းပိတ်ရင် ဆက်ဆက်ပြန်လာနော်၊ ငါ့တူမကြီးကိုလဲ ပြည်က ဆွေမျိုးတွေက မြင်ဖူးချင်နေကြတာ'

'ဟုတ်ကဲ့အဒေါ် လာခဲ့ပါ့မယ် စိတ်ချပါ'

BURMESE CLASSIC .com

တစ်ခေါက်တလေလာသော လင့်ဘက်က ဆွေမျိုးကို သိတတ်သော အားဖြင့် သိန်းမြက လယ်ထွက်သီးနှံတွေ တစ်ထုပ်တပိုးလက်ဆောင်ပေး လိုက်သည်။ အဒေါ်က သူ့ဆီလာဖို့ တရရ မှာသည်။ ပြန်ကာနီးတွင်လည်း ပြောသွားသေးသည်။

'အဒေါ့်မှာ ဒီတူလေးကို ဝမ်းနဲ့ လွယ်မမွေးရုံတင် တမည်ပါကွယ်၊ အဒေါ်ပဲ ကျွေးမွေးသုတ်သင်ပြီး ကျောင်းထားပေးခဲ့ရတာ၊ ကျောင်းဆရာ အလုပ်ကိုလဲ မလုပ်စေချင်ပါဘူး၊ သူ ဝါသနာပါတယ်ဆိုလို့ လွှတ်ထား မိတာကွယ့်'

အဒေါ်ပြန်သွားတော့ သိန်းမြရင်မှာ မရှင်းလင်းစွာ ကျန်ရစ်သည်။ ကိုလှခိုင်သည် အဒေါ်အကြောင်းကိုလည်း စကားမစခဲ့ဖူးပါလား။ သူကတော့ ကိုလှခိုင်ကို တစ်ယောက်တည်းသမားမို့ ပိုပြီး လက်ခံခဲ့ခြင်းဖြစ်၏၊ သိန်းမြနောက်မှာက ထောက်ထားရမည့်အဆွယ်အပွားတွေ ရှိနေသည် မဟုတ်ပါလား။

ဘာပဲဖြစ်ဖြစ် အတွေ့အကြုံအရ အစကထက်ပို၍ ရင့်ကျက်ခဲ့ပြီ ဖြစ်သော သိန်းမြက လင့်ဘက်က ဆွေမျိုးကို ထည့်သွင်းစဉ်းစားရစ ပြုလာရသည်။

'အစ်ကိုရယ်၊ အစ်ကို့မှာ ကျေးဇူးရှင်အဒေါ်တစ်ယောက်လုံးရှိနေတာ ကျွန်မကို ဘာလို့မပြောသလဲ၊ သူက အစ်ကို့ကို ကျောင်းထားပေးခဲ့ရတာ ဆိုတော့ အစ်ကို့လုပ်စာ စားချင်မှာပေါ့၊ ငွေလေးဘာလေးလဲပို့ပါနော်'

ကိုလှခိုင်ကတော့ သူ့အပေါ်မှာ ချစ်ခြင်းထက် ရိုသေခြင်းဖြင့် ဆက်ဆံတတ်သော သိန်းမြကို သနားသည်။ စာနာသည်။ သိန်းမြ၏ သဘောကို သူနားလည်သည်။ သိန်းမြသည် သူ၏ဘဝကြွေးကို ပေးဆပ် နေခြင်းဖြစ်၏။ သူ့အမေအပေါ်ထားရှိသည့် အကြွေးတွေကို ပေးဆပ်နေခြင်း

ဖြစ်ကြောင်း သူနားလည်သည်။ သိန်းမြဆီမှာ သူလိုချင်သော အချစ်မျိုး မရှိသော်လည်း ဖြောင့်မတ်သောစိတ်ထား ရှိသည်။

'မပို့ရပါဘူး သိန်းမြရယ်၊ သူက စားနိုင် သောက်နိုင်ပါတယ်၊ ခုလဲအစ်ကို့ကို လာချော့တာ'

'လာချော့တာဟုတ်လား၊ ဘာဖြစ်လို့လာချော့တာလဲ ဟင်'

'သူက အစ်ကို့ မိထွေးလေ၊ အဖေသေသွားတော့ အစ်ကိုလဲ အိမ်မှာ မနေချင်တာနဲ့ ကျောင်းဆရာအလုပ်လျှောက်ပြီး ထွက်လာခဲ့တာ၊ အစ်ကို လက်ထပ်မယ်ဆိုတော့ ငွေလှမ်းမှာတယ်၊ သူက ပို့မပေးလို့ အစ်ကို မပြန်ဘဲနေတာ'

သိန်းမြ အံ့သြရသည်။ လူ့ဘဝအကြောင်းတွေက အမျိုးမျိုးရှိနေပါကလား။ သူက အအေးချမ်းဆုံးဟု ထင်ခဲ့သော ကိုလှခိုင်ဘဝမှာပင် နောက်ကြောင်းဘဝလေးတွေ ရှိနေသည်။

'ဒါနဲ့ သူကပြောတော့ အစ်ကို့ကို ဝမ်းနဲ့ လွယ်မွေးရုံတင်ပဲဆို'

ကိုလှခိုင်က ပြုံးသည်။ အေးဆေးသော ကိုလှခိုင်က နာကျည်းသလို ပြုံးတာ မြင်ရတော့ သိန်းမြက လူ့လောကကို ပို၍ အံ့သြသွားမိပြန်သည်။

'သိန်းမြ၊ မင်းဟာ လူ့ဘဝအကြောင်း ဘာမှ မသိဘူးဆိုတာ တကယ်မှန်တယ်၊ မင်းကို ချိုချိုသာသာပြောရင် သဘောကျတာပဲနော်၊ မင်းကို နည်းနည်းလေး မာမာပြောရင် မင်း ဘာကိုမှ မကြည့်ဘူး၊ ခံပြောတာပဲ'

သိန်းမြက သူ့ကိုချစ်သော ခင်ပွန်းက ဝေဖန်တော့ သဘောကျစွာ ရယ်သည်။

'ဟုတ်တယ်အစ်ကို၊ ဒါတောင် သိန်းမြ အမေသေပြီးမှ ပြောင်းလဲသွားတာ၊ သူငယ်ချင်းတွေကပြောတယ်၊ သိန်းမြဟာ သီလရှင်ဘဝက

BURMESE CLASSIC .com

လာလို့လား မသိဘူး၊ ငယ်ငယ်ကလို မဟုတ်ဘူး၊ သိမ်မွေ့လာတယ်တဲ့၊ ပြီးတော့ အမေမရှိမှ စိတ်ထားတွေလဲလုံးဝ ပြောင်းလဲသွားတယ်တဲ့'

'ဒါပေမယ့် လူတွေအကြောင်းမသိတာကတော့ အလျှင်အတိုင်းပဲ'

'အစ်ကို့အဒေါ်က သဘောကောင်းတယ် မဟုတ်လား ဟင်'

'ကောင်းတယ်ဆိုပါတော့၊ သူက အစ်ကို ငယ်ငယ်ကတည်းက အမေဆုံးသွားလို့ အဖေနဲ့အိမ်ထောင်ကျတာ၊ အစ်ကိုက သူ မွေးတာလို့ ပြောနိုင်တာပေါ့'

'အစ်ကို့ အဖေကကော ဘယ်တုန်းက ဆုံးတာလဲ'

'အစ်ကို ဒီရွာကိုမရောက်ခင် တစ်နှစ်ကပဲ'

သိန်းမြသည်လည်း ကိုလှခိုင်၏ ဘဝကို တွေးတောမိစပြု၏။ ဩော်၊ သူ့ကိုယ်သူသာ ဂရုစိုက်သော သိန်းမြ။ ကိုလှခိုင်သည် သူ့ဘဝ အဆင်ပြေရေးအတွက် အလိုလိုရောက်လာသူဟုသာ ပေါ့ပေါ့တွေးခဲ့မိသည်။ သူလည်း သူ့အကြောင်းနှင့် သူပါတကား။

သိန်းမြမှာ ဦးလေးနှင့် မောင်လေးတာဝန်ကို ကူညီထမ်းဆောင်ပေးသည့် ခင်ပွန်းအပေါ် ပြန်လည်နှစ်သိမ့်အားပေးဖို့ လိုပါသေးလားဟု နောက်ထပ် ဘဝအသိတစ်ခုကို ရရှိပြန်လေသည်။

www.burmeseclassic.com

# ၄

အစ်ကိုတို့ အိမ်ကြီးက ကြီးမားလှသည်။

အစ်ကိုကိုသည်မှုပြည့်ပြည့်စုံစုံ နေနိုင်သည်ဟုပင် မထင်ခဲ့။ သာမန်ကျောင်းဆရာလေးတစ်ယောက်အဖြစ်သာ လက်ထပ်ခဲ့ခြင်းဖြစ်၏။ သို့သော် အစ်ကိုသည် ဆေးလိပ်ခုံပိုင်ရှင် သူဌေးသားတစ်ယောက် ဖြစ်ကြောင်း ယခုမှပင် သိရလေသည်။

'ဟဲ့ ကိုတူးတို့၊ မတာတို့၊ ဟိုမှာ နင်တို့အစ်ကိုကြီး ပြန်လာတယ်၊ ကြိုကြဦးလေ'

ရောက်ရောက်ချင်း အဒေါ်၏အသံကို ညံညံစီစီ ကြားရ၏။ သူတို့နှစ်ယောက်ကို ပျာပျာသလဲဆီးကြိုကြသည်မှာ အနေရအထိုင်ရပင် ခက်စေ၏။ သိန်းမြ လင်ယောကျ်ားနှင့်ပတ်သက်သည့် အိမ်ကို ပထမဆုံးအကြိမ် ရောက်ဖူးခြင်းမို့ ရှိုးတို့ရှန့်တန့် ဖြစ်နေလေသည်။

'ဘာမှအားမနာနဲ့နော်၊ ဒီအိမ်မှာ ပျော်အောင်သာနေ၊ အဒေါ်ကလေ မောင်လှခိုင်ကိုတောင် ဒီမှာပဲ နေစေ့ချင်တာ၊ တောမှာအလုပ်သွားလုပ်တာ

BURMESE CLASSIC .com

မကြိုက်ပါဘူးကွယ်၊ ဒီမယ် ကိုယ့်မိဘလက်ငုပ် လုပ်ငန်းရှိသားပဲ၊ ဟုတ်ဖူးလား’

သိန်းမြရင်ထဲ အစ်ကို့ကို ပြန်ခေါ်ထားလေမည်လားဟု ပထမဆုံး အကြိမ် စိုးရိမ်ပူပန်သွားမိလေသည်။ သူ ကိုလှခိုင်နောက်သို့ လိုက်ရ သော်လည်း ရွာမှ ဦးလေးနှင့် မောင်လေးကို စိတ်ချသည်မဟုတ်။ ဦးလေးကလည်း အမေမရှိကတည်းက ကျန်းမာရေးမကောင်းတော့။ မောင်လေးကိုလည်း သိန်းမြကသာ အုပ်ထိန်းနေရသည်။

‘ဟောဒါက ကိုတူးတဲ့၊ ဟောဒါက မတာတဲ့၊ မောင်လှခိုင်ရဲ့ ညီ ညီမလေးတွေပေါ့ကွယ်၊ သူတို့ကလဲ သူတို့အစ်ကိုကြီး ကျောင်းဆရာလုပ်ချင် လှချည်ရဲ့ဆိုပြီး အိမ်က ထွက်သွားတော့ စိတ်မကောင်းကြဘူးပေါ့၊ ဒီမှာ အားကိုးစရာဆိုလို့ သူပဲရှိတာ မဟုတ်လား’

သိန်းမြကတော့ လူတွေ၏ ပရိယာယ်မာယာ ဟူသမျှကို နားလည် သေးသူ မဟုတ်လေတော့ သူတို့အပေါ် လှိုက်လှိုက်လှဲလှဲ သိမ်းသွင်းနေ သည်ကိုပင် သာယာသလို ဖြစ်နေလေသည်။ ကိုလှခိုင်၏ အေးစက်စက် အမူအရာများကိုပင် အားမလို အားမရ ဖြစ်နေရ၏။

‘အစ်ကိုရယ်၊ အစ်ကို့မှာ ကိုယ်ပိုင်လုပ်ငန်းနဲ့ ကျကျနန နေနိုင်လျက် သားနဲ့ ဘာဖြစ်လို့ ကျောင်းဆရာလာလုပ်နေရတာလဲ၊ ကျွန်မတော့ နားမလည်ဘူး’

ကိုလှခိုင်ကတော့ ရိုးသားသော ဇနီးသည်ကို ခပ်လွယ်လွယ်ပင် ရှင်းပြရသည်။

‘ဒီလုပ်ငန်းတွေအားလုံးဟာ အစ်ကို့အဖေက ပျိုးထောင်ခဲ့တာ၊ အဖေကလဲ အစ်ကို့ကိုပါ လွှဲအပ်ခဲ့တယ်၊ ဒါကြောင့် အစ်ကို့ကို ချော့နေ တာပေါ့၊ အစ်ကိုက ဒါတွေသိလို့ ရှောင်နေတာ’

သိန်းမြက မျက်လုံးအဝိုင်းသားနှင့် နားထောင်နေမိသည်။

လူတွေဟာ နှုတ်က ချိုတိုင်းလည်း စိတ်မချရပါကလား။ သည်လို သဘောထားမညီသည့်လူတွေ ရှိသည်ဆိုတာ သိန်းမြ ယခုမှပင် သိရ၏။ လူ့လောက၏ ပရိယာယ်ကို သိန်းမြ အံ့သြမိလေသည်။

+ + +

အချိန်တွေကြာလာတော့ ဆက်ဆံရေးသည်လည်း ပြောင်းလဲလာလေသည်။

ကျောင်းဖွင့်ရက်ကို လွန်လာသော်လည်း အစ်ကိုက ရွာကို မပြန်သေးပေ။ သူ့လုပ်ငန်းကိစ္စတွေကို ပြတ်အောင်ရှင်းရမည်ဆိုပြီး ဆက်နေသည်။ ရွာကိုလည်း ခွင့်စာပေးပို့လိုက်လေသည်။ သိန်းမြတစ်ယောက်သာ ဦးလေးတို့ကို စိတ်မချစွာဖြင့် သောင်တင်နေလေသည်။

'ကျောင်းဆရာအလုပ်ကနှုတ်ထွက်စာတင်လိုက်လဲဖြစ်တာပဲ၊ ပြန်မနေကြပါနဲ့တော့၊ မောင်လှခိုင်ကတော့ ပြန်လို့ မဖြစ်တော့ဘူး၊ အလုပ်တွေက သူရှိမှဖြစ်မှာ'

လူတွေ၏ အလှည့်အပတ်စကားတွေကို နားလည်စပြုလာပြီဆိုတော့ ကိုလှခိုင်ကို ထားပြီး သူတစ်ယောက်တည်း ပြန်သွားစေလိုသည်လားဟု တွေးပူလာရလေသည်။ ရောက်စကလောက်လည်း သူ့အပေါ် ဟက်ဟက်ပက်ပက် မရှိတော့သည်ကို သိလာရသည်။ ဆေးလိပ်ခုံမှ မိန်းကလေးများ၏ တိတ်တခိုးအကြည့်များနှင့် တီးတိုးစကားများကလည်း သူ့စိတ်ကို မလုံမလဲဖြစ်စေသည်။ အို၊ အမေနှင့် သူဟာ ကံတူအကျိုးပေးများဖြစ်နေလေပြီလား။ အမေ့တုန်းကလဲ လင်ယောကျ်ား၏ အသိုင်းအဝန်းကြားမှာ တစ်ယောက်တည်း ရုန်းကန်ခဲ့ရသည်ကို သူ သိခဲ့ရ၏။

BURMESE CLASSIC .com

အစ်ကိုက သူ့အပေါ် ကြင်နာမြဲဖြစ်သော်လည်း ရွာပြန်ဖို့အကြောင်း ပြောတော့ အစ်ကို တွေဝေစပြုနေပြီ။

'အစ်ကိုလဲ အဖေဆုံးပြီးစ စိတ်ညစ်ညစ်နဲ့ အိမ်ကထွက်သွားတာ ဆကာကြီးက ဦးလေးဦးလှအေးက အဖေ့ဘက်က ဦးလေးတော်တယ်လေ၊ ဒါနဲ့ ငယ်ငယ်ထဲက လုပ်ချင်တဲ့ ကျောင်းဆရာအလုပ်ကို ဝင်လုပ်မိတယ်၊ တကယ်တော့ ယောကျ်ားလေးဆိုတာ စီးပွားရေးတစ်ခုခုတော့ လုပ်သင့်တာပေါ့ကွယ်၊ ဟုတ်ဘူးလား၊ ဒါမှလဲသိန်းမြတို့ကို တင့်တောင့်တင့်တယ် ထားနိုင်မှာ'

အစ်ကိုကိုယ်တိုင်က အဒေါ်၏ မက်လုံးပေးမှုများအောက်မှာ ဝပ်စင်းစပြု၏။ ယခုတော့ လုပ်ငန်းတစ်ခုလုံးကို အစ်ကို့ကို လွှဲအပ်ထားသည်။ သူ့ပရိယာယ်တွေကို အစ်ကို သိသည်ဟု ဆိုခဲ့သော်လည်း တစ်သက်လုံးက မကိုင်ခဲ့ရသောငွေကို ကိုင်ရတော့ အစ်ကို မေ့သွားပြီထင်သည်။

'ကျွန်မတော့ ရွာက ဦးလေးနဲ့ မောင်လေးကို ပစ်မထားနိုင်ဘူး အစ်ကို၊ ခုဆိုရင် ကျွန်မတို့မရှိလို့ ဘယ်လိုများ နေကြ စားကြတယ်မသိဘူး'

'အင်း၊ သိန်းမြ စိတ်မချရင် ဦးလေးတို့ကို ဒီကို ခေါ်လိုက်ပါလား'

ကိုလှခိုင်ကို ယတိပြတ်ပြောတော့ သိန်းမြ ပိုပြီး အံ့သြသွားသည်။

'ရမှာမဟုတ်ပါဘူး အစ်ကိုရယ်၊ အစကတော့ ဦးလေးကို ကျွန်မကိုယ်တိုင်က သိပ်မုန်းခဲ့တာ၊ နောက် ကျွန်မတို့ သားအမိကို သိပ်သံယောဇဉ်ရှိတယ်ဆိုတာ သိရတယ်၊ အခုလဲ အမေ ခေါင်းချသွားတဲ့နေရာမှာ သူ တစ်သက်လုံး နေသွားမယ်လို့ ပြောထားတာ၊ သူ့မှာ ဒုက္ခိတဆိုတော့ သူများနောက်လဲ လိုက်နေမှာ မဟုတ်ဘူး'

 www.burmeseclassic.com 

'ဒီလိုဆိုလဲ ငွေလေးဘာလေး ပို့ပေးပါလား သိန်းမြ၊ အစ်ကိုလဲ နှုတ်ထွက်စာတင်ထားပြီးမှ ရွာကို ပြန်ရမှာ အစ်ကို့ ဦးလေးကို အားနာတယ်၊ ဦးလေးက အလုပ်ရအောင် တော်တော် ပြောပေးထားရတာ'

သိန်းမြ သက်ပြင်းကို ခိုးရှိုက်ကာ ငြိမ်နေရ၏။ ကိုလှခိုင်ကို ထားခဲ့ပြီး သူတစ်ယောက်တည်း ပြန်မသွားချင်သည်မှာလည်း အမှန်ပင် ဖြစ်သည်။ သူ ကိုလှခိုင်ကို လက်ထပ်ခဲ့စဉ်က မေတ္တာသာရှိသည်။ အချစ်မရှိ။ ဤသည်ကိုလည်း ယခုမှ သူသဘောပေါက်၏။ ကိုလှခိုင် မေးတုန်းကလည်း သဘောပေါက်ခြင်းမရှိခဲ့။

ယခုတော့ မိန်းမသားတစ်ယောက်အနေနှင့် သူ ကိုလှခိုင်အပေါ် တွယ်တာမိပြီ ဖြစ်လေသည်။ အချစ်၏ ပူလောင်မှုကို စတင် ခံစားရစ ပြုလေပြီ။

'အင်းလေ အစ်ကို့သဘောပါပဲ၊ ကျွန်မကတော့ ဦးလေးတို့ကို တစ်ခေါက်လောက် ပြန်ကြည့်ချင်တယ်၊ အစ်ကို မပါဘဲနဲ့တော့လဲ ရွာကို ပြန်မသွားချင်ဘူး'

'လုပ်ငန်းလေး အခြေကျတော့ သွားကြတာပေါ့ သိန်းမြရယ်'

\+ + +

ဦးလေးဆီက စာလာ၏။

သိန်းမြက သတိတရ ငွေပို့ပေးသည့်အတွက် ဝမ်းသာလှသည့် အကြောင်း၊ သူတို့သားအဖအတွက် မပူဖို့၊ သိန်းမြဘဝ အဆင်ပြေနေလျှင် ဝမ်းသာသည့်အကြောင်း၊ သူလည်း အမေထားခဲ့သော လယ်လေးများကို လူငှား၍လုပ်နေကြောင်း၊ သားအဖနှစ်ယောက် အဆင်ပြေပါကြောင်း ရေးသားထားလေသည်။

နောက်ဆုံးစာတစ်ကြောင်းကတော့ သိန်းမြ ရင်ကို ထိခိုက်စေသည်။

သမီးရဲ့မောင်လေးကတော့ သမီးကို လွမ်းလွမ်းတတ ဖြစ်နေတယ်။ အစ်မက ကျောင်းဖွင့်အမီပြန်လာမယ်ဆိုပြီး ပြန်မလာဘူးတဲ့။ ခု ကျောင်းလဲ ကောင်းကောင်းမတက်၊ ကောင်းကောင်းလဲ နေမကောင်းဘူး။ သူ့မှာ အမေကလဲမရှိတော့ သမီးကို သိပ်ခင်တွယ်တယ်။ လွမ်းဖျားလွမ်းနာ ဖြစ်နေလား မဆိုနိုင်ဘူး။

သည်စာကြောင်းကိုဖတ်ပြီး သိန်းမြ မျက်ရည်ကျရ၏။ အို ဘဝမှာ ခင်တွယ်ခြင်းဆိုတာ ကြီးသည် ငယ်သည်မဟူ ရင်ကို ပူလောင်စေပါကလား။ လူ့ဘဝကလည်း မိမိတည်ဆောက်သည့်အတိုင်း ဖြစ်မလာ။ ဖြစ်သမျှသည် ကစဉ့်ကလျားချည်း။ အစကတော့ အမေနှင့် သူတို့မိသားစု ပျော်ရွှင်စွာ အတူတကွနေကြလေသတည်းဟု အောက်မေ့ခဲ့သည်။ မထင်မှတ်ဘဲအမေက သေသွားခဲ့သည်။ နောက်တော့လည်း အားလုံးအတွက် အဆင်ပြေမည့် နည်းလမ်းကို ရွေးခဲ့သေး၏။ သို့သော်လည်း ထင်သည့်အတိုင်း ဖြစ်မလာချေ။

'ဦးလေးဆီက စာလာတယ် အစ်ကို၊ မောင်လေးကလဲ ကျွန်မတို့ကို လွမ်းလို့ ကျောင်းကောင်းကောင်း မတက်ဘူးပြောတယ်၊ ကျွန်မ ရွာကို ပြန်ချင်လိုက်တာ'

ကိုလှခိုင်သည် ပြည်မြို့ ပတ်ဝန်းကျင်အနှံ့ အရောင်းအဝယ်ဖြန့်ကျက်ကာ သွားလာနေရသဖြင့် အိမ်မှာပင် နေရသည့်အခါမရှိ။ တွေ့ကြပြန်တော့လည်း စကားပြောချိန်ပင် အနိုင်နိုင်။ အဒေါ်ကလည်း အိမ်မှာ သိန်းမြအပေါ် ခပ်တန်းတန်း ဆက်ဆံစပြုလာသည်။ 'အားနေရင် ဆေးလိပ်လေး ဘာလေး ဝင်လိပ်ကြည့်ပါလား' ဟူသော စကားမျိုးကိုပင် သွယ်ဝိုက်ပြီး ပြောတတ်လာ၍ သိန်းမြသည် လူတွေ၏ အတွင်းစိတ်ကို သိမြင်တတ်စပြုလာသည်။

BURMESE CLASSIC .com

ကိုလှခိုင်ကတော့ ယခင် သိန်းမြနှင့် လက်ထပ်စဉ်ကလို ကျောင်းဆရာလေး ကိုလှခိုင် မဟုတ်တော့ပြီ။ သွက်လက်ချက်ချာသော လုပ်ငန်းရှင် ယောကျ်ားကြီးတစ်ယောက်အသွင် ပေါက်နေ၏။

'သိန်းမြ ပြန်ချင်ရင် ပြန်လေ၊ အစ်ကို လူကြုံကောင်းကောင်းနဲ့ ထည့်ပေးလိုက်ပါ့မယ်'

သူ့အပေါ် ဂရုစိုက်ဟန်ပြသေးသော်လည်း သိန်းမြရင်က ချိတုံချတုံ ဖြစ်ရသည်။ အစ်ကို့ဘဝမှာ သိန်းမြဟာ လူပို ဖြစ်နေပြီလား။

'နောက်တော့ အစ်ကို လိုက်လာမှာလား ဟင်'

'လိုက်လာမယ် သိန်းမြ၊ ဆေးလိပ်ခုံကလဲနာမည်ပြန်တက်လာစဆိုတော့ နယ်တွေကို ဖိပြီး ပို့ပေးချင်တယ်၊ ဒီကိစ္စလေးပြတ်ရင် အစ်ကို လိုက်လာခဲ့မယ်၊ ဦးလေးတို့အတွက်ရော သိန်းမြတို့အိမ်အတွက်ပါ စားစရာတွေ ဝယ်သွားဦးနော်'

အစ်ကိုတစ်ယောက် အလုပ်ကို ဂရုစိုက်နေသော်လည်း သူ့အပေါ် ကြင်နာဆဲဟု သိရကာ သိန်းမြ အားတက်ရသည်။ ယောကျ်ားရယ်လို့ ဖြစ်လာမှ တွယ်တာရကောင်းမှန်းသိလာသော သူ့ကိုယ်သူလည်း အံ့သြ၏။ ဘဝတဏှာတွေ တစ်ဆင့်ပြီး တစ်ဆင့် တိုးလာသည်ကို သတိမထားမိဘဲ တွယ်တာမှုကိုပင် ကြည်နူးစရာဟု မှတ်ယူမိလေသည်။

'အစ်ကို ဆက်ဆက် လိုက်ခဲ့နော်'

'စိတ်ချ'

သိန်းမြသည် သူ့စိတ်ကို သူ အံ့သြခြင်းဖြစ်မိရင်း သူ့ရင်ထဲက သစ္စာတရားကို ပြောကြားရန် အားယူမိ၏။

'အစ်ကို'

'ဘာလဲ သိန်းမြ'

BURMESE CLASSIC .com

'အစ်ကို့ကို ကျွန်မ ပြောစရာရှိလို့'

'ဘာများလဲသိန်းမြရယ်၊ ပြောစရာရှိ ပြောလေ'

'အစ်ကို ကျွန်မကို သေသေချာချာ ကြည့်ပါဦး'

ကိုလှခိုင်သည် အမူအရာ ထူးခြားနေသော သိန်းမြကို အံ့ဩသလို ကြည့်သည်။

သိန်းမြ၏ မျက်နှာသည် နီမြန်းလို့ပါတကား။ သိန်းမြက သူ့ တစ်သက်မှာ ပြောလိုသည့် စကားတစ်ခွန်းကို အနူးညံ့ဆုံး ပြောကြား လိုက်သည်။

'အစက အစ်ကိုက ကျွန်မကို မေတ္တာရှိရဲ့လားလို့မေးတော့ ကျွန်မ သိပ်သဘောမပေါက်မိဘူး၊ ခုတော့ ကျွန်မ သိပြီ၊ အစ်ကိုပြောခဲ့ သလိုပဲ၊ ကျွန်မလဲ အစ်ကို့ကို ချစ်နေပြီ သိလား'

ကိုလှခိုင်ကတော့ အားရပါးရ ရယ်မောလေ၏။

သြော် မသိန်းမြ၊ လူ့လောကအကြောင်းကို မသိသေးတဲ့ မသိန်းမြ။

\+ \+ \+

'ဘာ့ကြောင့် ပြန်လာရတာလဲ သမီးရယ်၊ ဦးလေး နားလည်ပါတယ်၊ ယောကျ်ား ရှိတဲ့နေရာမှာ လိုက်နေရမှာ မိန်းကလေးတို့ရဲ့ ဓမ္မတာပဲ၊ မောင်လှခိုင်လဲ သူ့မိဘလုပ်ငန်းကို ပြန်လုပ်နေတာ ကောင်းတယ်၊ ဦးလေး သဘောကျတယ်၊ ဦးလေးတို့လဲ ငယ်ငယ်ရွယ်ရွယ် ကျန်းကျန်းမာမာ ရှိတုန်းက စီးပွားရေးလုပ်ရတာ သိပ်ပျော်တယ်၊ ဦးလေးတို့အတွက် မပူနဲ့'

ဦးလေးကိုသောင်းဖေက တကယ့် စေတနာမှန်နှင့် ပြောနေသော် လည်း သိန်းမြတို့ မရှိစဉ်ကာလအတွင်း များစွာ ကျဆင်းသွားသည်ကို

တွေ့မြင်ရသည်။ မောင်လေး မောင်စိန်သောင်းကလည်း သိန်းမြရောက်ကတည်းက အနားမှ မခွာတော့။ ဒါတွေကို မြင်ရတော့ သူတစ်ကိုယ်တည်းကောင်းစားရေးအတွက် သူတို့ကို စွန့်ခွာခဲ့သည်ကို သတိရပြီး စိတ်မကောင်းဖြစ်မိပြန်လေသည်။

'ကိစ္စမရှိပါဘူး ဦးလေးရယ်၊ ကျွန်မလဲ အမေနေခဲ့တဲ့ ရွာလေးမှာပဲနေချင်ပါတယ်၊ သူများဆီမှာ နေရတာ ဘယ်လောက်ပဲ ကောင်းကောင်း နေရနေရ စေတနာချင်း မတူပါဘူး'

သိန်းမြက တကယ်ပင် သူ့အသိတရားနှင့် ယှဉ်၍ ပြောမိခြင်းဖြစ်လေသည်။

'မောင်လေးလဲကျောင်းကို ကောင်းကောင်းပြန်တက်နော်၊ အစ်မ မောင်လေးတို့နဲ့ မခွဲတော့ဘူး'

မောင်လေးကလည်း သိန်းမြကိုသာ အမေလို သဘောထားခင်တွယ်နေတော့သည်။ သိန်းမြသည် သူ့ရင်ထဲက ဆုံးဖြတ်ထားသည့်အတိုင်း ဦးလေးကိုသောင်းဖေနှင့် မောင်လေးကို စောင့်ရှောက်ရင်း အမေ့ လယ်တွေကို ပြန်လည် ဦးဆောင် လုပ်ကိုင်လေသည်။

သိန်းမြ ရွာကိုပြန်ရောက်လာတော့ သူ့အမေ ဒွေမှုံ၏ ဘဝအငွေ့အသက်တွေက ပြန်လည် ရိုက်ခတ်လာကြပြန်သည်။

'သူ့အမေတုန်းကလဲ ယောကျ်ားနောက် လိုက်သွားပြီး ရွာကို မရှုမလှနဲ့ ပြန်ရောက်လာတာပဲ၊ သိန်းမြတစ်ယောက်လဲ ဘာတွေဖြစ်လာပြန်ပြီလဲမသိ၊ သူတို့သားအမိက တစ်ရွာသားကိုမှ လင်လုပ်ချင်ကြတာကိုးတော့'

ကျောင်းတော်က ရန်စတွေ ပြန်လည် တစ်ပတ်ကျော့လာကြသော်လည်း သိန်းမြက ယခင်လို မဟုတ်တော့။ တဖြည်းဖြည်းနှင့် သည်းခံစိတ်

BURMESE CLASSIC .com

မွေးလာတတ်သည်။ သို့သော်လည်း ပတ်ဝန်းကျင်၏စကားကို ကြားရဖန်များတော့ တကယ်ပင် သူသည် အမေနှင့် ကံတူအကျိုးပေး ဖြစ်နေလေပြီလားဟု ပူပန်မိလေသည်။

ကိုလှခိုင်ဆီက စာလည်း ရောက်မလာခဲ့။ လူလည်း မလာခဲ့။ သိန်းမြ ပြန်လာစက ငွေပို့ပေးသော်လည်း နောက်ထပ် ပို့မပေးတော့။ ကိုလှခိုင်၏ ဦးလေးက ပြည်ကိုလိုက်သွားသော သိန်းမြကိုသာ အပြစ်ဆိုသည်။

'ဟို မိန်းမက သိပ်လည်တာ၊ သူ ခြယ်လှယ်နေမှာပေါ့၊ သူ ဒီမှာ အေးအေးဆေးဆေး ကျောင်းဆရာလုပ်နေတာ ဘယ်လောက်ကောင်းလဲ၊ ဟိုက သူတို့လိုရာ ခိုင်းစားနေမှာ၊ ပြီးရင် ကန်ထုတ်လိုက်မှာမြင်ယောင်သေး၊ ငါ့ ညီမတစ်ယောက်လဲမသေခင်ကတည်းက ဒီကောင်မနဲ့ ညားနေတာ သိလို့ စိတ်ဆင်းရဲပြီး သေသွားရတာဟဲ့'

သိန်းမြ ကိုလှခိုင်အတွက် စိတ်ပူစပြု၏။ သို့သော်လည်း ယောက်ျားကြိုက်လျှင် လိုက်လာမည်ဟူသော စိတ်ကလေးဖြင့် တင်းခံနေမိသည်။ ကိုလှခိုင်သည် သူ့ကို စတင် မေတ္တာရှိပြီး လက်ထပ်ခွင့်တောင်းလာသူမဟုတ်လား။ သူ့အပေါ် ပစ်ပစ်ခါခါ လုပ်လိမ့်မည် မဟုတ်ဟု ယုံကြည်လေသည်။ သို့သော် အချစ်၏ လောင်ကျွမ်းမှုက သူ့ရင်ကို လိုက်စားစပြုသည်။

'သိန်းမြရယ်၊ ညည်းဟာ မီးကို ရေနဲ့ငြိမ်းလိုက်သလိုပဲ၊ မာန်မာနတွေ ကျသွားလိုက်တာ၊ ငါဖြင့် အံ့တယ်၊ ငါကတော့ ညည်းနဲ့ ဆန့်ကျင်ဘက် ဖြစ်သွားပြီအေ့၊ ဟိုတစ်နေ့က ညည်းအကြောင်း သွားပုတ်လေလွင့်ပြောတဲ့ ဟိုကောင်မကို အော်ပြောပစ်လိုက်တယ်၊ ဟေ့ သိန်းမြ ဘယ်လောက်ပဲ တစ်ရွာသားကြိုက်ကြိုက် ကိုယ်ကြိုက်လို့ ကိုယ်ယူတာ ဘာဖြစ်

 www.burmeseclassic.com 

သေးလဲ၊ ညည်းတို့သာ လိုချင်တာမရလို့ သဲသဲလှုပ်နေတာ၊ မနာလိုတိုရှည် ဖြစ်နေကြတာလို့၊ ဟင်း၊ ကိုလှခိုင် ရွာရောက်စက ဒင်းတို့ ဝိုင်းကြိုက် နေတာ မသိတာမှတ်လို့’

ထွေးစိန်က ကလေးတစ်ယောက်ရနေသော်လည်း စိတ်ကြမ်း ကိုယ်ကြမ်း မိန်းမကြမ်းကြီး ဖြစ်၍နေသည်။ တောမှာသာ အစဉ်တစိုက် လုပ်ကိုင် စားသောက်ခဲ့ရသည်မို့ မိန်းမကြီးတစ်ယောက်လိုလည်း ဖြစ်၍ နေသည်။ ငယ်စဉ်က စွာသလောက် လောကဓံကို စိတ်ပျက်စပြုနေသော သိန်းမြကို ကြည့်ကာ အားမလို အားမရ ဖြစ်နေလေ၏။

သိန်းမြ ရင်ထဲက ဝေဒနာကိုတော့ သိန်းမြသာ သိသည်။ ကိုလှခိုင် တစ်ယောက် အများပြောသလိုပင် သူ့ကို တဒင်္ဂ စိတ်ဝင်စားပြီး ယခု မေ့နေလေပြီလား။ သူက ကိုလှခိုင်၏ အလာကိုသာ ဇနီးမယား တစ်ယောက် အနေဖြင့် မျှော်လင့်နေမိသော်လည်း ကိုလှခိုင်က ပေါ်မလာပေ။

သိန်းမြဘဝတွင် မိန်းမတစ်ယောက်၏ စိတ်သောကကို ထပ်မံ ခံစားရပြန်လေသည်။

www.burmeseclassic.com

## ၇

ဒုတိယအကြိမ်မြောက် သိန်းမြ ရောက်လာခြင်းသည် ယခင်ကနှင့် အခြေအနေချင်းက များစွာ ကွာခြားခဲ့ပြီ ဖြစ်၏။

ပြည်မြို့ ဆိပ်ကမ်းကို တက်လာကတည်းက သိန်းမြ ရင်တွေလေးလံလျက်ရှိသည်။ သူ ရွာကို ပြန်သွားမိသည်ကိုက မှားသည်လား။ သို့မဟုတ် ယခင်တစ်ခေါက် ပြည်ကိုလာဖို့ ကိုလှခိုင်ကို သူကပင် တိုက်တွန်းမိခဲ့သည်က မှားလေသည်လား။ ဘဝမှာ ယောကျ်ားတစ်ယောက်ကို အားထားရာအဖြစ် သတ်မှတ်မိခြင်းကိုက စပြီး မှားခဲ့လေသလားတော့ မသိ။

ယခုလည်း သည်နေရာကို သူ ရောက်လာရကာမှ မှားမှန်းသိတော့၏။

'အမေရေ၊ ဟောဒီမှာ အစ်မသိန်းမြ လာတယ်'

ကလေးတွေကအော်ဟစ်ခေါ်လိုက်သော်လည်း အဒေါ်က တော်တော်နှင့် ထွက်မလာ။ အခြေအနေက ပြောင်းပြန်လှန်လိုက်သလား

အောက်မေ့ရသည်။ သိန်းမြက ကိုလှခိုင်ကို မျက်စိဒေါင်းတောက်အောင် ရှာကြည့်သော်လည်း မတွေ့။

'ဟင် သိန်းမြ၊ ဩော်၊ သူက ဘယ်သူလဲ'

သိလျက်နှင့် မေးလိုက်ခြင်း ဖြစ်၏။ မောင်လေး မောင်စိန်သောင်းက သိန်းမြ၏ လက်ကို တင်းတင်း ဆုပ်ထားသည်။

'အစ်ကိုကော ဟင် အဒေါ်'

အဒေါ့်မျက်နှာက ယခင်လို ပျားသကာ မဟုတ်တော့။ စိန်နားကပ်ကို လက်ခနဲနေအောင် မျက်နှာကို ခါရမ်းလိုက်သည်။

'မောင်လှခိုင်အကြောင်း မကြားသေးဘဲကိုးကွယ့်၊ အဒေါ်ကလဲ မပြောချင်ပါဘူးကွယ်၊ အလျင်တစ်ခါလဲ သူ့စိတ်နဲ့သူ အိမ်ကထွက်သွား၊ မိန်းမယူနဲ့ သူထင်ရာ သူလုပ်တာ အဒေါ်က မကြည့်ရက်လို့ ပြန်ခေါ်ပြီး ကောင်းရာကောင်းကြောင်း လုပ်ပေးခဲ့ရတယ် မဟုတ်လား၊ ခုလဲ သူ့သဘောနဲ့သူ လုပ်သွားပြန်ပြီလေ၊ ဆေးလိပ်ခုံအလုပ်ကို မလုပ်ချင်တော့ပါဘူးဆိုပြီး အားလုံး လွှဲသွားတယ်၊ လူကတော့ ဘယ်ရောက်နေတယ်မသိ၊ ဟဲ့၊ နင်တို့အစ်ကို နေတဲ့နေရာ သိကြရဲ့လား'

အခြေအနေက များစွာ အံ့သြဖွယ်ဖြစ်နေသည်။ သိန်းမြ ရွာကို ပြန်သွားသည်မှာ တစ်နှစ်မပြည့်တတ်သေး။ ဘာတွေ ဖြစ်ကုန်ပြီနည်း။ အစ်ကိုကကော ဘယ်မှာလဲ။ အစ်ကို့ကို ဘယ်လို ပရိယာယ်တွေနှင့် တိုက်ထုတ်လိုက်လေပြီလဲ။

'ညောင်ပင်ဆိပ်မှာလေ အမေရဲ့၊ ဟိုမိန်းမနောက် လိုက်သွားမှာပေါ့"

ကြားရသည့်စကားတွေက အဆက်အစပ်မရှိလှ။

'ကျွန်မ ဘယ်ကိုလိုက်သွားရမှာလဲ'

BURMESE CLASSIC .com

သူ့ကို နေရာထိုင်ခင်းပင် မပေးတော့သော နေရာမှာ သူဆက်လက် ရပ်တည်နေချင်စိတ်မရှိတော့။ အစ်ကိုနှင့်သာအမြန်ဆုံး တွေ့ချင်နေမိသည်။

'ဟဲ့၊ သိရင်လိုက်ပို့လိုက်ကြ၊ လှေကြုံရှိတယ် မဟုတ်လား'

သိန်းမြသည် ယောင်ချာချာနှင့် သူတို့ညွှန်ရာသို့ လိုက်သွားရလေသည်။ သိန်းမြ၏ ဘဝမှာ ပထမဆုံးအကြိမ် အားငယ်လိုက်သည်ဖြစ်ခြင်း။ မောင်လေးကလည်း ထမင်းဆာလွန်း၍ မျက်ရည်များပင်လည်နေသည်။ လှေပေါ်မှာ မောင်နှမနှစ်ယောက်သား စိတ်ပျက်စွာ လိုက်ပါလာရ၏။ သူ့ကို အားကိုးပြီးလိုက်လာသော ကလေးငယ်ကို အားတင်း၍ ပြန်လည်ဖက်တွယ်ထားမိသည်။ မြစ်ရေအလျဉ်သည် အေးစက်စွာ စီးဆင်းလျက်ရှိ၏။

သိန်းမြသည် ဘဝရေဆန်ကို စတင်လှော်ခတ်ရစပြုလေသည်။

\+ \+ \+

'ဒီအိမ်မှာ ကိုလှခိုင်ဆိုတာများ ရှိသလား'

ညက မှောင်မိုက်လှသည်။ သိန်းမြတို့သည် ခိုကိုးရာကို မတွေ့သေး။ လှေသမားကြီး ညွှန်လိုက်ရာကိုသာ လျှောက်ခဲ့ကြရ၏။ ထမင်းကလည်း ဆာလှပြီ။ သိန်းမြရင်ထဲမှာ လင်ကို တွေ့ချင်ဇောက ထက်သန်နေသည်။ ဘာတွေပဲ ဖြစ်နေ ဖြစ်နေ သူ ကိုလှခိုင်ကို တွေ့ချင်သည်။

မိန်းမတစ်ယောက် တံခါးလာဖွင့်ပေးသည်။ သိန်းမြကိုမြင်တော့ မျက်နှာကွက်ခနဲပျက်ကာ နောက်သို့ အနည်းငယ်ဆုတ်သွားသည်။

'ကိုလှခိုင် ဒီမှာ မရှိဘူး'

သူ့အဖြေက ရေရာခြင်းမရှိ။ သိန်းမြ၏ မျက်နှာကို သေသေချာချာ မြင်ရတော့ ထိုမိန်းကလေးက သနားသွားပုံရသည်။ သူ့ကိုလည်း သိန်းမြ မြင်ဖူးသလိုလိုရှိ၍ စိုက်ကြည့်နေမိ၏။

'ရှင် ရှင်'

'ဟုတ်တယ်၊ ကျွန်မ မအေးစိန်လေ'

ကိုလှခိုင်တို့ ဆေးလိပ်ခုံမှ လုပ်သားတစ်ဦးဖြစ်၏။

'အစ်ကို အစ်ကိုကော ဟင်'

'ကျွန်မ မသိဘူး မသိန်းမြ'

'ကျွန်မ သူနဲ့တွေ့ချင်တယ်၊ ကျွန်မ ရွာကပြန်လာတာ၊ ပြည်ကနေ ဒီကို ဆက်တိုက်လာခဲ့ရတာရှင်၊ ကျွန်မ ထိုင်ပါရစေ'

သိန်းမြမှာ စကားပြောရင်းပင် မောဟိုက်လာသည်။

'ထိုင်ပါ၊ ကျွန်မလဲ ကိုယ်ချင်းစာပါတယ်၊ ဘာက စပြောရမှန်း တောင် မသိဘူး၊ တကယ်တော့ ကျွန်မ အပြစ်ပါ၊ ကျွန်မ သူ့စကားကို နားယောင်မိတယ်'

သိန်းမြသည် အခြေအနေကို ရိပ်စားမိ၏။ သို့သော်လည်း ကိုလှခိုင်ကိုသာ တွေ့ချင်နေသည်။

'ပြောသာပြောသာ၊ ကျွန်မစိတ်ခိုင်ပါတယ်၊ မအေးစိန်ကို သူက သူက'

သိန်းမြ နှုတ်မှ သူ့ယောကျ်ား၏ နာမည်ကို မထွက်ရက်။

'အို၊ ကိုလှခိုင်ကိုပြောတာ မဟုတ်ဘူး၊ အဒေါ်လေ အဒေါ်၊ ဒေါ်လှမေပါ'

'ရှင်'

BURMESE CLASSIC .com

မောင်လေး မောင်စိန်သောင်းသည် မိန်းမနှစ်ယောက်ကို နားမလည်စွာ ငေးကြည့်နေ၏။ သူ့ဗိုက်ကလည်းဆာဆာနှင့် တဖြည်းဖြည်း အိပ်ငိုက်လာသည်။

‘ဒီလိုပါ မသိန်းမြရယ်၊ ကိုလှခိုင်အဖေ ဆုံးပြီးကာစ မသိန်းမြတို့ရွာကို ထွက်မသွားခင် ကျွန်မနဲ့ ကိုလှခိုင်အကြောင်းကို သိသွားပြီး အဒေါ်နဲ့ ကိုလှခိုင်တို့ စကားများကြပါတယ်’

‘ရှင်’

သိန်းမြ ထပ်၍ အံ့သြရပြန်သည်။ အို၊ လူတွေအကြောင်း ရှုပ်ထွေးလွန်းလှချည်လား။

‘ဒီလိုလေ၊ ကျွန်မနဲ့ ကိုလှခိုင်တို့ လူငယ်ဘာဝ ချစ်ခဲ့ကြပါတယ်’

‘ဩော်’

သိန်းမြ ဝမ်းနည်းလာသည်။ အချစ်ဆိုသည့်အကြောင်းကို သိန်းမြမသိခဲ့။ သူအစက မည်သူ့ကိုမျှလည်း မချစ်ခဲ့။ ကိုလှခိုင်ကိုသော်မှ မချစ်ခဲ့မိ။ နောက်မှ တဖြည်းဖြည်း ချစ်လာရခြင်းဖြစ်သည်။ ယခုတော့လည်း အချစ်ဆိုသည်က မခိုင်မြဲပါကလား။ သူ့ကို ကိုလှခိုင်က ချစ်သည်ဟု တစ်သမတ်တည်း ထင်မှတ်ခဲ့ခြင်းသည် မမှန်တော့ပါကလား။

‘ကျွန်မတို့ အနေနီးစပ်လို့လဲဖြစ်နိုင်ပါတယ်၊ ကိုလှခိုင်က ကျွန်မတို့ရွာကို ဆေးလိပ်ပို့ရင်း အမြဲလာရတယ်၊ ဒါနဲ့ အဲဒီအကြောင်း အဒေါ်သိသွားတော့ သဘောမတူဘူးပေါ့၊ အဖေကတော့ သိမသွားရှာပါဘူး၊ ကိုလှခိုင်နဲ့ အဒေါ် စကားများကြပြီး အဒေါ်က ကျွန်မကို သဘောမတူနိုင်တဲ့အကြောင်း ပြောတယ်၊ ကျွန်မနဲ့သာဆိုရင် ကိုလှခိုင်ရဲ့ လုပ်ငန်းတွေကိုလဲ လွှဲမပေးနိုင်ဘူးတဲ့၊ တစ်နည်းနည်းနဲ့ ဖျက်မယ်တဲ့၊ ဒါနဲ့ ကျွန်မက ရှောင်နေပါတယ်၊

BURMESE CLASSIC .com

ကိုလှခိုင်လဲ စိတ်ညစ်ပြီး အိမ်ကထွက်သွားတာ မသိန်းမြနဲ့ အိမ်ထောင်ကျတယ်လို့ သိရတယ်'

'အို'

သိန်းမြရင်ထဲမှာ လောင်ကျွမ်းရပြန်သည်။ အချစ်ကြောင့် သဝန်တိုခြင်း၊ ယူကျုံးမရဖြစ်ခြင်းသည် ပို၍ပင် အခံခက်လှပါတကား။

'နောက် မသိန်းမြတို့ကို သူပဲ အတင်းပြန်ခေါ်တယ် မဟုတ်လား၊ မသိန်းမြတို့လဲ ပြန်ရောက်ရော ကျွန်မကို လာပြန်ခေါ်တာပဲ'

'ဟင်'

သိန်းမြ လောကထဲက လူတွေ၏ ပရိယာယ်ကို ပို၍ အံ့သြရပြန်သည်။

'ကိုလှခိုင်လဲကျွန်မကို ပြန်တွေ့ရတော့ စိတ်မကောင်းဘူးပေါ့၊ ကျွန်မကိုကျတော့လဲ ကိုလှခိုင်က မသိန်းမြကို တကယ်ကြိုက်လို့ယူတာ မဟုတ်ဘူး၊ စိတ်ညစ်နေတုန်း အမိဖမ်းလို့ ယူတာလို့ ပြောတယ်'

'ကြည့်စမ်း၊ သူက ကျွန်မကို ဒီလိုပဲပြောသလား'

သိန်းမြ၏ငယ်စိတ်ငယ်သွေး ပြန်လည်နိုးကြားလာသည်။ သိန်းမြသည် မိမိစိတ်နှင့် ခန္ဓာကိုယ်ကို ထိပါးလျှင် မည်သည့်အခါမျှ ခေါင်းငုံ့ခံခဲ့သူမဟုတ်။ ခန္တီတရားဖြင့် သည်းခံတိုင်းလည်း လူတွေက မရပါကလား။ ရေမြွေလိုနေသည်ကို ရိုက်သတ်ဖို့ကြိုးစားကြသည်။

'ကျွန်မကတော့ မသိန်းမြကို မြင်ကတည်းက သိလိုက်ပါတယ်၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာလဲ ကိုလှခိုင်ကို စိတ်မကုန်လို့ သူပြောတာ အဟုတ်မှတ်မိတယ်၊ မသိန်းမြ ရွာကိုပြန်သွားတော့ ကျွန်မ ကျွန်မ၊ ကိုလှခိုင်ကို ပြန်ပြီး ဆက်သွယ်မိတယ်၊ အဲဒါ ကျွန်မ အမှားပါပဲ'

မိန်းကလေးသည် ငိုစပြု၏။ မိန်းမနှစ်ယောက်လုံး၏ ရင်တွင်းမှာတော့ မီးတောက်လောင်နေကြသည်။

BURMESE CLASSIC .com

'သူက ရှင့်ကိုပြန်ပြီး စိတ်လည်တယ်ဆိုပါတော့'

'ဒီလိုလဲမဟုတ်ပါဘူး မသိန်းမြရယ်၊ သူ မသိန်းမြအပေါ်မှာ သစ္စာရှိပါတယ်၊ သူက မသိန်းမြကို သနားတယ်တဲ့၊ ကျွန်မ ကျွန်မရဲ့ မိုက်မဲမှုကြောင့် သူကျွန်မအပေါ် လွန်ကျူးမိပေမယ့် သူချက်ချက်ချင်းမှားမှန်း သိတယ်၊ သူ ဒါကြောင့် ဒီလိုဖြစ်အောင် ကြံဖန်ပေးတဲ့ အဒေါ်ကိုလဲစိတ်နာပြီး ပြည်က ပြန်ထွက်သွားတာ'

'သူအခု ဘယ်မှာလဲဟင်'

ရင်ထဲက စိတ်မကုန်သေးလေတော့ ပူပန်စွာ မေးမိပြန်သည်။

'မသိဘူး၊ ကျွန်မလဲ ကျွန်မကို ဓားစာခံ အလုပ်ခံရတာသိပြီး ရှက်ရှက်နဲ့ ပြန်လာခဲ့တာ၊ တကယ်တော့ သူ့ကို အဒေါ်က နာလန်မထူ နိုင်အောင် လုပ်တာပဲ၊ သူ့အဖေက လုပ်ငန်းကို သူနဲ့ အဒေါ်နဲ့နှစ်ယောက် နာမည်နဲ့ ထားခဲ့တာ၊ ခု အဒေါ်က အားလုံး အမ်းယူလိုက်တယ်၊ ကျွန်မကလဲ အမ်းပေးလိုက်ဖို့ တိုက်တွန်းမိတယ်၊ ကျွန်မတို့ကို သပ်သပ် တစ်စင်ထောင်ပေးမယ်ဆိုတာကိုး'

အမေ့ဘဝမှာ အကြံပက်စက်သည့် မိန်းမတစ်ယောက်ကြောင့် ပျက်စီးခဲ့ရဖူးသည်။ ယခု သူ့ဘဝသည်လည်း တရားမဲ့လွန်းသည့် မိန်းမ တစ်ယောက်ကြောင့် ပျက်စီးရလေပြီ။

'သူ ရှင့်ဆီကို မလာဘူးလား'

သည်မေးခွန်း မေးရသည်ကို သိန်းမြ ရင်နာလှသည်။

'အစကတော့လာပါတယ်၊ နောက်တော့ မသိန်းမြ ပြန်လာရင် ဒီအကြောင်းတွေသိမှာ သူ ရင်မဆိုင်ရဲဘူးတဲ့၊ မသိန်းမြဟာ အသွင်အေးဆေး တယ် ထင်ရပေမယ့် အလျင်တုန်းက အင်မတန်စိတ်ဆတ်တဲ့ မိန်းမဆိုတာ တစ်ရွာလုံးက ပြောကြတယ်တဲ့၊ ဒါကြောင့် သူမသိန်းမြ လိုက်မလာခင်

BURMESE CLASSIC .com

ထွက်သွားတာပဲ၊ ဘယ်ကိုသွားမယ်လို့လဲကျွန်မကို မပြောဘူး၊ သူရန်ကုန်မှာ အလုပ်တစ်ခုခု လုပ်မယ်ပြောတာပဲ'

သိန်းမြ ဘဝက လမ်းဆုံးပြီ။ ကိုလှခိုင်နှင့် ပြန်တွေ့ရလျှင်ကော ဘာထူးတော့မည်နည်း။ သူ့ကို ပထမဆုံးထား၍လည်း မချစ်၊ နောက်ဆုံးထား၍လည်း မချစ်သောသူတစ်ယောက်နှင့် သူမတွေ့လိုတော့။ သူ့ဘဝမှာ အချစ်ကို ပထမဆုံး သိမှတ်ပေးအပ်ပြီးကာမှ သည်လိုဖြစ်ရသည့်အတွက် အသည်းနှလုံးနာကျည်းလှသည်။

'ဒီလိုဆိုလဲကျွန်မ သွားပါတော့မယ်၊ ဖြစ်သမျှအကြောင်းပေါ့လေ၊ သူ ပြန်လာရင်လဲပြောလိုက်ပါ၊ ကျွန်မဟာ သူတစ်ပါးရဲ့အချစ်ကိုလုယူတဲ့ မိန်းမတစ်ယောက်လဲမဟုတ်၊ သူ ပြောသလို အင်မတန်မာနကြီးတဲ့ မိန်းမ တစ်ယောက်မို့ ဒီကမ္ဘာမှာကျွန်မကို မတွေ့အောင်သာ ရှောင်နေပါတော့လို့ နော်'

'အို မသိန်းမြ၊ မိုးကြီးချုပ်လှပြီ၊ ဒီမှာပဲအိပ်ပါတော့၊ ကလေးလဲ အိပ်ပျော်နေပြီ'

'ကိစ္စမရှိပါဘူး၊ ကျွန်မစီးလာတဲ့လှေက မနက်အစောကြီးပြန်ထွက်မှာ၊ ကျွန်မ လှေပေါ်မှာ သွားအိပ်မယ်'

သိန်းမြသည် မောင်လေးကိုလှုပ်နှိုးကာ ထိုအိမ်မှအမြန်ဆုံး ပြန်လည် ထွက်ခွာလာခဲ့၏။

ညဥ့်သည် မှောင်လွန်းလှချေ၏။

သိန်းမြဆိုသည့် မိန်းမငယ် တစ်ယောက်သည် လူမမည်လေး တစ်ယောက်ကို လက်ဆွဲကာ ထိုအမှောင်ထဲမှာ လျှောက်သွားနေလေသည်။

www.burmeseclassic.com

# ၆

ဘဝခရီးက မှောင်မည်း ကြမ်းတမ်းလှသည်။ သိန်းမြ၏ ဘဝသည် ရေရာခြင်းလည်း မရှိတော့။ တစ်ခါတုန်းက သူ့အမေလို လင်ယောကျ်ားနှင့် ကင်းကွာလျက် ရွာကို မထင်မရှား ပြန်လာရသည်။

တကယ်စင်စစ် သိန်းမြသည် ရွာမှာ နေလိုစိတ်မရှိ။ သို့သော်လည်း လောလောဆယ် သူ့မှာ မည်သို့နေထိုင် လုပ်ကိုင်ရမည် မသိနိုင်သေးပေ။ ဦးလေးသည် ချောင်းတဟွတ်ဟွတ်ဆိုးကာ ရောဂါ၏ ဖိစီးနှိပ်စက်မှုကို ခံနေရလေသည်။။

'သိန်းမြ၊ သမီး၊ ဦးလေးတို့ကို မငဲ့နဲ့၊ သမီးဘဝအတွက်အဆင်ပြေ မယ့် အလုပ်ကိုသာ လုပ်ပါကွယ်၊ ဦးလေးအခြေအနေကိုလဲ ဦးလေး သိတယ်၊ ဦးလေး ဒီရွာမှာပဲခေါင်းချမယ်'

'ဦးလေးကတော့ သိန်းမြဘဝ တိုးတက်ရေးအတွက် တစ်ခုခု လုပ်စေချင်သည်။ သူ့ကိုငဲ့ညှာ၍ သိန်းမြဘဝ နစ်မွန်းမှာစိုးသည်။

'ကျွန်မ ရန်ကုန်ကိုသွားချင်တယ် ဦးလေး၊ မြောက်ဥက္ကလာက ဒေါ်ချစ်တို့ဆီမှာနေပြီး အရောင်းအဝယ်လေးဘာလေး လုပ်ချင်တာပဲ၊

မောင်လေးကိုလဲခေါ်ထားပြီး ကျောင်းထားမယ်၊ ဦးလေးကိုလဲ စိတ်တော့ မချဘူး’

‘စိတ်ချ သမီး၊ သမီး ဒီရွာမှာမနေချင်ဘူးဆိုတာ ဦးလေးသိတယ်၊ ဦးလေးကတော့ နေလို့ဖြစ်တယ်၊ ရှိတဲ့ လယ်ကလေးတွေနဲ့ ဦးလေး တစ်ယောက်ကတော့ စားလောက်တယ်၊ ကိုအောင်သူတို့လဲ ရှိသားပဲ’

သိန်းမြသည် သူ့ဘဝကို တစ်နည်းတစ်ဖုံပြောင်းပစ်ရန် စိတ်ကူးမိလေသည်။ သည်ရွာမှာနေသမျှ သူ့ရင်ထဲက ဝေဒနာကလည်း ပြေပျောက်ခြင်း မရှိ။ အမေ့အတွက် သောကမပြေပျောက်သေးခင် လင်ယောကျ်ားအတွက် ရှက်ခြင်းနှင့် ဝမ်းနည်းခြင်း ဝေဒနာကိုပါ ထပ်လောင်းခံစားနေရသည်။ သည်အတွက် သူ သည်နေရာမှ ဝေးဝေးသို့လွင့်ကာ ဘဝသစ်ကို ထူထောင်ချင်သည်။

သိန်းမြသည် နောက်ဆုံး ယတိပြတ် ဆုံးဖြတ်လိုက်ကာ လယ်ကွက် အချို့ကို ရောင်းလိုက်လေသည်။ ထို့နောက် မောင်လေးစိန်သောင်းကို လက်ဆွဲကာ ရန်ကုန်သို့ထွက်ခဲ့လေ၏။ သိန်းမြဘဝမှာတစ်ယောက်တည်း ပထမဆုံးအကြိမ် စွန့်စားမိပြန်သည်။

ဒေါ်ချစ်အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော သိန်းမြကို ဒေါ်ချစ်က ရုတ်တရက် မမှတ်မိ။

‘ကျွန်မ မသိန်းမြလေ အဒေါ်’

‘ဟဲ့ အို ဆရာလေး၊ အဲလေ မဟုတ်ပါဘူး၊ မသိန်းမြ ဘယ်လိုဖြစ်လာတာလဲဟယ်၊ မှတ်ကို မမှတ်မိဘူး၊ ဒါကကော ဘယ်သူလဲ ညည်းကလေးလား’

BURMESE CLASSIC .com

သိန်းမြ၏ ရုပ်သွင်ကလည်း ယခင်လိုမဟုတ်တော့။ ယခင်က ဖြူဖြူစင်စင် သီလရှင်ဘဝ။ ယခုတော့ ဘဝအတွေ့အကြုံကို တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ပြီ။

'ကျွန်မကလေး မဟုတ်ပါဘူး၊ အမေ့သားလေး၊ ကျွန်မ မောင်လေး ပေါ့'

ဒေါ်ချစ်မျက်နှာသည်လည်း စိတ်မကောင်းဟန် ပေါ်လွင်သွားသည်။

'သြော် အေး အေး၊ မငွေမှုံတစ်ယောက်ဆုံးတာ ကြားလိုက်ရတယ်၊ နောက်၊ ညည်းအိမ်ထောင်ကျတာလဲသိတယ်၊ အခုကော ဘယ်လိုလဲ'

သိန်းမြကို အကဲခတ်ရုံနှင့် အခြေအနေမဟန်ကြောင်း သိသာနေသည်။ သိန်းမြသည် သူ့အကြောင်းကို အကျဉ်းရုံး ပြောပြရလေသည်။

'အဲဒါပါပဲ အဒေါ်ရယ်၊ ကျွန်မလဲ ဒီကလေးကိုကျောင်းထားရင်း ရှိတဲ့ငွေကလေးနဲ့ အရောင်းအဝယ်ကလေး လုပ်ရကောင်းမလားလို့'

ဒေါ်ချစ်က သံဝေဂရစွာပဲ ခေါင်းတဆတ်ဆတ်ညိတ်သည်။

'သြော် သိန်းမြ သိန်းမြ၊ ဒီမှာ သီလရှင်ဘဝနဲ့တုန်းက စိုစိုပြည်ပြည် ကျက်သရေရှိပါဘိ၊ ဘဝကလဲ အေးအေးချမ်းချမ်း၊ ခုတော့ ဒုက္ခသည် မကြီးကိုဖြစ်လို့၊ ဒါကြောင့် ပြောတာပေါ့၊ ညည်းအမေက ညည်းကို အေးချမ်းရာမှာ ထားခဲ့ချင်တယ်ဆိုတာ'

သိန်းမြသည်လည်း သူ့ဘဝကိုသူ သိမြင်စပြုသည်။ လူ့လောကမှာ သူ မာန်မာနတွေချပြီး နေခဲ့ရသော်လည်း ဘာမျှအဆင်မပြေပါကလား။ လူ့ဘဝကြီးကိုက ရှုပ်ထွေးနေလို့ပဲလား၊ သူ့ဘဝက မကောင်းလို့ပဲလားတော့ မသိ။

'အခုတော့ ကျွန်မတစ်ယောက်တည်း လွတ်ရာရုန်းချင်ပေမယ့် မရတော့ဘူး အဒေါ်၊ ဒီကလေးတာဝန် ကျွန်မမှာ ရှိနေပြီ၊ ဦးလေးကလဲ

BURMESE CLASSIC .com

လူမမာဒုက္ခိတဆိုတော့ သူ့ကိုမထားခဲ့ရက်ဘူး၊ ပြီးတော့ သူ့ကို ယောကျ်ား လေးဆိုတော့ ကောင်းကောင်းမွန်မွန် ထွန်းထွန်းပေါက်ပေါက် ဖြစ်စေ ချင်တယ်'

ယခုတော့ လူတစ်ယောက်က အခြားသူတစ်ပါးအတွက် အသက်ရှင် ရသည်ဆိုသည့် သဘောကိုလည်း သိန်းမြ သဘောပေါက်ခဲ့ပြီ။

'အေးလေ၊ ဖြစ်လာမှတော့ အဆင်ပြေအောင်လုပ်ရမှာပေါ့၊ ငါတို့မှာ ရွှေမှုံတို့ကျေးဇူးလဲ ရှိပါတယ်အေ'

'ကျေးဇူးပါပဲ အဒေါ်ရယ်'

\+ \+ \+

'မသု၊ မသု မဟုတ်လား ဟင်'

သိန်းမြသည် ခေါင်းကို ငုံ့သည်ထက်ငုံ့ထားမိသည်။ ခရမ်းချဉ်သီး များကို ချိန်ခွင်ခွက်ထဲသို့ ထည့်နေသည့် လက်များသည်လည်း တဆတ်ဆတ် တုန်လာသည်။

'မသုရယ် ကျွန်မတို့ကို ကြည့်ပါဦး'

သိန်းမြသည် ခရမ်းချဉ်သီးများကို ဝယ်သူ၏ ဆွဲခြင်းထဲသို့ သွန်ထည့်လိုက်ပြီး ခေါင်းကို မော့်လိုက်သည်။ သူ့နှုတ်ခမ်းများ တုန်ယင်နေ သည်။

'ဆရာလေး မခေမာဝတီ၊ ကျွန်မ မသုခမ္မစာရီ မဟုတ်ဘူးလေ၊ သိန်းမြပါ'

မခေမာဝတီသည် မောင်းထောင်ချိုင့်ကိုပိုက်လျက် သိန်းမြရှေ့မှာ ခြေစုံရပ်နေဆဲဖြစ်၏။

BURMESE CLASSIC .com

'ဪ မသိန်းမြရယ်၊ ဝမ်းသာလွန်းလို့ ရုတ်တရက် ယောင်သွားတယ်၊ မသိန်းမြကိုတွေ့ရတာ ဝမ်းသာလိုက်တာ၊ သိပ်သတိရတာပဲ၊ ခုတလောတောင် အိပ်မက်တွေ မက်မက်နေတယ် မသိန်းမြရယ်၊ အိပ်မက်ထဲမှာ မသု အဲ၊ မသိန်းမြကို မသုအဖြစ် သီလရှင်အဝတ်နဲ့ မြင်ရလို့ ဝမ်းသာလိုက်တာ မပြောနဲ့'

မခေမာဝတီသည် တကယ်ပင် လှိုက်လှိုက်လှဲလှဲပြောနေလေသည်။ မကြာခင် အခြားဆရာလေးများလည်း နောက်က ရောက်လာကြသည်။ အလှူခံရန်ခြေစုံရပ်လိုက်ကာမှ သိန်းမြကို မြင်သွားကြသည်။ သို့သော် ရုတ်တရက် မမှတ်မိ။

'မသုရယ်လေ'

မခေမာဝတီက ပြောလိုက်မှ သူတို့ ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ သိန်းမြကတော့ စကားပြောဖို့ကြိုးစားသော်လည်း မည်သည့်စကားမျှ ထွက်မလာ။ ယခုမှပင် ဝမ်းနည်းစိတ်က လှျံတက်လာသည်။ ရင်ထဲမှာ တစ်ဆို့နေသည်။

'မသိန်းမြ ဒီဈေးမှာရောင်းနေတာ ကြာပလား၊ ခုမှပဲတွေ့ရတယ်'

'တင်ပါ၊ တပည့်တော် ဈေးရောင်းတာ မကြာသေးဘူး၊ ဆရာလေးတို့ ဒီဘက်ကိုကြွမှာပဲလို့ သီလရှင်လေးတွေ မြင်တိုင်း ကြည့်နေမိတာ'

'ဒါနဲ့တောင် တွေ့တော့ နှုတ်မဆက်ဘူး မသိန်းမြရယ်'

သိန်းမြ မချိပြုံးလေး ပြုံးမိပြန်သည်။

'တပည့်တော်ဆရာလေးတို့ကို သိပ်တွေ့ချင်ပါတယ်၊ တွေ့တော့လဲ ဝမ်းနည်းလွန်းလို့'

'ဖြစ်ရလေ မသိန်းမြရယ်၊ ခု အိမ်ထောင်ကော ကျနေပြီလား'

သိန်းမြ တံတွေးကို မြိုချမိပြန်သည်။

'ဆိုပါတော့'

သိန်းမြသည် အညစ်အထေး စွန်းထင်းခဲ့သော သူ့ဘဝဇာတ်ကြောင်းကို သီလရှင်လေးများအား ပြောမပြချင်ပေ။

'ဈေးလယ်ခေါင်မှာလဲ စကားရပ်ပြောလို့ မသင့်ပေဘူး၊ မသိန်းမြလဲ ဈေးရောင်းပျက်တယ်၊ ကျောင်းတိုက်ကို လာခဲ့စမ်းပါ၊ ဒေါ်ကြီးဘုရားကလဲ မသု လူထွက်သွားတာ နှမြောလှချည့်လို့ မကြာ မကြာ ပြောနေတယ်၊ လာတွေ့လှည့်ပါဦး'

'တင်ပါ၊ တပည့်တော် လာခဲ့ပါ့မယ် ဘုရား'

မခေမာတို့မှာ တစ်ယောက်တစ်လှည့်နှုတ်ဆက်ကြပြီး သူတို့ခရီး သူတို့ဆက်ရန် ပြင်ကြရသည်။

'ကဲ သွားမယ် မသုရယ်၊ ကျွန်မကတော့ မသုလို့ပဲ ခေါ်ချင်တယ်'

မခေမာဝတီက နှုတ်ဆက်သည်။

'တပည့်တော် ဒီအသီးအရွက်တွေ လှူလိုက်ပါရစေဦး ဘုရား'

သိန်းမြက သူ ရောင်းနေသော ဟင်းသီးဟင်းရွက်များကို မောင်းထောင်ချိုင့်တွေထဲ ထည့်ပေးသည်။

'တော်လောက်ပါပြီ မသုရယ်၊ ကျောင်းကို ဆက်ဆက်လာခဲ့ပါ၊ ယခုလှူရသော ဒါနပါရမီကြောင့် ကျန်းမာ ချမ်းသာ၍ အနာရောဂါ ကင်းရှင်းပါစေ၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပြီး သိန်းဆုကြီးလဲ ပေါက်ပါစေနော်'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘုရား'

www.burmeseclassic.com

# ၇

'မောင်လေးရယ်၊ မင်းအတွက် အစ်မ ရန်းကန်ရှာဖွေပေးနေတာ၊ မင်းဟာ အမေရဲ့ ကိုယ်ပွားပဲ၊ ပညာကို ကြိုးစားသင်နော်၊ မင်းသာ တစ်နေ့ ပြည့်ပြည့်စုံစုံဖြစ်ရင် အစ်မ သီလရှင်ဘဝကို ပြန်သွားတော့မယ်'

သိန်းမြသည် သူ့ရင်ထဲမှာ ကိန်းအောင်းဖြစ်ပေါ်နေသည့်အတိုင်း ပြောမိလေသည်။

'အစ်မကလဲ ကျွန်တော်ကြိုးစားပါ့မယ်၊ အစ်မ သီလရှင်တော့ ပြန်မဝတ်ပါနဲ့ဗျာ၊ ကျွန်တော် တစ်သက်လုံး လုပ်ကျွေးပါ့မယ်'

စိန်သောင်းကလူငယ်ပီပီ တက်ကြွစွာပြောတော့ လောကအကြောင်း သိခဲ့ပြီဖြစ်သော သိန်းမြက ခပ်ယဲ့ယဲ့ ပြုံးသည်။

'လူ့ဘဝမှာ ဘာကိုမှ ပုံသေကားကျ တွက်ထားလို့မရဘူး မောင်လေး၊ ကိုယ်မျှော်လင့်သလို ဖြစ်ချင်မှ ဖြစ်တတ်တာ၊ မမျှော်လင့်တာ တွေလဲဖြစ်လာတတ်တာပဲ၊ ဒါကြောင့် ကိုယ့်ဘက်က သေချာတာတစ်ခုက ကြိုးစားဖို့ပဲမောင်လေး၊ ကိုယ် ကြိုးစားထားတာ ကိုယ့်ဘက်က ဝတ္တရား၊ ဖြစ်တာမဖြစ်တာက တစ်ပိုင်း'

 www.burmeseclassic.com 

'ကျွန်တော် နားလည်ပါတယ် အစ်မရယ်'

'အေး၊ မင်းဟာ ယောကျ်ားလေးပဲ၊ အစ်မအနေနဲ့ မင်းဟာ မောင်လဲဟုတ်၊ သားဆိုလဲဟုတ်တယ်၊ မင်းအတွက် အစ်မ ရပ်တည်ပေးနေတာ၊ လူ့ဘဝမှာ ခွဲမလျှော့ပါနဲ့ကွယ်၊ အမေဟာ သတ္တိရှိတဲ့ မိန်းမတစ်ယောက်၊ ဘဝမှာ သူမျှော်လင့်သလို ဖြစ်မလာပေမယ့် သူ စိတ်မပျက်ခဲ့ဘူး၊ သေတဲ့အထိ အလုပ်လုပ်သွားတယ်'

'ကျွန်တော်သိပါတယ် အစ်မရယ်'

သိန်းမြတို့ မောင်နှမနှစ်ယောက် ကြိုးကြိုးစားစား ရှာဖွေခဲ့၍ အိမ်လုံးတစ်လုံး သပ်သပ်ငှားနေနိုင်ခဲ့သည်။ သိန်းမြ မြောက်ဥက္ကလာဈေးမှာ လမ်းဘေးဈေးသည်မှသည် ဆိုင်လေးကနားလေးနှင့် ဖြစ်လာခဲ့သည်။ စိန်သောင်းက သိန်းမြကိုကူရင်း ကျောင်းကိုလည်းတက်၏။ ဦးလေးကိုတော့ ခေါ်ယူ၍ မရသဖြင့် လူကြုံနှင့် ငွေလေး စားစရာလေး ပို့ပေးရလေသည်။ သို့သော် ဦးလေးမှာ လယ်ကွက်ကလေးတွေရှိနေ၍ သူ့တစ်ဝမ်းတစ်ခါး စားလောက်သည်။

ယခု သိန်းမြသည် ရင့်ကျက်သော မိန်းမကြီးတစ်ယောက်ဖြစ်နေလေပြီ။ အရာရာကို လောကဓံတရားနှင့်ယှဉ်၍ စဉ်းစားဝေဖန်တတ်လာသည်။ သို့သော် သိန်းမြသည် အမေ့သတ္တိလေးပါလာ၍ ခွဲကိုတော့ မလျှော့။ သေသည်အထိ သူအလုပ်လုပ်သွားမည်။ သို့သော် သူ့ ဘဝ၏ နောက်ဆုံးပန်းတိုင်ကိုတော့ သူ့ရင်ထဲမှာ သိမ်းဆည်းထားသည်။

အချိန်ကာလသည် ရေတံခွန်မှ စီးဆင်းကျသွားသော ရေများအလား တရိပ်ရိပ် ကုန်ဆုံးသွားလေသည်။ သိန်းမြသည် ဘဝနှင့်ပတ်သက်၍လည်းကောင်း၊ အချစ်နှင့်ပတ်သက်၍ လည်းကောင်း ရင့်ကျက်လာခဲ့ပြီ

BURMESE CLASSIC .com

ဖြစ်သော်လည်း အမေ့ အကြောင်းနှင့် ကြင်နာမြတ်နိုးခဲ့ရသော ခင်ပွန်း အကြောင်းကို တွေးမိလျှင်တော့ ရင်ထဲမှာ နာကျင်ဆဲပင်။

သူ့မှာရှိသမျှ အင်အားလေးနှင့် ကြိုးပမ်းထူထောင်ရာမှ အခြေတကျ ဖြစ်လာတော့ မသိန်းမြ မသိန်းမြနှင့် လူလတ်ပိုင်း လူကြီးပိုင်းမှ ယောကျ်ား များက မျက်စိကျလာသည်။ ဒါကို သိန်းမြက သိသော်လည်း သိန်းမြက ရင့်ကျက်ခဲ့ပြီ။ သိန်းမြနှင့် အမေသည် ဘဝကို စတင်ရင်ဆိုင်ရပုံချင်း တူသော်လည်း အဆုံးနိဂုံးမှာတော့ မတူစေရဟု သိန်းမြ ဆုံးဖြတ်ထားလေ သည်။

'မသိန်းမြရယ်၊ အရွယ်ကလေးကလဲရှိတုန်း သင့်တော်ရာ ယူလိုက် ပါလား၊ ပွဲစားလေး ကိုစိန်အောင်ဆိုရင် မဆိုးပါဘူး၊ အဒေါ်ကို လာလာ အပူကပ်ပြုတာ ကြာပြီ'

ဒေါ်ချစ်တို့က ဝတ္တရားရှိသည့်အတိုင်း ပြောလာသော်လည်း သိန်းမြ နှုတ်ဆိတ်၍ နေသည်။

'ဘာလဲ ညည်းက မောင်လှခိုင်ကို မျှော်လင့်နေတုန်းလား၊ ချင်းစိမ်း နဲ့ မိတ်သလင်ပေါ့အေ၊ သူကမှ ကိုယ့်မကြင်နာလို့ ဖောက်လွဲဖောက်ပြန် လုပ်သွားတဲ့ဟာ'

သိန်းမြက ပြုံးလျက်ပင် ခေါင်းခါသည်။

'အမေသာ ဒုက္ခတောကို နှစ်ခါ သုံးခါ ပြန်တိုးပေမယ့် ကျွန်မ ပြန်မတိုးဘူး ဒေါ်ချစ်'

သိန်းမြက အသိနှင့်ယှဉ်၍ ပြောသော်လည်း သိန်းမြစကားကို သိပ်မယုံကြ။ သိန်းမြကလည်း တစ်ချိန်ကတော့ ဒုက္ခကိုပင် ဒုက္ခဟု မထင်ခဲ့။ လူ့ဘဝထဲ ဇွတ်အတင်းပြန်ဝင်ခဲ့သူ မဟုတ်လား။

 www.burmeseclassic.com 

BURMESE CLASSIC .com

သို့သော် သိန်းမြက အေးချမ်းစွာပင်နေသည်။ အေးချမ်းစွာနေလျက်ကပင် ဒုက္ခတွေ မကုန်စင်သေးလေတော့ မမျှော်လင့်သောနေ့မှာ ဦးလေးကိုသောင်းဖေ ဆုံးသွားကြောင်း သတင်းကို ကြားရလေသည်။

'အစ်မ၊ အဖေသေပြီတဲ့ဗျ၊ ဟီး ဟီး၊ ကျွန်တော့်အဖေသေပြီ၊ ဘယ်လိုလုပ်ကြမလဲ အစ်မရယ်၊ ရန်ကုန်ကိုခေါ်တော့လဲလိုက်မနေ၊ အမေ့ကို စွဲလမ်းစိတ်နဲ့ တောမှာ ပေနေတာ ခုတော့ အဖေ သေပြီဗျ'

မောင်လေးစိန်သောင်းက လူငယ်ပီပီ ချုံးချ၍ငိုတော့၊ အို အမေ သေတုန်းက ငါ ပူဆွေးခဲ့တာ ဒီထက်မကပါလားဟုတွေးရင်း ကရုဏာသက်ရ၏။ မောင်လေးကိုချော့ကာ ရွာသို့အမြန်ဆုံးပြန်လာသော်လည်း ဦးလေးကိုသောင်းဖေ၏ မြေပုံကိုသာ ကန်တော့လိုက်ကြရသည်။

သေခြင်းတရား ဆိုတာလည်း ကြုံရဖန်များ၍ သိန်းမြရင်မှာ အေးစက်လျက်ရှိပြီ။

'အားတင်းစမ်းပါ စိန်သောင်းရယ်၊ မင်းအဖေကို တို့များ နီးနီးကပ်ကပ် မပြုစုခဲ့ရပေမယ့် တို့ရှာဖွေရသမျှ ပို့ပေးခဲ့ရလို့ ကျေးဇူးလေး နည်းနည်းဆပ်ခဲ့ရပါသေးတယ်၊ အမေသာ အစ်မတို့လုပ်စာကို တစ်ပြားမှ စားမသွားရတာကွယ့်'

တရားနှင့်ဖြေသော်လည်း အမေနှင့်တကွ အဆင်မပြေလှသော ဘဝအကြောင်းတွေကို တွေးပြီး သိန်းမြ မျက်ရည်ကျသေး၏။ သူတို့အမျိုးထဲမှာ အသက်ရှည်လှသော ဘကြီးအောင်သူကိုသာ လယ်တွေလွှဲပြီး ပြန်ခဲ့ကြရတော့သည်။ ဘကြီးအောင်သူက ဘဝမှာ ကျရာနေရာမှာနေပြီး အေးအေးချမ်းချမ်း နေတတ်စားတတ်သူမို့ အသက်ရှည်လေသလား မပြောနိုင်ပေ။

သိန်းမြကတော့ ဘဝမှာ သူ့အတွက် မဟုတ်တော့သော်လည်း အခြား လူသားတစ်ယောက်အတွက် ဆက်လက်ရုန်းကန်နေလေသည်။

www.burmeseclassic.com

# ၈

'တပေါင်းလပြည့်တိုင်း ကျောင်းကို သတိရပါတယ် မခေမာရယ်၊ ဘဝ အကြောင်းတွေက နိမ့်ချည်မြင့်ချည်နဲ့ ရှန်းကန်ရလွန်းလို့ ကျောင်းဘက်ကို ခြေဦးမလှည့်နိုင်တာ၊ သည်တစ်ခါ အမှတ်တရ လာခဲ့တာပါ'

သိန်းမြသည် တကယ့်မိန်းမကြီးတစ်ယောက်လို လှူဖွယ်ဝတ္ထု တစ်ပွေ့တစ်ပိုက်နှင့် ကျောင်းတိုက်ကို ရောက်လာတော့ သီလရှင်လေးများ အားလုံး ဝမ်းသာအားရ ဝိုင်းအုံလာကြသည်။ ယောဂီတဘက်ကို ပခုံးထက် တင်ထားသော သိန်းမြသည် ယခင်လို စိတ်လွတ်ကိုယ်လွတ် ပြောတတ် ဆိုတတ်သော မိန်းမငယ်မဟုတ်တော့။ ရတနာသုံးပါး ကိုင်းရှိုင်းရှိသေကာ ဝပ်စင်းရိုကျိုးသော အလှူဒါယိကာမကြီး ဖြစ်၍နေသည်။

မခေမာတို့၊မစန္ဒာတို့မှာ အကြီးတန်းကို ဖြေဆိုနေကြပြီ။ မမာလာတို့ အစ်မကြီး မဣန္ဒာတို့လည်း ဓမ္မာစရိယတန်းကို ရောက်သူရောက်၊ စာချ ပုဂ္ဂိုလ်တွေ ဖြစ်သူဖြစ်ဖြင့် ဘဝ၏ အောင်မြင်မှုတွေ ဝေဆာ၍နေလေသည်။

BURMESE CLASSIC .com

'သိပ်ဝမ်းသာစရာကောင်းတယ် သိလား၊ ဒီနှစ်ဒီကျောင်းက အောင်တဲ့လူလဲများတယ်၊ ဆုလဲရကြတယ်၊ ခုဆိုရင် သီလရှင်တွေလဲ အင်္ဂုတ္တိုရ်အထိ သင်နိုင်ခွင့်ရပြီ၊ နောက်ဆို အစိုးရကလဲ တောင်တန်းဒေသတွေကို သာသနာပြုလွှတ်မယ်တဲ့'

မခေမာက တက်ကြွစွာပြော၏။ သူတို့တစ်တွေကား မိမိယုံကြည်ရာပန်းတိုင်ရောက်အောင် တည်တည်ငြိမ်ငြိမ် ဇွဲရှိရှိဖြင့် ကြိုးစားနိုင်ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များပင်တည်း။ သိန်းမြက ဝမ်းမြောက်စွာ သာဓုခေါ်မိသည်။

'မခေမာကကော ဘာများလုပ်မယ် စိတ်ကူးသလဲ'

'အစ်မလား၊ အစ်မက အမေ့ဇာတိ အညာအရပ်ကိုပြန်ပြီး မိဘမဲ့ကလေးထိန်းကျောင်းဖွင့်မယ် စိတ်ကူးတယ်၊ ဗုဒ္ဓစာပေ သင်ကြားပေးပြီး သာသနာလဲပြုမှာပေါ့'

'သာဓုပါ မခေမာရယ်၊ ဝမ်းသာလိုက်တာ'

'မသိန်းမြကော အစစ အဆင်ပြေရဲ့လား'

'တင်ပါ၊ ပြေပါတယ်ဘုရား'

'ဒေါ်ကြီးဘုရားတို့ကို နှုတ်ဆက်ချည်ပါဦး'

'တင်ပါ'

ဒေါ်ကြီးဘုရားတို့က သိန်းမြကို ရုတ်တရက် မမှတ်မိ။ သိန်းမြက ဖွင့်၍ပြောမှ ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ သိန်းမြမှာသာ ဘဝအတွေ့အကြုံတွေဖြင့် ရင့်ရော်ခဲ့သော်လည်း ဆရာကြီးဘုရားတို့၊ ဒေါ်ကြီးဘုရားတို့ကတော့ သီလတန်ခိုးဖြင့် နုပျိုတက်ကြွဆဲ။ ဘာသာ သာသနာအရေးမှာ စိတ်အားထက်သန်စွာ ဆောင်ရွက်ဆဲ။ ကျောင်းတိုက်မှာ

BURMESE CLASSIC .com

စာသင်သားတွေတိုးပြီး တစ်နှစ်ထက်တစ်နှစ် သီလရှင်ဝတ်ပွဲကြီးက ပိုစည်ကားလာသည်ဟု သိရသည်။

အချို့သော တိုင်းတစ်ပါးသားတွေထင်သလို သီလရှင်ဝတ်သူတိုင်း စားရမဲ့၊ သောက်ရမဲ့၍ လွယ်ကူသောဘဝသို့ ကူးပြောင်းလာသည်ချည်း မဟုတ်။ လင်သေ သားဆုံး၍ ဒုက္ခရောက်မှ သီလရှင်ဝတ်သူတွေလည်း မပါဝင်ပေ။ ငယ်ငယ်ရွယ်ရွယ် စာသင်၍အကောင်းဆုံးကာလမှာ ဗုဒ္ဓ၏ စာပေကျမ်းဂန်တွေကို လေ့လာသင်ကြားပြီး သာသနာအကျိုးဆောင်ရွက်ရန် ရောက်လာသော ငယ်ဖြူတွေနှင့် ပြည့်လို့နေသည်။

ကျောင်းတိုက်ကြီး၏ အလှူပွဲမှာလည်း တစ်နှစ်ထက်တစ်နှစ် ခြိမ့်ခြိမ့်သဲသာတည်း။

မသိန်းမြခေါ် ဒေါ်သိန်းမြသည် ယခင်က သူစာအောင်စဉ် ဆုယူခဲ့သော စင်မြင့်ပေါ်မှာ ဆုပေးဒါယိကာမကြီးအဖြစ် ကျုံ့ကျုံ့ထိုင်လိုက်သည်။

ထိုအချိန်မှာ အသံချဲ့စက်က ကြေညာသည့်အတိုင်း သီလရှင်လေး တစ်ပါး သူ့ရှေ့ရောက်၍လာသည်။ အသက် ဆယ်နှစ်ကျော်သာ ရှိသေးသော သီလရှင်လေး။ သူ့အမည်က မသုမေ့စာရီဆိုပါလား။

ဆုငွေကိုလှမ်းပေးလိုက်သောမသိန်းမြ၏ လက်သည် တဆတ်ဆတ် တုန်လာသည်။ ရင်ထဲမှာလည်း တလှပ်လှပ်ခုန်လာသည်။

သူ့ရှေ့မှ သီလရှင်လေးသည် ဆုငွေကိုပိုက်ပြီး ပြုံးရွှင်လန်းဆန်းစွာ ထွက်ခွာသွား၏။ အို၊ သူ့တုန်းက သည်လိုမရှိခဲ့ပါကလား။

ဘာကြောင့်များ ငြိမ်းချမ်းခြင်းကို စွန့်ခွာခဲ့ပါသလဲ မသုမေ့စာရီ။

www.burmeseclassic.com

# ၄

'အစ်မကို တွေ့ချင်လို့တဲ့ ဆိုင်မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်'

နှလုံးမသာမယာ၊ ရင်ထဲမှာ နွမ်းလျခဲ့တာလည်းကြာပြီ။ မသိန်းမြသည် ဘဝမှာ အခြေလေးကျပြီဟု ဆိုလောက်သည်မို့ လောဘလည်း မထားတော့။ မောင်နှမနှစ်ယောက် စားလောက်သရွေ့ရှာ၊ ချွေချွေတာတာ စုဆောင်းနေခဲ့သည်။ မောင်လေးက ဆယ်တန်းအောင်၍ သူ့ဘဝအတွက် တစ်ဆင့်အေးရပြီ ဖြစ်၏။ ယခု မသိန်းမြသည် ဆိုင်ကို တပည့်လက်သားနှင့် လွှဲ၍ ထားနိုင်ပြီ။

'ငါ လာခဲ့မယ် မောင်လေး'

ရွာက လယ်အကြောင်း၊ ယာအကြောင်း သတင်းစကားပြောမည့် ဧည့်သည်တွေပဲဟုထင်မှတ်ကာ ကပိုကရို ထွက်လာမိ၏။ ဧည့်သည်ကို မြင်တော့ သိန်းမြ ခြေလှမ်းများ တုံ့သွားသည်။ ဧည့်သည်မဟုတ်သော ဧည့်သည်ပါတကား။

BURMESE CLASSIC .com

'အစ်ကို'

'သိန်းမြ တိုးတိုးရေရွတ်မိသည်။ ဟုတ်ပါသည်။ သူခေါ်ခြင်းမဟုတ်။ ရေရွတ်မိခြင်းသာ ဖြစ်သည်။ 'အစ်ကို' ဟူသော ဝေါဟာရသည် သူ့ဘဝတွင် အမြတ်နိုးဆုံး၊ အနူးညံ့ဆုံး ခေါ်ခဲ့ရသော အမည်ဖြစ်၏။

'သိန်းမြ'

ကိုလှခိုင်သည် သူ့ရှေ့သို့ ဖြည်းလေးစွာ လျှောက်လာသည်။ သိန်းမြ မတုန်မလှုပ်ရပ်ကြည့်နေမိသည်။ ကိုလှခိုင်က သူ့ရှေ့က ကုလားထိုင်မှာ ဝင်ထိုင်သည်။

သိန်းမြ မျက်စိထဲမှာ မှောင်မိုက်သော ညတစ်ညကို သတိရမိသည်။ မောင်လေး စိန်သောင်းကို လက်ဆွဲကာ ဝမ်းထဲက ဆာလောင်မွတ်သိပ်စွာဖြင့် အမှောင်ထဲမှာ လျှောက်လာခဲ့ရသော ည။ ဘဝမှာ ဒုက္ခအရောက်ဆုံး ည။

'သိန်းမြ အစ်ကို့ကို စကားမပြောတော့ဘူးလား'

ကိုလှခိုင်အသံကညင်သာဆဲပင်။ တကယ်တော့သူသည် သိန်းမြ၏ တရားဝင်ယောကျ်ားအဖြစ် တည်ရှိနေဆဲပါတကား။ အချိန်ကာလကား ကြာခဲ့ပြီ။

'ကျွန်မ၊ ကျွန်မမှာ ပြောစရာမရှိပါဘူး'

သိန်းမြ အသံသည် အံ့ဩဖွယ် တည်ငြိမ်နေသည်။

'အစ်ကို့ကို စိတ်နာနေသလား'

'ကျွန်မ ဘယ်သူ့ကိုမှ စိတ်မနာဘူး'

ကိုလှခိုင် သူ့နေရာမှာပင် ပြင်၍ ထိုင်သည်။

'အစ်ကို သိန်းမြ ရန်ကုန်ရောက်နေတယ်ဆိုတာ သိကတည်းက ရှာနေခဲ့တာ'

သိန်းမြ ဘာမျှ ပြန်မပြော။

'တကယ်တော့ အစ်ကို့အပြစ်နဲ့အစ်ကို ရှောင်ပြေးနေခဲ့မိတာပါ သိန်းမြရယ်၊ မထင်မှတ်တာတွေ ဖြစ်ခဲ့ရတယ်'

သိန်းမြ စကားပြောဖို့ ကြိုးစားရသည်။

'လူ့ဘဝမှာ မထင်မှတ်တာတွေ ဖြစ်တတ်ကြစမြဲပါပဲ'

အမှန်ကန်ဆုံးစကားကို ပြောလိုက်မိ၏။

'အစ်ကို့ရဲ့ မပြတ်သားမှုတွေပါ သိန်းမြရယ်၊ ဒါတွေကြောင့် သိန်းမြ ဒုက္ခရောက်ခဲ့ရတာ အစ်ကိုသိပါတယ်၊ အစ်ကိုလဲ ရန်ကုန်ကို ထွက်လာပြီး ဖြစ်သလိုနေလာခဲ့တာ၊ ခုတော့ အခြေတကျဖြစ်ပါပြီ၊ သိန်းမြလဲအဆင်ပြေတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ပြေပါတယ်'

ပြောစရာစကားများ ကုန်သွားသလိုရှိ၏။ ကိုလှခိုင်ကတော့ ရင့်ကျက်တည်ငြိမ်သော သိန်းမြကို နှစ်လိုစွာ ငေးကြည့်နေသည်။

'သိန်းမြ၊ အစ်ကို သိန်းမြကို အေးအေးဆေးဆေး တွေ့ချင်သေးတယ်၊ စကားတွေအများကြီး ပြောချင်တယ်'

သိန်းမြရင်မှာ ခုန်လာသည်။ သို့သော် တည်ငြိမ်အောင်ကြိုးစားနေရသည်။

'အခုလဲ ပြောနိုင်ပါတယ်'

ကိုလှခိုင်က သိန်းမြကိုကြည့်ပြီး သူပြောလိုသည့် စကားလုံးတွေကို ရှာဖွေနေရပြန်သည်။

'သိန်းမြဟာ ခုချိန်ထိ လွတ်လွတ်လပ်လပ်ပဲဆိုတာ အစ်ကို သိပါတယ်၊ အစ်ကိုလဲ'

'မအေးစိန်တစ်ယောက်ကော ဟင်'

'သူ့ရွာမှာပါပဲ၊ သူနဲ့ ဇာတ်လမ်းက ပြီးခဲ့တာ ကြာပါပြီ၊ သူအခု အိမ်ထောင်ကျလို့ ကလေးတွေတောင် ရနေပြီ'

မောင်လေး မောင်စိန်သောင်းသည် သူတို့ကို ခပ်လှမ်းလှမ်းကနေ၍ အကဲခတ်နေသည်။

'အစ်ကို နောက်လဲလာလည်နိုင်ပါတယ်၊ ကျွန်မ ခု ခေါင်းတွေ မူးလာပြီ'

'အို၊ သိန်းမြ နေမကောင်းရင် နားပါ၊ အစ်ကိုပြန်မယ်၊ နောက်မှ လာခဲ့မယ်'

'ဟုတ်ကဲ့'

'အစ်ကို လာပါရစေဦး သိန်းမြရယ်'

'ဟုတ်ကဲ့'

\+ \+ \+

'အစ်မရယ်၊ ကျွန်တော့်အတွက် အစ်မ ညှာခဲ့တာများပါပြီ၊ အခု ကျွန်တော်လဲ ကျွန်တော့်ဘာသာ ရပ်တည်နိုင်ပါပြီ၊ ကျွန်တော့်ကို မညှာပါနဲ့တော့'

သိန်းမြက ပြုံးသည်။

'ဟုတ်တယ်၊ အစ်မလဲ အဲဒါပြောမလို့ဘဲ၊ ခုဆို စီးပွားရေးလဲ အသင့်အတင့် ရှိနေပြီ၊ ရွာကလယ်တွေလဲပြန်ရောင်းပြီး လျှော်နိုင်ပြီ၊ မင်းအတွက် အစ်မ စိတ်အေးရပြီ'

မောင်စိန်သောင်းက သူ့အစ်မကို ငေးကြည့်သည်။ သည်လိုပြောတော့လည်း သူ အမေလိုချစ်ခဲ့ရသော အစ်မကြီးကို နှမြောသလိုပင်။ အစ်မကြီးက ငယ်ချစ်ဦးနှင့်ပြန်တွေ့ပြီမို့ သူ့ဘဝသူ ထူထောင်ချင်ရှာမည်။ သူ သိတတ်ရပေမည်။

BURMESE CLASSIC .com

'အစ်မ စိတ်ချမ်းသာသလိုလုပ်ပါနော်၊ ကျွန်တော့်ကို မငဲ့နဲ့'

'ကောင်းပါပြီကွယ်၊ မင်းဟာယောကျာ်းလေးပဲ၊ ဘာမဆို ကိစ္စအဝဝ ကို ခွဲသတ္တိနဲ့ ရင်ဆိုင်ပါ၊ ဒါပေမယ့် လောဘ ဒေါသတော့ မတက်စေနဲ့'

'စိတ်ချပါ'

ထို့နောက်တော့ သိန်းမြက သူလုပ်ချင်ရာကို သူအေးဆေးစွာ စီမံရင်း လှုပ်ရှားနေသည်။ မောင်စိန်သောင်းက သူ့ကတိနှင့်သူ ဘာမျှ မပြောသော်လည်း တိတ်ဆိတ်စွာပင် ကြည့်နေရှာသည်။

သိန်းမြသည် သူ့ဘဝမှာ ဒုတိယတာဝန်ရှိသောသူတစ်ယောက်ကို သွားရောက် တွေ့ဆုံရသည်။

ကိုလှခိုင်ကတော့ ရုံးတစ်ရုံးမှ အရာရှိတစ်ယောက်အဖြစ် တင့်တင့် တယ်တယ်ပင် ရှိနေသည်။ သိန်းမြထံက သူ အလိုရှိသော တောင်းဆိုချက်ကို မရသေး၍ စိတ်ရှည်စွာ စောင့်ဆိုင်းနေ၏။

သိန်းမြ သူ့ဆီကိုလာတွေ့တော့ အဖြေရသူလို ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

'သိန်းမြ အစ်ကို့ဆီ လာသလား'

သိန်းမြသည် ကိုလှခိုင်ရှေ့မှာ တည်ငြိမ်စွာပင် ထိုင်၏။

'အစ်ကို့ကို ပြောစရာရှိလို့ လာခဲ့တာ'

'ပြောပါ သိန်းမြရယ်၊ နားထောင်ဖို့ အသင့်ပဲ'

ကိုလှခိုင်ကလည်း တည်ငြိမ်အောင်ကြိုးစားနေသည်။

'ကျွန်မတို့အသက်တွေလည်း မငယ်တော့ပါဘူး၊ ဒုတိယအရွယ် တွေကို ရောက်နေပြီ၊ ကျွန်မလဲ ခွင့်လွှတ်တတ်တဲ့အကျင့်ကို ကျင့်တတ်နေပြီ၊ အစ်ကိုလဲ အရာရာခွင့်လွှတ်တတ်မယ် ထင်ပါတယ်'

ကိုလှခိုင် စိတ်လှုပ်ရှားသွားသည်။

BURMESE CLASSIC .com

'သိန်းမြကို ဘာမဆို ခွင့်လွှတ်ဖို့အသင့်ပါပဲ၊ အစ်ကို့ အမှားတွေ အများကြီးပါ'

သိန်းမြ အေးဆေးစွာ ဆက်ပြောသည်။

'ကျွန်မဘဝမှာ အစ်ကိုဟာ တစ်ယောက်တည်းသော ချစ်သူလဲဖြစ်၊ ခင်ပွန်းလဲဖြစ်ပါတယ်'

'ဟုတ်ပါတယ် သိန်းမြရယ်'

'ကျွန်မ အစ်ကိုတို့ကို ဘာမှ အပြစ်မတင်ပါဘူး၊ ကိုယ့်ဘဝ အကြောင်းနဲ့ကိုယ် ဖြစ်ကြရတာပဲ၊ ခုချိန်မှာ ကျွန်မတစ်ခုပဲ တောင်းပန်ချင်ပါတယ်'

ကိုလှခိုင်က ငြိမ်သက်စွာ နားထောင်နေသည်။

'ကျွန်မကို လွှတ်လပ်ခွင့်ပေးပါ'

'ဘာရယ် သိန်းမြ'

'ကျွန်မကို လွှတ်လပ်ခွင့်ပေးပါလို့'

www.burmeseclassic.com

# ၁၀

'ဒီမှာတော့ ဘဝအတွေ့အကြုံရှိသူ အိမ်ထောင်သည်တွေကို ဒုလ္လဘအဖြစ် လက်ခံတယ်၊ အမြဲတမ်းဝတ်တဲ့ သီလရှင်အဖြစ် မထားဘူး မသိန်းမြရဲ့'

'သိပါတယ်ဘုရား၊ တပည့်တော်ကို ဆရာကြီးဘုရားတို့ကိုယ်တိုင် သီလရှင်အဖြစ် ပြောင်းလဲပေးရင် ကျေနပ်လှပါပြီ ဘုရား၊ တပည့်တော် တခြားနေရာမှာ နေပါ့မယ်'

'ကိုယ့်စိတ်ကို နိုင်ပြီလား မသိန်းမြ'

'တင်ပါ အပြီးအပိုင် ဆုံးဖြတ်ပြီးပါပြီ ဘုရား'

'ဒီလိုဆိုလဲ မဟာဒါနအလှူပွဲကြီးမှာ မသိန်းမြကို တစ်ပါတည်း သီလရှင်အဖြစ် ကူးပြောင်းပေးပါ့မယ်'

'ကျေးဇူးကြီးလှပါတယ် ဘုရား'

ကောသာသုညာ အတ္တေန ဝါ အတ္တနိယေန ဝါ၊
ဆံပင်၌ ငါ သူတစ်ပါး ယောကျ်ား မိန်း မရှိ။
ဆံပင်သည် ငါ သူတစ်ပါး ယောကျ်ား မိန်းမ မဟုတ်။

BURMESE CLASSIC .com

လောမာသုညာ အတ္တေန ဝါ အတ္တနိယေန ဝါ၊
မွေးညင်း၌ ငါ သူတစ်ပါး ယောကျာ်း မိန်း မရှိ။
မွေးညင်းသည် ငါ သူတစ်ပါး ယောကျာ်း မိန်းမ မဟုတ်။
ဆံကေသာတို့သည် ဖြူဖွေးသော ပိတ်စထက်သို့ တစ်မျှင်ပြီး တစ်မျှင် ရွေ့လျောသက်ဆင်း၍ သွားကြသည်။ သိန်းမြ၏ ရင်တွင်းမှာ ရှင်းလင်းသွားသည်။

သူ အောင်ပြီ အောင်ပြီဟူ၍ ကြွေးကြော်လိုက်ချင်သည်။

သန့်စင်သော ပန်းနုရောင်ဝတ်ရုံကို ဆင်မြန်းလိုက်ရသဖြင့် သူ့ဘဝသည် ပို၍ လုံခြုံသွားသည်ဟု ထင်မှတ်မိသည်။ တည်ငြိမ်သော ခြေလှမ်းများဖြင့် ဆရာကြီးဘုရား၏ ကျောင်းသင်ခန်းသို့ လှမ်းခဲ့သည်။ ဆရာကြီးဘုရားက တည်ငြိမ်သောအသွင်ဖြင့် ဆီးကြိုနေ၏။

'မသိန်းမြ သောကြာသမီးနော်'

'တင်ပါ့ဘုရား'

'မသိန်းမြရဲ့ ယခင်အမည်ဟောင်းဖြစ်တဲ့ မသုဓမ္မစာရီဆိုတဲ့ နာမည်ကိုပဲပြန်ပေးလိုက်မယ်နော်'

'တင်ပါ့ဘုရား'

'ဆရာကြီးဘုရားက မသုဓမ္မစာရီလို့ သုံးကြိမ်သုံးခါခေါ်မယ်၊ မသုဓမ္မစာရီက ဘုရားလို့ ထူးရမယ်နော်'

'တင်ပါ့ဘုရား'

'မသုဓမ္မစာရီ'

'ဘုရား'

'မသုဓမ္မစာရီ'

'ဘုရား'

'မသုဓမ္မစာရီ'

'ဘုရား'

**၁၅၊ ၁၂၊ ၁၉၈၁။** **မိုးမိုး (အင်းလျား)**

www.burmeseclassic.com

နောက်ဆက်တွဲ

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ
# သီလရှင်ကျင့်ဝတ်

၁။ အကြောင်းကင်းလျက် အပျင်းဖက် ဝတ်တက်မပျက်ရ။

၂။ ဝတ်စဉ်လဲကျေ စိတ်ခွဲပေ ပရမေသုံးလူဘ။

၃။ စာသင်မည့်သူ ငယ်ပျိုဖြူ ထိုက်သူဖြစ်နိုင်ကြ။

၄။ တက်ဝါကျက်ဝါ တစ်နေ့မှာ နှစ်ခါမလျှော့ရ။

၅။ စာချဆိုလျှင် များစွာပင် ချစ်ခင်ရှိသေကြ။

၆။ စာတက်မှန်စေ ကျက်စာတွေ အံလေ မြဲလို့လ။

၇။ လူမျိုးချင်းချင်း နှိမ့်မြင့်ပင်း ရန်တင်းမပြောရ။

၈။ မေတ္တာမထား ခိုက်ရန်ပွား ထွက်သွားတိုက်တာက။

၉။ သဒ္ဒါရဲရဲ လူ့ဖို့ကဲ သုံးစွဲရှိသေကြ။

၁၀။ ကောင်းကျိုးမြော်မြင် ဆုံးမသင် ရှင်ရှင်တိုက်ကလိုက်။

၁၁။ နေ့စဉ်အိပ်ရာ အဖြာဖြာ လူပါသန့်ရှင်းကြ။

၁၂။ ညွှန်သည်ဆိုလျှင် ဆရာရှင် ကြိုတင်တိုင်ကြားရ။

၁၃။ ဆရာနှီးဝယ် ကြောင်းကျိုးသွယ် တုံ့လှယ်ညွှန်ခံကြ။

BURMESE CLASSIC .com

၁၄။ ဘုရားကျောင်းတွင် ရဟန်းရှင် ဖြစ်လျှင်ညွှတ်ခံကြ။

၁၅။ ညဥ့်အိပ်မည်ဆို ကျောင်းနီးကို သူ့ကိုညွှန်လိုက်ကြ။

၁၆။ ရဟန်းကျောင်းတွင်း အဖော်ကင်း အလျဉ်းမသွားရ။

၁၇။ ကလေးတစ်ပိုင်း အရွယ်ဟိုင်း ပို့ခိုင်းဆွမ်းကွမ်းစ။

၁၈။ ကိစ္စကြီးငယ် သွားဖွယ်ရေးခင်း ကြုံလေလျှင်း ဖော်ကင်းမသွားရ။

၁၉။ ထွက်ဝင်နှစ်ပါး ဆရာအား လျှောက်ကြားသိစေရ။

၂၀။ ခြေထောက်လေဝင် လမ်းများလျှင် သွန်သင်မရ နှင်လိုက်ကြ။

၂၁။ ဆွမ်းဆက်ဝတ်လည် ရှေ့နောက်ညီ တန်းစီသွားကြပါ။

၂၂။ စကားမများ မေတ္တာပွား တရားစိတ်နှင့်သွား။

၂၃။ ကျိုးလည်းရှိပြန် မှန်လည်းမှန် ဧကန်ပြုရ မှုကိစ္စ။

၂၄။ ကျိုးလည်းရှိပြန် မှန်လည်းမှန် ပြောရ မှုကိစ္စ။

၂၅။ ကျိုးလည်းရှိပြန် မှန်လည်းမှန် ကြံရ မှုကိစ္စ။

၂၆။ ရှေ့နောက်စဉ်းစား သတိထား ဉာဏ်အားအမှန်ကြည့်။

၂၇။ ကြည့်လို့မြင်သော် တော်မတော် အဖော်ညှိနှိုင်းဘိ။

၂၈။ အဖော်နှင့်ပြော ဉာဏ်နီးနှော သဘောကျလေ့ရှိ။

၂၉။ ထို့ကြောင့်ကဝိ ပညာရှိ မျက်စိဆုံးအောင်ကြည့်။

၃၀။ ဘယ်သင်းဘယ်ဟာ အရာရာ ငါသာတတ်ချင်ဘိ။

၃၁။ ပညာသတိ ဉာဏ်မရှိ မှားမှန်မသိ မှားတတ်၏။

၃၂။ ကဝိတစ်ဆူ လုပ်ချင်သူ နှိုင်းယူအများညှိ။

၃၃။ အများလောက သဘောကျ မုချ မှားမရှိ။

၃၄။ သို့မှလွန်ခိုင် မယိမ်းယိုင် ကျောက်တိုင်ပမာရှိ။

၃၅။ တပည့်ကျင့်ခန်း ထုံးနည်းလမ်း တစ်ခန်းပြငြီးအံ့။

၃၆။ ဆရာ့အပြစ် ဆိုးအညစ် စင်စစ်မပြောရ။

 www.burmeseclassic.com 

၃၇။ ဆရာဆုံးမ ဩဝါဒ မုချနားထောင်ရ။

၃၈။ ဆရာကိုမူ နှုတ်ခမ်းစူ ပြန်မူမပြောရ။

၃၉။ ပြစ်မပြောကြား ထိုသူအား နှစ်ပါးကိုယ်စိတ် ချမ်းသာရ။

၄၀။ ကမ္မဋ္ဌာန်းထုတ်သူ သီလဖြူ နိဗ္ဗူ လျင်မြန်ရ။

၄၁။ ပရိယတ် ပဋိပတ် ကျင့်မြတ်နှစ်ဖြာ ပြည့်စုံတာ တိုက်တာဂုဏ်ကြီးရ။

၄၂။ တိုက်ဂုဏ်ရှိကြား လွန်ကြီးမွှား ဘုရားသာသနာ ချီးမြှောက်ရာ။

၄၃။ သာသနာမူ ချီးမြှောက်သူ နိဗ္ဗူ လျင်မြန်ရ။

၄၄။ တောထဲတောင်ထဲ တစ်ယောက်တည်း ထင်းလဲမခွေရ။

၄၅။ ပြေးလား လွှားလား တဟားဟား လားလားမပြုရ။

၄၆။ ရေခပ်ရေချိုး သည်နှစ်မျိုး ကိုယ်ကျိုးရှိအောင်သွား။

၄၇။ ဘယ်လှမ်း ရပ်နာမ် ညာလှမ်းဖြစ်ပျက် ဆင်ခြင်လျက် မပျက်ခရီးသွား။

၄၈။ သွားတိုင်းသွားတိုင်း စိတ်မရိုင်း ကသိုဏ်းခြေမှာထား။

၄၉။ ခြေတစ်လှမ်းမှန် သချော်တန် နိဗ္ဗာန်ရဖို့သွား။

၅၀။ ဆွမ်းလောင်းပြန်လျှင် သီလရှင် ငယ်လျှင်မခိုင်းနှင့်။

၅၁။ ဆွမ်းကပ်ပြန်ရာ ဘုဉ်းပေးပါ တစာစာမလျှောက်နှင့်။

၅၂။ ဆွမ်းကျွေးသောခါ ဒါယကာ ပါးမှမချွာနှင့်။

၅၃။ ရဟန်းတစ်ပါး အိမ်တွင်းများ ယောကျ်ားကင်း၍ မပင့်ရ။

၅၄။ ဆွေဘုန်းကြီးက ဝင်ပြန်ကြား ဘုရားကျောင်းမှာ ဧည့်ခံရ။

၅၅။ ညဥ့်အိပ်ပြန်လို ထိုဘုန်းမို ကျောင်းကိုညွှန်ပါကြ။

၅၆။ ရဟန်းတော်များ နီးအပါး ဝပ်တွားရှိသေကြ။

၅၇။ တရားနာလျှင် သမ္မဇဉ် ယှဉ်၍နာပါကြ။

၅၈။ တရားတော်ကို လွန်ကြည်ညို ပုဂ္ဂိုလ် မချစ်ရ။

၅၉။ ပုဂ္ဂိုလ်ချစ်မျိုး စိတ်မရိုး ကိုယ်ကျိုးပျက်စီးရ။

BURMESE CLASSIC .com

၆၀။ သူငါမြင်လျှင် မေးငေါ့ချင် ကိုယ်တွင်ရှက်ကြီးရ။

၆၁။ လောကုတ် လောကီ ကျိုးနှစ်လီ ဘယ်ဆီဟန်မရ။

၆၂။ လောကီမှာလဲ ကိုယ်ဖြစ်နဲ့ ဆင်းရဲစိတ်ဒုက္ခ။

၆၃။ ထို့ကြောင့်သာပ မျိုးသိဿ အားထုတ်ကျင့်ပါကြ။

၆၄။ သီလရှင်တို့ နိဗ္ဗာန်သို့ ရောက်ဖို့ကို စိတ်ကိုဆုံးမရပါသည် ဘုရား။

၆၅။ **ကျယ်ငါးပါး**။ ။ စကားပြောကျယ် အရယ်ကျယ် အခေါ်ကျယ် အချေကျယ် အသမ်းကျယ် ကျယ်ငါးပါးကို ပယ်ရပါသည် ဘုရား။

၆၆။ **များရှစ်ပါး**။ ။စကားများ အရယ်များ အအိပ်များ အစားများ နဝကမ္မများ ပစ္စည်းစုများ လူငယ်တို့နှင့် ရောနှောများ အလည်အပတ်များ များရှစ်ပါးကို ပယ်ရပါသည် ဘုရား။

၆၇။ **ကြမ်းကိုးပါး**။ ။အစားကြမ်း အအိပ်ကြမ်း ကိုယ်ကြမ်း စိတ်ကြမ်း နှုတ်ကြမ်း အသွားကြမ်း အထိုင်ကြမ်း အရယ်ကြမ်း အဆုံးမကြမ်း ကြမ်းကိုးပါးကို ပယ်ရပါသည် ဘုရား။

၆၈။ ဆန်ပိုး၊ ထင်းပိုး၊ ဟင်းရွက်ပိုး၊ ရေပိုး စသည်ကို ရှောင်ကြဉ်ရပါသည် ဘုရား။

၆၉။ စားဖွယ်သီးမျိုး တစ်ကြိမ်ခိုး တန်ဖိုး ဒဏ်သုံးဆယ်ပါဘုရား။

၇၀။ နှစ်ကြိမ်မြောက်ကယ် သုံးကြိမ်ဝယ် ကျောင်း၌မနေရပါဘုရား။

၇၁။ သီလချစ်ပြား မယ်သီအား ဘုရားပွဲပျော် မလိုက်ရပါဘုရား။

၇၂။ ပွဲမရှိပြား ဘုရားသွား များများကုသိုလ် ရပါသည် ဘုရား။

၇၃။ အခေါက်ထူ လူဟူသမျှ နှုတ်ခမ်းစူကြပါသည် ဘုရား။

၇၄။ ဘုန်းကြီးနှင့် သီလရှင် ကျွမ်းတဝင် ရယ်ရွှင် စကားတပြောပြောနေပြား ထွက်သွားကျောင်းကပါ ဘုရား။

၇၅။ ဆွေမျိုး တော် မတော် ယောကျ်ားသော် မလျော် အဝေးက ရှောင်လိုပါသည် ဘုရား။

BURMESE CLASSIC .com

ကျား သစ် ဆင် မြွေ ရန်သူတွေ ကြောက်လေအဝေးက ရှောင်လိုပါသည် ဘုရား။

၇၆။ ညဥ့်ရော နံနက် ရက်မပျက် ဝတ်တက်ဆွမ်းတော်ကပ် လိုက်ရပါသည် ဘုရား။

၇၇။ အရာရာမှာ သည်းခံရာ များစွာကြီးပွားပါသည် ဘုရား။

၇၈။ တိုက်ဂုဏ်ယုတ်နိမ့် ပုန်းတိတ်တိတ် ဆေးလိပ်သောက်ငြား ကျောင်း၌ မနေရပါဘုရား။

၇၉။ ဝါပ ဝါတွင်း လေးသီတင်း သားဟင်း ကောသနိက် ပတ္တပိုက် တစ်တိုက်လုံး စားရပါသည်ဘုရား။

၈၀။ ဝါပ ဝါတွင်း လေးသီတင်း မပျင်းတစ်တိုက်လုံး ကမ္မဋ္ဌာန်း စီးဖြန်း ရပါသည် ဘုရား။

၈၁။ တေဘုမ္မက ရုပ်နာမ်တို့သည် အဖန်ဖန်ဖြစ်ပျက်၍ အနှစ်သာရ ဘာတစ်ခုမျှ မရှိပါတကား။

အဇ္ဈတ္တရုပ်နာမ်တို့သည် အဖန်ဖန်ဖြစ်ပျက်၍ အနှစ်သာရ ဘာတစ်ခုမျှ မရှိပါတကား။

ဒုက္ခဝေဒနာတို့သည် အဖန်ဖန်ဖြစ်ပျက်၍ အနှစ်သာရ ဘာတစ်ခုမျှ မရှိပါတကား။

တေဘုမ္မက ရုပ်နာမ်တို့သည် အိုခြင်း နာခြင်း သေခြင်း အစိုးမရ၍ အနတ္တ သဘောတရားချည်းပါတကား။

တေဘုမ္မက ရုပ်နာမ်တို့သည် ရာဂ ဒေါသ မောဟ စသည့် မီးတောက်လောင်၍ အလွန်ပူသော မီးပုံကြီးပါတကား။

နိဗ္ဗာန်သည် မီးအလုံးစုံ အကုန်ချုပ်ငြိမ်း၍ အလွန်အေးမြပါတကား။

သီလရှင်မယ် ကျင့်သုံးဖွယ် နှုတ်ဝယ်ရအောင် ဆောင်ရပါသည် ဘုရား။

www.burmeseclassic.com

